မြန်မာ့အလင်း

အတွဲ (၅၃)
အမှတ် (၁၀၂)

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Established in 1914

Myanma Alinn Daily

၁၃၇၅ ခုနှစ်၊ ပြာသိုလဆန်း ၁၀ ရက်

၂၀၁၄ ခုနှစ်၊ ဇန်နဝါရီ ၁၀ ရက်၊ သောကြာနေ့။

ပြည်သူ့စွမ်းအားဖြင့် နိုင်ငံတော်ကို တည်ဆောက်အံ့

ရဲတပ်ဖွဲ့ အဆင့်မြှင့်တင်ရေးနှင့် စာပို့တိုက်လုပ်ငန်းတိုးတက်ရေး ကူညီပံ့ပိုးပေးရေး ဆွေးနွေး

နေပြည်တော် ဇန်နဝါရီ ၉

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ဂျပန်နိုင်ငံ ပြည်တွင်းရေးရာနှင့်ဆက်သွယ်ရေးဝန်ကြီး H.E. Mr. Yoshitaka SHINDO နှင့်အဖွဲ့အား ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ရင်းနှီးပွင့်လင်းစွာဆွေးနွေး

ယင်းသို့တွေ့ဆုံစဉ် မြန်မာနိုင်ငံရဲတပ်ဖွဲ့အား အဆင့်မြှင့်တင်ရေးအတွက် ဂျပန်နိုင်ငံမှ နည်းပညာဆိုင်ရာ အကူအညီပေးရေး၊ ဆက်သွယ်ရေးကဏ္ဍတွင် မြန်မာနိုင်ငံ၏ စာပို့တိုက်လုပ်ငန်း ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးအတွက် ငွေကြေးနှင့် နည်းပညာများ ကူညီပံ့ပိုးပေးရေးနှင့် နည်းပညာသင်တန်းများကို မြန်မာနိုင်ငံတွင် လာရောက်ဖွင့်လှစ်ပို့ချနိုင်ရေးတို့နှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်သမ္မတနှင့်အတူ ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ ဦးစိုးသိန်း၊ ဦးမြတ်ဟိန်းနှင့်တာဝန်ရှိသူများ တက်ရောက်ကြပြီး ဧည့်သည်တော် ဂျပန်နိုင်ငံ ပြည်တွင်းရေးရာနှင့် ဆက်သွယ်ရေးဝန်ကြီး ဦးဆောင်သောအဖွဲ့နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံ သံအမတ်ကြီး H.E.Mr. Mikio NUMATA တက်ရောက်ခဲ့သည်။ **(သတင်းစဉ်)**

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဂျပန်နိုင်ငံ ပြည်တွင်းရေးရာနှင့်ဆက်သွယ်ရေးဝန်ကြီး H.E. Mr. Yoshitaka SHINDO အား နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

ယနေ့ မာတိကာ

နယူးဒေလီအစိုးရအဖွဲ့က ကူညီပါရစေဖုန်းလိုင်း တပ်ဆင် စာ - ၄

ပြည်ပနိုင်ငံများသို့ သွားရောက်အလုပ်လုပ်ကိုင်မည့်သူများ သိရှိသင့်သည့်အချက်များ စာ - ၉

မသန်ပေမယ့် အစွမ်းပြကြမည့် (၇)ကြိမ်မြောက် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲဆီသို့ (ဆောင်းပါး) စာ - ၁၀

ဆောင်းရာသီဂေါ်ဖီထုပ်များ ရောင်းအားကျ မုန်လာဥတို့ ရောင်းပန်းလှ စာ - ၁၂

တရုတ်နိုင်ငံမှရရှိသည့် ချေးငွေများ သမအသင်းများသို့ ထုတ်ချေးပေးမည် စာ - ၁၃

အက်ဖ်အေဖလားပြန်ကန်ပွဲ ဘာရစ္စတောရိုဗာနိုင်ပြီး တတိယအကျော့တက် စာ - ၁၄

ကြော်ငြာအချပ်ပိုလေးမျက်နှာပါရှိ

ယနေ့ထုတ် မြန်မာ့အလင်း သတင်းစာတွင် ကြော်ငြာအချပ်ပို လေးမျက်နှာ ပါရှိပါသည်။

ကျောင်းထွက်မှုအများဆုံးအရွယ် မူလတန်း၊ အလယ်တန်းအဆင့် အခမဲ့ပညာသင်ယူနိုင်ခွင့်ရှိပြီ

သတင်း-ဝေယံဦး
ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

ရန်ကုန် ဇန်နဝါရီ ၉

နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးတွင် ပညာရေးကဏ္ဍသည်အရေးပါသည်။ ပညာရေးကဏ္ဍအဆင့်မြှင့်တင်မှု၊ တိုးတက်ဖွံ့ဖြိုးမှုရှိလာသည်နှင့်အမျှ အရည်အချင်းပြည့်ဝသော လူသားအရင်းအမြစ်များ ပေါ်များလာမည်ဖြစ်ရာ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မှုအတွက် ကြီးမားသော အထောက်အကူဖြစ်စေမည်ဖြစ်သည်။

မြန်မာနိုင်ငံ၏ ၂၀၁၄-၂၀၁၅ ဘဏ္ဍာငွေခွဲဝေသုံးစွဲနိုင်မှုတွင် ပညာရေးနှင့်ကျန်းမာရေးတို့အတွက် ယခင်ဘဏ္ဍာရေးနှစ်များကထက် ပိုမိုသုံးစွဲနိုင်ရန် ခွင့်ပြုထားပြီဖြစ်သည်။ ထို့ကြောင့် ၂၀၁၄-၂၀၁၅ ခုနှစ် ပညာသင်နှစ်မှစတင်ကာ အလယ်တန်းအဆင့်အထိ အခမဲ့ပညာသင်ကြားခွင့်ရရှိရေး အကောင်အထည်ဖော်ဆောင်ရွက်တော့မည်ဖြစ်သည်။

မြန်မာနိုင်ငံတစ်ဝန်း ကျောင်းနေအရွယ်ကလေးငယ်များအားလုံး ပညာသင်ယူနိုင်ခွင့်ရရှိစေရန် ၂၀၁၁-၂၀၁၂ ပညာသင်နှစ်မှစတင်ကာ မူလတန်းအဆင့် ပညာသင်ကြားမှုကို အခမဲ့သင်ကြားခွင့်ပြုခဲ့ပြီးဖြစ်သည်။ ယခုအခါ လာမည့်ပညာသင်နှစ်မှစတင်ကာ အလယ်တန်းအဆင့်အထိ အခမဲ့ပညာသင်ကြားခွင့်ပြုမည်ဖြစ်ရာ အချိန်မတိုင်မီ ကျောင်းထွက်သူ များပြားနေမှုကို လျော့ကျစေနိုင်မည်ဖြစ်သည်။

မူလတန်းမှ အလယ်တန်းအထိ အခမဲ့ ပညာသင်ယူနိုင်ခွင့်ကြောင့် ကျောင်းသား ကျောင်းသူများ၏ မိဘများအနေဖြင့် ကျောင်းအပ်ခ၊ ကျောင်းသုံးစာအုပ်များနှင့် အခြားသော ကျောင်းနေကုန်ကျငွေများကင်းလွတ်စွာဖြင့် ပညာသင်ကြားနိုင်ပြီဖြစ်သည်။

ကျောင်းနေအရွယ် ကလေးသူငယ်များအား ပညာသင်ကြားရာတွင် သူငယ်တန်းအဆင့်၊ ပထမတန်းအဆင့်၊ ဒုတိယတန်းအဆင့်များတွင် မိခင် ဘာသာစကားတစ်မျိုးတည်းဖြင့်သာ သင်ကြားပို့ချနိုင်ခြင်းသည် အကောင်းဆုံးဖြစ်ကြောင်း ပညာရေးဆိုင်ရာ နိုင်ငံတကာသုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်၌ ဖော်ပြထားသည်။ ထို့ကြောင့် မြန်မာနိုင်ငံတွင်လည်း သူငယ်တန်း၊ ပထမတန်း၊

စာမျက်နှာ ၉ ကော်လံ ၄ ▲

မှန် ဒေါက်တာ

U.S.A.

ရန်ကုန် -
09-4211 51119, 09-4500 54449

မန္တလေး -
09-7322 9563, 09-7312 0514

T-Bar, L-Bar

01-541 018, 01-450 783, 09-730 20031

မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

ရိုးသား၊ ကြိုးစားမှုဖြင့် နိုင်ငံတည်

လောက၌ ရိုးသားပြီး ကြိုးစားကြသူတိုင်းသည် ထိပ်ဆုံးသို့ ရောက်နိုင်သည်ဖြစ်သော်လည်း လူတိုင်းကျင့်ကြံအားထုတ်ရန် မလွယ်ပေ။ ရိုးသားခြင်း၊ ကြိုးစားခြင်းတည်းဟူသော ဝေါဟာရတို့သည် အပြောလွယ်သလောက်အလုပ်ခက်၏။ ခေတ်ရေစီးကြောင်း ပြောင်းလာမှုအရ ရိုးသားကြသူများက တဖြည်းဖြည်းနည်းလာသည်ဟု ဆိုရမလိုပင် ဖြစ်နေ၏။ ကိုယ့်ခွန်ကိုယ့်အား ကိုယ်ပိုင်ဉာဏ်ဖြင့် အားထုတ်လုပ်ကိုင်လိုစိတ်ရှိကြသူများ နည်းလာ၏။ အကျိုးစီးပွားကို လွယ်လွယ်နှင့် ဖြစ်ထွန်းလိုကြကုန်၏။ ကိုယ်ကျင့်သီလ၊ စာရိတ္တတို့ကို ခါးဝတ်ပုဆိုးကဲ့သို့မြဲမြံစွာလိုက်နာစောင့်ထိန်းရမည့်အစား ဖောက်ဖျက်ဖို့ ဝန်မလေးကြသူများကိုလည်း တွေ့လာရ၏။

အမှန်စင်စစ် ရိုးရိုးသားသား၊ ကြိုးကြိုးစားစား၊ လုပ်ကိုင်ကြမည်ဆိုလျှင် မည်သူမဆို အနေးနှင့်အမြန် ကြီးပွားတိုးတက်နိုင်၏။ ရိုးသားခြင်းသည် 'အ'သည်ဟုမဆိုနိုင်ပါ။ လုပ်ငန်းတစ်ခုခုအပေါ် တည်ကြည်ဖြောင့်မတ်စွာဆောင်ရွက်ခြင်းဖြစ်ပါသည်။ အမှားအမှန်၊ အကောင်းအဆိုး ဝေဖန်ပိုင်းခြားလျက် အကောင်းဆုံးဆောင်ရွက်တတ်ခြင်းသည် ရိုးသားခြင်းပင်ဖြစ်ပါသည်။ ရိုးသားစွာဆောင်ရွက်တတ်ခြင်းသည် လူတစ်ဦး၏ ကိုယ်ကျင့်တရားနှင့်အညီ လုပ်ကိုင်ခြင်းလည်း ဖြစ်ပါသည်။

မြန်မာ့လွတ်လပ်ရေး ကြိုးပမ်းစဉ်အခါက ဂျပန်တို့က ဗိုလ်ချုပ်အောင်ဆန်း၏ ရိုးသားမှုဂုဏ်ဒြပ်ကိုကြည့်ပြီး တပ်မတော်၏ စစ်သေနာပတိအဖြစ် ခန့်အပ်ခဲ့ကြောင်းကို အဓိပတိဒေါက်တာဘမော်က သူ၏မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှုစာအုပ်တွင် အကျယ်တဝင့်ရေးသားဖော်ပြခဲ့လေသည်။ ဗိုလ်ချုပ်၏ရိုးသားမှုအပေါ် ဂျပန်တို့က အလွန်လေးစားခဲ့ကြသည်ဟုဆိုသည်။ ဤအချက်ကို ထောက်ရှုလျက် ရိုးသားသူတိုင်းသည် အများ၏ယုံကြည်ကိုးစားခံရကြောင်းကို မီးမောင်းထိုးပြလိုက်ခြင်းပင်ဖြစ်သည်။ အများ၏ယုံကြည်မှု၊ လေးစားတန်ဖိုးထားခြင်းခံရသူတိုင်းသည် အထွတ်အထိပ်သို့ရောက်ရှိကြမည်သာဖြစ်ပါသည်။ ထို့ကြောင့် လူတိုင်းလူတိုင်းသည် ရိုးသားပြီးကြိုးစားကြရန် အထူးပင်အရေးကြီးပါသည်။ အစိုးရဝန်ထမ်းအလုပ်လုပ်သည်ဖြစ်စေ၊ ပုဂ္ဂလိက ကုမ္ပဏီအလုပ်လုပ်သည်ဖြစ်စေ၊ အများအကျိုးသယ်ပိုးသည့် ပရဟိတအလုပ်လုပ်သည်ဖြစ်စေ ရိုးရိုးသားသား၊ မှန်မှန်ကန်ကန်လုပ်ကိုင်ကြဖို့လိုပါသည်။

ဤနိုင်ငံအတွင်း ရိုးသားကြိုးစားကြသူများ များပြားလာသည်နှင့်အမျှ နိုင်ငံကြီးသားပီသမှုကို ပြသနိုင်မည်ဖြစ်ပါသည်။ ကမ္ဘာက မြန်မာလူမျိုးတို့၏ ရိုးသားကြိုးစားမှုကို ပိုမိုတန်ဖိုးထားလေးစားကြမည်သာဖြစ်ပါသည်။ ထို့ကြောင့် ရိုးသား၊ ကြိုးစားခြင်းဖြင့်သာ ကြီးပွားရာကြီးပွားကြောင်း၊ တိုးတက်ရာတိုးတက်ကြောင်း ကြံဆောင်အားထုတ်အပ်ပေကြောင်း။ ။

ရဲတပ်ဖွဲ့ဝင်များကို ထောက်ပံ့ငွေများပေးအပ်

ရန်ကုန် ဇန်နဝါရီ ၉

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးတင်ဝင်းသည် ဇန်နဝါရီ ၇ ရက် နံနက် ၇ နာရီက ကိုကိုးကျွန်းမြို့နယ်သို့ သွားရောက်ခဲ့သည့်ခရီးစဉ်တွင် ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးက ကိုကိုးကျွန်းမြို့နယ်၌ တာဝန်ထမ်းဆောင်နေကြသော ရဲတပ်ဖွဲ့ဝင် ၂၇ ဦးအတွက် တစ်ဦးလျှင် ထောက်ပံ့ငွေကျပ် ၁၀၀၀ နှုန်းဖြင့် ထောက်ပံ့ပေးအပ်သော ငွေကျပ် ၂၇၀၀၀ ကို တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး၏ကိုယ်စား ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး တင်ဝင်းက မြို့နယ်ရဲတပ်ဖွဲ့မှူးထံသို့ ပေးအပ်ခဲ့ကြောင်း ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံးမှ သိရသည်။

စိုးဝင်း(SP)

ပြည်တွင်းသတင်း

(၇)ကြိမ်မြောက် အာဆီယံ မသန်စွမ်းသူများအားကစားပြိုင်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး စည်းဝေး

နေပြည်တော် ဇန်နဝါရီ ၉

(၇)ကြိမ်မြောက် အာဆီယံ မသန်စွမ်းသူများ အားကစားပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းသည် ဇန်နဝါရီ ၈ ရက် နံနက် ၆ နာရီတွင် နေပြည်တော် အားကစားလေ့ကျင့်ရေး စခန်းပြိုင်ပွဲ၌ ဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာ့လက်ရွေးစင် မသန်စွမ်းအားကစားသမားများအား နံနက်စာကျွေးမွေးမှုနှင့် အားကစား လေ့ကျင့်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် အားကစားလေ့ကျင့်ရေးစခန်း Gold Camp အစည်းအဝေးခန်းမ၌ ကျင်းပသည့်(၇)ကြိမ်မြောက် အာဆီယံ မသန်စွမ်းသူများ အားကစားပြိုင်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး အစည်းအဝေး၌ အမှာစကားပြောကြားရာတွင် ပြိုင်ပွဲကိုအောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် မကြာမီက ကျင်းပပြီးစီးခဲ့သည့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ ကျင်းပမှုများကိုအခြေခံ၍ ကြိုတင်ပြင်ဆင်ရန် လိုအပ်ကြောင်း၊ ပြိုင်ပွဲကျင်းပမည့် ကွင်း/ရုံ တာဝန်ခံများအနေဖြင့် ပြိုင်ပွဲကျင်းပရန် နီးကပ်နေပြီဖြစ်သဖြင့် ပြင်ဆင်မှုအားလုံး အဆင်သင့်ဖြစ်ရန် လိုအပ်ကြောင်း၊ ပြိုင်ပွဲကျင်းပရေး တာဝန်ခံများအနေဖြင့် မိမိတို့၏ ပြိုင်ပွဲကျင်းပရမည့် အားကစားနည်းအလိုက် ပြိုင်ပွဲစည်းမျဉ်းများ၊ ဥပဒေများကို အထူးသိရှိနားလည်ရန်၊ ကြိုတင် လေ့လာထားရန် လိုအပ်ကြောင်း၊ အားကစားနည်းအလိုက် အောင်နိုင်ရေးတာဝန်ခံများနှင့် အသင်းအုပ်ချုပ်သူများသည် မြန်မာအသင်းအောင်နိုင်ရေးအတွက် အထူးအရေးကြီးကြောင်း၊ (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် မြန်မာအသင်း အားကစားနည်းအလိုက် အောင်မြင်မှုရရှိခဲ့ခြင်းမှာ တာဝန်ယူဆောင်ရွက်ခဲ့ကြသော အောင်နိုင်ရေးတာဝန်ခံများ၊ အသင်းအုပ်ချုပ်သူများ၏ အခန်းကဏ္ဍမှာ အထူးအရေးပါခဲ့ကြောင်း၊ အောင်မြင်မှုရရှိရန်အတွက် ဘက်ပေါင်းစုံမှ နည်းလမ်းပေါင်းစုံဖြင့် စနစ်တကျ ဝိုင်းဝန်းကြိုးပမ်းရမည်ဖြစ်ကြောင်း၊ အားကစားနည်းအလိုက် ရွှေတံဆိပ်ရရှိရေး ရည်မှန်းချက်ထား ကြိုးစားသွားကြရန် ပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံ မသန်စွမ်းသူများ အားကစားအဖွဲ့ချုပ် ဥက္ကဋ္ဌ ဗိုလ်ချုပ်နေလင်းက ပြိုင်ပွဲကို အောင်မြင်စွာ ကျင်းပနိုင်ရန်နှင့် ဝင်ရောက်ယှဉ်ပြိုင်နိုင်ရန် ကြိုတင်ပြင်ဆင်ထားမှုများကို ရှင်းလင်းတင်ပြပြီး အဖွဲ့ချုပ်ဒုတိယဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်းတင်ပြခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

(၂၇)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲ အောင်ပွဲရအားကစားသမားများအား ထပ်ဆင့်ဂုဏ်ပြု

ဘိုကလေး ဇန်နဝါရီ ၉

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် ဆုတံဆိပ်များရရှိခဲ့သည့် ဘိုကလေးမြို့မှ မြန်မာ့လက်ရွေးစင် အားကစားသမားများကို ထပ်ဆင့်ဂုဏ်ပြုပွဲ အခမ်းအနားကို ဇန်နဝါရီ ၆ ရက် နံနက် ၁၀ နာရီက ဘိုကလေးမြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။ အခမ်းအနားတွင် ဘိုကလေးမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်သိန်းက ဂုဏ်ပြုအမှာစကားပြောကြားပြီး ဆုများပေးအပ်ချီးမြှင့်ခဲ့ရာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်သိန်းက မြန်မာ့ရိုးရာစစ်တုရင် အမျိုးသမီးအသင်းအလိုက် ပြိုင်ပွဲတွင် ရွှေတံဆိပ်ဆုရ မစုစုလှိုင်အားလည်းကောင်း၊ အမျိုးသား လွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်အေးက ဝူရှူး (အမျိုးသားနှစ်ယောက်တွဲ-အတိုက်)ပြိုင်ပွဲတွင် ရွှေတံဆိပ်ဆုရ မောင်ကျော်ဇင်

သစ်ကို လည်းကောင်း၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမျိုးဝင်းက(အာဆီယံစစ်တုရင်) အမျိုးသမီးအသင်းအလိုက် ပြိုင်ပွဲတွင် ရွှေတံဆိပ်ဆုရ မစုစုလှိုင်ကိုလည်းကောင်း၊ မြို့မိမြို့ဖ ဦးသိန်းအောင်က အာဆီယံစစ်တုရင် အမျိုးသားအသင်းလိုက် ပြိုင်ပွဲတွင် ငွေတံဆိပ်ဆုရ မောင်ငြိမ်းချမ်းကို လည်းကောင်း၊ မြို့နယ် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးမောင်မောင်တာက နပန်းပြိုင်ပွဲတွင် ကြေးတံဆိပ်ဆုရ မသီတာစိုးကိုလည်းကောင်း၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးကိုကိုက မြန်မာ့လက်ရွေးစင် အားကစားသမား မောင်အောင်ထွဋ်ကိုလည်းကောင်း ဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြပြီးနောက် အောင်ပွဲရ အားကစားသမားများကိုယ်စား ရွှေတံဆိပ်နှစ်ဆုရှင် မစုစုလှိုင်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။

ဘိုကလေးမြို့နယ်မှ (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ၏ အောင်ပွဲရ အားကစားသမားများအား ထပ်ဆင့်ဂုဏ်ပြုရာတွင် ရွှေတံဆိပ်ဆုရှင် တစ်ဦးလျှင် ဂုဏ်ပြုဆုငွေကျပ် ငါးသိန်းစီ၊ ငွေတံဆိပ်ဆုရှင်ကို ငွေကျပ် လေးသိန်း၊ ကြေးတံဆိပ်ဆုရှင်ကို ငွေကျပ် သုံးသိန်းနှင့် မြန်မာ့လက်ရွေးစင် အားကစားသမားကို ဆုငွေကျပ် နှစ်သိန်းဂုဏ်ပြုချီးမြှင့်ခဲ့ကြောင်း သိရသည်။

သူဇာနွယ်(ဖျာပုံ)

မြန်မာအလုပ်သမား ၄၀ ထိုင်းနိုင်ငံမှ ပြန်လည်လွှဲအပ်

မဲဆောက် ဇန်နဝါရီ ၉

ထိုင်းနိုင်ငံ မဲဆောက်မြို့ ချစ်ကြည်ရေးတံတားအနီးရှိ BOM BOM အလုပ်သမားအကျိုးဆောင် ကုမ္ပဏီတွင် မြန်မာနိုင်ငံသား ၄၀ ရောက်ရှိနေကြောင်း၊ ၎င်းတို့၏ ပတ်စ်ပို့စာအုပ်တွင် မြန်မာဘက်အထွက် (လဝက) တံဆိပ်အတု ပြုလုပ်ထားမှုသိရှိသဖြင့် ၂၀၁၄ ခုနှစ် ဇန်နဝါရီ ၆ ရက် ညနေ ၅ နာရီ ၄၅ မိနစ်တွင် မြဝတီ-မဲဆောက် ချစ်ကြည်ရေးတံတား၌ အဆိုပါ မြန်မာနိုင်ငံသားအလုပ်သမား အမျိုးသား ၂၈ ဦး၊ အမျိုးသမီး ၁၂ ဦး စုစုပေါင်း ၄၀ BOM BOM ကုမ္ပဏီတာဝန်ခံ Mr. Rungsak Thuenkaew မှ လွှဲပြောင်းပေးအပ်ရာ မြန်မာနိုင်ငံဘက်မှ မြဝတီမြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဇော်ကံ၊ မြဝတီ(လဝက) ဦးစီးမှူး ဦးမြင့်သိန်းဌေး၊ မြဝတီမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးအောင်ငွေနှင့် လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့၊ တပ်ဖွဲ့စိတ်မှူး ရဲအုပ်ထွန်းထွန်းတို့က လက်ခံခဲ့သည်။

လွှဲပြောင်းလက်ခံခဲ့သော မြန်မာနိုင်ငံအလုပ်သမား ၄၀ တို့အား ခရိုင်/မြို့နယ်အုပ်ချုပ်ရေးမှူး အစီအစဉ်ဖြင့် အမှတ်(၄)ရပ်ကွက် ဘုရားကြီးကျောင်းတိုက် ဘုန်းကြီးကျောင်းဓမ္မာရုံတွင်နေရာချထား၍ ကျွေးမွေးမှုများ စီစဉ်ဆောင်ရွက်ထားရှိသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍တာဝန်ရှိသူများက စစ်ဆေးမေးမြန်းလျက်ရှိပြီး ပေါ်ပေါက်ချက်များအရ ဆက်လက်အမှုဖွင့်အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

မင်းမင်းလတ်(မန်းတက္ကသိုလ်)

ပြည်တွင်းသတင်း

ဒိန်းမတ်နိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်များ ပိုမိုလာရောက်ရင်းနှီးမြှုပ်နှံရေးဆွေးနွေး

နေပြည်တော် ဇန်နဝါရီ ၉

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ဒိန်းမတ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးပူးပေါင်းဆောင်ရွက်မှု ဝန်ကြီး H.E.Mr.Rasmus Helveg Petersen နှင့်အဖွဲ့အား ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဒိန်းမတ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်မှု ဝန်ကြီး H.E.Mr.Rasmus Helveg Petersen အား နေပြည်တော်ရှိ နိုင်ငံတော် သမ္မတအိမ်တော် သံတမန်ဆောင် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။
(သတင်းစဉ်)

အဆိုပါ တွေ့ဆုံပွဲတွင် ဒိန်းမတ်နိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်များ ပိုမိုလာရောက်ရင်းနှီးမြှုပ်နှံရေး၊ ရခိုင်ပြည်နယ် ပြန်လည်ထူထောင်ရေးအတွက် ဒိန်းမတ်နိုင်ငံမှ လူသားချင်းစာနာထောက်ထားသော အကူအညီများပေးအပ်ရေး၊ စိုက်ပျိုးရေးနှင့်မွေးမြူရေးလုပ်ငန်းများတွင် နည်းပညာအကူအညီများပေးရေး၊ လာမည့်နှစ်မှစတင်၍ မြန်မာနိုင်ငံနှင့် ဒိန်းမတ်နိုင်ငံတို့ မဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်မှုများ လက်တွဲဆောင်ရွက်သွားရေးတို့နှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

ထို့ပြင် ဒိန်းမတ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်မှုဝန်ကြီးက ၄င်း၏ခရီးစဉ်သည် မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲရေးဆောင်ရွက်နေမှုများ၊ ပွင့်လင်းမြင်သာသော အစီအမံများအတွက် ဒိန်းမတ်နိုင်ငံက အပြည့်အဝထောက်ခံကြောင်း ပြသရန် လာရောက်ခြင်းဖြစ်ပါကြောင်း၊ ထို့အတူ ဒိန်းမတ်နိုင်ငံက မြန်မာနိုင်ငံအပေါ် တင်ရှိနေသည့်ကြွေးမြီများကိုလည်း ဖြေလျှော့ပေးခဲ့ပါကြောင်းနှင့် ဒိန်းမတ်နိုင်ငံအစိုးရအနေဖြင့် မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များ အောင်မြင်နေသည်ကို တွေ့မြင်ရသည့်အတွက် အထူးအားရကျေနပ်ပါကြောင်းဖြင့် ထည့်သွင်းပြောကြားခဲ့သည်။

တွေ့ဆုံပွဲသို့ နိုင်ငံတော်သမ္မတနှင့်အတူ ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ ဦးလှထွန်း၊ ဦးဝင်းရှိန်၊ ဒေါက်တာကံဇော်နှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ဧည့်သည်တော် ဒိန်းမတ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်မှု ဝန်ကြီးနှင့်အဖွဲ့နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ ဒိန်းမတ်နိုင်ငံ သံအမတ်ကြီး H.E.Mr.Mikael H.Winther လည်း တက်ရောက်သည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံ၌ ဂျပန်နိုင်ငံမှ ဘဏ်ခွဲဖွင့်လှစ်ခွင့်ရရှိရေးဆွေးနွေး

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဂျပန်နိုင်ငံ အောက်လွှတ်တော်အမတ်နှင့် ဂျပန်-မြန်မာချစ်ကြည်ရေး ပါလီမန်အဖွဲ့ဥက္ကဋ္ဌ H.E. Mr. Ichiro Aisawa ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့တို့ မှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။
(သတင်းစဉ်)

နေပြည်တော် ဇန်နဝါရီ ၉

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ဂျပန်နိုင်ငံ အောက်လွှတ်တော်အမတ်နှင့်ဂျပန်-မြန်မာချစ်ကြည်ရေး ပါလီမန်အဖွဲ့ဥက္ကဋ္ဌ H.E. Mr. Ichiro Aisawa ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့ နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တက်ရောက်

ယင်းသို့တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ ဦးစိုးသိန်းနှင့်တာဝန်ရှိသူများ တက်ရောက်ကြသည်။

တွေ့ဆုံပွဲတွင် မြန်မာနိုင်ငံ၌ အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ၊ လမ်းပန်းဆက်သွယ်ရေး၊ ရေကောင်းရေသန့်ရရှိရေးလုပ်ငန်းများကို JICA နှင့် ပူးပေါင်းဆောင်ရွက်နေမှု၊ ဂျပန်နိုင်ငံမှ ပေးအပ်သည့် ODA ချေးငွေများ၊ ထောက်ပံ့ငွေများကို ပြည်သူလူထုအား တိုက်ရိုက်အကျိုးပြုလုပ်ငန်းများဖြစ်သော ရထားလမ်းအဆင့်မြှင့်တင်ရေး၊ မြို့ပြဖွံ့ဖြိုးတိုးတက်ရေး၊ လေဆိပ်ဖွံ့ဖြိုးတိုးတက်ရေးစသည့် ကဏ္ဍများတွင် စနစ်တကျသုံးစွဲနေမှု၊ သီလဝါ အထူးစီးပွားရေးဇုန်တွင် ဂျပန်ပုဂ္ဂလိကလုပ်ငန်းရှင်များ ပါဝင်ဆောင်ရွက်နေမှုနှင့် မြန်မာနိုင်ငံ၌ ဂျပန်နိုင်ငံမှ ဘဏ်ခွဲဖွင့်လှစ်ခွင့်ရရှိရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

(သတင်းစဉ်)

အထူးလိုက်လှဲစွာဂုဏ်ယူဝမ်းမြောက်ပါကြောင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတရုံး၏ ၄-၁-၂၀၁၄ရက်တွင် ထုတ်ပြန်သော အမိန့်ကြော်ငြာစာအမှတ် ၁/၂၀၁၄ ဖြင့် **သီရိသုဓမ္မမဏိဇောတဓရ** ဘွဲ့တံဆိပ်အား ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ်၊ ဆရာစံမြောက်/အနောက်ရပ်ကွက်၊ သီရိဂုဏ်ရည် ခြံအမှတ် (၁၀)၊ ဝွတ္တာလစ်ရေကူးကန်လမ်းနေ ဦးတင်ရွှေအား ချီးမြှင့်ခြင်းခံရသည့်အတွက် မိသားစုနှင့်ထပ်တူ အထူးပင်လှိုက်လှဲစွာ ဝမ်းမြောက်ဂုဏ်ယူပါကြောင်း။

ဒါနဗုဒ္ဓဂယာ

အထူးလှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်ပါကြောင်း

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတရုံး၏ ၄-၁-၂၀၁၄ရက်တွင် ထုတ်ပြန်သော အမိန့်ကြော်ငြာစာအမှတ် ၁/၂၀၁၄ဖြင့် **သီဟသုဓမ္မသိင်္ဂီ** ဘွဲ့တံဆိပ်အား ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ရွှေတောင်ကြား (၁)ရပ်ကွက်၊ အမှတ် (၁၉) ကမ္ဘောဇရိပ်သာလမ်းနေ ဒေါ်မာမာအားချီးမြှင့်ခြင်းခံရသည့်အတွက် မိသားစုနှင့်ထပ်တူ အထူးပင် ဝမ်းမြောက်ဂုဏ်ယူပါကြောင်း။

ဒါနဗုဒ္ဓဂယာ

နိုင်ငံတကာသတင်း

နှစ်ပေါင်းသုံးထောင်က သင်္ချိုင်းဂူများတွင် ရှေးဟောင်းချင်နိုင်ငံတော်၏ လျှို့ဝှက်ချက်များတွေ့ရှိ

ဝူဟန် ဇန်နဝါရီ ၉

တရုတ်နိုင်ငံအလယ်ပိုင်း ဟူဘေးပြည်နယ်တွင် ရှာဖွေတွေ့ရှိခဲ့သော နှစ်ပေါင်းသုံးထောင်ကျော်က မြှုပ်နှံထားသည့်အရာ နှစ်ထောင်ကျော်သည် BC ၁၀၄၆ မှ ၇၇၁ခုနှစ်အတွင်း တည်ထောင်ခဲ့သော အနောက်ပိုင်းကျိူ(Zhou) မင်းဆက်၏ အစောပိုင်းကာလတွင် ချင် (Zeng) နိုင်ငံတော်၏ လျှို့ဝှက်ဆန်းကြယ်ဖြစ်ရပ်များကို ဖော်ထုတ်ပေးဖွယ်ရှိကြောင်း ရှေးဟောင်းသုတေသန ပညာရှင်များက ကြေညာခဲ့သည်။

၂၀၁၁ ခုနှစ် ဇွန်လနှင့် ၂၀၁၃ ခုနှစ် မတ်လတွင် စတင်တူးဖော်ခဲ့သော စူကျိုမြို့ရှိ ယီကြာရှင်သင်္ချိုင်း၏ နေရာနှစ်ခုတွင် ဂူပေါင်း ၁၄၀ နှင့် မြင်းများမြှုပ်နှံရာနေရာ ခုနစ်ခုကို တွေ့ရှိခဲ့ပြီး အိုးများ၊ ကြေးထည်ပစ္စည်းများ၊ ယွန်းထည်ပစ္စည်းများ၊ ကြွေထည်ပစ္စည်းများနှင့်ကျောက်စိမ်း အမြောက်အမြားကို ဖော်ထုတ်တွေ့ရှိခဲ့ကြောင်း တူးဖော်ရေးအဖွဲ့ခေါင်းဆောင် ဟောင်ဖန်ချွန်က မကြာသေးမီက ဆွေးနွေးပွဲတစ်ခုတွင် ပြောကြားခဲ့သည်။ အဆိုပါသင်္ချိုင်းတွင် အနောက်ပိုင်း ကျိူမင်းဆက်၏ လက်အောက်ခံ ချင်နိုင်ငံဧကရာဇ်သုံးပါး၏ ဂူသင်္ချိုင်း အစုအဝေးတည်ရှိသည်။

ယီကြာရှင်သင်္ချိုင်းကို တူးဖော်ခြင်းသည် အနောက်ပိုင်း ကျိူမင်းဆက်တွင်သေဆုံးသူများအား ဂူသွင်းခြင်းစနစ်ကို လေ့လာရန်အတွက်အကောင်းဆုံး အခွင့်အရေးတစ်ခုဖြစ်သည်။ နောက်ထပ်တူးဖော်မှုများသည် ချင်ဧကရာဇ်များ၏ လျှို့ဝှက်ချက်များကို ဖြေရှင်းနိုင်ဖွယ်ရှိသည်ဟု ပီကင်းတက္ကသိုလ်မှ ရှေးဟောင်းသုတေသနပညာရှင် လီဘောင်ကျင်က ဆိုသည်။ **(ဆင်ဟွာ)**

ဩစတြေးလျဝန်ကြီးချုပ် တိုနီအက်ဘော့ နိုင်ငံခိုလှုံခွင့်မူဝါဒ လျှို့ဝှက်ထားမှုအပေါ်ငြင်းဆို

ဝါရှင်တန် ဇန်နဝါရီ ၉

ဩစတြေးလျအစိုးရက နိုင်ငံခိုလှုံခွင့်မူဝါဒအပေါ် လျှို့ဝှက်ထားသည်ဟု ဝေဖန်သူများ၏ ဖော်ပြချက်ကို ဩစတြေးလျဝန်ကြီးချုပ် တိုနီအက်ဘော့က ကာကွယ်ပြောဆိုငြင်းဆန်ခဲ့သည်။

မကြာသေးမီရက်များက ဩစတြေးလျရေတပ်တပ်ဖွဲ့ဝင်များက နိုင်ငံခိုလှုံရန်ဝင်ရောက်လာသော စက်လှေတစ်စင်းကို အင်ဒိုနီးရှားသို့ ပြန်လည်မောင်းထုတ်လိုက်သည်ဟူသော သတင်းများအပေါ် တာဝန်ရှိပုဂ္ဂိုလ်များက မဟုတ်မှန်ကြောင်း ငြင်းဆိုခဲ့သည်။

သို့သော် နိုင်ငံခိုလှုံခွင့်တောင်းခံသူများက ဩစတြေးလျရေတပ်တပ်ဖွဲ့ဝင်များက မတရားနှိပ်စက်မှုများ ပြုလုပ်သည်ဟု စွပ်စွဲထားသည်။

ဝန်ကြီးချုပ်တိုနီအက်ဘော့က ဝန်ကြီးချုပ်ရာထူး စတင်ထမ်းဆောင်ချိန်က နိုင်ငံ ခိုလှုံခွင့်နှင့်ပတ်သက်၍ ခိုင်မာသော ရပ်တည်ချက်များအတွက် ကတိပြုထားခဲ့ပြီး ယခုအခါ ကန့်သတ်ချက်ထားသော သတင်းအချက်အလက်များ ပေါက်ကြားခြင်းက ဆောင်ရွက်ဆဲကိစ္စများအပေါ် ဖိအားမြင့်စေသည်ဟု ဆိုသည်။ **(ဘီဘီစီ)**

တောင်ဆူဒန်တွင် နေရာရွှေ့ပြောင်းပြည်သူ နှစ်သိန်း ကျော်ရှိ

ဂျူဘာ ဇန်နဝါရီ ၉

တောင်ဆူဒန်နိုင်ငံ၏ ပဋိပက္ခကြောင့် လူပေါင်း ၂၀၀၀၀၀ ကျော်သည် အိုးမဲ့အိမ်မဲ့အခြေအနေသို့ ရောက်ရှိခဲ့သည်ဟု ကုလသမဂ္ဂပြောရေးဆိုခွင့်ရှိသူက ဇန်နဝါရီ ၇ ရက်က ပြောကြားခဲ့သည်။

“တောင်ဆူဒန်နိုင်ငံ၏ လက်ရှိနိုင်ငံရေး ပဋိပက္ခများကြောင့် ခန့်မှန်းခြေ ၂၀၁၀၀၀ သည် ဒီဇင်ဘာ ၁၅ ရက်ကတည်းက ပြောင်းရွှေ့မှုများ ပြုလုပ်ခဲ့ရကြောင်း လူ့အခွင့်အရေးဆိုင်ရာ ညှိနှိုင်းဆောင်ရွက်ရေးရုံး၏ ပြောကြားချက်အရ သိရသည်”ဟု ကုလသမဂ္ဂ ပြောရေးဆိုခွင့်ရှိသူ အာဟန်က သတင်းထောက်များကို ပြောကြားခဲ့သည်။ အဆိုပါ ပဋိပက္ခဒဏ်ကို ခံစားနေရသော ပြည်သူများကို ကာကွယ်ရန်အတွက် တောင်ဆူဒန်နိုင်ငံ ကုလသမဂ္ဂစီမံကိန်း (UNMISS)တွင် စစ်သား၅၅၀၀နှင့်ရဲ ၄၄၀ တိုးမြှင့် ချထားပေးမည်ဖြစ်ကြောင်း ကုလသမဂ္ဂလုံခြုံရေးကောင်စီက ဆုံးဖြတ်ခဲ့သည်။ ကုလသမဂ္ဂ၏ ပြောကြားချက်အရ UNMISS က ပြည်သူ ၆၂၀၀၀ ကို လုံခြုံရေးနှင့် အထောက်အပံ့များ ဆက်လက်လုပ်ဆောင်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **(ဆင်ဟွာ)**

တရုတ်နိုင်ငံခြားရေးဝန်ကြီး၏ အာဖရိကခရီးစဉ်ကို ဝေဖန်မှုအား ပြောခွင့်ရပုဂ္ဂိုလ်ငြင်းဆို

ပေကျင်း ဇန်နဝါရီ ၉

တရုတ်နိုင်ငံခြားရေးဝန်ကြီး ဝမ်ယိ၏ အာဖရိကတိုက်ခရီးစဉ်သည် မည်သည့်နိုင်ငံကိုမျှ ထိခိုက်စေရန် မရည်ရွယ်ကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောခွင့်ရပုဂ္ဂိုလ်က ဇန်နဝါရီ ၈ ရက်တွင် ပြောကြားသည်။

ဝမ်၏ခရီးစဉ်သည် ဂျပန်နိုင်ငံကို ဦးတည်ချက်ထားခြင်းရှိ မရှိ မကြာသေးမီက ဝေဖန်ခဲ့သော ကျွမ်းကျင်သူတစ်ဦး၏ပြောကြားချက်ကို ပြောခွင့်ရပုဂ္ဂိုလ် ဟုချွန်ယင်းက မကြာသေးမီက ပြုလုပ်သော ပုံမှန်သတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့သည်။

၄င်းကျွမ်းကျင်သူပညာရှင်သည် သမိုင်းရေးဆိုင်ရာဗဟုသုတမရှိကြောင်းနှင့် လက်ရှိဖြစ်ပေါ်နေသော တရုတ်-အာဖရိကဆက်ဆံရေး တိုးတက်မှုကိုလည်း မသိရှိကြောင်း ၄င်းကဆိုသည်။

တရုတ်နှင့်အာဖရိကတို့သည် ဆယ်စုနှစ်ပေါင်းများစွာ ခိုင်မာသောဆက်ဆံရေးရှိခဲ့ကြောင်း၊ တရုတ်နှင့် အာဖရိကဆက်ဆံရေး တိုးတက်ဖွံ့ဖြိုးမှုသည် မည်သည့် တတိယနိုင်ငံကိုမျှ ထိခိုက်ရန် မရည်ရွယ်ကြောင်း ၄င်းက ဆက်လက်ပြောကြားသည်။

တရုတ်နိုင်ငံသည် အာဖရိကသို့ အထောက်အပံ့များပေးအပ်နေသည်မှာ နှစ်ပေါင်းများစွာ ကြာပြီဖြစ်ကြောင်း၊ ယင်းသည်အာဖရိကနိုင်ငံများ ငြိမ်းချမ်းရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အပြုသဘောကြိုးပမ်းမှုသာဖြစ်ကြောင်း ဆက်လက်ပြောကြားခဲ့သည်။

တရုတ်၏ဆောင်ရွက်ချက်ကို အာဖရိကနိုင်ငံများက ကြိုဆိုခဲ့ကြကြောင်း၊ တရုတ်နိုင်ငံသည် ၄င်းတို့နှင့်ဆက်ဆံရေးတိုးတက်စေရန် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

တရုတ်နိုင်ငံသည် အာဖရိကနိုင်ငံများ၏ အကျိုးစီးပွားအတွက် ယင်းတို့နှင့်ကမ္ဘာ့ပေါင်းစုံတွင် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်သွားမည် ဖြစ်သည်ဟု အဆိုပါပြောခွင့်ရပုဂ္ဂိုလ်က ပြောကြားသည်။ **(ဆင်ဟွာ)**

နယူးဒေလီအစိုးရအဖွဲ့က ကူညီပါရစေဖုန်းလိုင်းတပ်ဆင်

နယူးဒေလီ ဇန်နဝါရီ ၉

အစိုးရဝန်ထမ်းများ လာဘ်ပေးလာဘ်ယူ ပြုလုပ်ခြင်းကို သိရှိခံစားရပါက ပြည်သူများဘက်မှ ဖုန်းဆက်တိုင်ကြားနိုင်မည့် တယ်လီဖုန်းလိုင်း အိန္ဒိယနိုင်ငံ၏မြို့တော် နယူးဒေလီအစိုးရအဖွဲ့က တပ်ဆင်ခဲ့သည်ဟု သိရသည်။

ယင်းကဲ့သို့ အကျင့်ပျက်ခြစားမှုတိုက်ဖျက်ရေးအတွက် တိုင်ကြားနိုင်သော ဖုန်းလိုင်းတပ်ဆင်ခြင်းမှာ ကွန်ကရက်ပါတီအထောက်အပံ့ဖြင့် ဒေလီမြို့ အစိုးရသစ်ဖွဲ့စည်းခွင့်ရခဲ့သူ AAP ပါတီ၏ ပဏာမခြေလှမ်းပင်ဖြစ်သည်။

တာဝန်ထမ်းဆောင်

AAP ပါတီသည် အိန္ဒိယနိုင်ငံတစ်ဝန်းတွင် ခိုင်မာသော အကျင့်ပျက်ခြစားမှုတိုက်ဖျက်ရေး လှုပ်ရှားမှုအဖွဲ့အဖြစ် လူသိများသည်။ လက်ရှိတွင် ၄င်းပါတီခေါင်းဆောင်မှာ နယူးဒေလီမြို့တော်ဝန်အဖြစ် တာဝန်ထမ်းဆောင်နေသည်။

ယခုတပ်ဆင်လိုက်သည့် တိုင်ကြားရေး တယ်လီဖုန်းလိုင်း (ကူညီပါရစေဖုန်းလိုင်း) သည် တနင်္လာနေ့မှစကာ နေ့စဉ် ၂၄ နာရီ ဖွင့်လှစ်ထားမည်ဖြစ်သည်။ ဖုန်းခေါ်ဆိုသူသည် ၄င်း၏အမည်၊ တိုင်တန်းရသည့်အကြောင်းအရာနှင့် ဆက်သွယ်ရန် ဖုန်းနံပါတ်တို့ ပေးခဲ့ရမည်ဖြစ်သည်။

“ဒါဟာ တိုင်ကြားရေးဖုန်းနံပါတ် မဟုတ်ပါဘူး၊ ကူညီပေးရေးနံပါတ်ပါ။ အကျင့်ပျက်ခြစားမှုတိုက်ဖျက်ရေးဌာန တာဝန်ရှိသူတစ်ဦးက နစ်နာမှု၊ တိုင်းတန်းချက်အပေါ် ဘယ်လိုစီမံခန့်ခွဲနေတယ်ဆိုတာကို အကြံပေး၊ ရှင်းပြတာတွေ ပြုလုပ်ပေးပါလိမ့်မယ်”ဟု AAP ပါတီခေါင်းဆောင် နယူးဒေလီမြို့တော်ဝန်သစ်က ပြောကြားခဲ့သည်။

(ဘီဘီစီ)

(၆၆)နှစ်မြောက် လွတ်လပ်ရေးနေ့ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံသို့ ကမ္ဘာ့ခေါင်းဆောင်များက ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

နေပြည်တော်   ဇန်နဝါရီ   ၉

၂၀၁၄ ခုနှစ် ဇန်နဝါရီ ၄ ရက်၌ ကျရောက်သည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၆၆)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် ကမ္ဘာ့နိုင်ငံအသီးသီးမှ နိုင်ငံအကြီးအကဲများက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာများ အသီးသီးပေးပို့ကြသည်။

ရုရှားဖက်ဒရေးရှင်းနိုင်ငံ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၆၆)နှစ်မြောက်လွတ်လပ်ရေးနေ့အခါသမယတွင် နိုင်ငံတော်သမ္မတဦးသိန်းစိန်ထံသို့ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတ မစ္စတာဗလာဒီမီယာ၊ ဗီ၊ ပူတင်က ဂုဏ်ယူဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ အဆိုပါ သဝဏ်လွှာတွင် အဆွေတော်၏ လွတ်လပ်ရေးနေ့ အခါသမယ၌ ကျန်းမာရွှင်လန်းစေရန် ဆုမွန်ကောင်းတောင်းပါကြောင်း၊ ရုရှား-မြန်မာဆက်ဆံရေးသည် ချစ်ကြည်ရင်းနှီးမှုနှင့် အပြန်အလှန်လေးစားမှုအပေါ် အခြေခံထားသည်ဟု မိမိယုံကြည်မိပါကြောင်း၊ ယင်းဆက်ဆံရေးမှ အနာဂတ်တွင် ဆက်လက်ဖွံ့ဖြိုးလာမည်ဖြစ်ပါကြောင်း၊ နှစ်နိုင်ငံဆက်ဆံရေး တိုးတက်လာသည်နှင့်အမျှ အာရှပစိဖိတ်ဒေသအတွင်း လုံခြုံရေးနှင့် တည်ငြိမ်အေးချမ်းရေးအတွက် အထောက်အကူဖြစ်စေလိမ့်မည်ဖြစ်ပါကြောင်း၊ မြန်မာပြည်သူ ပြည်သားများ ကြီးပွားတိုးတက်ရန်နှင့် အရာရာအဆွေတော်၏ ဆောင်ရွက်မှုများ ကြံတိုင်းအောင် ဆောင်တိုင်းမြောက်စေရန် ဆုမွန်ကောင်းတောင်းပါကြောင်းစသည်ဖြင့် ဖော်ပြသည်။

နီပေါနိုင်ငံ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏(၆၆)နှစ်မြောက် လွတ်လပ်ရေးအခါသမယတွင် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံသို့ နီပေါဖက်ဒရယ်ဒီမိုကရက်တစ်သမ္မတနိုင်ငံ သမ္မတ ဒေါက်တာ ရမ်ဘာရမ်ရာဒေ့ဗ်ကဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ အဆိုပါ သဝဏ်လွှာတွင် အဆွေတော်ကျန်းမာရွှင်လန်းစေရန် ဆုမွန်ကောင်းတောင်းပါကြောင်း၊ မြန်မာပြည်သူပြည်သားများ ကျန်းမာရွှင်လန်းစေရန် ဆုမွန်ကောင်းတောင်းပါကြောင်း စသည်ဖြင့် ဖော်ပြသည်။

ဘရူနိုင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏(၆၆)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယတွင် နိုင်ငံတော်သမ္မတဦးသိန်းစိန်ထံသို့ ဘရူနိုင်းဒါရုဆလမ်နိုင်ငံ ဘုရင်မင်းမြတ်ဆူလ်တန်ဟာဂျီဟာဆာနာဘိုကီးယားမူအစ်ဇာဒင်ဝါဒိုလာက ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

အဆိုပါ သဝဏ်လွှာတွင် အဆွေတော်နှင့် မြန်မာပြည်သူပြည်သားများ ကျန်းမာရွှင်လန်းစေရန် ဆုမွန်ကောင်းတောင်းပါကြောင်း၊ ကျွန်ုပ်တို့၏ အာဆီယံနှစ်အတွင်း မြန်မာအစိုးရ၏ ဦးဆောင်မှုအပေါ် အလေးအနက်တန်ဖိုးထားပါကြောင်း၊ ယခုနှစ်အတွင်း မြန်မာနိုင်ငံ၏ ဆောင်ရွက်သမျှ အောင်မြင်စေရန် ဆုမွန်ကောင်းတောင်းပါကြောင်း၊ ဆီးဂိမ်းပြိုင်ပွဲကြီးအောင်မြင်စွာကျင်းပနိုင်ခြင်းကိုလည်း အဆွေတော်၏ မြန်မာပြည်သူများကို ချီးကျူးပါကြောင်း စသည်ဖြင့်ဖော်ပြသည်။

ဗီယက်နမ်နိုင်ငံ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏(၆၆)နှစ်မြောက်လွတ်လပ်ရေးနေ့အခါသမယတွင် နိုင်ငံတော်သမ္မတဦးသိန်းစိန်ထံသို့ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သမ္မတမစ္စတာကျူးသန်စန်းက ဝမ်းမြောက်ကြောင်းသဝဏ်လွှာ ပေးပို့သည်။ အဆိုပါ သဝဏ်လွှာတွင် အဆွေတော်နှင့်မြန်မာပြည်သူပြည်သားများ ကျန်းမာရွှင်လန်းစေရန် ဆုမွန်ကောင်းတောင်းပါကြောင်း၊ မကြာသေးသည့်နှစ်များက မြန်မာတို့၏အောင်မြင်တိုးတက်မှုအပေါ် ချီးကျူးထောမနာပြုပါကြောင်း၊ အဆွေတော်၏ ဦးဆောင်မှုဖြင့် မြန်မာနိုင်ငံတော်ကြီး ဆက်လက်တိုးတက်လိမ့်မည်ဟု ယုံကြည်မိပါကြောင်း၊ (၂၇)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲကြီး အိမ်ရှင်အဖြစ် အောင်မြင်စွာကျင်းပနိုင်ခဲ့ခြင်းကိုလည်း ဂုဏ်ယူမိပါကြောင်း၊ ၂၀၁၄ခုနှစ် အာဆီယံဥက္ကဋ္ဌတာဝန်ကိုလည်း အောင်မြင်စွာ ထမ်းဆောင်နိုင်လိမ့်မည်ဟု ယုံကြည်မိပါကြောင်း၊ မြန်မာနိုင်ငံ၏အခန်းကဏ္ဍသည် ဒေသတွင်းသာမက ကမ္ဘာ့အထိ တိုးတက်ကျယ်ပြန့်လာမည်ဖြစ်ပါကြောင်း၊ အပြန်အလှန်ပူးပေါင်းဆောင်ရွက်မှုများ အရှိန်မြှင့်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း စသည်ဖြင့် ဖော်ပြသည်။ ထို့အတူ ဗီယက်နမ်ဝန်ကြီးချုပ် မစ္စတာငုယင်တန်ဇွန်းကလည်း နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံသို့ ဂုဏ်ယူဝမ်းမြောက်ကြောင်း သဝဏ်လွှာ ပေးပို့ခဲ့သည်။

ဂျာမနီသမ္မတနိုင်ငံ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏(၆၆)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံသို့ ဂျာမနီသမ္မတနိုင်ငံ သမ္မတ မစ္စတာ ဂျိုဝါကင်းကာတ်ခ်က ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ အဆိုပါ သဝဏ်လွှာတွင် အဆွေတော် ကျန်းမာရွှင်လန်းစေရန် ဆုမွန်ကောင်းတောင်းပါကြောင်း၊ မြန်မာပြည်သူ ပြည်သားများ ကြီးပွားတိုးတက်ရန် ဆုမွန်ကောင်းတောင်းပါကြောင်း စသည်ဖြင့်ဖော်ပြသည်။

ဆွစ်ဇာလန်နိုင်ငံ

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ (၆၆)နှစ်မြောက်လွတ်လပ်ရေးနေ့ အခါသမယတွင် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံသို့ ဆွစ်ဇာလန်နိုင်ငံ သမ္မတ မစ္စတာဒီဒီရာဘတ်ခ်ဟော်လ်တာက ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ အဆိုပါ သဝဏ်လွှာတွင် အဆွေတော်ကျန်းမာရွှင်လန်းစေရန် ဆုမွန်ကောင်းတောင်းပါကြောင်း၊ ယခုနှစ်သည် အဆွေတော်၏နိုင်ငံ အာဆီယံဥက္ကဋ္ဌ တာဝန်ယူရမည်ဖြစ်၍ နိုင်ငံတကာနှင့်ဆက်ဆံရာတွင် အရေးကြီးသော အခန်းကဏ္ဍကို စတင်နိုင်လိမ့်မည်ဖြစ်ပါကြောင်း၊ ဆွစ်ဇာလန်နိုင်ငံကလည်း မြန်မာနိုင်ငံအာဆီယံဥက္ကဋ္ဌ တာဝန်ထမ်းဆောင်ခြင်းကို ကြိုဆိုပါကြောင်း စသည်ဖြင့် ဖော်ပြသည်။

ပေါ်တူဂီနိုင်ငံ

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ (၆၆)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယတွင် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံသို့ ပေါ်တူဂီနိုင်ငံ သမ္မတ မစ္စတာ အာနီဘယ် အန်တိုနီယိုကာဗာကိုဆီးလ်ဗာထံမှ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ သဝဏ်လွှာတွင် အဆွေတော်ကျန်းမာပါစေလို့ဆုမွန်ကောင်းတောင်းပါကြောင်း၊ မြန်မာပြည်သူပြည်သားများ ကြီးပွားတိုးတက်စေရန် ဆုမွန်ကောင်းတောင်းပါကြောင်း စသည်ဖြင့် ဖော်ပြသည်။

ပြည်တွင်းသတင်း

မြန်မာနိုင်ငံပြန်တမ်း

ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ အတည်ပြုခန့်ထားခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများအား အစမ်းခန့်ကာလ (၁)နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်-

အမည်	ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူး၊ဌာန
(၁) ဦးတင်ထွန်း	ညွှန်ကြားရေးမှူးချုပ် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး
(၂) ဒေါက်တာမျိုးသိမ်းကြီး	ညွှန်ကြားရေးမှူးချုပ် မြန်မာနိုင်ငံပညာရေးသုတေသနအဖွဲ့ ဦးစီးဌာန ပညာရေးဝန်ကြီးဌာန
(၃) ဦးကိုကိုတင်	ညွှန်ကြားရေးမှူးချုပ် ပညာရေးစီမံကိန်းနှင့်လေ့ကျင့်ရေး ဦးစီးဌာန ပညာရေးဝန်ကြီးဌာန
(၄) ဦးကျော်စွာစိုး	ညွှန်ကြားရေးမှူးချုပ် အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
(၅) ဦးဝင်းခိုင်မိုး	ညွှန်ကြားရေးမှူးချုပ် မြန်မာ့သိပ္ပံနှင့်နည်းပညာသုတေသန ဦးစီးဌာန သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန

အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးအတွက် သတင်းထောက်ကတ်များ ထုတ်ပေးရန်စီစဉ်ထား

နေပြည်တော်   ဇန်နဝါရီ   ၉

ညောင်ဦးခရိုင် ပုဂံမြို့တွင် ကျင်းပမည့် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေးတွင် သတင်းရယူကြမည့် ပြည်တွင်း/ပြည်ပ သတင်းထောက်များနှင့် နိုင်ငံခြားသတင်းထောက်များအသင်း သတင်းထောက်များအတွက် ဝင်ခွင့်ကတ်လျှောက်ထားခြင်းကို ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း နေပြည်တော်တွင် ဇန်နဝါရီ ၁၀ ရက် နောက်ဆုံးထား၍ လက်ခံဆောင်ရွက်ပေးလျက်ရှိပြီး သတင်းထောက်ဝင်ခွင့်ကတ်များကို ဇန်နဝါရီ ၁၄ ရက်နေ့ ရုံးချိန်အတွင်း ညောင်ဦးခရိုင် ပုဂံမြို့ရှိ ရွှေနန်းတော်ဟိုတယ်နန်းမြင့်ဆောင်၌ သက်ဆိုင်ရာမီဒီယာအဖွဲ့၏ ထောက်ခံချက်တင်ပြပြီးစတင်ထုတ်ယူနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရွှေပြည်သာမြို့နယ်၌ ရွှေရတနာ အရုဏ်သစ်စာကြည့်တိုက်ဖွင့်

ရန်ကုန်   ဇန်နဝါရီ   ၉

ရန်ကုန်မြောက်ပိုင်းခရိုင် ရွှေပြည်သာမြို့နယ်တွင် အမှတ်(၂၀)ရပ်ကွက် (သံဒင်း)မကွေးလမ်း ရွှေရတနာ အရုဏ်သစ်စာကြည့်တိုက်ဖွင့်ပွဲကို ဇန်နဝါရီ ၃ ရက် နံနက် ၉ နာရီက မြို့နယ်အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးတင်မောင်ဦး၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်ဝင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်မိုးဦး၊ မြောက်ပိုင်းခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်သီတာဦး၊ အမှတ်(၂၀)ရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးအေးလွင်၊ အဆောက်အအုံအလှူရှင် ဦးထွန်းထွန်းနိုင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။ **မျိုးသန့်(အင်းစိန်)**

ပြည်တွင်းသတင်း

ဆင်းရဲနွမ်းပါးမှုလျှော့ချရေးလုပ်ငန်းအစီအစဉ်များ အောင်မြင်ရေးအတွက် တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုနိုင်ရေး ပူးပေါင်းဆောင်ရွက်

နေပြည်တော် ဇန်နဝါရီ ၉

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့၌ရောက်ရှိနေသော ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသိန်းအောင်၊ ဧရာဝတီတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးတင်စိုး၊ ပြည်သူ့လွှတ်တော်၊ ကော်မတီဥက္ကဋ္ဌများ၊ ပြည်သူ့လွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင် အဖွဲ့ဝင်များ၊ တာဝန်ရှိသူများလိုက်ပါလျက် ယနေ့ နံနက်ပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့သို့ ရောက်ရှိပြီး မြောင်းမြမြို့ နောင်ရိုးခန်းမ၌ကျင်းပသည့် မြောင်းမြခရိုင်နှင့် လပွတ္တာခရိုင်အတွင်းရှိ မြောင်းမြ၊ လပွတ္တာ၊ဝါးခယ်မ၊ အိမ်မဲနှင့် မော်လမြိုင်ကျွန်းမြို့နယ်တို့မှ မြို့မိမြို့ဖများ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုအဖွဲ့များ၊ ဒေသခံပြည်သူများနှင့် တွေ့ဆုံပွဲသို့ တက်ရောက်သည်။

တွေ့ဆုံပွဲတွင် ပြည်ထောင်စုလွှတ်တော်နာယကက မြန်မာနိုင်ငံ၏ နိုင်ငံရေးဖြစ်ပေါ်ပြောင်းလဲမှု အခြေအနေနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ အဖွင့်အမှာစကား ပြောကြားသည်။

ယင်းနောက် မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြု ကော်မတီဝင်များက ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများ ဆောင်ရွက်နေမှုများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယကက တင်ပြချက်များအပေါ် ပြန်လည်ဆွေးနွေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ တွေ့ဆုံပွဲသို့ တက်ရောက်လာသည့် ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယကနှင့် အဖွဲ့ဝင်များသည် မြောင်းမြမြို့မှ မော်တော်ယာဉ်များဖြင့် ထွက်ခွာခဲ့ပြီး ပုသိမ်မြို့သို့ ရောက်ရှိကြကာ ပုသိမ်မြို့ မြို့တော်ခန်းမ၌ ကျင်းပသော ပုသိမ်ခရိုင်အတွင်းရှိ ကျောင်းကုန်း၊ ကန်ကြီးထောင့်၊ သာပေါင်း၊ ရေကြည်၊ ကျုံပျော်၊ ပုသိမ်နှင့်ငပုတော မြို့နယ်များမှ မြို့မိမြို့ဖများ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုအဖွဲ့များ၊ ဒေသခံပြည်သူများနှင့် တွေ့ဆုံပွဲသို့ တက်ရောက်သည်။

တွေ့ဆုံပွဲတွင် ပြည်ထောင်စုလွှတ်တော်နာယက က လွှတ်တော်အစည်းအဝေးများတွင် ပြည်သူများအတွက် အကျိုးဖြစ်ထွန်းစေမည့် ဥပဒေများရေးဆွဲပြဋ္ဌာန်းနေမှု၊ မြန်မာနိုင်ငံ၏ နိုင်ငံရေးဖြစ်ပေါ်ပြောင်းလဲမှု အခြေအနေ၊ ပြည်ထောင်စုလွှတ်တော်က ရေးဆွဲထုတ်ပြန်လိုက်သည့် ဒေသဖွံ့ဖြိုးရေးရန်ပုံငွေ ထိန်းသိမ်းခြင်းနှင့် သုံးစွဲခြင်းဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍ အမှာစကားပြောကြားသည်။ **(အပေါ်ပုံ)**

ယင်းနောက် မြို့နယ်ဖွံ့ဖြိုး တိုးတက်ရေး အထောက်အကူပြု ကော်မတီဝင်များက ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများ ဆောင်ရွက်နေမှုများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။

တင်ပြချက်များ အပေါ် ပြည်ထောင်စုလွှတ်တော် နာယက က ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးပြီး နိဂုံးချုပ် အမှာစကားပြောကြားကာ တွေ့ဆုံပွဲသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ကြိုးပမ်းဆောင်ရွက်

ယခုခရီးစဉ်အတွင်း မြောင်းမြခရိုင်၊ လပွတ္တာခရိုင်နှင့် ပုသိမ်ခရိုင်တို့မှ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုအဖွဲ့များ၊ မြို့မိမြို့ဖများ၊ ဒေသခံပြည်သူများနှင့် တွေ့ဆုံရာတွင် ပြည်ထောင်စုလွှတ်တော်နာယက က ၂၀၁၆ ခုနှစ် နှစ်သစ်တွင် လုပ်ဖော်ကိုင်ဖက်များ၏ ဖိတ်ခေါ်မှုကြောင့်လည်းကောင်း၊ မိမိကိုယ်တိုင်လာရောက်လိုသည့် ဆန္ဒကြောင့်လည်းကောင်း၊ မြောင်းမြ၊ လပွတ္တာ၊ ပုသိမ်ဒေသများသို့ မိမိတို့အဖွဲ့လာရောက်ခဲ့ခြင်း ဖြစ်ပါကြောင်း၊ လွှတ်တော် အစည်းအဝေးများကို လာမည့် ဇန်နဝါရီလ ၁၃ ရက်နေ့တွင် ပြန်လည်ကျင်းပမည်ဖြစ်၍ မအားလပ်သည့်ကြားမှ လာရောက်ခဲ့ရသော်လည်း ဧရာဝတီတိုင်းဒေသကြီးမှ ပြည်သူများ၊ လုပ်ဖော်ကိုင်ဖက်များနှင့် တွေ့ဆုံရသဖြင့် အလွန်ဝမ်းမြောက်ဝမ်းသာဖြစ်ရသလို အကျိုးဖြစ်ထွန်းမှုများလည်း ရရှိပါကြောင်း၊ အလျဉ်းသင့်၍ မြန်မာ့နိုင်ငံရေးဖြစ်ပေါ်ပြောင်းလဲမှုအခြေအနေများကို ပြောကြားလိုပါကြောင်း၊ ယနေ့ကာလတွင် မိမိတို့နိုင်ငံကို ပါတီစုံဒီမိုကရေစီစနစ်နှင့် ဈေးကွက်စီးပွားရေးစနစ်ကို ဖော်ဆောင်ပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီး ဖြစ်ပေါ်လာအောင် ကြိုးပမ်းဆောင်ရွက်လျက် ရှိပါကြောင်း။

ယနေ့အချိန်အခါတွင် မြန်မာနိုင်ငံ၏ ဒီမိုကရေစီစနစ်သို့ စနစ်တကျ ပြောင်းလဲမှုဖြစ်စဉ်များကို နိုင်ငံတကာက ဂရုစိုက်စောင့်ကြည့်နေသည့်အချိန်အခါဖြစ်ပါကြောင်း၊ ယခုအခါ မြန်မာနိုင်ငံသို့ နိုင်ငံတကာမှဧည့်သည်များ ပိုမိုများပြားစွာ လာရောက်လျက်ရှိသကဲ့သို့ မြန်မာနိုင်ငံမှ လွှတ်တော်ကိုယ်စားလှယ်များကိုလည်း နိုင်ငံတကာမှ လေ့လာရေးခရီး လာရောက်ရန် ဖိတ်ခေါ်မှုများ များစွာရရှိနေပါကြောင်း၊ လွှတ်တော်ရပ်နားထားသည့်ကာလအတွင်း မိမိအနေဖြင့်လည်း နိုင်ငံတကာ၏ဖိတ်ကြားချက်အရ သွားရောက်လေ့လာမှုများ ပြုလုပ်ခဲ့ပါကြောင်း။

ဒီမိုကရေစီပြုပြင်ပြောင်းလဲမှုဖြစ်စဉ်ကို မြန်မာ့နည်း မြန်မာ့ဟန်ဖြင့် ညင်သာစွာ ပြောင်းလဲနိုင်ခဲ့ခြင်းသည် နိုင်ငံတကာ၏စိတ်ဝင်စားမှုကို ရရှိခဲ့ခြင်းလည်းဖြစ်ပါကြောင်း၊ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြုပြင်ပြောင်းလဲရေး ကိစ္စရပ်များကို နိုင်ငံတကာက စိတ်ဝင်တစားစောင့်ကြည့်လျက်ရှိပြီး မည်သို့ပြင်ဆင်ဆောင်ရွက်ကြမည်ကို မေးခွန်းများ ပေါ်ထွက်လာလျက်ရှိပါကြောင်း၊ ပြည်ထောင်စုလွှတ်တော်၌ ဖွဲ့စည်းပုံအခြေခံဥပဒေ လေ့လာသုံးသပ်ရေး ပူးပေါင်းကော်မရှင် ဖွဲ့စည်းပြီး ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရေးနှင့်ပတ်သက်၍ နိုင်ငံရေးပါတီများ၊ ပညာရှင်များနှင့်ပြည်သူများထံမှ လေ့လာသုံးသပ်အကြံပြုချက်များ ရရှိထားပါကြောင်း။

ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရေးနှင့်ပတ်သက်၍ လေ့လာသုံးသပ်ရာတွင် ရရှိထားသည့် တည်ငြိမ်အေးချမ်းမှုကို မထိခိုက်စေဘဲ ပိုမိုကောင်းမွန်စေရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေး အပါအဝင် ငြိမ်းချမ်းရေးဖော်ဆောင်မှုကို မပျက်ပြားစေဘဲ ပိုမိုဖြစ်ထွန်းစေရေး၊ ဒီမိုကရေစီ ပြုပြင်ပြောင်းလဲမှုကို မထိခိုက်စေဘဲ ပိုမိုတိုးတက်ဖြစ်ထွန်းစေရေးဟူသော ဦးတည်ချက်(၃)ရပ်ကို အခြေခံစဉ်းစားရန် လိုအပ်ပါကြောင်း၊ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြဋ္ဌာန်းကျင့်သုံးခဲ့သည်မှာ မကြာသေး၍ ပြင်ဆင်ရန်မလိုဟု ဆုံးဖြတ်ပါကမှားယွင်းနိုင်ကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေသည် ဒီမိုကရေစီစံနှုန်း၊ လူ့အခွင့်အရေးစံနှုန်းများ မပြည့်စုံသေးဟုယူဆပြီး လောဘတကြီးဖြင့် အလျင်စလို ပြင်ဆင်ရန်ဆုံးဖြတ်ပါကလည်း မှားယွင်းနိုင်ပါကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေး သုံးသပ်ရာတွင် ဉာဏ်အမြော်အမြင်ရှိစွာဖြင့် လေ့လာသုံးသပ်ပြီး ပြင်ဆင်သင့်သည်ကို ရဲရဲဝံ့ဝံ့ဆုံးဖြတ်ရမှာဖြစ်သကဲ့သို့ မပြင်သင့်သည်များကိုလည်း ရဲရဲဝံ့ဝံ့ သတ္တိရှိရှိ ဆုံးဖြတ်ရမှာဖြစ်ပါကြောင်း၊ ဒီမိုကရေစီစနစ်ကျင့်သုံးရာ၌ ကိုယ့်နိုင်ငံ၊ ကိုယ့်သမိုင်းကြောင်းကို အခြေခံရမှာဖြစ်ပြီး အခြားနိုင်ငံများမှ ဒီမိုကရေစီစနစ်ကို ပုံတူကူးချ၍ မဖြစ်နိုင်ကြောင်း။

ရှင်းလင်းပြောကြား

ယခုအခါ ပြည်ထောင်စုလွှတ်တော်က ထုတ်ပြန်လိုက်သည့် ဖွံ့ဖြိုးရေး ရန်ပုံငွေထိန်းသိမ်းခြင်းနှင့် သုံးစွဲခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများအရ ပြည်သူများ၏ အဓိကလိုအပ်ချက်ဖြစ်သည့် သောက်သုံးရေရရှိရေး၊ ကျေးလက်လမ်းများ၊ တံတားများ ပြုပြင်တည်ဆောက်ခြင်း လုပ်ငန်းများ၊ ပညာရေးဆိုင်ရာ အဆောက်အအုံ ပြုပြင် တည်ဆောက်ခြင်းလုပ်ငန်းများ၊ ကျန်းမာရေးဆိုင်ရာ အဆောက်အအုံ ပြုပြင် တည်ဆောက်ခြင်းဆိုင်ရာ လုပ်ငန်းများနှင့် မြို့နယ်အတွင်းပြည်သူလူထု၏ အမှန်တကယ်လိုအပ်ချက်ဖြစ်သော အခြားလုပ်ငန်းများကို လက်တွေ့ကျကျ ဆောင်ရွက်ပေးနိုင်ရေး လွှတ်တော်ကိုယ်စားလှယ်များနှင့် မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြု ကော်မတီများ ပေါင်းစပ်ဆောင်ရွက်လျက် ရှိပါကြောင်း၊ နိုင်ငံတော်သမ္မတကြီး ချမှတ်ထားသော ဆင်းရဲနွမ်းပါးမှု လျှော့ချရေးလုပ်ငန်းအစီအစဉ်များ အောင်မြင်ရေးအတွက် တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုနိုင်ရေး ပူးပေါင်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ပြည်သူ့ကိုယ်စားလှယ်များ ဖြစ်ကြသည့် လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် လာမည့်လွှတ်တော်အစည်းအဝေးများတွင် ပြည်သူများ၏ အကျိုးစီးပွားကို ဖော်ဆောင်နိုင်မည့်ဥပဒေများ ရေးဆွဲပြဋ္ဌာန်းနိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားမည် ဖြစ်ပါကြောင်းဖြင့် အသေးစိတ် ရှင်းလင်းပြောကြားခဲ့သည်။ **(သတင်းစဉ်)**

တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်လေးဦး အစားထိုးပြောင်းလဲ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
နေပြည်တော်
ကြေညာချက်အမှတ်(၁/၂၀၁၆)
၁၃၇၇ ခုနှစ်၊ ပြာသိုလဆန်း ၉ ရက်
(၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၉ ရက်)

တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် လေးဦး အစားထိုးပြောင်းလဲခြင်း

၂၀၁၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၇ ရက်နေ့တွင် ကျင်းပခဲ့သည့် ပထမအကြိမ် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမည်စာရင်းတင်သွင်းထားသော တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် လေးဦးတို့ကို အမည်စာရင်းပြောင်းလဲလိုကြောင်း ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲ ဥပဒေပုဒ်မ ၃၃ နှင့်အညီ အကြောင်းကြားချက်အရ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က စိစစ်ပြီး ၂၀-၁-၂၀၁၁ ရက်စွဲပါ ကော်မရှင်၏ ကြေညာချက်အမှတ်(၁/၂၀၁၁) နှင့် ၆-၁၁-၂၀၁၂ ရက်စွဲပါကော်မရှင်၏ ကြေညာချက်အမှတ်(၄၆/၂၀၁၂) တို့တွင် ဖော်ပြထားသည့်အောက်ပါတပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်လေးဦးအား ယှဉ်တွဲဖော်ပြပါအတိုင်း အစားထိုးပြောင်းလဲလိုက်သည်-

(၁)	ကြည်း ၂၇၂၉၁ ဗိုလ်မှူးထွန်းထွန်းဝင်း	(အစား)	ကြည်း ၂၅၅၀၄ ဒုတိယဗိုလ်မှူးကြီး ဒေါ်စိုးစိုးမြင့်
(၂)	ကြည်း ၃၃၁၄၄ ဗိုလ်မှူး ကျော်ကျော်သက်	(အစား)	ကြည်း ၂၆၀၇၀ ဒုတိယဗိုလ်မှူးကြီး ဒေါ်စန်းသီတာခင်
(၃)	ကြည်း ၂၂၀၃၁ ဗိုလ်မှူးလေးနိုင်	(အစား)	ကြည်း ၃၁၅၈၅ ဗိုလ်မှူး ဆွေလင်းမြင့်
(၄)	ကြည်း ၂၆၁၄၅ ဗိုလ်မှူးကျော်မင်းဇော်	(အစား)	ကြည်း ၃၂၄၀၂ ဗိုလ်မှူးတင့်လွင်

အမိန့်အရ
(မြင့်နိုင်)
အဖွဲ့ဝင်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

တပ်မတော်သားအမျိုးသားလွှတ်တော်ကိုယ်စားလှယ်သုံးဦး အစားထိုးပြောင်းလဲ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
နေပြည်တော်
ကြေညာချက်အမှတ်(၂/၂၀၁၆)
၁၃၇၇ ခုနှစ်၊ ပြာသိုလဆန်း ၉ ရက်
(၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၉ ရက်)

တပ်မတော်သားအမျိုးသားလွှတ်တော်ကိုယ်စားလှယ် သုံးဦး အစားထိုးပြောင်းလဲခြင်း

၂၀၁၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၇ ရက်နေ့တွင် ကျင်းပခဲ့သည့် ပထမအကြိမ် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမည်စာရင်းတင်သွင်းထားသော တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ်သုံးဦးကို အမည်စာရင်းပြောင်းလဲလိုကြောင်း အမျိုးသားလွှတ်တော် ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၃၃ နှင့်အညီ အကြောင်းကြားချက်အရ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က စိစစ်ပြီး ၂၀-၁-၂၀၁၁ ရက်စွဲပါ ကော်မရှင်၏ ကြေညာချက်အမှတ်(၂/၂၀၁၁)တွင် ဖော်ပြထားသည့် အောက်ပါ တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ် သုံးဦးအား ယှဉ်တွဲဖော်ပြပါအတိုင်း အစားထိုးပြောင်းလဲလိုက်သည်-

(၁)	ကြည်း ၁၈၉၇၇ ဗိုလ်မှူးကြီး မောင်မောင်ထူး	(အစား)	ကြည်း ၂၇၁၉၁ ဒုတိယဗိုလ်မှူးကြီး မင်းသူ
(၂)	ကြည်း ၂၇၃၃၁ ဗိုလ်မှူးကျော်သူ	(အစား)	ကြည်း ၃၂၄၇၅ ဗိုလ်မှူး ဇော်လင်းအောင်
(၃)	ကြည်း ၃၀၈၅၈ ဗိုလ်မှူးနိုင်နိုင်ဝင်း	(အစား)	ကြည်း ၃၃၅၁၈ ဗိုလ်မှူး မျိုးမောင်သိန်း

အမိန့်အရ
(မြင့်နိုင်)
အဖွဲ့ဝင်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

သစ်တောနှင့်သစ်ပင် ချစ်ခင်တဲ့လူမျိုး သစ်ပင်ကိုနှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး

ပြည်တွင်းသတင်း

(၇)ကြိမ်မြောက် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲဝင် အားကစားသမားများအား ဂုဏ်ပြုလှူဒါန်းငွေပေးအပ်

နေပြည်တော် ဇန်နဝါရီ ၉

(၇)ကြိမ်မြောက် အာဆီယံ မသန်စွမ်းအားကစားပြိုင်ပွဲဝင် အားကစားသမားများအား ဂုဏ်ပြုလှူဒါန်းငွေပေးအပ်ပွဲ အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် အားကစားလေ့ကျင့်ရေးစခန်း (နေပြည်တော်)ရှိ ဘက်စုံခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံ မသန်စွမ်း အားကစားအဖွဲ့ချုပ် ဥက္ကဋ္ဌ ဗိုလ်ချုပ်နေလင်းက အာဆီယံ မသန်စွမ်း အားကစားပြိုင်ပွဲသမိုင်း အကျဉ်းကို ရှင်းလင်းပြောကြားပြီး အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲ အား အိမ်ရှင်နိုင်ငံအဖြစ် အောင်မြင်စွာကျင်းပနိုင်ရေး၊ အောင်နိုင်မှုရရှိရေးတို့အတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှုများနှင့် ရည်ရွယ်ချက်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် မြန်မာနိုင်ငံအမျိုးသမီးအားကစားအဖွဲ့ နာယကများဖြစ်ကြသည့် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၏ဇနီး ဒေါ်ခင်ခင်ဝင်း၊ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း၏ဇနီး ဒေါ်နန်းရွှေမှုန်နှင့် ဒုတိယသမ္မတ ဦးညဏ်ထွန်း၏ဇနီး ဒေါ်ခင်အေးမြင့်၊ တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစုများ ကိုယ်စား တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ဇနီး ဒေါ်ကြူကြူလှနှင့် ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ)၏ဇနီး ဒေါ်မာမာဝေ၊ ပြည်ထောင်စုဝန်ကြီးများ၏ ဇနီးများနှင့် ဝန်ကြီးဌာန ၃၃ ဌာနကိုယ်စား ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ဇနီး ဒေါ်စဝ်နွန်းခွန်ဆမ် နှင့်ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ဇနီး ဒေါ်ဆွေဆွေဦးတို့က (၇)ကြိမ်မြောက်အာဆီယံ မသန်စွမ်း အားကစားပြိုင်ပွဲဝင် အားကစားသမားများအတွက် အလှူငွေများကို ပေးအပ်လှူဒါန်းကြရာ (၇)ကြိမ်မြောက်အာဆီယံ မသန်စွမ်း အားကစားပြိုင်ပွဲ ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ၊ အားကစား ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းက လက်ခံယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများကို ပြန်လည် ပေးအပ်သည်။

ပြည်ထောင်စုဝန်ကြီးဒေါက်တာ ဒေါ်မြတ်မြတ်အုန်းခင်၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ မြန်မာနိုင်ငံ အမျိုးသမီးနှင့်ကလေးများဘဝမြှင့်တင်ရေးအဖွဲ့၊ မြန်မာနိုင်ငံအမျိုးသမီးအားကစားအဖွဲ့ချုပ်နှင့် ကုမ္ပဏီများမှ တာဝန်ရှိသူများက မြန်မာနိုင်ငံ မသန်စွမ်းအားကစားအသင်းများမှ အားကစားသမားများအတွက် အလှူငွေများကို ပေးအပ်လှူဒါန်းကြရာ မြန်မာနိုင်ငံမသန်စွမ်း အားကစား အဖွဲ့ချုပ်ဥက္ကဋ္ဌ ဗိုလ်ချုပ်နေလင်းက လက်ခံယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများကို ပြန်လည်ပေးအပ်သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးဦးတင့်ဆန်းက ယခုကဲ့သို့ အားပေးခြင်းသည် အားကစားသမားများအတွက် ကြီးမားသည့်ခွန်အားဖြစ်စေပါကြောင်း၊ အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲကြီး အောင်မြင်စွာကျင်းပနိုင်ရေး၊ အောင်နိုင်မှုရရှိရေး၊ စီးပွားရေးနှင့် လူမှုရေးကဏ္ဍများတိုးတက်စေရေး စသည့် ရည်ရွယ်ချက်များနှင့်အညီ အောင်မြင်အောင် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းဖြင့် ကျေးဇူးတင်စကားပြောကြားရာတွင် ထည့်သွင်းပြောကြားခဲ့သည်။

ဆက်လက်၍ ဗိုလ်ချုပ်နေလင်းက မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် (၇) ကြိမ်မြောက် အာဆီယံမသန်စွမ်းအားကစား ပြိုင်ပွဲတွင် ထည့်သွင်းယှဉ်ပြိုင်မည့် အားကစားနည်းများကို ရှင်းလင်းတင်ပြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ယနေ့ အခမ်းအနားတွင် (၇) ကြိမ်မြောက် အာဆီယံမသန်စွမ်း အားကစားပြိုင်ပွဲဝင် အားကစား သမားများအတွက် လှူဒါန်းငွေ စုစုပေါင်း ငွေကျပ် ၂၀၉ သိန်းရရှိကြောင်း သိရသည်။

အခမ်းအနားအပြီးတွင် မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ နာယကများနှင့် ဧည့်သည်တော်များသည် Social Zone အတွင်းရှိ အမှတ်တရ ပစ္စည်းဆိုင်များ၊ အားကစားပစ္စည်းအရောင်းဆိုင်များနှင့် ဈေးဆိုင်များအား လှည့်လည်ကြည့်ရှုခဲ့ကြသည်။

(သတင်းစဉ်)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၏ဇနီး ဒေါ်ခင်ခင်ဝင်း (၇) ကြိမ်မြောက် အာဆီယံ မသန်စွမ်း အားကစား ပြိုင်ပွဲဝင် အားကစား သမားများ အတွက် အလှူငွေများ ပေးအပ်လှူဒါန်းစဉ်။
(သတင်းစဉ်)

ပေးအပ်လှူဒါန်း

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း၏ဇနီး ဒေါ်နန်းရွှေမှုန် (၇)ကြိမ်မြောက် အာဆီယံ မသန်စွမ်းအားကစားပြိုင်ပွဲဝင် အားကစားသမားများအတွက် အလှူငွေများ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ပေးအပ်လှူဒါန်း

ဒုတိယသမ္မတ ဦးညဏ်ထွန်း၏ဇနီး ဒေါ်ခင်အေးမြင့် (၇)ကြိမ်မြောက် အာဆီယံ မသန်စွမ်းအားကစားပြိုင်ပွဲဝင် အားကစားသမားများအတွက် အလှူငွေများ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

တပ်မတော် (ကြည်း၊ ရေ၊ လေ)မိသားစုများကိုယ်စား တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ဇနီး ဒေါ်ကြူကြူလှနှင့် ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ)၏ဇနီး ဒေါ်မာမာဝေ (၇)ကြိမ်မြောက် အာဆီယံ မသန်စွမ်းအားကစားပြိုင်ပွဲဝင် အားကစားသမားများအတွက် အလှူငွေများ ပေးအပ်လှူဒါန်းစဉ်။
(သတင်းစဉ်)

သတင်းကြေညာချက်

၁။ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် ရေနံရှာဖွေတူးဖော်ရေးလုပ်ငန်းများတွင် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော PC Myanmar (Hong Kong) Limited သည် ရဲတံခွန်ပလက်ဖောင်း 'D' တပ်ဆင်ခြင်းနှင့် Sub-marine pipe line တည်ဆောက်ခြင်းလုပ်ငန်းများကို Installation Barge HYUNDAI 2500 ဖြင့် ၂၀၁၄ ခုနှစ် ဇန်နဝါရီလ ၁၄ ရက်နေ့မှ ၂၀၁၄ ခုနှစ် မတ်လ ၃၁ ရက်နေ့အထိ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၂။ Sub-marine pipe line construction နှင့် ရဲတံခွန်ပလက်ဖောင်း 'D' တပ်ဆင်ခြင်းလုပ်ငန်းများဆောင်ရွက်မည့် ဧရိယာတည်နေရာများမှာ Point A မြောက်လတ္တီတွဒ် ၁၃ ဒီဂရီ ၂မိနစ် ၅၉ဒသမ၂၅၂ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၅၂ မိနစ် ၁ဒသမ၆၉၁ စက္ကန့်၊ Point B မြောက်လတ္တီတွဒ် ၁၃ ဒီဂရီ ၂ မိနစ် ၅၉ဒသမ၂၅၂ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၅၂မိနစ် ၃ ဒသမ ၉၆၉ စက္ကန့်၊Point C မြောက်လတ္တီတွဒ် ၁၃ ဒီဂရီ ၈ မိနစ် ၄၆ ဒသမ ၂၃၀ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၅၂ မိနစ် ၄၁ ဒသမ ၆၄၅ စက္ကန့်နှင့် Point D မြောက်လတ္တီတွဒ် ၁၃ ဒီဂရီ ၈ မိနစ် ၄၆ ဒသမ ၂၃၀ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၅၂ မိနစ် ၃၉ ဒသမ ၄၆၅ စက္ကန့်အတွင်းတွင် ဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ ရဲတံခွန်ပလက်ဖောင်း 'D' တပ်ဆင်ခြင်းနှင့် Sub-marine pipe line တည်ဆောက်ခြင်းလုပ်ငန်းများကို Installation Barge HYUNDAI 2500 ဖြင့် ဆောင်ရွက်နေစဉ်ကာလအတွင်း လုပ်ငန်းများ နှောင့်နှေးကြန့်ကြာမှု မဖြစ်ပေါ်စေရေးအတွက် ဖော်ပြပါလုပ်ငန်းခွင်ဧရိယာမှ ၄ ကီလိုမီတာပတ်လည်အတွင်းအား ရေကြောင်းသတိပေးချက် (Notice to Mariners) ထုတ်ပြန်ကြေညာထားပါ၍ သင်္ဘောကြီး/ငယ်များ၊ ကုန်တင်စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ဗန်များ ဖြတ်သန်းသွားလာခြင်း၊ ကျောက်ချရပ်နားထားခြင်း၊ ငါးဖမ်းဆီးခြင်း၊ ငါးဖမ်းကိရိယာများချထားခြင်း မပြုလုပ်ကြရန် အသိပေးကြေညာအပ်ပါသည်။ **ငါးလုပ်ငန်းဦးစီးဌာန**

မြန်မာ့အသံနှင့်ရုပ်မြင်သံကြား(ရန်ကုန်)မှ DVB-T2 ဒစ်ဂျစ်တယ်ရုပ်သံထပ်ဆင့်လွှင့်စက်၏ Antenna ပြုပြင်ရန် ထုတ်လွှင့်မှုအချိန်ပိုင်း ခေတ္တရပ်ဆိုင်းမည်

နေပြည်တော် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ ရန်ကုန်(ပြည်လမ်း)ရှိ ဒစ်ဂျစ်တယ်စနစ် (DVB-T2)ရုပ်သံထပ်ဆင့်လွှင့်စက်၏ Antenna ကို ၁၅-၁-၂၀၁၄ ရက် နံနက် ၁၀ နာရီမှ မွန်းလွဲ ၂ နာရီတွင် ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်သည်။

လုပ်ငန်းများဆောင်ရွက်နေစဉ်အတွင်း ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ဒစ်ဂျစ်တယ်စနစ် (DVB-T2)ဖြင့် ထုတ်လွှင့်လျက်ရှိသော MRTV၊ MITV ၊ တောင်သူလယ်သမားရုပ်သံလိုင်း၊ လွှတ်တော်ရုပ်သံလိုင်းနှင့် တိုင်းရင်းသားရုပ်သံလိုင်းများထုတ်လွှင့်မှုကို ၁၅-၁-၂၀၁၄ ရက် နံနက် ၁၀ နာရီမှ မွန်းလွဲ ၂ နာရီအထိ ခေတ္တရပ်ဆိုင်းထားမည်ဖြစ်ကြောင်းနှင့် ယင်းနောက်ပိုင်းတွင် ပုံမှန်အတိုင်းပြန်လည်ထုတ်လွှင့်ပေးမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြည်တွင်းသတင်း

(၆၆)ကြိမ်မြောက် တိပိဋကဓရ၊ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲ သဘောရေးဖြေနှင့် အာဂုံပြန်အောင်စာရင်း၊ ရေးဖြေအောင်စာရင်း

အဘိဓမ္မပိဋက၊အဘိဓမ္မာပထမပိုင်း ငါးကျမ်းသဘောရေးဖြေအောင် မူလအဘိဓမ္မကောဝိဒ(၁)ပါး

၁။ ပလ္လင်အမှတ်(၂၃၁) အရှင်ပညာဝံသာဘိဝံသ၊အသက်(၃၈)နှစ်၊ သိက္ခာ(၁၈)ဝါ၊ တိပိဋကမဟာဂန္ဓဝင်နိကာယ် ကျောင်းတိုက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

သုတ္တန္တပိဋက၊ဒီဃနိကာယ်သုံးကျမ်း သဘောရေးဖြေအောင် ဒီဃနိကာယကောဝိဒ(၁)ပါး

၁။ ပလ္လင်အမှတ်(၂၄၂) အရှင်အဂ္ဂဝံသ၊ အသက် (၃၃)နှစ်၊ သိက္ခာ (၁၃)ဝါ၊ တိပိဋကကျောင်းတော်၊ ဒဂုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

ဝိနယပိဋက၊ဝိနည်းဒုတိယပိုင်းသုံးကျမ်းသဘောရေးဖြေအောင် ဝိနယကောဝိဒ(၆)ပါး

၁။ ပလ္လင်အမှတ်(၂၅၅) အရှင်ခေမိကာလင်္ကာရ၊ အသက်(၃၈)နှစ်၊ သိက္ခာ(၁၈)ဝါ၊ မဟာဝံသစာသင်တိုက်၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၂။ ပလ္လင်အမှတ်(၂၅၈) အရှင်စန္ဒန၊အသက်(၃၇)နှစ်၊ သိက္ခာ(၁၇)ဝါ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊မင်းကွန်း၊ စစ်ကိုင်းမြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး

၃။ ပလ္လင်အမှတ်(၂၆၇) အရှင်သုဇနာလင်္ကာရ၊ အသက်(၃၃)နှစ်၊ သိက္ခာ (၁၂)ဝါ၊ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း၊ စစ်ကိုင်းမြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး

၄။ ပလ္လင်အမှတ်(၂၇၄) အရှင်ဝါယာမိန္ဒာလင်္ကာရ၊ အသက်(၃၀)နှစ်၊ သိက္ခာ(၁၁)ဝါ၊ တိပိဋကမဟာဂန္ဓာရုံကျောင်းတိုက်၊အမှတ်(၉)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၅။ ပလ္လင်အမှတ်(၂၈၄) အရှင်ခေမာနန္ဒာလင်္ကာရ၊ အသက်(၂၉)နှစ် ၊ သိက္ခာ (၉)ဝါ၊ ပဋ္ဌာနတာရုံကျောင်းတိုက်၊ အောင်ချမ်းသာရပ်ကွက်၊ မုံရွာမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး

၆။ ပလ္လင်အမှတ်(၂၉၀) အရှင်ကုန္ဒကာလင်္ကာရ၊ အသက် (၂၆)နှစ်၊ သိက္ခာ (၆)ဝါ၊ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း၊ စစ်ကိုင်းမြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး

ဝိနယပိဋက၊ ဝိနည်းပထမပိုင်း နှစ်ကျမ်းသဘောရေးဖြေအောင် ဥဘတောဝိဘင်္ဂကောဝိဒ(၆)ပါး

၁။ ပလ္လင်အမှတ်(၂၉၅) အရှင်ကုန္ဒာစာရာလင်္ကာရာဘိဝံသ၊ အသက်(၄၂) နှစ်၊ သိက္ခာ(၂၂)ဝါ၊ သာမဏေကျော်ပရိယတ္တိစာသင်တိုက်၊ ဥဿာမြို့သစ်၊ ပဲခူးမြို့၊ ပဲခူးတိုင်းဒေသကြီး

၂။ ပလ္လင်အမှတ်(၃၀၃) အရှင်နန္ဒိယ(ပြင်ဦးလွင်)၊ အသက်(၃၅)နှစ်၊ သိက္ခာ (၁၆)ဝါ၊ တိပိဋကနိကာယကျောင်းတိုက်၊ အနီးစခန်း၊ ပြင်ဦးလွင်မြို့၊ မန္တလေးတိုင်းဒေသကြီး

၃။ ပလ္လင်အမှတ်(၃၅၃) အရှင်စန္ဒဇောတိ၊ အသက်(၂၉)နှစ်၊ သိက္ခာ(၉)ဝါ၊ တိပိဋကဓမ္မပါလကျောင်းတိုက်၊ မုံရွာမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး

၄။ ပလ္လင်အမှတ်(၃၅၇) အရှင်ပညာစာရာလင်္ကာရ၊ အသက်(၂၉)နှစ်၊ သိက္ခာ (၉)ဝါ၊ တိပိဋက ကမ္ဘောဇကျောင်းတိုက်၊ မော်လမြိုင်မြို့၊ မွန်ပြည်နယ်

၅။ ပလ္လင်အမှတ်(၃၆၉) အရှင်ကုန္ဒွေဘာသာလင်္ကာရ၊ အသက်(၂၈) နှစ်၊ သိက္ခာ (၇)ဝါ၊ တိပိဋကနိကာယကျောင်းတိုက်၊ အနီးစခန်း၊ ပြင်ဦးလွင်မြို့၊ မန္တလေးတိုင်းဒေသကြီး

၆။ ပလ္လင်အမှတ်(၃၈၆) အရှင်သောပါကာလင်္ကာရ၊ အသက်(၂၆)နှစ်၊ သိက္ခာ (၅)ဝါ၊ တိပိဋကမဟာဂန္ဓဝင်နိကာယ် ကျောင်းတိုက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

အဘိဓမ္မပိဋက၊ အဘိဓမ္မာဒုတိယပိုင်း နှစ်ကျမ်းအာဂုံအောင် တိပိဋကဓရ(၁)ပါး

၁။ ပလ္လင်အမှတ်(၁) အရှင်ဝါသေဋ္ဌာလင်္ကာရ၊ အသက် (၃၉ နှစ်)၊ သိက္ခာ (၂၀)ဝါ၊ တိပိဋကမဟာဂန္ဓာရုံကျောင်းတိုက်၊ ရွှေနံ့သာစံပြကျေးရွာ၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

အဘိဓမ္မပိဋက၊ အဘိဓမ္မာပထမပိုင်း ငါးကျမ်းအာဂုံအောင် မူလအာဘိဓမ္မိက (၃)ပါး

၁။ ပလ္လင်အမှတ်(၃) အရှင်ဂမ္ဘီရဉာဏ၊ အသက် (၄၀ နှစ်)၊ သိက္ခာ (၂၀)ဝါ၊ တိပိဋကကျောင်းတော်၊ ဒဂုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၂။ ပလ္လင်အမှတ်(၄) အရှင်ဝါသေဋ္ဌ၊ အသက်(၄၀)၊ သိက္ခာ (၁၉)ဝါ၊ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး

၃။ ပလ္လင်အမှတ်(၅) အရှင်နန္ဒဝံသာလင်္ကာရ၊ အသက်(၃၇ နှစ်)၊ သိက္ခာ (၁၇)ဝါ၊ တိပိဋကဓမ္မပါလကျောင်းတိုက်၊ မုံရွာမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး

သုတ္တန္တပိဋက၊ ဒီဃနိကာယ်သုံးကျမ်းအာဂုံအောင် ဒီဃဘာဏက(၂)ပါး

၁။ ပလ္လင်အမှတ်(၈) အရှင်ကေသရ၊ အသက် (၄၄ နှစ်)၊ သိက္ခာ (၂၄)ဝါ၊ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး

၂။ ပလ္လင်အမှတ်(၁၀) အရှင်သြဘာသာလင်္ကာရ၊ အသက်(၃၄ နှစ်)၊ သိက္ခာ (၁၄)ဝါ၊ တိပိဋကကျောင်းတော်၊ ဒဂုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

ဝိနယပိဋက၊ ဝိနည်းဒုတိယပိုင်း သုံးကျမ်းအာဂုံအောင် ဝိနယဓရ(၁၅)ပါး

၁။ ပလ္လင်အမှတ်(၁၃) အရှင်ဝိလာသဂ္ဂါလင်္ကာရ၊ အသက်(၃၂ နှစ်)၊ သိက္ခာ (၁၂) ဝါ၊ တိပိဋကမဟာဂန္ဓာရုံကျောင်းတိုက်၊ အမှတ်(၉)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၂။ ပလ္လင်အမှတ်(၁၅) အရှင်နန္ဒာစာရ၊ အသက်(၃၁ နှစ်)၊ သိက္ခာ (၁၁)ဝါ၊ မာဃနေယျပဒေသကျောင်း၊ မစိုးရိမ်တိုက်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး

၃။ ပလ္လင်အမှတ်(၂၂) အရှင်ရေဝတ၊ အသက်(၃၀ နှစ်)၊ သိက္ခာ (၁၀)ဝါ၊ တိပိဋကမဟာဂန္ဓဝင်နိကာယ် ကျောင်းတိုက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၄။ ပလ္လင်အမှတ်(၃၅) အရှင်တေဇဝံသ၊ အသက်(၂၉ နှစ်)၊ သိက္ခာ (၈) ဝါ၊ တိပိဋကဓမ္မပါလကျောင်းတိုက်၊ မုံရွာမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး

၅။ ပလ္လင်အမှတ်(၃၇) အရှင်နန္ဒဝံသ၊ အသက်(၂၈ နှစ်)၊ သိက္ခာ (၇)ဝါ၊ တိပိဋကနိကာယကျောင်းတိုက်၊ အနီးစခန်း၊ ပြင်ဦးလွင်မြို့၊ မန္တလေးတိုင်းဒေသကြီး

၆။ ပလ္လင်အမှတ်(၃၉) အရှင်သီလာစာရာလင်္ကာရ၊ အသက်(၂၈ နှစ်) သိက္ခာ (၇)ဝါ၊ တိပိဋကမဟာဂန္ဓာရုံကျောင်းတိုက်၊ အမှတ်(၉)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ် ရန်ကုန်တိုင်းဒေသကြီး

၇။ ပလ္လင်အမှတ်(၄၂) အရှင်ကုန္ဒက၊ အသက် (၂၆ နှစ်)၊ သိက္ခာ (၆)ဝါ၊ တိပိဋက မဟာဂန္ဓဝင်နိကာယ် ကျောင်းတိုက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၈။ ပလ္လင်အမှတ်(၄၄) အရှင်ခေမာစာရ၊ အသက်(၂၆ နှစ်) သိက္ခာ (၆) ဝါ၊ တိပိဋကမဟာဂန္ဓာရုံကျောင်းတိုက်၊ ရွှေနံ့သာစံပြကျေးရွာ၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန် တိုင်းဒေသကြီး

၉။ ပလ္လင်အမှတ်(၅၀) အရှင်ပညိန္ဒ(မုံရွာ)၊ အသက်(၃၃ နှစ်)၊ သိက္ခာ (၁၃) ဝါ၊ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး

၁၀။ ပလ္လင်အမှတ်(၅၁) အရှင်ခေမာနန္ဒ၊ အသက် (၃၂ နှစ်)၊ သိက္ခာ (၁၂) ဝါ၊ ပိဋကတ်သုံးပုံနိကာယ်စာသင်တိုက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၁၁။ ပလ္လင်အမှတ်(၆၂) အရှင်နန္ဒိမာလင်္ကာရ၊ အသက်(၂၉)နှစ် သိက္ခာ(၉)ဝါ၊ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး

၁၂။ ပလ္လင်အမှတ်(၆၉) အရှင်ပညာစက္က၊ အသက်(၂၈)နှစ်၊ သိက္ခာ(၇)ဝါ၊ရွာမပရိယတ္တိစာသင်တိုက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၁၃။ ပလ္လင်အမှတ်(၇၇) အရှင်တိလောက(ဘုတလင်)၊ အသက် (၂၇နှစ်) ၊ သိက္ခာ (၆)ဝါ၊ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး

၁၄။ ပလ္လင်အမှတ်(၈၁) အရှင်သူရိယာလင်္ကာရ၊ အသက် (၂၅ နှစ်)၊ သိက္ခာ(၅)ဝါ၊ တိပိဋကစုဆန်းလီကျောင်းတိုက်၊ ရွှေနံ့သာရပ်ကွက်၊ ပုလဲမြို့သစ်၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၁၅။ ပလ္လင်အမှတ်(၈၂) အရှင်ဇနိတာလင်္ကာရ၊ အသက် (၂၅ နှစ်)၊ သိက္ခာ(၅)ဝါ၊ တိပိဋကမဟာဂန္ဓာရုံကျောင်းတိုက်၊ အမှတ်(၉)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

(ဆက်လက်ဖော်ပြပါမည်)

မြန်မာနှင့်ကုလသမဂ္ဂတို့အကြား ပူးပေါင်းဆောင်ရွက်မည့်ကိစ္စများဆွေးနွေး

နေပြည်တော် ဇန်နဝါရီ ၉

နိုင်ငံခြားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂ လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ ဌာနေညှိနှိုင်းရေးမှူး/ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်၏ ဌာနေကိုယ်စားလှယ်အဖြစ် ဆောင်ရွက်မည့် မစ္စ ရီနာထာလော့ဒက်ဆဲလ်လီယန်သည် ၎င်း၏ခန့်အပ်လွှာကို ယနေ့နံနက် ၁၁ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လာရောက်ပေးအပ်သည်။

(ယာပုံ)

ခန့်အပ်လွှာ ပေးအပ်အပြီးတွင် ပြည်ထောင်စုဝန်ကြီးနှင့် ဌာနေညှိနှိုင်းရေးမှူး/ဌာနေကိုယ်စားလှယ်တို့သည် မြန်မာနိုင်ငံနှင့်ကုလသမဂ္ဂတို့အကြား ရေ့ပူးပေါင်းဆောင်ရွက်မည့်ကိစ္စများနှင့် မြန်မာနိုင်ငံတွင် လောလောဆယ် ဆောင်ရွက်လျက်ရှိသော ကုလသမဂ္ဂ၏ ဖွံ့ဖြိုးမှုအစီအစဉ်များ၊ ဆောင်ရွက်ချက်များကို ဆွေးနွေးခဲ့ကြသည်။ **(သတင်းစဉ်)**

▲ *ရှေ့ဖုံးမှ*

ဒုတိယတန်းအဆင့်ထိ မြန်မာဘာသာ တိုင်းရင်းသားစကားဖြင့်သာ သင်ကြားနိုင်ရန် လေ့လာသုံးသပ်လျက်ရှိသည်။

ကျောင်းနေကလေးသူငယ်များအား တတိယတန်းမှစတင်ကာအခြားဘာသာစကားကို သင်ကြားမှုသာ ကလေးငယ်တို့၏ ဦးနှောက်ဖွံ့ဖြိုးမှုအပေါ် ထိခိုက်မှုရှိမည်မဟုတ်ကြောင်း နိုင်ငံတကာသုတေသနပညာရှင်များက သုံးသပ်ထားသည်။ ထို့ကြောင့် ပညာရေးအဆင့်မြင့် ပညာရေးကဏ္ဍ၌ တိုးတက်ဖွံ့ဖြိုးမှုအတွက် ဘဏ္ဍာငွေတိုးမြှင့်သုံးစွဲခွင့်ပြုထားရာ ကျောင်းထွက်မှု အများဆုံးအရွယ်ဖြစ်သော မူလတန်းနှင့် အလယ်တန်းအဆင့် ပညာသင်ကြားမှုတွင် အခမဲ့သင်ယူခွင့်ရရှိခြင်းမှာ ကျောင်းနေအရွယ်ကလေးများ၏ပညာသင်ကြားနိုင်ခွင့်လိုအပ်ချက်ကို ဖြည့်ဆည်းပေးမှုတစ်ရပ်ပင်ဖြစ်သည်။ **(မြန်မာ့အလင်း)**

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဆရာတော် ပျံလွန်တော်မူ

နေပြည်တော် ဇန်နဝါရီ ၉

မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ် မစိုးရိမ်ကျောင်းတိုက် နိကာယနယူပဒေသကျောင်း မဟာနာယက သက်တော် (၈၉ နှစ်)၊ သိက္ခာတော် (၆၉)ဝါရှိ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဘဒ္ဒန္တတေဇောသာရာဘိဝံသ (အဘိဓဇမဟာရဋ္ဌဂုရု)သည် ၁၃၇၅ ခုနှစ် ပြာသိုလဆန်း ၉ ရက် (ကြာသပတေးနေ့) မွန်းလွဲ ၂ နာရီခွဲတွင် ဘဝနတ်ထံပျံလွန်တော်မူကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။

(သတင်းစဉ်)

ဓမ္မာစရိယနှင့်ပထမပြန်စာမေးပွဲ ကျင်းပမည်

နေပြည်တော် ဇန်နဝါရီ ၉

သာသနာရေး ဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက ကျင်းပမည့် ၂၀၁၄ ခုနှစ် ဓမ္မာစရိယနှင့် ပထမပြန်စာမေးပွဲများကို မတ် ၂၈ ရက်မှ ဧပြီ ၉ ရက်အထိ တစ်နိုင်ငံလုံးတစ်ချိန်တည်း တစ်ပြိုင်တည်း ကျင်းပမည်ဖြစ်သည်။

ဓမ္မာစရိယစာမေးပွဲကို ၁၃၇၅ ခုနှစ် တပေါင်းလပြည့်ကျော် ၁၃ ရက်(သောကြာနေ့)မှနှောင်းတန်းခူးလဆန်း ၆ ရက်၊ စနေနေ့ (၂၀၁၄ ခုနှစ် မတ် ၂၈ ရက်မှ ဧပြီ ၅ ရက်) အထိလည်းကောင်း၊ ပထမပြန်စာမေးပွဲကို ၁၃၇၅ ခုနှစ် နှောင်းတန်ခူးလဆန်း ၄ ရက် (ကြာသပတေးနေ့)မှ နှောင်းတန်ခူးလဆန်း ၁၀ ရက်၊ ဗုဒ္ဓဟူးနေ့ (၂၀၁၄ ခုနှစ် ဧပြီ ၃ ရက်မှ ၉ ရက်) အထိလည်းကောင်း သက်ဆိုင်ရာ စာဖြေဌာနများတွင် ကျင်းပမည်ဖြစ်ကြောင်းနှင့် စာမေးပွဲများ ကျင်းပမည့် အချိန်စာရင်းကို သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ် သံဃနာယကအဖွဲ့၊ မြို့နယ်သံဃနာယကအဖွဲ့တို့သို့ ဆက်ကပ်သွားမည်ဖြစ်ကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

၂၀၁၄ ခုနှစ်အတွင်း မြန်မာနိုင်ငံက လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောဆိုင်ရာ အစည်းအဝေးငါးခုလက်ခံကျင်းပသွားမည်

နေပြည်တော် ဇန်နဝါရီ ၉

(၃၆)ကြိမ်မြောက် အာဆီယံလယ်ယာစိုက်ပျိုးရေးနှင့် သစ်တောဆိုင်ရာဝန်ကြီးအဆင့်အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများအား မြန်မာနိုင်ငံတွင် ကျင်းပရေးဆိုင်ရာ အကြိုညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၈ နာရီခွဲတွင် လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။ (ယာပုံ)

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်က ပြောကြားရာ၌ (၃၆)ကြိမ်မြောက် အာဆီယံ လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောဆိုင်ရာ ဝန်ကြီးအဆင့် အစည်းအဝေးနှင့် ဆက်စပ် အစည်းအဝေးများကို မြန်မာနိုင်ငံတွင် အိမ်ရှင်နိုင်ငံအဖြစ် လက်ခံနိုင်ရန် မလေးရှားနိုင်ငံထံမှ လွှဲပြောင်း၊ လက်ခံရယူခဲ့ပြီးဖြစ်ပါကြောင်း။

ဝန်ကြီးဌာနများ အနေဖြင့် အိမ်ရှင်အဖြစ် ကျင်းပခွင့်ရသည့် အစည်းအဝေးများအား အခြားသော အဖွဲ့ဝင်နိုင်ငံများနည်းတူ နိုင်ငံတကာအဆင့်မီအောင် နိုင်ငံ့ကိုယ်စားအစွမ်းကုန်ညီညွတ်မှုကို ပြသပြီး စွမ်းအားရှိသလောက် ကြိုးစားဆောင်ရွက်သွားနိုင်ကြမည်ဟု ယုံကြည်အားထားမျှော်လင့်ပါကြောင်း။ ၂၀၁၄ ခုနှစ်အတွင်း၌ မြန်မာနိုင်ငံက လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောဆိုင်ရာ အစည်းအဝေးငါးခုကို မဖြစ်မနေလက်ခံကျင်းပပြုလုပ်သွားမည် ဖြစ်ပါကြောင်း။

အထူးသဖြင့် အစည်းအဝေး၏ အနှစ်သာရပိုင်းဖြစ်သည့် အာဆီယံအဖွဲ့ဝင် ၁၀ နိုင်ငံအစည်းအဝေးနှင့် အာဆီယံနှင့် မိတ်ဖက်နိုင်ငံများဖြစ်သည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဂျပန်နိုင်ငံ၊ ကိုရီးယားသမ္မတနိုင်ငံ သုံးနိုင်ငံတို့၏ အစည်းအဝေးများတွင် အပြန်အလှန် ဆွေးနွေးဆောင်ရွက်ကြမည့် အစည်းအဝေးဆိုင်ရာ ဘာသာရပ်ခေါင်းစဉ်အလိုက် ကိစ္စရပ်များကို လယ်ယာစိုက်ပျိုးရေးကဏ္ဍ၊ မွေးမြူရေးကဏ္ဍ၊ သစ်တောကဏ္ဍအလိုက် ကျယ်ကျယ်ပြန့်ပြန့် ကြိုတင်ပြင်ဆင်ပြီး ပါဝင်ဆွေးနွေးကြမည့် အကြောင်းအရာများပေါ်တွင် ဘက်စုံထောင့်စုံလေ့လာ စုဆောင်းပြင်ဆင်ကြကာ စာတမ်းများ ခိုင်ခိုင်မာမာပြုစုရေးသည် အလွန်အရေးကြီးသည့် အဓိကအချက်ဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

လယ်ယာစိုက်ပျိုးရေး ထွက်ကုန်ပစ္စည်းများ၊ သစ်တောထွက်ကုန်ပစ္စည်းများ၊ မွေးမြူရေးထွက်ကုန်ပစ္စည်းများကို ဈေ့သည်နိုင်ငံများသို့ မိတ်ဆက်ပြီး ဈေးကွက်ရှာဖွေမြှင့်တင်ပေးနိုင်မည့် အခွင့်အလမ်းများကို ထိရောက်စွာ အသုံးချနိုင်ရေးအတွက် ပုဂ္ဂလိကပြခန်းများနှင့် သမဝါယမပြခန်းများကို အဆင့်အတန်းရှိရှိ ပြသဆောင်ရွက်သွားကြရန် အစီအစဉ်ရှိကြောင်း သိရသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်က မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး ဝန်ကြီးဌာနအနေဖြင့် အာဆီယံ စိုက်ပျိုးမွေးမြူရေးနှင့် သစ်တောဆိုင်ရာ ဝန်ကြီးအဆင့် အစည်းအဝေး၏ အဓိက ရည်ရွယ်ချက်နှင့်အညီ အသားကဏ္ဍနှင့် ငါးကဏ္ဍတို့တွင် ပြည်တွင်းစားသုံးမှု လုံလောက်စေရန်သာမက ပို့လျှံသည်များကို ပြည်ပသို့တင်ပို့နိုင်သည်အထိ ရည်မှန်းချက်ထား အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း။

(၃၆)ကြိမ်မြောက် အာဆီယံ စိုက်ပျိုးမွေးမြူရေးနှင့် သစ်တောဆိုင်ရာ ဝန်ကြီးအဆင့်အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ အောင်မြင်စွာ ကျင်းပနိုင်ရေးတွင် ဘာသာရပ်နှင့် ဆက်စပ်သည့်ဌာနများအချင်းချင်းပူးပေါင်း၍ ပေါင်းစပ် ညှိနှိုင်းဆောင်ရွက်သွားကြရေးသည် အဓိကကျသည့် လိုအပ်ချက်ဖြစ်ပါကြောင်းဖြင့် ပြောကြားခဲ့သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်းက (၃၆) ကြိမ်မြောက် အာဆီယံလယ်ယာစိုက်ပျိုးရေးနှင့် သစ်တောဆိုင်ရာ ဝန်ကြီးအဆင့် အစည်းအဝေးနှင့် ဆက်စပ် အစည်းအဝေးများကို မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပရာတွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာ ဝန်ကြီးဌာနအနေဖြင့် ဆက်စပ်ဝန်ကြီးဌာနများနှင့် အတူတကွ ဝိုင်းဝန်းဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ (၃၅)ကြိမ်မြောက်အစည်းအဝေးတွင်လည်း မြန်မာနိုင်ငံအနေဖြင့် သစ်တောကဏ္ဍတွင်တက်တက်ကြွကြွ ပါဝင်ဆောင်ရွက်ခဲ့ပါကြောင်း၊ မိမိတို့ဝန်ကြီးဌာနအနေဖြင့် ယင်းအစည်းအဝေးများသာမက မိတ်ဖက်နိုင်ငံများနှင့် သစ်တောကဏ္ဍဆိုင်ရာ အစည်းအဝေးများနှင့် လုပ်ငန်းစဉ်များကို တက်တက်ကြွကြွ ပူးပေါင်းပါဝင် ဆောင်ရွက်လျက်ရှိပါကြောင်းဖြင့် ပြောကြားခဲ့သည်။

ရှင်းလင်းတင်ပြ

ယင်းနောက် ၂၀၁၄ ခုနှစ်တွင် (၃၆)ကြိမ်မြောက် အာဆီယံ လယ်ယာ စိုက်ပျိုးရေးနှင့်သစ်တောဆိုင်ရာ ဝန်ကြီးအဆင့်အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ ကျင်းပရေးနှင့် လေ့လာရေးအစီအစဉ်များကို တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဒုတိယဝန်ကြီးများက သက်ဆိုင်ရာ ကဏ္ဍအလိုက် ဆွေးနွေးတင်ပြခဲ့ကြသည်။

(သတင်းစဉ်)

ကျောက်မျက်ရိုင်းများနှင့် ကျောက်စိမ်းအသားကျောက်များ မြန်မာကျပ်ငွေဖြင့်ရောင်းချပွဲ စတုတ္ထနေ့ဆက်လက်ကျင်းပ

နေပြည်တော် ဇန်နဝါရီ ၉

မြန်မာ့ ကျောက်မျက်ရိုင်းများနှင့် ကျောက်စိမ်းအသားကျောက်များ မြန်မာကျပ်ငွေဖြင့်ရောင်းချပွဲ စတုတ္ထနေ့ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မဏိရတနာ ကျောက်စိမ်းခန်းမ၌ ဆက်လက်ကျင်းပသည်။ **(ဓါပုံ)**

နံနက်ပိုင်းမှစတင်၍ မဏိရတနာ ကျောက်စိမ်းခန်းမအတွင်း၌ ကျောက်စိမ်းအသားကျောက် အတွဲအမှတ်(၁)မှ အတွဲအမှတ် (၁၄၀၀)ထိ တင်သွင်းခဲ့သည့်တင်ဒါများကို ဖွင့်ဖောက်စစ်ဆေးပြီး တင်ဒါအောင်မြင်သူများအား ထုတ်ပြန်ကြေညာ ရောင်းချလျက်ရှိရာ တင်ဒါတင်သွင်းထားသူ ကျောက်မျက်ရတနာ လုပ်ငန်းရှင်များဖြင့် စည်ကားလျက်ရှိသည်။

မဏိရတနာကျောက်စိမ်းခန်းမ အပြင်ဘက်တွင်လည်း ကျောက်မျက်ရတနာ ကုန်သည်များလုပ်ငန်းရှင်များသည် ကျောက်စိမ်းအတွဲ အမှတ် (၁၄၀၁)မှ (၂၈၃၉)ထိ ကျောက်စိမ်း အတွဲများအား ဈေးနှုန်း အဆိုပြုလွှာတင်သွင်းနိုင်ရန် သတ်မှတ်ဧရိယာအလိုက် ခင်းကျင်းပြသထားသည့် ကျောက်စိမ်းတွဲများအား မိမိတို့စိတ်ကြိုက် လွတ်လပ်စွာ ကြည့်ရှုစစ်ဆေးပြီး တင်ဒါများတင်သွင်းကြသည်။

ဆက်လက်ရောင်းချ

ယနေ့ ကျောက်မျက်ရိုင်းများနှင့် ကျောက်စိမ်း အသားကျောက်များ မြန်မာကျပ်ငွေဖြင့် ရောင်းချပွဲတွင် ကျောက်စိမ်းအတွဲပေါင်း များစွာ ရောင်းချခဲ့ပြီး ဇန်နဝါရီ ၁၀ ရက်တွင် ကျောက်စိမ်းအတွဲအမှတ် (၁၄၀၁)မှ (၂၈၃၉)ထိ အိတ်ဖွင့် တင်ဒါစနစ်ဖြင့် ဆက်လက်ရောင်းချသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ချောတိုင်တက်ပွဲတွင် သေဆုံးသူ၏ မိသားစုအား ထောက်ပံ့ငွေပေးအပ်

လယ်ဝေး ဇန်နဝါရီ ၉

နေပြည်တော်ကောင်စီနယ်မြေ လယ်ဝေးမြို့တွင် ဇန်နဝါရီ ၄ ရက်က လွတ်လပ်ရေးနေ့ အားကစားပြိုင်ပွဲအဖြစ် ချောတိုင်တက်ပွဲပြုလုပ်စဉ် မတော်တဆသေဆုံးခဲ့သည့် ဦးညွန့်ဝင်း၏ ကျန်ရစ်သည့်မိသားစုများအား ထောက်ပံ့ငွေပေးအပ်သည့် အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၌ ကျင်းပသည်။

အခမ်းအနားတွင် နေပြည်တော်ကောင်စီဥက္ကဋ္ဌကိုယ်စား နေပြည်တော်ကောင်စီဝင် ဦးမြင့်ဆွေက ဦးညွန့်ဝင်း၏ ကျန်ရစ်သူမိသားစုအား ထောက်ပံ့ငွေကျပ် ငါးသိန်းပေးအပ်ပြီး အားပေးနှစ်သိမ့်စကားပြောကြားခဲ့သည်။ ထို့နောက်မြို့နယ်အုပ်ချုပ်ရေးမှူး ဦးလှရောင်နှင့် မြို့နယ်အထောက်အကူပြု ကော်မတီဥက္ကဋ္ဌ ဦးဝင်းအောင်တို့က ထောက်ပံ့ငွေကျပ် ငါးသောင်းစီ ပေးအပ်ခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ဆီးဂိမ်းတွင် ပါဝင်ခဲ့ကြသော ပညာရှင်များအားဂုဏ်ပြု

ရန်ကုန် ဇန်နဝါရီ ၉

(၂၇)ကြိမ်မြောက်အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ဖွင့်ပွဲ၊ ပိတ်ပွဲ အခမ်းအနား ဖျော်ဖြေရေးအစီအစဉ်များတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသော ဓာတ်ပုံပညာရှင်များ၊ တေးသံရှင်များနှင့် အကအဖွဲ့များအား ဂုဏ်ပြုပွဲအခမ်းအနားကို ရန်ကုန်မြို့ မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံဧည့်ခန်းမ၌ ဇန်နဝါရီ ၈ ရက် ညနေ ၄ နာရီက ကျင်းပရာ (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲဖွင့်ပွဲ၊ ပိတ်ပွဲအခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရန် ကြိုတင်ပြင်ဆင် လေ့ကျင့်ရေးကော်မတီဥက္ကဋ္ဌ ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်ကြူ တက်ရောက်အားပေးသည်။ အခမ်းအနားသို့ ကော်မတီဝင်များ၊ ဓာတ်ပုံပညာရှင်များ၊ တေးသံရှင်များနှင့် အကအဖွဲ့ အင်အား ၁၀၀ ကျော်တက်ရောက်ခဲ့ပြီး ပြည်ထောင်စုဝန်ကြီးက ကျေးဇူးတင်နှုတ်ခွန်းဆက်စကားပြောကြားကာ အနုပညာရှင်များအား ဂုဏ်ပြုမှတ်တမ်းနှင့် ဂုဏ်ပြုလက်ဆောင်များကို တစ်ဦးချင်းပေးအပ်ချီးမြှင့်ခဲ့ကြောင်းသတင်းရရှိသည်။ **(အပေါ်ပုံ)** **(သတင်းစဉ်)**

ပြည်ပနိုင်ငံများသို့ သွားရောက်အလုပ်လုပ်ကိုင်မည့်သူများ သိရှိသင့်သည့်အချက်များ

နေပြည်တော် ဇန်နဝါရီ ၉

နိုင်ငံတော်အနေဖြင့် အလုပ်သမားများအား ပြည်ပနိုင်ငံများသို့ တရားဝင်စေလွှတ်နိုင်ရေး၊ ပြည်ပရောက် မြန်မာရွှေ့ပြောင်းအလုပ်သမားများအား ကာကွယ်စောင့်ရှောက်မှုပေးနိုင်ရေးနှင့် သက်ဆိုင်ရာနိုင်ငံ၏ဥပဒေနှင့်အညီ ခံစားခွင့်ရရှိနိုင်ရေးအတွက် ပြည်ပတွင် အလုပ်လုပ်ကိုင်မှု ကြီးကြပ်ရေးကော်မတီကိုဖွဲ့စည်း၍ ဆောင်ရွက်လျက်ရှိသည်။ ပြည်ပနိုင်ငံများသို့ အလုပ်သမားများအား တရားဝင်စေလွှတ်နိုင်ရေးအတွက် အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေး ဝန်ကြီးဌာနတွင် မှတ်ပုံတင်ထားသော ပြည်ပအလုပ်အကိုင်လိုင်စင်ရ အေဂျင်စီ စုစုပေါင်း ၁၈၂ ခုကို ကြီးကြပ်ကွပ်ကဲ ဆောင်ရွက်ရန်အတွက် မြန်မာပြည်ပအလုပ်အကိုင် ဝန်ဆောင်မှုလုပ်ငန်းရှင်များ အဖွဲ့ချုပ်ကို ၂၀၁၃ ခုနှစ်တွင် ဖွဲ့စည်းပေးခဲ့ပြီးဖြစ်သည်။ အဆိုပါ အေဂျင်စီများ စာရင်းနှင့်ရွှေ့ပြောင်းအလုပ်သမားများဆိုင်ရာ သတင်းများကို www.mol.gov.mm တွင် ကြည့်ရှုနိုင်သည်။ ထို့ပြင်အလုပ်သမားများအား ကာကွယ်စောင့်ရှောက်ရန်နှင့် အလုပ်သမားအရေးများ ဆောင်ရွက်ပေးနိုင်ရန်အတွက် ကိုရီးယားသမ္မတနိုင်ငံ၊ ထိုင်းနိုင်ငံ၊ မလေးရှားနိုင်ငံတို့တွင် အလုပ်သမားသံအရာရှိ တစ်ဦးစီကို ခန့်အပ်ထားပြီးဖြစ်သည်။

ပြည်ပသို့သွားရောက်၍ အလုပ်လုပ်ကိုင်မည်ဆိုပါက အလုပ်ရှင်၊ အလုပ်သမား သဘောတူညီချက်စာချုပ် (Employment Contract) ချုပ်ဆိုရန်လိုအပ်သည်။ အဆိုပါ စာချုပ်တွင် စာချုပ်သက်တမ်း၊ လုပ်ခလစာ၊ အချိန်ပိုလစာ၊ လစာထုတ်ရက်၊ အလုပ်အမျိုးအစား၊ နေရာထိုင်ခင်း၊ ရေမီးစရိတ်၊ စားသောက်စရိတ်၊ ဆေးကုသခွင့်၊ ခရီးသွားလာခွင့်၊ ဝန်ဆောင်မှုကုန်ကျစရိတ်၊ ဝတ်စုံစရိတ်၊ အလုပ်သမားများမှ လိုက်နာစောင့်ထိန်းရမည့်အချက်များနှင့် အခြားအထွေထွေအချက်များပါဝင်သည်။ အလုပ်ရှင်နှင့် အလုပ်သမားများအနေဖြင့် စာချုပ်ပါ စည်းကမ်းချက်များအတိုင်း လိုက်နာဆောင်ရွက်ရမည်။ ထို့ပြင် အလုပ်သမားများသည် စာချုပ်သက်တမ်း ကုန်ဆုံးသည်အထိ အလုပ်လုပ်ရမည်ဖြစ်ပြီး စာချုပ်သက်တမ်း မကုန်ဆုံးမီ အလုပ်ဆက်မလုပ်ကိုင်ပါက စာချုပ်စည်းကမ်းများနှင့်အညီ အလုပ်ရှင်အား ပြန်လည်ပေးလျော်ရမည်ဖြစ်သည်။ စာချုပ်သက်တမ်းကုန်ဆုံးသွားပြီးနောက် အဆိုပါအလုပ်တွင် ဆက်လက်အလုပ်လုပ်ကိုင်လိုပါက စာချုပ်ထပ်မံချုပ်ဆိုရန် လိုအပ်သည်။

စာချုပ်သက်တမ်းကုန်ဆုံးသည်အထိ အလုပ်လုပ်ကိုင်ခဲ့သော အလုပ်သမားအတွက် အပြန်စရိတ်အားအလုပ်ရှင်မှ တာဝန်ယူရမည်ဖြစ်ကြောင်း၊ အလုပ်ရှင်၊ အလုပ်သမား သဘောတူညီချက်စာချုပ်တွင်ပါရှိသည်။

ထို့ကြောင့် ပြည်ပသို့သွားရောက်လုပ်ကိုင်မည့် အလုပ်သမားများအနေဖြင့် အလုပ်ရှင်၊ အလုပ်သမားသဘောတူညီချက်စာချုပ်ကို လက်မှတ်မရေးထိုးမီ သေချာစွာဖတ်ရှုပြီး မိမိသဘောတူကျေနပ်မှသာ လက်မှတ်ရေးထိုးရန်နှင့် အလုပ်သမား အခွင့်အရေးများ တရားဝင်ရရှိရန်အတွက် ပြည်ပတွင် သွားရောက် လုပ်ကိုင်လိုသော အလုပ်သမားများအနေဖြင့် လိုင်စင်ရအေဂျင်စီများနှင့်သာ ဆက်သွယ်ဆောင်ရွက်ရန်နှင့် ကြားပွဲစားများဖြင့် ဆောင်ရွက်ခြင်းလုံးဝမပြုမိရန် သတိပြုရမည်ဖြစ်သည်။

ထို့ပြင် အလုပ်သမားများအနေဖြင့် သတင်းအချက်အလက်များ သိရှိလိုလျှင်သော်လည်းကောင်း၊ အခက်အခဲတစ်စုံ ပေါ်ပေါက်လာလျှင်သော်လည်းကောင်း၊ အလုပ်သမားညွှန်ကြားရေး ဦးစီးဌာနလက်အောက်ရှိ ရွှေ့ပြောင်းလုပ်သားဌာနခွဲ Complaint Mechanism များနှင့် သက်ဆိုင်ရာနိုင်ငံရှိ အလုပ်သမားသံအရာရှိများ၏ ဖုန်းနံပါတ်များဖြင့် ဆက်သွယ်တိုင်ကြားနိုင်ကြောင်း၊ ရွှေ့ပြောင်းလုပ်သားဌာနခွဲ (နေပြည်တော်) ၀၆၇-၄၃၀၁၈၃၊ ၄၃၀၁၈၅၊ Complaint Mechanism(နေပြည်တော်) ၀၆၇-၄၃၀၁၈၄၊ ၄၃၀၂၈၄၊ Complaint Mechanism (ရန်ကုန်) ၀၁-၆၅၀၀၈၉၊ ၆၅၀၁၈၇၊ အလုပ်သမားသံအရာရှိ (ကိုရီးယားသမ္မတနိုင်ငံ) ဖုန်း-၀၀၅၂၀၀၃၇၉၉၄၆၉၀၊ အလုပ်သမားသံအရာရှိ (ထိုင်းနိုင်ငံ) ဖုန်း-၀၀၆၆၈၆၇၇၄၆၈၂၅၊ အလုပ်သမားသံအရာရှိ (မလေးရှားနိုင်ငံ) ဖုန်း-၀၀၆၀၁၀၂၅၉၇၇၅၀ တို့ဖြစ်ကြောင်း အလုပ်သမား၊ အလုပ်အကိုင်နှင့်လူမှုဖူလုံရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။

(သတင်းစဉ်)

လူကုန်ကူးမှုပပျောက်ရေး တို့တွေပါဝင်ကူညီပေး

ဆောင်းပါးနှင့်ပြည်တွင်းသတင်း

မသန်ပေမယ့်အစွမ်းပြကြမည့်(၇)ကြိမ်မြောက် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲဆီသို့

စိမ်းလန်းခြင်း၊ သန့်ရှင်းခြင်း၊ ချစ်ကြည်ခြင်းဟူသော ရည်ရွယ်ချက်များဖြင့် မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် ကျင်းပခဲ့သော (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကြီး အောင်မြင်မှုများနှင့် ကျင်းပပြီးစီးခဲ့လေပြီ။ မြန်မာ့အားကစားမောင်/မယ်များ၏ နိုင်ငံချစ်စိတ်နှင့် အမျိုးသားရေးစိတ်ဓာတ်ကိုရင်ဝယ်ပိုက်ပြီး ကြိုးစားယှဉ်ပြိုင်ခဲ့မှုများနှင့်အတူ မြန်မာ့မြေပေါ်တွင် ပြည်သူလူထု၏ တစ်ခဲနက်အားပေးမှုများဖြင့် ရွှေတံဆိပ် ၈၆ခု၊ ငွေတံဆိပ် ၆၂ ခုနှင့် ကြေးတံဆိပ် ၈၅ ခု စုစုပေါင်းဆုတံဆိပ် ၂၃၃ခု ရယူကာ နိုင်ငံအလိုက် ဒုတိယရယူပေးခဲ့ပြီး နိုင်ငံ့ဂုဏ်ကို မြှင့်တင်နိုင်ခဲ့ကြပေသည်။

ဆက်လက်၍ ၂၀၁၄ ခုနှစ် ဇန်နဝါရီ ၁၄ ရက်မှ ၂၀ ရက်အထိ မြန်မာနိုင်ငံတွင် ချစ်ကြည်ရင်းနှီးမှု၊ တန်းတူညီမျှမှု၊ စုစည်းညီညွတ်မှုတို့ဖြင့် ရည်ရွယ်ကျင်းပမည့် (၇)ကြိမ်မြောက် အာဆီယံမသန်စွမ်း အားကစားပြိုင်ပွဲကြီးကို အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပသွားမည်ဖြစ်သည်။ အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲကြီးသည် အရှေ့တောင်အာရှအားကစားပြိုင်ပွဲများ ကျင်းပပြီးနောက် နိုင်ငံတိုင်းဆက်လက်ကျင်းပသည့် အားကစားပြိုင်ပွဲပင်ဖြစ်သည်။ ထို့ကြောင့် မြန်မာနိုင်ငံတွင်လည်း ပထမဆုံးအကြိမ်အဖြစ် နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားပြိုင်ပွဲကွင်းကြီးတွင် ကျင်းပမည်ဖြစ်၍ မြန်မာနိုင်ငံရှိ မသန်စွမ်းအားကစားမောင်/မယ်များကလည်း မသန်ပေမယ့် အစွမ်းပြပြီး နိုင်ငံ့ဂုဏ်ကို မြှင့်တင်ပေးနိုင်မည့် အကောင်းဆုံးသောအခွင့်အရေးပင်ဖြစ်သည်။

အာဆီယံဒေသတွင်းရှိ မသန်စွမ်းအားကစားအဆင့်အတန်း မြင့်မားတိုးတက်စေရေး၊ ဒေသတွင်းချစ်ကြည်ရင်းနှီးမှုမြှင့်တင်နိုင်ရေးအတွက် အာဆီယံ မသန်စွမ်းအားကစားအဖွဲ့ချုပ် ASEAN Para Sports Federation (APSF)ကို ၂၀၀၁ ခုနှစ်တွင် စတင်ဖွဲ့စည်းခဲ့ပြီး အာဆီယံအဖွဲ့ဝင်နိုင်ငံဖြစ်သော မြန်မာနိုင်ငံအနေဖြင့်လည်း အဖွဲ့ဝင်နိုင်ငံအဖြစ်ပါဝင်ကာ နှစ်နှစ်တစ်ကြိမ်ကျင်းပမြဲဖြစ်သော မသန်စွမ်းအားကစားပြိုင်ပွဲတိုင်း ပါဝင်ဆင်နွှဲခဲ့ပါသည်။ ပါဝင်ယှဉ်ပြိုင်သော အားကစားသမားဦးရေ အနည်းငယ်သာဖြစ်သော်လည်း ပြိုင်ပွဲဝင်သော အားကစားအမျိုးအစားတိုင်း ဆုတံဆိပ်များ ဆွတ်ခူးပေးနိုင်ခဲ့သောကြောင့် မြန်မာ့မသန်စွမ်းအားကစားသမားများ၏ အရည်အချင်းကို အောက်ပါဆုရရှိမှုများက သက်သေပြနေပါသည်-

(က) ၂၀၀၁ ခုနှစ်တွင် မလေးရှားနိုင်ငံ၌ကျင်းပသော ပထမအကြိမ် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲတွင် ယှဉ်ပြိုင်သူ ၃၀ရှိပြီး ရွှေ ၄၁ ခု အပါအဝင် ဆုတံဆိပ်စုစုပေါင်း ၇၅ ခု။

(ခ) ၂၀၀၃ ခုနှစ်တွင် ဗီယက်နမ်နိုင်ငံ၌ကျင်းပသော ဒုတိယအကြိမ် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲတွင် ယှဉ်ပြိုင်သူ ၂၆ ဦးရှိပြီး ရွှေ ၂၄ ခုအပါအဝင် ဆုတံဆိပ်စုစုပေါင်း ၄၇ ခု။

၂(ဂ) ၂၀၀၅ ခုနှစ်တွင် ဖိလစ်ပိုင်နိုင်ငံ၌ ကျင်းပသော တတိယအကြိမ် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲတွင် ယှဉ်ပြိုင်သူ ၂၂ ဦးရှိပြီး ရွှေ ၂၉ ခုအပါအဝင် ဆုတံဆိပ်စုစုပေါင်း ၄၆ ခု။

(ဃ) ၂၀၀၈ ခုနှစ်တွင် ထိုင်းနိုင်ငံ၌ ကျင်းပသော စတုတ္ထအကြိမ် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲတွင် ယှဉ်ပြိုင်သူ ၂၅ ဦးရှိပြီး ရွှေ ၁၄ ခုအပါအဝင် ဆုတံဆိပ်စုစုပေါင်း ၅၁ ခု။

(င) ၂၀၀၉ ခုနှစ်တွင် မလေးရှားနိုင်ငံ၌ ကျင်းပသော ပဉ္စမအကြိမ် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲတွင် ယှဉ်ပြိုင်သူ ၂၅ ဦးရှိပြီး ရွှေ ၁၄ခု အပါအဝင် ဆုတံဆိပ်စုစုပေါင်း ၄၀။

(စ) ၂၀၁၁ ခုနှစ်တွင် အင်ဒိုနီးရှားနိုင်ငံ၌ ကျင်းပသော ဆဋ္ဌမအကြိမ် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲတွင် ယှဉ်ပြိုင်သူ ၃၆ဦးရှိပြီး ရွှေ ၁၁ခု အပါအဝင် ဆုတံဆိပ်စုစုပေါင်း ၃၄ ခုရရှိအောင် စွမ်းဆောင်နိုင်ခဲ့ကြသည်။

နှင်းချယ်ရီလွင်

၂၀၁၁ ခုနှစ်တွင် ကျင်းပသည့် (၆)ကြိမ်မြောက်အာဆီယံမသန်စွမ်း အားကစားပြိုင်ပွဲတွင် အင်ဒိုနီးရှား နိုင်ငံ၊ ဗီယက်နမ်နိုင်ငံနှင့် မလေးရှား နိုင်ငံတို့မှာ ယှဉ်ပြိုင်သူ အားကစား သမား ၁၀၀ ကျော်၊ ၂၀၀ ကျော်ပြိုင်ပွဲဝင်ကြပြီး အားကစားနည်း ၁၁ မျိုးလုံး ပြိုင်ပွဲဝင်ကြပြီး မြန်မာနိုင်ငံမှ အားကစားနည်းခြောက်မျိုးသာ ပါဝင်ယှဉ်ပြိုင်ခဲ့ပြီး ၃၆ဦးသာ ပါဝင်ယှဉ်ပြိုင်နိုင်ခဲ့သော်လည်း ရွှေ ၁၁ ခု၊ ငွေကိုးခု၊ ကြေး ၁၄ ခု ဆုတံဆိပ်စုစုပေါင်း ၃၄ခု ရရှိအောင် စွမ်းဆောင်နိုင်ခဲ့ပြီး နိုင်ငံအလိုက် အဆင့်(၆)ရရှိခဲ့သည်။ မြန်မာနိုင်ငံမှ အားကစားသမားအင်အားများများနှင့် အားကစားနည်းအားလုံးကိုသာ ယှဉ်ပြိုင်နိုင်ခဲ့ပါလျှင် ယခုထက်ပို၍ အောင်မြင်မှုများရပြီး နိုင်ငံအလိုက် အဆင့်မှာလည်း ထိပ်ဆုံးသို့တက်လာနိုင်ကြောင်း သုံးသပ်လေ့လာသိရှိနိုင်ပါသည်။ မြန်မာ့မသန်စွမ်းအားကစားသမားများမှာ အခြားအာဆီယံနိုင်ငံအားကစားသမားများထက် မလျော့သောအရည်အချင်းများရှိကြပါသည်။ သို့သော် အခြေအနေအကြောင်းမျိုးမျိုးကြောင့် ပြည်ပအခြားနိုင်ငံများသို့ သွားရောက်ယှဉ်ပြိုင်ရာတွင် အားကစားသမားဦးရေနည်းရခြင်း ဖြစ်ပေသည်။

ယခုကျင်းပမည့်(၇)ကြိမ်မြောက် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲကို မြန်မာ့မြေပေါ်တွင် ကျင်းပမည်ဖြစ်ရာ နည်းပြအပါအဝင် အားကစားသမားအရေအတွက် ၂၆၉ဦးဖြင့် အားကစားနည်း ၁၂ မျိုး ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ရာ မြန်မာ့ဂုဏ်ကိုဆောင်ကာ အစွမ်းပြနိုင်မည့် အခွင့်အရေးကောင်းတစ်ခု ရရှိလာပြီဖြစ်ပေသည်။ အမိမြေပေါ်တွင် မိဘပြည်သူများ၏ တစ်ခဲနက်ထောက်ခံအားပေးမှုဖြင့် ယှဉ်ပြိုင်ရမည်ဖြစ်ရာ မသန်စွမ်းအားကစားသမားများကလည်း မသန်ပေမယ့် စွမ်းကြတဲ့ အစွမ်းများကိုပြကာ ဇွဲ၊ လုံ့လ၊ ဝီရိယရှိရှိဖြင့် ရေကုန်ရေခန်းကြိုးစားအနိုင်ယူကာ နိုင်ငံတော်၏ဂုဏ်ကိုမြှင့်တင်နိုင်မည်ဟု ယုံကြည်မိပါသည်။

> **နိုင်ငံတော်အကြီးအကဲများ၏ အားပေးကူညီလမ်းညွှန်ပံ့ပိုးမှု၊ ပြိုင်ပွဲဖြစ်မြောက်ရေး ကော်မတီအသီးသီး၏ ကြိုးပမ်းဆောင်ရွက်မှု၊ အလှူရှင်များ၏ အားပေးလှူဒါန်းကူညီထောက်ပံ့မှု၊ မသန်စွမ်းအားကစားအဖွဲ့ချုပ်၊ နည်းပြများ၊ အားကစားသမားများ၏နိုင်ငံ့ဂုဏ်ဆောင်လိုစိတ်ဖြင့် မနားမနေကြိုးစား အားထုတ်မှုများကြောင့် (၇)ကြိမ်မြောက် အာဆီယံမသန်စွမ်း အားကစားပြိုင်ပွဲကြီး အောင်မြင်မှုများနှင့်အတူ နိုင်ငံတကာအလယ်ဝင့်ထည်နိုင်မည်မှာ အမှန်ပင်ဖြစ်ပါသည်။**

မသန်စွမ်းအားကစားသမားများ၏ အားမငယ် ဖွဲမလျှော့ဘဲ ကိုယ်စွမ်းရှိသလောက် ဆုတံဆိပ်တွေ မျှော်မှန်းပြီး နိုင်ငံ့ဂုဏ်ဆောင်မယ်ဆိုတဲ့ စိတ်တွေနဲ့ အားကြိုးမာန်တက် စခန်းသွင်းကြိုးစားလေ့ကျင့်နေကြတဲ့ သတင်းတွေကိုလည်း ဖတ်ရှု၊ ကြည့်မြင်ကြားသိနေရတဲ့အတွက် မသန်စွမ်းအားကစားသမားများ တာဝန်ကျေအောင် ကြိုးစားနေသလို မြန်မာပြည်သူပြည်သား မိဘပြည်သူများကလည်း (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကြီးကို အားပေးသလို အားပေးမှုတာဝန်ကျေခဲ့ပါလျှင် အောင်မြင်မှုများ ပိုမိုရရှိမှာ ဧကန်မလွဲပင်ဖြစ်ပါသည်။ မသန်စွမ်းအားကစားသမားလေးများကလည်း မိဘပြည်သူများ၏အားပေးမှုကို မျှော်လင့်နေမှာ အမှန်ပင် ဖြစ်ပါသည်။

နိုင်ငံတော်အကြီးအကဲများ၏ အားပေးကူညီလမ်းညွှန်ပံ့ပိုးမှု၊ ပြိုင်ပွဲဖြစ်မြောက်ရေး ကော်မတီအသီးသီး၏ ကြိုးပမ်းဆောင်ရွက်မှု၊ အလှူရှင်များ၏ အားပေးလှူဒါန်းကူညီထောက်ပံ့မှု၊ မသန်စွမ်းအားကစားအဖွဲ့ချုပ်၊ နည်းပြများ၊ အားကစားသမားများ၏ နိုင်ငံ့ဂုဏ်ဆောင်လိုစိတ်ဖြင့် မနားမနေကြိုးစား အားထုတ်မှုများကြောင့် (၇)ကြိမ်မြောက် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲကြီး အောင်မြင်မှုများနှင့်အတူ နိုင်ငံတကာအလယ်ဝင့်ထည်နိုင်မည်မှာ အမှန်ပင် ဖြစ်ပါသည်။

အလှူရှင်များ၏ အားပေးကူညီလှူဒါန်းမှုများကလည်း မသန်စွမ်းအားကစားသမားများ၏ လိုအပ်ချက်များ၊ စိတ်ဓာတ်ခွန်အားများဖြည့်ဆည်းပေးရာရောက်သောကြောင့်၊ အလွန်မွန်မြတ်တန်ဖိုးရှိသော အလှူဖြစ်သောကြောင့် မသန်စွမ်းအားကစားသမားများ ကိုယ်စားအလှူရှင်များကို ကျေးဇူးတင်စွာဖြင့် ဝမ်းမြောက်မိပါသည်။ ပြည့်သောအိုးကို ရေထပ်ဖြည့်ပါက ရေများလျှံကျ၍ မပြည့်သောအိုးကို ရေထပ်ဖြည့်ပါက အသုံးဝင်အကျိုးရှိမည်ဖြစ်၍ မပြည့်သေးသော အိုးကလေးများဖြစ်သည့် မသန်စွမ်းအားကစားသမားများ၏ လိုအပ်ချက်များကို မိဘပြည်သူ၊ အလှူရှင်များမှ ဖြည့်ဆည်းပေးနိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းမိပါသည်။

၂၀၁၄ ခုနှစ် ဇန်နဝါရီ ၁၄ ရက်မှ ၂၀ ရက်အထိ မြန်မာနိုင်ငံတွင် အိမ်ရှင်အဖြစ် ပထမဆုံးအကြိမ်ကျင်းပမည့် (၇)ကြိမ်မြောက် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲကြီး အောင်မြင်စွာကျင်းပနိုင်ရေး၊ မသန်စွမ်းအားကစားမောင်မယ်များကလည်း နိုင်ငံ့ဂုဏ်ဆောင်နိုင်ရန် နိုင်ငံချစ်စိတ်၊ အမျိုးသားရေးစိတ်ဓာတ်၊ လျှော့ခက်ချည်းကျန်အလံမလှဲသည့် စိတ်ဓာတ်တို့ဖြင့် အစွမ်းကုန်ကြိုးစား ယှဉ်ပြိုင်အနိုင်ယူနိုင်ကြစေရန်နှင့် မိဘပြည်သူတစ်ရပ်လုံးကလည်း မိမိတို့၏ မသန်ပေမယ့်အစွမ်းပြကြမည့် မသန်စွမ်းအားကစားမောင်မယ်လေးများကို မေတ္တာကရုဏာရှေ့ထားပြီး တစ်ခဲနက်အားပေးခြင်းဖြင့် ဝိုင်းဝန်းကူညီကြပါစို့ဟု အသိပေးတိုက်တွန်းရေးသားလိုက်ရပါသည်။

မှတ်ပုံတင်နေ့ချင်းပြီး ဆောင်ရွက်ပေး

နေပြည်တော် ဇန်နဝါရီ ၉

နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ် ဇီးဖြူအုပ်စု ဇီးဖြူပင်ကျေးရွာ ရေဘေးသင့်ပြည်သူများကို နေ့ချင်းပြီးမှတ်ပုံတင်ပြုလုပ်ပေးပွဲကို ဇန်နဝါရီ ၂ ရက် နံနက် ၁၀ နာရီက အဆိုပါကျေးရွာ၌ကျင်းပသည်။ **(အပေါ်ပုံ)**

မှတ်ပုံတင်နေ့ချင်းပြီးပြုလုပ်ပွဲသို့ ပျဉ်းမနားမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ဦးစီးမှူးဦးအောင်နိုင်ဦးနှင့်အတူ ရုံးဝန်ထမ်းများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် လူမှုရေးအထောက်အကူပြုအဖွဲ့များမှ ပါဝင်ပူးပေါင်း၍ ဇီးဖြူပင်အုပ်စုကျေးရွာနေပြည်သူ ၂၁၈ ဦးအား နေ့ချင်းပြီးမှတ်ပုံတင်ပြုလုပ်ပေးခဲ့ကြောင်း သိရသည်။ **ကိုကြီးကျော်(ပျဉ်းမနား)**

● *ကျော်ဖုံးမှ*

၂၀၁၃ ခုနှစ်တွင် ဇန်နဝါရီတွင် ၅၀၂၂၂၊ ဖေဖော်ဝါရီတွင် ၅၁၈၅၇၊ မတ်တွင် ၄၆၁၁၉၊ ဧပြီတွင် ၂၄၀၂၆၊ မေတွင်၂၄၄၂၇၊ ဇွန်တွင် ၂၂၄၄၄၊ ဇူလိုင်တွင် ၂၄၄၆၂၊ ဩဂုတ်တွင် ၂၆၂၉၄၊ စက်တင်ဘာတွင် ၂၁၂၉၄၊ အောက်တိုဘာတွင် ၃၁၀၉၃၊ နိုဝင်ဘာတွင် ၄၆၉၅၀၊ ဒီဇင်ဘာတွင် ၄၄၈၁၉ ဦးတို့ တက်ရောက်ခဲ့ပြီး စုစုပေါင်း ၄၁၄၀၀၇ ဦး တက်ရောက်ခဲ့သည်။

၂၀၁၃ ခုနှစ်တွင် နိုင်ငံခြားဧည့်သည်ဝင်ရောက်မှုတွင် ထိုင်းနိုင်ငံမှ အများဆုံးရှိခဲ့ပြီး ၈၄၈၈၁ ဦးဖြစ်သည်။ ဒုတိယအများဆုံးမှာ ကိုရီးယားနိုင်ငံမှဖြစ်ပြီး ၃၇၀၇၉ ဦး၊ တတိယအများဆုံးမှာ တရုတ်နိုင်ငံမှဖြစ်ပြီး ၃၃၁၂၆ ဦး၊ စတုတ္ထအများဆုံးမှာ ဂျပန်နိုင်ငံကဖြစ်ပြီး ၂၅၁၉၃ ဦးရှိခဲ့သည်ကိုတွေ့ရသည်။

ယခုအခါ ရွှေတိဂုံစေတီတော်မုခ်လေးမုခ်မှ အရှေ့ဘက်မုခ်တွင်CBဘဏ်၊ အနောက်ဘက်မုခ်တွင် ရွှေတက်ရီ (ကုမ္ပဏီ)မဖွင့်သေး၊ မြောက်ဘက်မုခ်တွင် ဧရာဝတီဘဏ်၊ တောင်ဘက်မုခ်တွင် ကမ္ဘောဇဘဏ်တို့မှ နိုင်ငံခြားငွေလဲကောင်တာများ ထားရှိပေးသည့်အတွက် နိုင်ငံခြားသားဧည့်သည်များအဖို့ ပိုမိုအဆင်ပြေလျက်ရှိကြောင်း သိရသည်။

အရှေ့ဘက်မုခ် CB ဘဏ်ငွေလဲကောင်တာသို့ ဝင်ရောက်စနည်းနာကြည့်ရာတွင် စာရေးလေးက ငွေလဲသည့် နိုင်ငံခြားဧည့်သည်များ နေ့စဉ်ရှိကြောင်း၊ ဘဏ်အနေဖြင့် USD၊ အီးယူ၊ စင်ကာပူငွေများကို လက်ခံလဲပေးကြောင်း၊ နေ့စဉ်ပျမ်းမျှအားဖြင့် USD နဲ့တွက်ပါက ဒေါ်လာ ၁၀၀၀ ကျော်ကျော် ပုံမှန်အလဲအလှယ်ရှိကြောင်း ပြောပြသည်။

ထို့အပြင် ၎င်းဘဏ်များက မုခ်ဝထိပ်၌ ပြည်တွင်းဘုရားဖူးဧည့်သည်များအလွယ်တကူ ထုတ်ယူနိုင်ရန်အတွက် မြန်မာကျပ်ငွေထုတ်၍ရသော ATM အလိုအလျောက်ငွေထုတ်စက်များကိုပါ ထားရှိပေးသည်ကို တွေ့ရသည်။

နယ်မြေလူထုပူးပေါင်းပါဝင်သော ရဲလုပ်ငန်းစနစ် ဖော်ဆောင်ရန်ဆွေးနွေး

ရန်ကုန် ဇန်နဝါရီ ၉

ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ် ရဲတပ်ဖွဲ့သို့ ဇန်နဝါရီ ၇ ရက် နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီထိ EU Myanmar Task Force အဖွဲ့မှ Mr. Andy နှင့် Ms. Frances တို့ ဦးဆောင်သော အဖွဲ့ ရောက်ရှိခဲ့ကြောင်းသိရပြီး မြို့နယ်ရဲတပ်ဖွဲ့မှူး၊ စခန်းမှူးတို့နှင့်တွေ့ဆုံကာ နယ်မြေလူထုပူးပေါင်းပါဝင်သောရဲလုပ်ငန်းစနစ် (Community Policing) ကို အကောင်အထည်ဖော်ရန်အတွက် ရဲစခန်းရှိတပ်ဖွဲ့ဝင်များ နေ့စဉ်တာဝန်ဆောင်ရွက်နေမှု၊ တာဝန်ခွဲဝေမှုနှင့် ပတ်သက်၍ သိရှိလိုသည်များကို မေးမြန်းခဲ့ရာ မြို့နယ်ရဲတပ်ဖွဲ့မှူးနှင့် စခန်းမှူးတို့က ရှင်းလင်းချပြဆွေးနွေးခဲ့ကြသည်။

ဆက်လက်၍ ၎င်းအဖွဲ့တွင် ပါရှိလာသည့် ဘွဲ့ရမြန်မာလူငယ် ၁၀ဦးမှ မင်္ဂလာတောင်ညွန့်မြို့နယ်အတွင်းရှိ သာယာကုန်းရပ်ကွက်၊ ရေတွင်းကုန်းရပ်ကွက်၊ သပြေကုန်းရပ်ကွက်၊ လွတ်လပ်ရေးရပ်ကွက်၊ ဖို့မြေရပ်ကွက်များသို့ သွားရောက်ကာ ရပ်ကွက်နေပြည်သူများအနေဖြင့် ရဲတပ်ဖွဲ့ဝင်များနှင့် ဆက်ဆံရမှုအပေါ် ခံစားချက်များကို မေးမြန်းထားသည့် ကနဦးမေးခွန်းများပါရှိသော စာရွက်များတွင် ရပ်ကွက်နေပြည်သူများကို ဖြည့်သွင်းစေကာ မှတ်တမ်းရယူခဲ့ကြောင်း သိရသည်။

(စိုးဝင်း-SP)

ပြည်သူများနိုင်ငံကူးလက်မှတ်ပြုလုပ်ပေးရာတွင် လျင်မြန်လွယ်ကူစေရေး ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ကွင်းဆင်းစစ်ဆေး

မုံရွာ ဇန်နဝါရီ ၉

စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ပြည်သူများ ပြည်ပနိုင်ငံများသို့ တရားဝင်အလွယ်တကူ သွားရောက်စေနိုင်ရန် နိုင်ငံကူးလက်မှတ်များ လျှောက်ထားရာတွင် အခက်အခဲမရှိစေရေးနှင့် ပိုမိုလျင်မြန်သွက်လက်စေရေးအတွက် ဇန်နဝါရီ ၆ ရက်က မြန်မာနိုင်ငံ နိုင်ငံကူးလက်မှတ်ထုတ်ပေးရေးအဖွဲ့ဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဇံမြင့်က စစ်ကိုင်းတိုင်းဒေသကြီး နိုင်ငံကူးလက်မှတ်ထုတ်ပေးရုံး (မုံရွာရုံးခွဲ)သို့ ကွင်းဆင်းစစ်ဆေးသည်။ **(အပေါ်ပုံ)**

မုံရွာမြို့ ရုံးကြီးရပ်ကွက်ရှိ နိုင်ငံကူးလက်မှတ် ထုတ်ပေးရေးရုံး (မုံရွာရုံးခွဲ)သို့ နိုင်ငံကူးလက်မှတ်လာရောက်လျှောက်ထားသူအများစုမှာ ပြည်ပအလုပ်အကိုင် သွားရောက်လုပ်ကိုင်ရန် လျှောက်ထားလာသည့် လူဦးရေထက် အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသရှိ ဗုဒ္ဓဘုရားပွင့်တော်မူရာ ဗုဒ္ဓဂယာသို့ ဘုရားဖူးသွားရောက်ရန် လျှောက်ထားလာသည့် လူဦးရေက ပိုမိုများပြားလျက်ရှိကြောင်း တိုင်းဒေသကြီး သတင်းတပ်ဖွဲ့မှူး ရဲမှူးဝင်းမြင့်က ပြောပြသည်။

ပြည်ပနိုင်ငံများသို့ သွားရောက်လိုသည့် ပြည်သူများအား အလွယ်တကူ တရားဝင်သွားရောက်စေနိုင်ရန်နှင့် နိုင်ငံကူးလက်မှတ်များလျှောက်ထားရာတွင် ပိုမိုလျင်မြန်သွက်လက်စေရေးတို့အတွက် နိုင်ငံကူးလက်မှတ်ထုတ်ပေးရေး ပတ်စ်ပို့ရုံးခွဲများကို တိုင်းဒေသကြီးနှင့် ပြည်နယ်မြို့ကြီးများတွင် ဇန်နဝါရီ ၂ ရက်မှစတင်၍ ဖွင့်လှစ်ပေးခဲ့ခြင်းဖြစ်ကြောင်း ဒုတိယဝန်ကြီးက ပြောကြားသည်။ ပြည်ပနိုင်ငံများသို့ သွားရောက်လိုသူများအတွက် အဆိုပါ နိုင်ငံကူးလက်မှတ်ထုတ်ပေးရေးရုံး၌ နိုင်ငံကူးလက်မှတ်လျှောက်ထားရာတွင် အမှန်တကယ်ကုန်ကျမည့် ဝန်ဆောင်စရိတ်မှာ မြန်မာ့စီးပွားရေးဘဏ်သို့ ပေးသွင်းရမည့် (မနလ) စာအုပ်ဖိုး ငွေကျပ် ၁၉၀၀၀၊ အွန်လိုင်းဝန်ဆောင်ခ ငွေကျပ် ၁၀၀၀၊ ဓာတ်ပုံဖိုး ငွေကျပ် ၂၀၀၀၊ဆေးဖိုး၊ မှင်ဖိုး၊ ပြပြင်ထိန်းသိမ်းခ ငွေကျပ် ၁၀၀၀၊ လျှောက်လွှာပုံစံဖိုး ငွေကျပ်၂၀၀၊ စက်ပစ္စည်းနှင့် ဝန်ဆောင်ခငွေကျပ်၁၈၀၀၊ နိုင်ငံကူးလက်မှတ်တစ်စောင်လျှင် စုစုပေါင်း ကုန်ကျစရိတ်မှာ ငွေကျပ် ၂၅၀၀၀ သာလျှင်ကုန်ကျမည်ဖြစ်ပြီးလျှောက်ထားကြာမြင့်ချိန် မှာ ရက်သတ္တနှစ်ပတ်ခန့်ကြာမြင့်မည် ဖြစ်ကြောင်း အဆိုပါရုံးမှ သိရသည်။ **ဇေယျာမောင်**

အဆောက်အအုံများကို စံချိန်စံညွှန်းနှင့်အညီ ဆောက်လုပ်ရန် အသိပေး

နိုင်ငံတော်အစိုးရသည် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်ကြီးအား တည်ဆောက်ရာတွင် ကျေးလက်နှင့်မြို့ပြဒေသများ တစ်ပြိုင်တည်း ဖွံ့ဖြိုးတိုးတက်စေရန်အတွက် နှစ်တိုနှစ်ရှည်စီမံကိန်းများ ချမှတ်အကောင်အထည်ဖော်လျက် ရှိပေသည်။ ထိုသို့စီမံကိန်းများဆောင်ရွက်ရာတွင် ပုဂ္ဂလိကစီးပွားရေးအခန်းကဏ္ဍများဖွံ့ဖြိုးရေးအတွက် အချို့သော တည်ဆောက်ရေး လုပ်ငန်းများအား ပုဂ္ဂလိကလုပ်ငန်းရှင်များထံ ကန်ထရိုက်စနစ်၊ တင်ဒါစနစ်၊ BOT စနစ်များဖြင့် လုပ်ငန်းများအပ်နှံဆောင်ရွက်လျက်ရှိသည်။

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်ခရိုင် ၂၀၁၁ ခုနှစ်က မြေလျှင်ဒဏ်သင့်ခဲ့သော တာလေဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဘက်စုံစီမံကိန်းများဆောင်ရွက်ရာတွင် ဒေသတွင်းနေတိုင်းရင်းသားပြည်သူများ အသိပညာ ပွင့်လင်းတိုးတက်စေရန်နှင့် သတင်းအချက်အလက်များ လျင်မြန်တိကျစွာ ရရှိနိုင်ရေးရည်ရွယ်ချက်ဖြင့် ရုပ်မြင်သံကြားထပ်ဆင့်လွှင့် စက်ရုံ တည်ဆောက်ရေးသည်လည်း လုပ်ငန်းကဏ္ဍတစ်ရပ်ဖြစ်ပါဝင်သည်။

သို့အတွက် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် နိုင်ငံတော်ခွင့်ပြုဘဏ္ဍာငွေဖြင့် အလျားပေ ၃၀၊ အနံ ၂၀ ပေ၊ အမြင့် ၁၂ ပေရှိ လွှင့်စက်ခန်းအဆောက်အအုံတစ်ခု၊ အလျားပေ ၄၀၊ အနံ ပေ ၃၀၊ အမြင့် ၁၀ပေရှိ ဝန်ထမ်းအိမ်ရာတစ်ခု၊ အလျားပေ ၁၀၊ အနံ ၁၀ ပေ၊ အမြင့် ၁၁ ပေရှိ မီးစက်ခန်းတစ်ခု အပါအဝင် အဆောက်အအုံ သုံးခုကို တာလေမြို့ အမှတ်(၃) ရပ်ကွက်တွင် တည်ဆောက်ရန် လုပ်ငန်းအပ်နှံဆောင်ရွက်ခဲ့သည်။

အဆိုပါ တည်ဆောက်ရေးလုပ်ငန်းရပ်များကို ရှမ်းပြည်နယ် အစိုးရအဖွဲ့ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး အောင်သူနှင့်အဖွဲ့သည် ဇန်နဝါရီ ၇ ရက်က ကွင်းဆင်းစစ်ဆေး ကြည့်ရှုရာတွင် သတ်မှတ် စံချိန်စံညွှန်းနှင့် ပြည့်မီအောင်တည်ဆောက်ရန်၊ အရည်အသွေးပြည့်ဝသည့် ဆောက်လုပ်ရေးပစ္စည်းများအားသုံးစွဲရန်၊ ကျွမ်းကျင်အင်ဂျင်နီယာများကိုယ်တိုင် ကြီးကြပ်ဆောင်ရွက်ရန်တို့ကို သက်ဆိုင်ရာ ကုမ္ပဏီ တာဝန်ရှိသူကို သတိပေး ပြောကြားခဲ့ကြောင်း သိရှိရသည်။

မောင်ယဉ်ကျေး

လမ်းနှင့်ပလက်ဖောင်းပေါ်တွင် ထားရှိသည့်ပစ္စည်းများကို အမှိုက်အဖြစ်သိမ်းဆည်းမည်

ရန်ကုန် ဇန်နဝါရီ ၉

လမ်းမတော်မြို့နယ် ၁၁ လမ်း-၁၂ လမ်းထိပ် အနော်ရထာလမ်းဘေး လူသွားပလက်ဖောင်းပေါ်ရှိ ဈေးဆိုင်ခုံများတွင် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာနက ကြေညာချက်များ ကပ်ထားသည်။

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီလမ်းနှင့် တံတားဆိုင်ရာ နည်းဥပဒေပုဒ်မ ၄၄ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာနဆိုင်ရာ နည်းဥပဒေပုဒ်မ ၁၈ နှင့် ၅၁ တို့အရ လမ်းနှင့် ပလက်ဖောင်းပေါ်တွင် ထားရှိခြင်းဖြစ်၍ အမှိုက်ဖြစ်ပါသည်။ ဇန်နဝါရီ ၁၀ ရက်မှ စ၍ အမှိုက်အဖြစ် သိမ်းဆည်းပြီး နောက်ဆုံး စွန့်ပစ်အမှိုက်ပုံများသို့ စွန့်ပစ်ဖျက်ဆီးမည်ဟု ပါရှိကြောင်း သိရသည်။

ဒီဇင်ဘာ ၃၀ ရက် နံနက်ပိုင်းက လမ်းမတော်မြို့နယ်အတွင်း လမ်းသွယ်အချို့တွင် နေရာဦးပစ္စည်းများ၊ ဈေးဆိုင်ခုံများကို သက်ဆိုင်ရာမှ သိမ်းဆည်းခဲ့ပြီး ဈေးဆိုင်ခုံစသည့် ပြန်လည်ရယူလိုသည့် ပစ္စည်းများ တရားစွဲဆိုပြီး စည်ပင်တရားရုံးမှ ဒဏ်ရိုက်၍ ပစ္စည်းပြန်လည်ထုတ်ပေးခဲ့ကြောင်း၊ ယင်းပစ္စည်းများ မူလနေရာမှာပင် ပြန်လည်ထားရှိ၍ ယခုကဲ့သို့ ထပ်မံကြေညာခြင်းဖြစ်နိုင်သည်ဟု ရပ်ကွက်နေလူများက ဆိုသည်။

လမ်းဘေးတွင် ထားရှိသော ပစ္စည်းများကို စွန့်ပစ်ပစ္စည်းအဖြစ် သတ်မှတ် သိမ်းဆည်းမည်ဆိုသော စာတန်းအနီများသိမ်ကြီးဈေးစီရုံ၊ ဘီရုံတို့တွင် ဒီဇင်ဘာလအတွင်း ချိတ်ဆွဲအသိပေးခဲ့ပြီး နိုင်ငံပိုင်သတင်းစာများတွင် ဖတ်ရှုခဲ့ရကြောင်း၊ ယခုအခါ သက်ဆိုင်ရာမှယာဉ်များရပ်ရန် နေရာကို ဖော်ထုတ်တည်ဆောက်ပေးနေကြောင်း၊ လူအများသွားလာ ရာလမ်းများကို လွယ်လင့်တကူ သွားလာနိုင်ရန်လည်း လုပ်ဆောင်ခြင်းဖြစ်ကြောင်း၊ သို့သော် ရန်ကုန်မြို့တွင်းမှာပင် လမ်းဘေးနှင့်လူသွားလမ်းများပေါ် ဈေးတည်ခင်းရောင်းချခြင်း၊ ယာဉ်များ စည်းကမ်းမဲ့ရပ်နားခြင်းများ မြင်တွေ့ရဆဲရှိသည်ဟု မြို့တွင်းသွားလာနေသူများက ဆိုသည်။ **ခင်ဆိုင်**

The Asahi Shimbun,Japanese newspaper, is seeking;

an admin and reporter(Female);Fluency in English essential;age not more than 35.Please send resume to asahiyangon@gmail. com

တစ်ဦးတည်းဖြစ်ကြောင်း

ကရင်ပြည်နယ်၊ဘားအံမြို့နယ်၊အမှတ်(၇) ရပ်ကွက်နေ နန်းမွေးသဇင်ဆန်း ၃/ဘအန(နိုင်)၂၇၅၇၆၉၏ဖခင် ဦးတင်နီထွန်း(ခ) ဦးဖိုးညို ၃/ဘအန(နိုင်)၂၂၁၂၄၄ သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

ဦးတင်နီထွန်း(ခ)ဦးဖိုးညို

အမည်ပြောင်း

ဦးစိုးဝင်း၏သား အထက(၂) သဃ်န်းကျွန်း၊ ပဉ္စမတန်း(B)မှ မောင်ရဲထက်ပိုင်အား ယနေ့မှစ၍ မောင်ဝေယံမင်းဟု ပြောင်းလဲခေါ်ပါရန်။

မောင်ဝေယံမင်း

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၉ဃ/၇၄၃၈၊ Nissan AD VAN 12,S/W ယာဉ်လက်ဝယ်ရှိသူ ဦးမြင့်ထွန်းလှိုင် ၁၂/မဂတ(နိုင်)၀၈၂၅၇၆က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)၊ ရန်ကုန်မြို့

မင်္ဂလာဆောင်ခံပွဲ ဖျက်သိမ်းခြင်း

၁၁-၁-၂၀၁၄ရက်တွင် ပြုလုပ်ကျင်းပမည့် ဦးညဏ်လင်းထွန်း ရသေ့တောင်မြို့နှင့် ဒေါက်တာမြမိုးခိုင်[B.D.S(ygn)]တို့၏ မင်္ဂလာဆောင်ခံပွဲကို သဘောထားမတိုက်ဆိုင်ပါသဖြင့် ဖျက်သိမ်းကြောင်း ကြေညာအပ်ပါသည်။

ဒေါက်တာမြမိုးခိုင်(ခ)ဒေါ်ပညာဝတီ

ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံမြို့သစ်၊ ၁၂ ရပ်ကွက်၊ ပုဂံလမ်း၊ အမှတ်(၇၈၉)၊ မြေအကျယ်အဝန်းပေ(၄၀×၆၀)ရှိ ဒေါ်ယဉ်လဲ့ဝင်း ၁၂/တမန(နိုင်) ၀၅၄၃၀၇ အမည်ပေါက် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန မြေငှားဂရန်စာချုပ်ပါမြေအား ပိုင်ဆိုင်မှုစာချုပ်အဆင့်ဆင့်ဖြင့် ဒေါ်မာမာဦး ၁၂/ဗဟန(နိုင်)၀၅၆၁၂၆က ဝယ်ယူထားပြီးဖြစ်ပါသည်။ ဂရန်အမည်ပေါက် ဒေါ်ယဉ်လဲ့ဝင်းထံမှ ကိုယ်စားလှယ်လွှဲစာရယူလိုပါသဖြင့် ၎င်းမြေကွက်နှင့်ပတ်သက်၍ အကျိုးခံစားခွင့်ရှိသူ မည်သူမဆို ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ချက်အရ-
ဦးသက်အောင်ထူး
အထက်တန်းရှေ့နေ(စဥ်-၂၄၃၇၉)
အမှတ်(၆)၊ သမာဓိလမ်း၊ တရားရုံးအနီး၊
မြောက်ဥက္ကလာပမြို့နယ်

ကန့်ကွက်နိုင်ပါကြောင်း

အလုံမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်-၂၃ H၊ မြေကွက်အမှတ် V၉၂၊ မြေကွက်တည်နေရာအမှတ်-၇၃၊ နံ့သာလမ်း၊ ဌာနာရပ်ကွက်၊ အလုံမြို့နယ် နဇီဘာခါတွန် အမည်ပေါက် နှစ် ၉၀မြေငှားဂရန် မြေအား အမည်ပေါက် နဇီဘာခါတွန်နှင့်ခင်ပွန်း ဦးမင်းတို့ ကွယ်လွန်ပြီး သားဖြစ်သူ ဦးတင်ရွှေ ကွယ်လွန်သဖြင့် ဇနီးဖြစ်သူ ဒေါ်သိန်းတင် ၁၂/အလန(နိုင်)၀၀၃၀၃၂နှင့်သမီး ဒေါ်ယဉ်ယဉ်ဦး ၁၂/လသန(နိုင်)၀၀၀၆၀၄ တို့မှ သေစာရင်းမိတ္တူ၊ ကတိသစ္စာပြုလွှာ၊ မှတ်ပုံတင်မိတ္တူ၊ ဂရန်မိတ္တူတို့တင်ပြပြီး ပိုင်ဆိုင်ကြောင်း စာချုပ်ရန်မြေပုံကူး လျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

မြို့မဈေး၊ နေပြည်တော် ဆိုင်ခန်းရောင်းမည်

- ပွဲရုံတန်း(ပြင်ဆင်ပြီး) ကျပ်သိန်း ၆၅၀။
- RC (အနောက်လှည့်) ကျပ်သိန်း ၃၅၀။

(ပွဲစားမလိုပါ)

ဖုန်း-၀၉-၄၃၀၁၉၉၁၄၊ ၀၉-၃၁၁၆၅၃၅၆

အလိမ္မာ စာမှာရှိ

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ စမ်းချောင်း မြောက်ရပ်ကွက်၊ စမ်းချောင်းလမ်း၊ တိုက်အမှတ် ၆၃၊ ငါးလွှာ (ခေါင်းရင်းခန်း)တိုက်ခန်းနှင့်၎င်းတိုက်ခန်း၏ အကျိုးခံစားခွင့် အရပ်ရပ်တို့ကို တရားဝင်လက်ဝယ် ပိုင်ဆိုင်သူ ဒေါ်ခင်ဝင်း ၁၂/ဥကမ(နိုင်)၀၃၂၈၉၆ ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေ၏တစ်စိတ်တစ်ဒေသအား ၇-၁-၂၀၁၄ ရက်တွင် ပေးချေထားပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အထက်ဖော်ပြပါ တိုက်ခန်း၏အကျိုးခံစားခွင့်အရပ်ရပ်နှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက မည်သူမဆို ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ခိုင်လုံသော အထောက်အထား/စာချုပ်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်ထံကန့်ကွက်နိုင်ပါသည်။ ၎င်းခုနစ်ရက်ပြည့်ပြီးသည့် နေ့နောက်ပိုင်းကန့်ကွက်သူမရှိပါက ဤတိုက်ခန်းအရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးသူရသောင်း(စဥ်-၂၂၆၅၅) အထက်တန်းရှေ့နေ
ဖုန်း-၀၁-၅၅၇၉၉၀၊ ၀၉-၅၁၂၃၇၅၃

ပြည်တွင်းသတင်း

ဆောင်းရာသီဂေါ်ဖီထုပ်များ ရောင်းအားကျ မုန်လာဥတို့ ရောင်းပန်းလှ

သတင်း-အဝယ်တော်ဖိုးထော်
ဓာတ်ပုံ-ဘော်ဂါသွေး

ရန်ကုန် ဇန်နဝါရီ ၉

ရန်ကုန်သီရိမင်္ဂလာ ဈေးကြီးအတွင်း ကားများရပ်နားရန်နေရာ ကုန်စည်ဝင်းနေရာတိုင်း၌ ၁၀ဘီး၊ ၁၂ ဘီးစသည့် ဂေါ်ဖီထုပ်တင်ကုန်ကားကြီး

များကို အစီအရီတွေ့မြင်နေရသည်။ ရှမ်းပြည်နယ်ထွက် ဂေါ်ဖီများဖြစ်သည်။ အချို့ကားများပေါ်၌ စင်းလုံးပြည့်ဂေါ်ဖီထုပ်များရှိနေသည်။ အချို့ကားများကဝယ်ယူသူရှိ၍ ဂေါ်ဖီထုပ်များကို တစ်ထုပ်ချင်း လက်ဆင့်ကမ်းပစ်ချပေးနေသည်ကို တွေ့ရသည်။

ရှမ်းပြည်နယ်ထွက် ဂေါ်ဖီထုပ်များသည် ရန်ကုန်သီရိမင်္ဂလာဈေးကြီးအတွင်းသို့ တစ်ပတ်လုံး မပြတ်စီးဝင်နေသော ကုန်စိမ်းဖြစ်သည်။ ယခုကဲ့သို့ ဆောင်းရာသီ၌ ရာသီထွက်သီးနှံများထဲတွင် မုန်လာဥဖြူများက စား၍ အကောင်းဆုံးသော အချိန်ဖြစ်သည်။ ချဉ်ရည်ချက်ချက်၊ ဝက်သား၊ ဘဲဥ၊ ကြက်ဥနှင့်ကြော်စား၍ အရသာရှိသော ကာလဖြစ်သည်။ သို့အတွက် အပြိုင်ထွက်နေသော ဂေါ်ဖီထုပ်များ ရောင်းအားကျနေခြင်းဖြစ်သည်။

ဂေါ်ဖီထုပ်များကို ရှမ်းပြည်နယ်တောင်ကြီး၊ အောင်ပန်း၊ ဟဲဟိုးမြို့များက အများဆုံးဝင်လျက်ရှိသည်။ ၁၀ ဘီး၊ ၁၂ဘီးကားကြီးများဖြင့် နေ့စဉ်အစီး ၃၀ ခန့်ဝင်နေခဲ့သော်လည်း ယခုနောက်ပိုင်း၌ အစီး ၂၀ မျှသာ အဝင်ရှိကြောင်း ဂေါ်ဖီထုပ်ပွဲစားတစ်ဦးထံမှ ကြားသိရသည်။ ၂၁၂ ဘီးကားကြီးတစ်စီးလျှင် ဂေါ်ဖီထုပ်ပေါင်း ပျမ်းမျှ ၆၀၀၀၊ ၆၅၀၀ ခန့် ပါလာတတ်ပြီး ရှမ်းပြည်နယ်မှ ရန်ကုန်သို့ အရောက်သယ်ယူစရိတ် ငွေကျပ် ၆၂၀၀၀၀ မှ ၆၅၀၀၀၀ အထိပေးရကြောင်း သိရသည်။

ရောင်းဈေးအားဖြင့် ၁၀ထုပ်ဈေး တစ်ထုပ်လျှင် ငွေကျပ် ၁၈၀ မှ ၂၀၀ အထိဈေးရှိနေသည်။ ရပ်ကွက်ဈေးများ၌ လက်လီဈေးအားဖြင့် ထိုထက်ပိုပါသည်။

ကြည့်မြင်တိုင် သီရိမင်္ဂလာဈေးဟောင်းရှိစဉ် အမေ့လက်ထက်ကတည်းက ဂေါ်ဖီထုပ်ရောင်းလာခဲ့သော ဦးဘဲလူးက "ဒီရာသီကတော့ ပုံမှန်အရောင်းအဝယ် ကျတတ်တဲ့ လပါပဲ။ ဒါပေမယ့် ဈေးဟောင်းထက် အရောင်းအဝယ် ပိုအေးတာကတော့ အမှန်ပါပဲ"ဟု သုံးသပ်ပြောကြားခဲ့သည်။

ရာသီစာမုန်လာဥဖြူများကို ဈေးကြီးအတွင်းသို့ ညပိုင်းမှသာ ဟိုင်းလပ်ကားများဖြင့် ဝင်လျက်ရှိနေတတ်သည်။ ယခုအချိန်၌ မှော်ဘီ၊ မင်းလှ၊ ရွှေတောင်၊ ဒိုက်ဦး စသည့်မြို့များမှ ညစဉ်ကားအစီး ၄၀ နီးပါးခန့် ဝင်လျက်ရှိနေသည်ဟု သိရသည်။

ဈေးရုံကြီးအပြင်အဝင်ဝ၌ မုန်လာဥဖြူများကို အစီအရီခင်းနေသော ကိုအောင်ကျော်က "ကျွန်တော်က ကိုယ်တိုင်စိုက်ပြီး ကိုယ်တိုင်လာရောင်းတာပါ။ စိုက်ခင်းက မှော်ဘီ ညောင်နှစ်ပင်စခန်းစိုက်ခင်းကပါ" ဟု ဆိုသည်။

မုန်လာဥဖြူများမှာ အလုံးကြီးပြီး ဖွေးဥနေသည်။ အရွက်များကလည်း စိမ်းစိမ်းစိုစိုဖြင့် လတ်လတ်ဆတ်ဆတ်ရှိနေသည်။ နိုင်ငံခြားမျိုး၊ ထိုင်ဝမ်မုန်လာဥများဟု သူကဆိုသည်။ နိုဝင်ဘာလကတည်းကစိုက်ပြီး ယခုလာရောင်းခြင်းဖြစ်ကြောင်း ၄င်းကပြောကြားသည်။ မုန်လာဥဖြူများမှာ မြန်မာနှင့်ထိုင်ဝမ် နှစ်မျိုးရှိကြောင်း။

မြန်မာဥများက ဥသေးပြီး အရောင်းမှာ အညိုဘက်သို့ အနည်းငယ်သမ်းပြီး ချဉ်ဖတ်လုပ်သူတို့ အကြိုက်ဖြစ်သည်။ ဈေးအားဖြင့် နိုင်ငံခြားဥများထက် ဈေးသက်သာသည်ဟု သိရသည်။

မုန်လာဥဖြူများ ယခုရာသီပေါ်ခါစက ဈေးကြီးအတွင်း၌ ငါးလုံးတစ်စည်းလျှင် ငွေကျပ် ၂၀၀-၂၅၀ အထိဈေးရှိခဲ့ပြီး ယခုအခါ တစ်စည်းလျှင်ငွေကျပ် ၁၀၀၊ ၁၅၀ မျှသာ ဈေးရှိတော့ကြောင်း သိရသည်။ ထိုင်ဝမ်မုန်လာဥဖြူများမှာ ယနေ့ဈေးအားဖြင့် ဥအကြီးဥအလတ်ခွဲ၍ ငါးလုံးတစ်စည်းလျှင် ငွေကျပ် ၂၀၀ မှ ၃၀၀ အထိ ဈေးရှိနေကြောင်း သိရသည်။

ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၉-၁-၂၀၁၄

ရွှေဈေး (အောင်သမာဓိရွှေဆိုင်)

ရန်ကုန်ရွှေဈေး	တစ်ကျပ်သား	၆၅၃၀၀၀-၆၁၅၁၀၀
မန္တလေးရွှေဈေး	တစ်ကျပ်သား	၆၅၃၅၀၀-၆၁၅၀၀၀

(အချိန်နှင့်အမျှ ဈေးနှုန်းအပြောင်းအလဲရှိနိုင်ပါသည်)

နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး (သိမ်ဖြူငွေလဲကောင်တာ)

အမေရိကန်	တစ်ဒေါ်လာ	၉၈၀-၉၈၉	ကျပ်
ဥရောပ	တစ်ယူရို	၁၃၃၂-၁၃၃၅	ကျပ်
စင်ကာပူ	တစ်ဒေါ်လာ	၇၆၉-၇၇၈	ကျပ်
ထိုင်း	တစ်ဘတ်	၃၀.၅-၃၀.၉	ကျပ်
အိန္ဒိယ	တစ်ရူပီး	၁၅.၃-၁၅.၈၅	ကျပ်
တရုတ်	တစ်ယွမ်	၁၅၃-၁၆၄	ကျပ်
မလေးရှား	တစ်ရင်းဂစ်	၂၇၀-၂၈၂	ကျပ်

စက်သုံးဆီဈေးနှုန်းများ (Max/Newday စက်သုံးဆီအရောင်းဆိုင်)

ဓာတ်ဆီ	တစ်လီတာ	၈၁၄ ကျပ်
ဒီဇယ်	တစ်လီတာ	၉၄၀ ကျပ်
အောက်တိန်း ၉၂	တစ်လီတာ	၉၄၀ ကျပ်
အောက်တိန်း ၉၅	တစ်လီတာ	၁၁၀၀ ကျပ်
ပရီမီယံဒီဇယ်	တစ်လီတာ	၉၆၀ ကျပ်

သားငါးနှင့်ဟင်းချက်စရာဈေးနှုန်း (သား/ငါးဒိုင်များ)

၁။ ငါးကြင်း	တစ်ပိဿာ	၂၈၀၀-၃၈၀၀	ကျပ်
၂။ ငါးမြစ်ချင်း	တစ်ပိဿာ	၂၀၀၀-၃၀၀၀	ကျပ်
၃။ ငါးရံ့	တစ်ပိဿာ	၄၈၀၀-၇၀၀၀	ကျပ်
၄။ ငါးဖယ်	တစ်ပိဿာ	၆၀၀၀-၁၂၀၀၀	ကျပ်
၅။ ပုစွန်(ကျော့)	တစ်ပိဿာ	၄၈၀၀-၇၅၀၀	ကျပ်
၆။ ပုစွန်တုပ်	တစ်ပိဿာ	၉၀၀၀-၂၂၀၀၀	ကျပ်
၇။ ငါးသလောက်	တစ်ပိဿာ	၇၅၀၀-၁၂၀၀၀	ကျပ်
၈။ ကြက်	တစ်ပိဿာ	၅၀၀၀-၁၀၀၀၀	ကျပ်
၉။ ဝက်	တစ်ပိဿာ	၅၀၀၀-၈၀၀၀	ကျပ်
၁၀။ အမဲ	တစ်ပိဿာ	၄၀၀၀-၈၀၀၀	ကျပ်
၁၁။ ဆိတ်	တစ်ပိဿာ	၁၂၀၀၀-၁၅၀၀၀	ကျပ်

ခင်ရတနာ-စုစည်းသည်။

ဘုရင့်နောင်ကုန်စည်ဒိုင်ဈေးနှုန်း

၁။ မိုးဆန်(ဧယာအသစ်)	တစ်အိတ်	၁၅၅၀၀
၂။ ပေါ်ကျွဲ(အသစ်)	တစ်အိတ်	၁၆၀၀၀
၃။ ပေါ်ဆန်း (အသစ်)	တစ်အိတ်	၂၁၀၀၀-၂၄၀၀၀
၄။ မြေပဲဆီ	တစ်ပိဿာ	၃၁၀၀
၅။ စားအုန်းဆီ	တစ်ပိဿာ	၁၄၉၀
၆။ မြင်းခြံကြက်သွန်နီ (အသစ်)	တစ်ပိဿာ	၃၅၀-၉၂၅
၇။ ရှမ်းကြက်သွန်ဖြူ	တစ်ပိဿာ	၁၀၀၀-၁၈၀၀
၈။ ကြက်သွန်ဖြူ (ကြူကုတ်)	တစ်ပိဿာ	၁၀၅၀-၁၀၇၅
၉။ အာလူး(ဟဲဟိုး)	တစ်ပိဿာ	၇၀၀-၈၅၀
၁၀။ ငရုတ်ရှည် (ပျော်ဘွယ်မိုး)	တစ်ပိဿာ	၂၆၀၀-၂၇၅၀
၁၁။ ငရုတ်ပွ (ဆင်ဖြူကျွန်း)	တစ်ပိဿာ	၅၀၀၀
၁၂။ သကြား	တစ်ပိဿာ	၉၀၀-၉၃၀

ကုန်စည်ဒိုင်ဈေးနှုန်းဖြစ်ပြီး အချိန်နှင့်အမျှ အပြောင်းအလဲရှိနိုင်ပါသည်။

ခင်ဆိုင်-စေ့ငုတင်ပြသည်။

ပျံကျဈေးသည်များကို အသေးစား ချေးငွေထုတ်ချေးပေး

မိုးကောင်း ဇန်နဝါရီ ၉

နိုင်ငံတော်မှ ချမှတ်ဖော်ဆောင်နေသော ဆင်းရဲနွမ်းပါးမှုလျှော့ချရေးလုပ်ငန်းစဉ်များကို အထောက်အကူပြုစေရန် ကျေးလက်ဖွံ့ဖြိုးရေးဘဏ်က ကချင်ပြည်နယ် မိုးကောင်းမြို့ မြို့မဈေးရှိ ပျံကျဈေးသည်များကို ၂၀၁၄ ခုနှစ်အတွက် အသေးစားချေးငွေသက်တမ်းတိုး ထုတ်ချေးခြင်းအခမ်းအနားကို ဇန်နဝါရီ ၃ ရက် မွန်းလွဲ ၁ နာရီက အဆိုပါဈေးရုံး၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်ဆွေမြင့်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးခင်အောင်နီနှင့် ဈေးမိဈေးဖအဖွဲ့ ဥက္ကဋ္ဌ ဦးသိန်းထွန်းတို့က ပျံကျဈေးသည် ၆၀ တို့အား တစ်ဦးလျှင် အသေးစားချေးငွေကျပ် တစ်သိန်းစီဖြင့် စုစုပေါင်း ငွေကျပ် သိန်း ၆၀ သက်တမ်းတိုး ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

(ဝ၆၂)

ဥတုရာသီ တောကိုမှီ၏။

Grate Construction ကန်ထရိုက်တာနှင့် အများသိစေရန် ကြေညာချက်

ကျွန်ုပ်၏မိတ်ဆွေဖြစ်သော ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၀) ရပ်ကွက်၊ မေတ္တာလမ်း၊ အမှတ်(၈၈၀-က)နေ ဒေါ်ကြည်ကြည်မေ ၁၂/ဥကတ (နိုင်)၀၆၀၇၃၀ ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကျွန်ုပ်မိတ်ဆွေ ဒေါ်ကြည်ကြည်မေ အမည်ပေါက်ပိုင်အထက်ဖော်ပြပါလိပ်စာရှိ မြေကွက်ပေါ်တွင် ကန်ထရိုက်စနစ်အရ ခြောက်ထပ်အပြည့် RC အဆောက်အအုံသစ် တည်ဆောက်ခြင်းနှင့် တိုက်ခန်းများအကျိုးခံစားခြင်းနှစ်ဦးသဘောတူစာချုပ်ချုပ်ဆို၍ ၃-၇-၂၀၁၃ရက်စွဲဖြင့် မြေရှင်မှ ကန်ထရိုက်တာဒေါ်ထားထားမြင့်အား လုပ်ငန်းအပ်နှံခဲ့ပါသည်။ ယခုအခါ စာချုပ်ချုပ်ဆိုပြီး ခြောက်လကြာမြင့်သည့်တိုင်အောင် ကန်ထရိုက်တာဘက်မှ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၌ ဆောက်လုပ်ခွင့်ပြုမိန့်ကျရန် မဆောင်ရွက်နိုင်ခြင်း၊ ကန်ထရိုက်တာလိုင်စင်မရှိဘဲ လုပ်ငန်းလုပ်ဆောင်ခြင်း၊ လုပ်ငန်းလုပ်ဆောင်ရာတွင် လိုင်စင်ရအင်ဂျင်နီယာကိုယ်တိုင်ကြီးကြပ်၍ ဆောင်ရွက်ပေးပါမည်ဟု ကတိပြုထားသော်လည်း Grate Construction တွင် လိုင်စင်ရအင်ဂျင်နီယာမရှိခြင်း၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ ဆောက်လုပ်ခွင့်ပြုမိန့်မကျမီ မြေရှင်၏အဆောက်အအုံ သုံးပုံတစ်ပုံအား ဖြိုဖျက်ထားခြင်း၊ အဆောက်အအုံနှင့်ပတ်သက်၍ မြေရှင်၏သဘောတူခွင့်ပြုချက်မရှိဘဲ ကြိုပွိုင့်စနစ်ဖြင့် အခန်းများရောင်းချထားခြင်းကို စုံစမ်းသိရှိရသည့်အတွက်ကြောင့် ယခုအခါ မြေရှင်ဘက်မှ များစွာနစ်နာခဲ့ရသည့်အတွက်လည်းကောင်း၊ ကန်ထရိုက်တာဘက်မှ စာချုပ်ပါစည်းကမ်းများအား ဖောက်ဖျက်သည့်အတွက် မြေရှင်နှင့်ကန်ထရိုက်တာတို့ နှစ်ဦးချုပ်ဆိုထားသည့် ၃-၇-၂၀၁၃ရက်စွဲပါ စာချုပ်အားယနေ့မှစ၍ ပျက်ပြယ်သွားပြီဖြစ်ကြောင်း Grate Construction နှင့် အများသိစေရန် ကြေညာအပ်ပါသည်။

သို့ဖြစ်ပါ၍ အထက်ဖော်ပြပါမြေကွက်နှင့် Grate Construction တို့သည် ယနေ့မှစ၍ မည်သို့မှ ပတ်သက်စပ်ဆိုင်ခြင်းမရှိတော့ပါသဖြင့် အဆိုပါမြေကွက်ပေါ်တွင် အခန်းဆောက်လုပ်မည်ဟုပြောဆို၍ Grate Construction မှရောင်းချထားသည့် အခန်းများအားလုံးသည် ကျွန်ုပ်မိတ်ဆွေနှင့် သက်ဆိုင်ခြင်းမရှိပါကြောင်း အခန်းဝယ်ယူထားသူများအပါအဝင် အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်ကြည်ကြည်မေ၏ လွှဲအပ်ညွှန်ကြားချက်အရ-

ဦးအောင်ကျော်စိုး(စဉ်-၁၆၇၃၇)
B.A(Hist:),M.A(Q)II,H.G.P,D.B.L
D.M.L,D.A.Psy,B.D.S 4/2001
စီးပွားရေးနှင့်ဥပဒေရေးရာ အကြံပေး
ဥပဒေအကျိုးဆောင်
အိမ်-အမှတ်(၈၄၄-ခ)၊ စာဂ ၁၆ လမ်း၊
(၄)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊
ဖုန်း-၀၉-၇၃၂၀၈၅၁၃၊ ၀၉-၈၆၁၈၀၄၅၊ ၀၉-၇၃၁၇၁၉၂၅

ဒေါ်ဥမ္မာမြင့်(စဉ်-၈၃၅၁)
LL.B,D.B.L
(တရားလွှတ်တော်ရှေ့နေ)
ရုံး-အမှတ်(၉၉၉)၊ သစ္စာလမ်း
(ဥပဒေရုံးအနီး)၊ (၁၀)ရပ်ကွက်၊
တောင်ဥက္ကလာပမြို့နယ်

ပြည်ထဲရေးဝန်ကြီးဌာန
အကျဉ်းဦးစီးဌာန
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ အကျဉ်းဦးစီးဌာန၊ မွန်ပြည်နယ်ဦးစီးမှူးရုံးကွပ်ကဲမှုအောက်ရှိ အကျဉ်းထောင်/စခန်းများမှ အကျဉ်းသား၊ အချုပ်သားများစားသုံးရန်လိုအပ်သော ရိက္ခာဆန်များအား မြန်မာကျပ်ငွေဖြင့် ပြည်တွင်း၌ ဝယ်ယူရန် ဈေးနှုန်းတင်သွင်းလွှာဖိတ်ခေါ်အပ်ပါသည်။
၂။ အိတ်ဖွင့်တင်ဒါဖွင့်မည့်ရက်မှာ ၁၇-၁-၂၀၁၄ရက်၊ ၁၀း၀၀နာရီဖြစ်ပါသည်။
၃။ ပေးသွင်းလိုသူများအနေဖြင့် တင်ဒါပုံစံတစ်စုံလျှင် (၁၀၀၀၀ိ/-)နှုန်းဖြင့် ၁၀-၁-၂၀၁၄ ရက်မှ ၁၆-၁-၂၀၁၄ရက်အထိ ၀၉း၃၀ နာရီမှ ၁၆း၀၀ နာရီအတွင်း အကျဉ်းဦးစီးဌာန၊ မွန်ပြည်နယ်ဦးစီးမှူးရုံးတွင် ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်အချက်အလက်များသိရှိလိုပါက ရိက္ခာဆန်ဝယ်ယူရေးအဖွဲ့ မွန်ပြည်နယ်ရဲတပ်ဖွဲ့မှူးရုံးဖုန်း-၀၉-၈၇၀၀၇၁၄၊ ၀၅၇-၂၆၉၈၁၊ အကျဉ်းဦးစီးဌာန၊ ပြည်နယ်ဦးစီးမှူးရုံး ဖုန်း-၀၉-၅၀၉၆၁၀၂၊ ၀၅၇-၂၄၇၃၉၊ ၀၅၇-၂၄၇၃၈ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

ရိက္ခာဆန်ဝယ်ယူရေးအဖွဲ့
အကျဉ်းဦးစီးဌာန

ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ ပန်းဘဲတန်းမြို့နယ်၊ (၉)ရပ်ကွက်၊ ကုန်သည်လမ်းမပေါ်၊ ဗိုလ်ဆွန်ပက်လမ်းနှင့် (၃၁)လမ်းကြား၊ အမှတ် ၆၀၈၊ ဗိုလ်ဆွန်ပက်ကွန်ဒိုမီနီယမ်၊ အခန်းအမှတ်(E-8) ဟု ခေါ်တွင်သော ကွန်ဒိုတိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အား လက်ရှိပိုင်ဆိုင်စီမံရောင်းချပိုင်ခွင့်ရှိသူ ဦးသက်လွင်တိုး ၁၂/သလန(နိုင်)၀၀၅၇၅၅ ထံမှ ကျွန်ုပ်တို့မိတ်ဆွေက ဝယ်ယူရန် စရန်ငွေအဖြစ်ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသအား ပေးအပ်ထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောစာချုပ်စာတမ်းမူရင်းများဖြင့် ယနေ့ကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်တို့ထံလာရောက်ကန့်ကွက်နိုင်ပါသည်။

သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမပြုပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကိစ္စပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်မွန်မွန်ချို	**ဒေါ်အိမ့်ဖြူနိုင်**	**ဒေါ်ရတနာဆွေး**
LL.B	**LL.B,DBL, DML**	**LL.B, D.B.L**
(စဉ်-၂၃၂၉၉)	**(စဉ်-၂၉၇၄၆)**	**(စဉ်-၃၈၄၉၇)**
အထက်တန်းရှေ့နေ	**အထက်တန်းရှေ့နေ**	**အထက်တန်းရှေ့နေ**

အာရှမြေ အိမ်ခြံမြေ အကျိုးဆောင်ကုမ္ပဏီ
အမှတ်(၁၈)၊ အထက်ပန်းဆိုးတန်းလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့



ကံကောင်း
အိမ်၊ ခြံ၊ မြေ အကျိုးဆောင်

သီလဝါ၊ ဖလမ်း၊ တပ်ရာကုန်း၊ စံချိန်မီ ၃၊ ၂၊ ၁၊ မြိုင်သာယာ၊
VIP 80'x60' လုံးချင်းတိုက်များ၊ သိန်း၄၀သွင်းရသော VIP မြေကွက်များ၊
သန်လျင်၊ ကျောက်တန်း မြေကွက်များ ရောင်းဝယ်ရန်ရှိသည်။
(သီလဝါ၊ သန်လျင်၊ ကျောက်တန်း) သီးသန့်
ဖုန်း-၀၉-၄၉၃၀၀၉၆၇၊ ၀၉-၄၂၀၁၈၅၅၉၉
၀၉-၄၂၀၁၈၅၅၇၇၊ ၀၉-၇၃၂၂၇၅၅၆၊ ၀၉-၄၄၀၀၀၅၀၁၈

မမီမီကို ၉/ခမစ(နိုင်)၀၃၂၀၈၁နှင့် အများသိစေရန်

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ်မြို့သစ် စစ/၇၊ ၁၃/က၊ သဇင်လမ်းနေ မမီမီကိုသည် ၂၉-၁၂-၂၀၁၃ရက်တွင် မတလ (ယာယီ) ၁၅၇၃/၁၃ Light Truck အဖြူရောင်ကို ယူဆောင်ပြီး တိမ်းရှောင်နေပါသဖြင့် ခုနစ်ရက်အတွင်း လာရောက်အပ်နှံပါရန်နှင့် လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေများအရ တရားစွဲဆိုသွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

ဦးအောင်ထိုက်
၅/ရဘန(နိုင်)၀၀၉၆၁၂

မြန်မာ့လက်ရွေးစင်မျက်မမြင်စစ်တုရင်ချန်ပီယံဦးအေးလွင်နှင့် တွေ့ဆုံမေးမြန်း ရွှေတံဆိပ် လေးခုဆွတ်ခူးရရှိနိုင်ကြောင်း ဂုဏ်ယူဝင့်ကြွားစွာပြောခဲ့

နေပြည်တော် ဇန်နဝါရီ ၉

(၇) ကြိမ်မြောက် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲကြီးအား အိမ်ရှင်မြန်မာက ဇန်နဝါရီ ၁၄ ရက်မှ ၂၀ ရက်ထိ လက်ခံကျင်းပတော့မည်ဖြစ်ရာ မြန်မာနိုင်ငံ မသန်စွမ်းအားကစားသမားများကလည်း ဆုတံဆိပ်များ အသီးသီးမျှော်မှန်းထားရှိနေကြပြီဖြစ်သည်။ အဆိုပါ မြန်မာနိုင်ငံမသန်စွမ်းအားကစားသမားများမှ ဆုတံဆိပ်များ အသီးသီး မျှော်မှန်းထားရှိနေကြရာတွင် မသန်စွမ်းမြန်မာ့လက်ရွေးစင်မျက်မမြင်စစ်တုရင် အားကစားပြိုင်ပွဲများအတွင်း ယခင်မြန်မာနိုင်ငံမှ အာဆီယံနိုင်ငံများသို့ သွားရောက်ယှဉ်ပြိုင်ခဲ့သော ပထမဦးဆုံးနိုင်ငံ့ကိုယ်စားပြုတစ်ဦးဖြစ်သည့် မြန်မာနိုင်ငံ၏ ပထမဦးဆုံး မြန်မာ့လက်ရွေးစင်မျက်မမြင်စစ်တုရင်ချန်ပီယံဦးအေးလွင်ကလည်း ၎င်းကိုယ်တိုင်က ရွှေတံဆိပ်လေးခုဆွတ်ခူးရရှိနိုင်ကြောင်း ဂုဏ်ယူဝင့်ကြွားစွာ ပြောခဲ့သည်။

ဦးအေးလွင်အား တွေ့ဆုံမေးမြန်းမှုများပြုလုပ်ခဲ့ရာတွင် ၎င်းကိုစကားပြောချင်သူ မည်သူမဆို မိမိတို့သိရှိလိုသည့် အရာများကိုပုံပါအတိုင်း လက်ညှိုးကို အသုံးပြုကာ ၎င်း၏ လက်ဖဝါးပေါ်သို့ ရေးခြစ်ပြကာ ဦးအေးလွင်မှာ အာရုံခံပြီး စာရွက်ပေါ်တွင် ပြန်လည်ရေးပြနိုင်ခဲ့သည်ကို ထူးခြားအံ့သြဖွယ် တွေ့ရှိခဲ့ရသည်။

မျက်မမြင် စစ်တုရင်ချန်ပီယံ ဦးအေးလွင်၏ အာရုံခံပြီး စာရွက်ပေါ်တွင် ပြန်လည်ရေးပြချက်များအရ အမြင်အာရုံသန်စွမ်းခဲ့သောကာလဖြစ်သည့် ၁၉၉၁ ခုနှစ်တွင် မလေးရှားနိုင်ငံ၌ ကျင်းပသော အာရှ-ပစိဖိတ်တံခွန်စိုက် အသင်းလိုက်ပြိုင်ပွဲတွင် ၎င်းပါဝင်ခဲ့သော မြန်မာအသင်းအား အဆင့်လေးနေရာသို့ လည်းကောင်း၊ ၁၉၉၂ ခုနှစ် ယူအေအီးနိုင်ငံ၌ ကျင်းပပြုလုပ်ခဲ့သော အာရှမြို့တော်များပြိုင်ပွဲတွင် ၎င်းပါဝင်ခဲ့သော မြန်မာအသင်းကို စတုတ္ထအဆင့်လေးနေရာသို့လည်းကောင်း၊ တစ်ဦးချင်းအလိုက် ပြိုင်ပွဲတွင်လည်း ၎င်းကိုယ်တိုင်တတိယဆု(ကြေးတံဆိပ်)ကို လည်းကောင်း၊ ၁၉၉၇ ခုနှစ်တွင် အင်ဒိုနီးရှားနိုင်ငံ၌ ပြုလုပ်ခဲ့သော အာရှမြို့တော်များပြိုင်ပွဲတွင် ၎င်းပါဝင်ခဲ့သော မြန်မာအသင်းအား ပထမဆု (ရွှေတံဆိပ်)ကိုလည်းကောင်း၊ ထပ်မံ၍ တစ်ဦးချင်းအလိုက် ပြိုင်ပွဲတွင်လည်း ၎င်းကိုယ်တိုင်အကောင်းဆုံးဆုဖြစ်သည့်ရွှေတံဆိပ်ကိုလည်းကောင်း၊ စာအုပ်စာပေများ (စစ်တုရင်၊ ဝတ္ထု၊ သတင်းစာ) အချိန်ပြည့် ဖတ်အားကြီးခဲ့သဖြင့် တဖြည်းဖြည်းမျက်စိမကောင်းခဲ့ရကာ ၁၉၉၉ ခုနှစ်မတ်လ၌ ကျန်းမာရေးအခြေအနေအရ မျက်စိခွဲစိတ်ခဲ့ရပြီး မျက်မမြင်ဘဝအခြေအနေနှင့် နောက်ပိုင်းကာလတွင် ၂၀၀၉ ခုနှစ်တွင် မလေးရှားနိုင်ငံ၌ လက်ခံကျင်းပပြုလုပ်ခဲ့သည့်ငါးကြိမ်မြောက် အာဆီယံမသန်စွမ်း အားကစားပြိုင်ပွဲတွင် ၎င်းဝင်ရောက်ယှဉ်ပြိုင်ခဲ့သော မျက်မမြင်စစ်တုရင်အားကစားပြိုင်ပွဲ၌ တစ်ဦးချင်းအလိုက် ပထမဆု (ရွှေတံဆိပ်)ကိုလည်းကောင်း၊ အမှတ်တရအနေဖြင့် ကြေးတံဆိပ်ဆုကို လည်းကောင်း၊ ၂၀၁၁ ခုနှစ်က အင်ဒိုနီးရှားနိုင်ငံ၌ လက်ခံကျင်းပပြုလုပ်ခဲ့သည့်ခြောက်ကြိမ်မြောက် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲတွင် ၎င်းဝင်ရောက်ယှဉ်ပြိုင်ခဲ့သော မျက်မမြင်စစ်တုရင်အားကစားပြိုင်ပွဲ၌ တစ်ဦးချင်းအလိုက် ပထမဆု (ရွှေတံဆိပ်) နှစ်ဆု၊ ကြေးတံဆိပ်နှစ်ဆုတို့ကို လည်းကောင်း၊ ဆွတ်ခူးရရှိခဲ့ကြောင်း သိရသည်။

ဆက်လက်၍ စာရွက်ပေါ်တွင် ပြန်လည်ရေးပြချက်များအရ အရင်မျက်စိကောင်းတဲ့အချိန် ၁၉၇၃ ခုနှစ်ကနေ၁၉၈၀ပြည့်နှစ်အထိ တိုင်းနှင့်ပြည်နယ်ချန်ပီယံတစ်ဦး ဖြစ်ခဲ့ပါတယ်။ ၁၉၈၀ပြည့်နှစ် ဝန်ကြီးဌာနပေါင်းစုံပြိုင်ပွဲတွေမှာလည်း ဆုပေါင်းအများကြီးရခဲ့ပါတယ်။ မမှတ်မိတော့ပါဘူး။ ၁၉၈၀ပြည့်နှစ်က နို့ဆီချက်စက်ရုံက ပြုလုပ်တဲ့ပြိုင်ပွဲမှာ ၁၀ ယောက်နဲ့ ကျွန်တော်တစ်ယောက် တစ်ပြိုင်တည်း ယှဉ်ပြိုင် ကစားခဲ့ဖူးပါတယ်။ ၁၉၈၃ ခုနှစ်အရှေ့တောင်တိုင်းစစ်ဌာနချုပ်က ပြုလုပ်တဲ့ ပြိုင်ပွဲမှာ တပ်မတော်သား ၂၅ ယောက်နဲ့ ကျွန်တော်တစ်ယောက်တည်း ယှဉ်ပြိုင်ကစားခဲ့ဖူးပါတယ်။

မြန်မာ့ လက်ရွေးစင် မျက်မမြင် စစ်တုရင်ချန်ပီယံ ဦးအေးလွင်။

၁၉၈၄ ခုနှစ် ကြို့ကုန်းဆေးဝါးစက်ရုံလည်း ဒီလိုပါပဲ။ ၁၀ ယောက်နဲ့ ကျွန်တော် တစ်ယောက်တစ်ပြိုင်တည်း ယှဉ်ပြိုင်ကစားခဲ့ဖူးပါတယ်။

ပြီးတော့ ၁၉၈၉ ခုနှစ် ကောလင်းမြို့မှာ ၂၅ ယောက်နဲ့ကျွန်တော်တစ်ယောက်၊ ၁၉၉၄ ခုနှစ်မှာ ၂၅ ယောက်နဲ့ ကျွန်တော်တစ်ယောက်တည်းယှဉ်ပြိုင်ကစားခဲ့ပါတယ်။ ၁၉၈၃ ခုနှစ်မှ ၁၉၈၉ ခုနှစ်ထိ အရှေ့တောင်တိုင်းစစ်ဌာနချုပ်မှာ နည်းပြလုပ်ခဲ့သလို ၁၉၉၀ပြည့်နှစ်မှာ ရန်ကုန်တိုင်းစစ်ဌာနချုပ်စစ်တုရင်အသင်းမှာလည်း နည်းပြလုပ်ခဲ့ပါသေးတယ်။ ၁၉၉၁ ခုနှစ်မှာတော့ နိုင်ငံခြားသွားလို့ နည်းပြမလုပ်ဖြစ်တော့ပါဘူး။ ကျွန်တော့်ရဲ့ လက်ရှိအဆင့်က လက်ရှိ (GRAND MASTER) အဆင့်ဖြစ်နေပါပြီ (၇) ကြိမ်မြောက်အာဆီယံပြိုင်ပွဲကြီးပြီးသွားရင်လည်း စစ်တုရင်ပညာကို ဆက်လက်လေ့ကျင့်မယ်၊ မလေ့ကျင့်ဘဲထားရင် လက်ရည်ကျဆင်းသွားပါလိမ့်မယ်၊ ကျွန်တော့်ရဲ့ဆောင်ပုဒ်က 'ပြိုင်ပွဲတိုင်းကိုနိုင်လျှင်သူကောင်းပြု၍ ရှုံးလျှင် ကဲ့ရဲ့ပြစ်တင်ခံရမည်' မဟုတ်ဘူးလားဗျာနော်၊ ကျွန်တော်သေသည်အထိ စစ်တုရင်ပြိုင်ပွဲများတွင် အမြဲကစားမည်ဟု ဆုံးဖြတ်ထားပါသည်။ ယခင်လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာနမှ ဒုတိယဦးစီးမှူးနှင့် မြန်မာ့လက်ရွေးစင်မျက်မမြင် စစ်တုရင်ချန်ပီယံသမ္မာရင့်ဦးအေးလွင်အား ၁၉၅၈ ခုနှစ် ဩဂုတ်လ ၃ ရက်တွင် မွေးဖွားခဲ့ခြင်းဖြစ်ပြီး မွေးချင်းမောင်နှမခြောက်ဦးရှိနေကြောင်း သိရကာ အစ်ကိုအကြီးဆုံးက ဆင်ခြေထောက်ရောဂါဖြင့်လည်းကောင်း၊ ဒုတိယ အစ်ကိုကြီးမှာ ၁၉၇၈ ခုနှစ်တွင် ရှမ်းပြည်နယ်ရှေ့တန်းတာဝန်ထမ်းဆောင်နေချိန်၌လည်းကောင်း၊ အစ်ကိုအလတ်မှာ လှေကားပေါ်မှပြုတ်ကျခဲ့၍လည်းကောင်း အသီးသီးသေဆုံးခဲ့ရကြောင်း သိရပြီး လက်ရှိဦးအေးလွင်မှာ ၎င်း၏ အစ်မ(ကျောင်းဆရာမ/ငြိမ်း)၊ ညီတော်စပ်သူတို့နှင့်အတူ အမှတ် (၇၇၇)၊ မေတ္တာလမ်း၊ ၁၃ ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်တွင်နေထိုင်လျက်ရှိကြောင်း မျက်မမြင်စစ်တုရင်ချန်ပီယံဦးအေးလွင်က စာရွက်ပေါ်တွင် ရေးသားဖော်ပြခဲ့သည်။ **စိုးဝင်း(SP)**

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

ပျူမြို့ဟောင်းများ ထိန်းသိမ်းရေးအတွက် အလှူငွေများလှူဒါန်း

နေပြည်တော် ဇန်နဝါရီ ၉

ပျူမြို့ဟောင်းများဖြစ်ကြသည့် ဗိဿနိုး၊ ဟန်လင်း၊ သရေခေတ္တရာမြို့ဟောင်းများကို မြန်မာနိုင်ငံ၏ ပထမဆုံး ကမ္ဘာ့အမွေအနှစ်စာရင်းဝင်ဖြစ်စေရန် ဆောင်ရွက်လျက်ရှိရာ ပျူမြို့ဟောင်းများဖွံ့ဖြိုးတိုးတက်ရေးနှင့် ထိန်းသိမ်းစောင့်ရှောက်ရေးလုပ်ငန်းများအတွက် အလှူငွေများ ပေးအပ်လှူဒါန်းပွဲအခမ်းအနားကို ယဉ်ကျေးမှုဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ Alliance Stars Group of Companies က ကျပ်သိန်း ၂၀ နှင့် မြတ်အိန္ဒြေကုမ္ပဏီကကျပ်သိန်း ၂၀၊ မုဒ္ဒံမောင်မောင်ကုမ္ပဏီက ငွေကျပ်သိန်း ၂၀၊ Balance Fitness Centre နှင့် Vestige အမှတ်တရပစ္စည်းအရောင်းဆိုင်က ငွေကျပ်သိန်း ၃၀တို့ကို လှူဒါန်းကြရာ ပျူမြို့ဟောင်းများကြီးကြပ်ညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်စန္ဒာခင်နှင့် တာဝန်ရှိသူများက လက်ခံခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

တရုတ်နိုင်ငံမှရရှိသည့် ချေးငွေများ သမအသင်းများသို့ ထုတ်ချေးပေးမည်

ဟားခါး ဇန်နဝါရီ ၉

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့်ဆင်းရဲမှုလျှော့ချနိုင်ရေးအကောင်အထည်ဖော်ဆောင်ရွက်ရာတွင် သမဝါယမလုပ်ငန်းလည်း တစ်ခုအပါအဝင်ဖြစ်ရာ သမဝါယမဦးစီးဌာန(ရုံးချုပ်)ညွှန်ကြားရေးမှူးဦးမြင့်အောင်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှရရှိသည့် ချေးငွေများထုတ်ပေးနိုင်ရေးအတွက် ဇန်နဝါရီ၅ ရက် မွန်းလွဲ ၂ နာရီက ဟားခါးမြို့နယ် လောက်လုံကျေးရွာ လယ်ယာစိုက်ပျိုးရေးသမဝါယမအသင်းအမှုဆောင်နှင့် အသင်းသားများအား တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် ညွှန်ကြားရေးမှူးက မကြာမီပထမအကြိမ်ချေးငွေထုတ်ပေးတော့မည်ဖြစ်၍ ကွင်းဆင်းတွေ့ဆုံခြင်းဖြစ်ကြောင်း၊ ချေးငွေကာလမှာ ခြောက်လတစ်ကြိမ်နှင့် ၁၀ နှစ်ချေးသွားမည်ဖြစ်ပြီး အတိုးနှုန်းမှာ ၁၀၀ လျှင် တစ်လတစ်ကျပ်ခွဲနှုန်းဖြစ်ကြောင်း၊ ၎င်းတို့အနက် အတိုးထဲမှ ၃၃ ဒသမ ၃၃ ပြားမှာ မိမိအသင်းအတွက်ဖြစ်ကြောင်း၊ ချေးငွေကို ငါးဦးစီဝိုင်းကြီးချုပ်ဖြင့် ချေးပေးသွားမည်ဖြစ်ကြောင်း ရှင်းလင်းဆွေးနွေးသည်။ **(အောက်ပုံ)**

ထို့နောက် အသင်းသူ အသင်းသားများက သိလိုသည်များမေးမြန်းရာ ညွှန်ကြားရေးမှူးနှင့်တာဝန်ရှိသူများက ပြန်လည်ဆွေးနွေးခဲ့သည်။ အလားတူ တီးတိန်၊ တွန်းဇံ၊ ဖလမ်းမြို့နယ်များတွင်လည်း အသင်းအမှုဆောင်၊ အသင်းသားများနှင့် တွေ့ဆုံဆွေးနွေးခဲ့ကြောင်း သိရပြီး ချင်းပြည်နယ်အတွင်း လယ်ယာစိုက်ပျိုးရေးသမဝါယမအသင်း ၁၀၈ သင်းကို ငွေကျပ် ၂၅၃၃ ဒသမ ၃၃ သိန်းထုတ်ချေးပေးရန် လျာထားကြောင်း သိရသည်။ **(၁၁၇)**

ဖြူးဆရာတော်ကြီး၏တပည့်ကြီး ဖြူးမဟာစည်ဆရာတော် ဒေါက်တာဘဒ္ဒန္တအဂ္ဂဝရ အထူးတရားပွဲ

ဖြူးမဟာစည်ရိပ်သာများနှင့် ရတနာစိန်စည်ပရိယတ္တိစာသင်တိုက်တို့၏ ပဓာနနာယက ဆရာတော် ဒေါက်တာဘဒ္ဒန္တအဂ္ဂဝရ သာသနာပြုနယ်လှည့် ဓမ္မကထိ ကမ္ဘဋ္ဌာနာစရိယ Ph.D, INDIA အရှင်သူမြတ်သည် ၉-၁-၂၀၁၄ ရက် ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ပန်းပင်ကြီးလမ်း၊ အောင်တော်မူ ဆုတောင်းပြည့်ဘုရားငါးဆူတန်ဆောင်းတော်ကြီးဓမ္မသဘင်၊ ✱ ၁၁-၁-၂၀၁၄ ရက် ရွှေပြည်သာမြို့နယ်၊ ၉၀ရပ်ကွက်၊ မိဘကျေးဇူးဆပ်အထူးတရားပွဲ၊ ✱ ၁၂-၁-၂၀၁၄ ရက် ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ အိမ်တော်ရာဘုရားဓမ္မသဘင်ပွဲ၊ ✱ ၁၃-၁-၂၀၁၄ ရက် ကျိုက္ကဆံရပ်ကွက်၊ ကနကမာလမ်း၊ ဗဟန်း၊ ရန်ကုန်မြို့ ဓမ္မသဘင်၊ ✱ ၁၄-၁-၂၀၁၄ ရက်မှ ၁၅-၁-၂၀၁၄ ရက် မော်လမြိုင်မြို့ ဓမ္မောဇဓမ္မသဘင်၊ ✱ ၁၇-၁-၂၀၁၄ ရက် ဘန်းလောင် ကျေးရွာ၊ ဖြူးမြို့နယ်ဓမ္မသဘင်၊ ✱ ၁၈-၁-၂၀၁၄ ရက် (၁၂)ရပ်ကွက်၊ လှိုင်၊ ပညာရေးဝန်ထမ်း မိသားစုဓမ္မသဘင်၊ ✱ ၂၀-၁-၂၀၁၄ ရက်မှ ၂၁-၁-၂၀၁၄ ရက် တာချီလိတ်မြို့ ဓမ္မသဘင်၊ ✱ ၂၃-၁-၂၀၁၄ ရက် သာကေတမြို့နယ်၊ (၂)ရပ်ကွက်၊ မြောက် ၂၈ ဆူ ဗဟိုဓမ္မာရုံဓမ္မသဘင်၊ ✱ ၂၆-၁-၂၀၁၄ ရက် ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက္ကံ၊ ဇေယျာသိဒ္ဓိမာန်အောင်စေတီတော်တရားပွဲ၊ ✱ ၁-၂-၂၀၁၄ ရက် ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ (ပ)ရပ်ကွက်၊ ဖြူးမဟာစည်ပဒေသာပင်အလှူဓမ္မသဘင်၊ ✱ ထေရဝါဒ ဓမ္မပြန့်ပွားရေးနှင့် နာရေးကူညီမှုအသင်း၊ နေပြည်တော်၊ ပျဉ်းမနားမြို့၊ လယ်တီစံကျောင်းဓမ္မာရုံဓမ္မသဘင်၊ ✱ ၅-၂-၂၀၁၄ ရက်မှ ၆-၂-၂၀၁၄ ရက် ဖောင်တော်ဦးကျောင်း၊ မကွေးမြို့ဓမ္မသဘင်၊ ✱ ၇-၂-၂၀၁၄ ရက် မေတ္တာရွှေရည် ပရဟိတလူငယ်များအသင်း မြကန်သာအိမ်ရာ၊ လှိုင်၊ ဓမ္မသဘင်၊ ✱ ၈-၂-၂၀၁၄ ရက်မှ ၉-၂-၂၀၁၄ ရက် ဖြူးမြို့နယ်လုံးဆိုင်ရာ စာပြန်ပွဲဓမ္မသဘင်၊ ✱ ၁၁-၂-၂၀၁၄ ရက် ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ ဖြူစင်မေတ္တာနာရေးကူညီမှုအသင်းဓမ္မသဘင်၊ ✱ ၁၂-၂-၂၀၁၄ ရက် မြောက်ဥက္ကလာပမြို့နယ်၊ (ဃ)ရပ်ကွက်၊ နွယ်နီလမ်း၊ ဆုတောင်းပြည့်ဓာတ်တော်ကျေ စေတီတော်မြတ် ဓမ္မသဘင်၊ ✱ ၁၆-၂-၂၀၁၄ ရက် မနောဟရီလမ်း၊ သမိုင်း(၁)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ဓမ္မသဘင်၊ ✱ ၂၁-၂-၂၀၁၄ ရက်မှ ၂၂-၂-၂၀၁၄ ရက် တောင်ငူမြို့နယ်လုံးဆိုင်ရာ ပရိယတ္တိမူလစာမေးပွဲကြီးဓမ္မသဘင်၊ ✱ ၁၅-၃-၂၀၁၄ ရက် ကျိုက္ခမီမြို့နယ်၊ ခနောင်ရွာ ဓမ္မသဘင်တို့၌ နိဗ္ဗာန်ရောက်ကြောင်း တရားတော်များကို ဟောကြားချီးမြှင့်မည်ဖြစ်ပါ၍ တရားတော်နာကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။ ဆရာတော်၏ တရားပွဲများကို ပင့်လျှောက်လိုပါက ဖုန်း-၀၉-၅၃၉၀၄၁၇၊ ၀၉-၅၀၅၆၁၀၇၊ ၀၉-၅၀၁၇၅၅၄၊ ၀၁-၅၃၀၀၆၈၊ ၀၁-၅၃၀၁၁၃၊ ၀၅၄-၄၀၇၇၁၊ ၀၅၄-၄၀၀၁၂တို့သို့ ဆက်သွယ်နိုင်ပါသည်။

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန သစ်တောဦးစီးဌာန၊ တနင်္သာရီတိုင်းဒေသကြီး (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန၊ သစ်တောဦးစီးဌာန၊ တနင်္သာရီတိုင်းဒေသကြီးရှိ အောက်ဖော်ပြပါကျွန်းအုပ်စုများပေါ်မှ ဇီဝစိုးငှက်သိုက်များကို တစ်ဦးတည်းစုသိမ်းထုတ်ယူခွင့်အား ဈေးပြိုင်အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချရန် တင်ဒါခေါ်ယူအပ်ပါသည်-

စဉ်	လပ်ပုံ	ကျွန်းအုပ်စုအမည်	ပစ္စည်းတည်နေရာ
၁	(၁)	မော်စကိုကျွန်းအုပ်စု	လောင်းလုံမြို့နယ်၊ တနင်္သာရီတိုင်းဒေသကြီး
၂	(၂)	ရေအေးကျွန်းအုပ်စု	ကျွန်းစုမြို့နယ်၊ တနင်္သာရီတိုင်းဒေသကြီး
၃	(၃)	ကဆိုင်းလှနှင့်ကော့ငါးကျွန်းအုပ်စု	ကော့သောင်းမြို့နယ်၊ တနင်္သာရီတိုင်းဒေသကြီး
၄	(၄)	မလိကျွန်းအုပ်စု	ပုလောမြို့နယ်၊ တနင်္သာရီတိုင်းဒေသကြီး

၂။ **တင်ဒါလျှောက်လွှာစတင်ရောင်းချမည့်ရက်** -၁၅-၁-၂၀၁၄ ရက် နံနက် ၁၀း၀၀နာရီ

၃။ **တင်ဒါလျှောက်လွှာအရောင်းပိတ်မည့်ရက်** -၂၇-၁-၂၀၁၄ ရက် ညနေ ၁၆း၃၀နာရီ

၄။ **တင်ဒါရောင်းချမည့်ရက်** -၃၀-၁-၂၀၁၄ ရက် နံနက် ၁၀း၀၀နာရီ

၅။ **တင်ဒါရောင်းချမည့်နေရာ** -ညွှန်ကြားရေးမှူးရုံး၊ သစ်တောဦးစီးဌာန၊ တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့

၆။ တင်ဒါလျှောက်လွှာများကို တစ်စောင်လျှင် ကျပ်ငါးသောင်းနှုန်းဖြင့် အောက်ဖော်ပြပါဌာနတွင် ရုံးချိန်အတွင်းဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်အချက်အလက်များကို သိလိုပါက ၎င်းဌာနသို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

အိတ်ဖွင့်တင်ဒါရောင်းချရေးကော်မတီ

ညွှန်ကြားရေးမှူးရုံး၊ သစ်တောဦးစီးဌာန၊ တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့

ဖုန်း-၀၅၉-၂၃၅၃၉

ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လုပ်ငန်းသုံးပစ္စည်းများဝယ်ယူရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနအတွက် အသုံးပြုရန်လိုအပ်သော အောက်ဖော်ပြပါလုပ်ငန်းသုံးပစ္စည်းများကို ဝယ်ယူလိုပါသည်။

ပစ္စည်းအမျိုးအမည်	အရေအတွက်
(၁) FUJIFILM Thermal Printer ASK-4000 with standard accessories, FUJIFILM Thermal Photos Paper with Ink Ribbon (8-inches) လေးစုံအပါ	1 Nos
(၂) EPSON L-800 Colour Printer, 8" × 12" Size, 13 Sec per 4R အမြန်နှုန်း၊ ပုံအရည်အသွေး 5760 × 1440 dpi, အသုံးပြုရမည့်မင် T 6731 to T 6736 Inks Bottel Series (6 Colour)	2 Nos

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၉-၁-၂၀၁၄ ရက်မှ ၂၃-၁-၂၀၁၄ရက်အထိ နေ့စဉ် ၀၉း၃၀ နာရီမှ ၁၆း၃၀ နာရီ ရုံးဖွင့်ရက်အတွင်း အောက်ပါလိပ်စာများတွင် လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို ၂၃-၁-၂၀၁၄ ရက် ၀၉း၃၀ နာရီမှ ၁၆း၃၀ နာရီအတွင်း ပြန်ကြားရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၇)၊ နေပြည်တော်ရှိ တင်ဒါအဖွဲ့ဝင်များရှေ့မှောက်၌ လာရောက်ပေးသွင်းရန် ဖြစ်ပါသည်။ သတ်မှတ်ကာလထက်ကျော်လွန်သော တင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကိုသိရှိလိုပါက ဖုန်း-၀၆၇-၄၁၂၃၆၉၊ ၀၆၇-၄၁၂၃၆၆ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

တင်ဒါပုံစံများထုတ်ယူရန်လိပ်စာ	တင်ဒါတင်သွင်းရန်လိပ်စာ
ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန	**ပြည်တွင်း/ပြည်ပပစ္စည်းများဝယ်ယူရေးနှင့်**
ပြန်ကြားရေးဝန်ကြီးဌာန	**ထုခွဲရောင်းချရေးကော်မတီ**
ရုံးအမှတ် (၇)၊ နေပြည်တော်	**ပြန်ကြားရေးဝန်ကြီးဌာန**
ဖုန်း- ၀၆၇- ၄၁၂၃၆၉၊	**ရုံးအမှတ်(၇)၊ နေပြည်တော်၊**
၀၆၇- ၄၁၂၃၆၆	**ဖုန်း-၀၆၇-၄၁၂၃၂၇**

ပျောက်ဆုံးကြောင်း

ကျွန်မ ဒေါ်အေးအေးသန့် (ဘ)ဦးလှစိန် ကိုင်ဆောင်သော Passport A-၃၃၈၃၅၈သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးရန်။ **ဖုန်း-၀၉-၃၁၃၂၈၀၁၁**

နိုင်ငံတကာအားကစားသတင်း

ဒီနှစ်လာလီဂါရဲ့ အင်အားကြီးနှစ်သင်းဆုံပြီ

မိုးမြင့်လင်းလက်

စပိန်လာလီဂါပွဲစဉ် (၁၉)ကို ဇန်နဝါရီ ၁၁ ရက်၊ ၁၂ ရက်တွေမှာ ဆက်လက်ကစားကြမှာမို့ အသင်းကြီးတွေ ပြင်ဆင်မှု အများအပြား ပြုလုပ်ရတော့မှာ ဖြစ်ပါတယ်။ ဒီပွဲစဉ်တွေမှာ ဘာစီလိုနာနဲ့အက်သလက်တီကိုတို့ပွဲက ပွဲကောင်းဖြစ်သလို ရီးရဲမက်ဒရစ်တို့လည်း အက်စ်ပန်ညိုကွင်းမှာ သွားကစားရမှာမို့ ပေါ့ဆဆ ကစားလို့မရနိုင်ပါဘူး။ ဒါကြောင့် ဒီတစ်ပတ်လည်း ပွဲကောင်းတွေအဖြစ် အားပေးရဦးမှာဖြစ်ပါတယ်။

အက်သလက်တီကိုနှင့် ဘာစီလိုနာ

အိမ်ကွင်းမှာရှုံးပွဲမရှိသေးတဲ့ အက်သလက်တီကိုဟာ အခုပွဲမှာတော့ ဘာစီလိုနာနှင့် တွေ့ဆုံပြီဖြစ်ပါတယ်။ ဒီနှစ်လာလီဂါမှာ အိမ်ကွင်းမှတ်တမ်းကောင်းကို ဆက်လက်ရေးထိုးနိုင်ဖို့အတွက် အက်သလက်တီကိုတို့ ဘာစီလိုနာကို ဘယ်လိုခုခံမလဲဆိုတာက စိတ်ဝင်စားစရာကောင်းနေပြီဖြစ်ပါတယ်။ဒီနှစ်လာလီဂါမှာ အကောင်းဆုံးခံစစ်ရှင် အက်သလက်တီကိုနှင့် တိုက်စစ်အထက်မြက်ဆုံး ဘာစီလိုနာတို့ရဲ့ ထိပ်တိုက်ရင်ဆိုင်မှုက အကောင်းဆုံးရသလို ပေးစွမ်းနိုင်ပါလိမ့်မယ်။ ဒီနှစ်လာလီဂါမှာ အခုချိန်အထိ ကိုးပွဲကစားပြီးချိန်မှာ တစ်ပွဲသာ ရှုံးထားတဲ့ ဘာစီလိုနာတို့ရဲ့ စွမ်းဆောင်မှုဟာ ဒီနှစ်လာလီဂါဖလားကို ရယူနိုင်တဲ့ ခြေစွမ်းရှိမရှိကြည့်ရမှာပါ။ ပွဲတူ၊ အမှတ်တူဖြစ်နေတဲ့ ဒီနှစ်သင်းရဲ့ ပြိုင်ဆိုင်မှုက ပြင်းထန်ပါလိမ့်မယ်။

အက်စ်ပန်ညိုနှင့် ရီးရဲမက်ဒရစ်

တန်းစီဇယားထိပ်ဆုံးက ဘာစီလိုနာနဲ့ တစ်ပွဲလျော့ ရှစ်မှတ်ကွာဟနေတဲ့အခြေအနေကို ကျဉ်းမြောင်းသွားဖို့ ဒီပွဲဟာ ရီးရဲမက်ဒရစ်တို့အတွက် အခွင့်အရေးကောင်းပါပဲ၊ ဘာစီလိုနာရော အက်သလက်တီကိုတို့ ထိပ်တိုက်တွေ့ဆုံမှုက ရီးရဲမက်ဒရစ်အတွက် ကောင်းကောင်းအသုံးချရင် အမှတ်တွေ စုဆောင်းနိုင်မှာ ဖြစ်ပါတယ်။ နိုင်ပွဲတွေဆက်နေတဲ့ ရီးရဲမက်ဒရစ်ရဲ့ တိုက်စစ်ကိုဟန့်တားရင်းနဲ့ အက်စ်ပန်ညိုတို့အိမ်ကွင်းမှာ ဗျာများရမယ့်ပွဲပါပဲ။

ဘီလ်ဘာအိုနှင့် အယ်မာရီယာ

ဒီနှစ်လာလီဂါမှာ အခုချိန်ထိ ဘီလ်ဘာအိုတို့အိမ်ကွင်းမှာ ရှုံးပွဲမရှိသေးပါဘူး။ အယ်မာရီယာတို့ကတော့ နိုင်ပွဲပြန်ရနေပေမယ့် ဘီလ်ဘာအိုနှင့်ဆုံတိုင်း ရှုံးပွဲတွေကြုံတွေ့နေရတာကို အခုပွဲမှာ ချေဖျက်နိုင်မလားကြည့်ရမှာပါ။ ဘီလ်ဘာအိုတို့က ဒီနှစ်ပုံမှန်ခြေစွမ်းရရှိနေတာမို့ အနိုင်ရလဒ်ကို မျှော်မှန်းဖို့အတွက် ခက်ခဲနေဦးမှာဖြစ်ပါတယ်။

ဗီလာရီးရဲနှင့် ဆိုစီဒက်

ခြေရည်တူနှစ်သင်းတွေ့ဆုံတဲ့ပွဲပါပဲ။ ဒီနှစ်သင်းဆုံတိုင်း သရေပွဲတွေဖြစ်တာများတတ်ပြီး အကြိတ်အနယ်ရှိခဲ့တာပါပဲ။ ဗီလာရီးရဲက ခံစစ်ပိုင်းတောင့်တင်းသလို ဆိုစီဒက်တို့ကလည်း တိုက်စစ်အားသာချက်ရှိနေပါတယ်။ အိမ်ရှင်ကိုကြိုက်သလို ဆိုစီဒက်ကလည်း အားထားမှုကောင်းတာမို့ ဒီပွဲရလဒ်က ညီမျှခြင်းလည်းကျသွားနိုင်ပါတယ်။

နိုင်ငံတကာ ပြည်တွင်းလိဂ် ပွဲစဉ်များ (သီဟ)

စပိန်လာလီဂါ ပွဲစဉ်-၁၉ — **ဇန်နဝါရီ၁၁**

ဂရန်နာဒါ	-	ဗယ်လာဒိုလစ်	နံနက် ၂း၃၀

ပြင်သစ်လီဂူး ပွဲစဉ်-၂၀ — **ဇန်နဝါရီ၁၁**

မောင့်ပယ်လီယာ	-	မိုနာကို	နံနက် ၂း၀၀

အင်္ဂလန်ချန်ပီယံရှစ် ပွဲစဉ်-၂၅ — **ဇန်နဝါရီ၁၁**

လက်စတာ	-	ဒါဘီ	နံနက် ၂း၁၅

ဇန်နဝါရီ ၉ ဘောလုံးပွဲရလဒ်များ

စိန့်အက်တီယန်	၁-၀	အီဗီယန်
ဖီအိုရင်တီးနား	၂-၀	ချီယေဗို
အယ်လ်ကော်ကွန်	၁-၀	အက်စ်ပန်ညို
ဘက်တစ်	၁-၀	ဘီလ်ဘာအို
ဘာစီလိုနာ	၄-၀	ဂီတာဖေး
ရေဆင်း	၁-၁	အယ်လ်မာရီးယား

ဂရန်နာဒါ Vs ဗယ်လာဒိုလစ်

ပွဲစဉ် (၁၉)အပြီးမှာ ဂရန်နာဒါသည် ရမှတ်၂၀နဲ့ အဆင့်၁၃မှာ ရှိနေပြီး ဗယ်လာဒိုလစ်မှာ ရမှတ်၁၆မှတ်နဲ့ အဆင့်၁၇မှာ ရပ်တည်နေပါတယ်။ သူတို့နှစ်သင်း အိမ်ကွင်းအဝေးကွင်း နောက်ဆုံးတွေ့ဆုံမှု လေးပွဲမှာ ဂရန်နာဒါဟာ နှစ်ပွဲနိုင် တစ်ပွဲရှုံး တစ်ပွဲသရေကျထားပါတယ်။ အသင်းလိုက်ဖွဲ့စည်းမှုမှာ ဂရန်နာဒါက ပို၍မာကျောမှုရှိပြီး အခုတစ်လော ရှုံးပွဲတွေများနေလို့ ဒီပွဲမှာ အိမ်ရှင်ပရိသတ်တွေကို ကျေနပ်အောင် စွမ်းဆောင်ပေးနိုင်မှာဖြစ်လို့ အိမ်ရှင်ကိုပဲ ကြိုက်မိပါတယ်။

အက်ဖ်အေဖလားပြန်ကန်ပွဲ ဘာရစ္စတောရိုဗာနိုင်ပြီး တတိယအကျော့တက်

ဘာရစ္စတောရိုဗာနှင့် ခရော်လီအသင်းတို့ အက်ဖ်အေဖလား ဒုတိယအကျော့ ပြန်ကန်ပွဲအဖြစ် ယှဉ်ပြိုင်ကစားခဲ့ရာ ဘာရစ္စတောက နောက်ကျဂိုးနှစ်ဂိုးသွင်းပြီး အနိုင်ရရှိသွားခဲ့သည်။ ဘာရစ္စတောရိုဗာအသင်းမှ ရစ်ချတ်က ပွဲပြီးရန် ခုနစ်မိနစ်အလို မြေမကျဘောဖြင့် ပထမပိုင်းတွင် ခေါင်းတိုက်ဂိုးသွင်းယူခဲ့သော ပရိုတာ၏ ဂိုးကို ချေပခဲ့သည်။ ဘာရစ္စတောရိုဗာအတွက် အနိုင်ဂိုးကိုမူ လေလွင့်ချိန်တွင် ဂွန်ဂျီးအိုတိုးလီက သွင်းယူခဲ့သည်။ ရိုဗာတို့ ယင်းပွဲအနိုင်ရလိုက်သဖြင့် လာမည့် ဗုဒ္ဓဟူးနေ့တွင် တတိယအကျော့အဖြစ် ဘာမင်ဂမ်နှင့် အဝေးကွင်းကစားရမည်ဖြစ်သည်။

မန်စီးတီးဂိုးပြတ်နိုင်

ကက်ပီတယ်ဝမ်းအကြိုဗိုလ်လုပွဲ ပထမအကျော့အဖြစ် မန်စီးတီးနှင့် ဝက်စ်ဟမ်းတို့ယှဉ်ပြိုင်ကစားခဲ့ကြရာ မန်စီးတီးက ဂိုးပြတ်နိုင်ပြီး ဒုတိယအကျော့ကို ဦးဆောင်ကစားလိမ့်မည်ဖြစ်သည်။ အိမ်ရှင်မန်စီးတီးအတွက် နီဂရီဒိုက ဟက်ထရစ်ဂိုးသွင်းပြီး ဒီဇီကိုက နှစ်ဂိုးနှင့်ယာယာတိုရေးက တစ်ဂိုးသွင်းယူပေးခဲ့သည်။ ဝက်စ်ဟမ်း ပရိသတ်များအနေဖြင့် မန်စီးတီးကို ဂိုးပြတ်ရှုံးနိမ့်ခဲ့၍ နည်းပြဆန်အလာဒိုက်စ်ကို ဒေါသထွက်လျက်ရှိသည်။ မန်စီးတီးကစားသမား နီဂရီဒိုသည် ယခုနှစ်ရာသီအတွင်း အိမ်ကွင်း ၁၅ ပွဲတွင် ၁၉ ဂိုးသွင်းယူပေးနိုင်ခဲ့သည်။ ၎င်းသည် ပထမပိုင်းတွင် မန်စီးတီးအတွက် နှစ်ဂိုးသွင်းယူပြီး ဒုတိယပိုင်းတွင် တစ်ဂိုးသွင်းယူခဲ့သည်။

အက်စတွန်ဗီလာကစားသမားဟောင်း ဂေး တစ်ဦးဖြစ်ကြောင်းထုတ်ဖော်ကြေညာ

အက်စတွန်ဗီလာ ကွင်းလယ်ကစားသမားဟောင်း သောမတ်စ်ဟစ်ဇ်စပါဂါက ၎င်းသည် ဂေး တစ်ဦးဖြစ်ကြောင်း ထုတ်ဖော်ပြောကြားလိုက်သည်။ အသက် ၃၁ နှစ်ရှိ ဟစ်ဇ်စပါဂါသည် ဂျာမနီအသင်းနှင့်အတူ ၅၂ ပွဲအနိုင်ရအောင် ကစားပေးခဲ့သူဖြစ်သည်။ ၎င်းသည် ဝက်စ်ဟမ်းနှင့် အဲဗာတန်တို့တွင်လည်း ကစားခဲ့သူဖြစ်သည်။ နာမည်ကြီးဘောလုံးကစားသမား ဟစ်ဇ်စပါဂါက ၎င်းသည် ဂေးဖြစ်ကြောင်း ဒိုင်ဇစ်သတင်းစာသို့ ပြောကြားသည်။ ၎င်းသည် ဘောလုံးကစားသမားဘဝမှ စက်တင်ဘာလတွင် အနားယူခဲ့သူဖြစ်သည်။ ၂၀၁၃ ခုနှစ် ဖေဖော်ဝါရီလက အမေရိကန်နှင့် လိဂ်ယူနိုက်တက် တောင်ပံကစားသမားဟောင်း ရော်ဘီရော်ဂျာကလည်း ၎င်းသည် ဂေးဖြစ်သည်ဟု ကြေညာခဲ့သည်။

ကောင်းမြတ်သူ-စုစည်းသည်

ဌာနဆိုင်ရာကြေညာချက်နှင့် ကြော်ငြာ

ပို့ဆောင်ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆပ်ကော်မတီ (Delivery Unit)သို့ မေးမြန်းအကြံပြုချက်များအပေါ် သက်ဆိုင်ရာဌာနများ၏ ဆောင်ရွက်ချက်များအား ထုတ်ပြန်ကြေညာခြင်း

ယမန်နေ့မှအဆက်

ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာနနှင့် ပတ်သက်၍ မေးမြန်းမှုအပေါ် ဆောင်ရွက်မှုအခြေအနေများ

၁။ ဇီးကုန်းမြို့နယ် ညောင်စင်ကျေးရွာတွင် GSM တာဝါတိုင်တစ်တိုင်အား Solar Power ဖြင့် တည်ဆောက်တပ်ဆင်ပေးပါရန်နှင့် ဇီးကုန်း အော်တိုအိတ်ချိန်းတွင် ADSL DSLAM တပ်ဆင်ပေးပါရန် မေးမြန်းချက်နှင့် ပတ်သက်၍ ပဲခူးတိုင်းဒေသကြီး (အနောက်ပိုင်း)တွင် ယခုဘဏ္ဍာရေးနှစ်အတွင်း တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့်ညှိနှိုင်း၍ ထပ်မံတိုးချဲ့တည်ဆောက်ရန်လျာထားသည့် GSM စခန်းခြောက်ခုတွင် ဇီးကုန်းမြို့နယ် ဘုရားကြီး၌ တစ်ခုတည်ဆောက်ပေးသွားရန် လျာထားရာ ယခုတင်ပြသည့် ညောင်စင်ကျေးရွာတွင် စခန်းတစ်ခု ထပ်မံတည်ဆောက်နိုင်ရေး လာမည့်နှစ်များတွင် ထပ်မံလျာထားဆောင်ရွက်သွားပါမည်။ ADSL စနစ်အား သက်ဆိုင်ရာဘဏ္ဍာနှစ်အလိုက် ခရိုင်၊ မြို့ကြီးများအားလုံးတွင် ဦးစားပေး တပ်ဆင်၍ ယင်းနောက်ကျန်မြို့နယ်များတွင် တပ်ဆင်ပေးသွားရန် လျာထားဆောင်ရွက်လျက်ရှိရာ ဇီးကုန်းမြို့တွင်လည်း တပ်ဆင်နိုင်ရေး လျာထားဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် ပတ်သက်၍ မေးမြန်းမှုအပေါ် ဆောင်ရွက်မှုအခြေအနေများ

၁။ ပေါက်ခေါင်းမြို့နယ် ပြည်- ပေါက်ခေါင်း- အုတ်တွင်းလမ်းပေါ်ရှိ မိုင်တိုင်အမှတ် (၃၈/၂-၃၈/၃)အတွင်းရှိ တံတားသည် လွန်ခဲ့သောနှစ်ပေါင်းများစွာက တည်ဆောက်ခဲ့သော သံပေါင်ဘေလီ သစ်သားတံတားဖြစ်ပါသည်။ တံတားပေါ်တွင် ကားကြီးများ ဖြတ်သန်းလျက် အသွားအလာများသော တံတားတစ်စင်းဖြစ်ပြီး ကားဖြတ်သန်းစဉ် ယိမ်း၍ အန္တရာယ်ရှိသောကြောင့် သံကူကွန်ကရစ်တံတား ဆောင်ရွက်ပေးပါရန် မေးမြန်းချက်နှင့် ပတ်သက်၍ ပြည်-ပေါက်ခေါင်း-အုတ်တွင်းလမ်းပေါ်ရှိ မိုင်တိုင်အမှတ် (၃၈/၂-၃၈/၃) ကြားရှိ တံတားအမှတ်(၁/၃၉) ညောင်ဝန်းတံတားသည် ဘေလီတံတား ဖြစ်ပြီး ပေ ၁၉၀ ရှည်လျားပါသည်။ ၎င်းတံတားအား ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် (RC) အမြဲတမ်း သံကူကွန်ကရစ်တံတားအဖြစ် တည်ဆောက်နိုင်ရန် ရန်ပုံငွေထည့်သွင်းတင်ပြ တောင်းခံထားပါကြောင်း ပြန်လည်ဖြေကြားပါသည်။

၂။ မင်းလှမြို့ မင်းလှ-စိန်ကန့်လန့်-မြို့ချောင်း-ကျွန်းကုန်းလမ်းအား ရာသီမရွေး သွားလာနိုင်သောလမ်းအဖြစ် ဆောင်ရွက်ပေးရန်ကိစ္စနှင့် ပတ်သက်၍ မင်းလှ-စိန်ကန့်လန့်-မြို့ချောင်း-ကျွန်းကုန်းလမ်းသည် သာယာဝတီခရိုင် မင်းလှမြို့နယ်နှင့် ပဲခူးခရိုင် ကျောက်တံတားမြို့နယ်သို့ ဆက်သွယ်ထားသော ရိုးမဖြတ်ကျော်လမ်းဖြစ်ပါသည်။ နှစ်အလိုက် ရန်ပုံငွေများသတ်မှတ်တောင်းခံပြီး ကတ္တရာအဆင့်သို့ရောက်အောင် ဆက်လက်ဆောင်ရွက်သွားပါမည်ဖြစ်ကြောင်း ဖြေကြားပါသည်။

၃။ လက်ပံတန်းမြို့ လက်ပံတန်း-ဟသ်ာတမဟာဗျူဟာကားလမ်းမ ကြီး လမ်းမိုင် ၂၀ မိုင် ၂ ဖာလုံအား ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွင်း ကျန်ရှိသော လမ်းမိုင်များနှင့် ဘေလီတံတားများအား ကတ္တရာလမ်းနှင့် သံကူကွန်ကရစ်တံတားများအဖြစ် လမ်းမိုင်အားလုံး ပြီးစီးနိုင်ရေး ဆောင်ရွက်ပေးပါရန် မေးမြန်းချက်နှင့် ပတ်သက်၍ လက်ပံတန်း-ဟသ်ာတလမ်းသည် မိုင် ၂၀၊ ၂ ဖာလုံရှည်လျားပြီး ၂၀၁၅-၂၀၁၆ ခုနှစ်အတွင်းတွင် ကတ္တရာလမ်းအဆင့်သို့ ၇ မိုင် ၆ ဖာလုံနှင့် ဘေလီတံတားအား ကွန်ကရစ်တံတားအဆင့်သို့ တိုးမြှင့်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ဖြေကြားပါသည်။

၄။ ဝေါမြို့နယ်တံတား၏ အလယ်ခန်းမှာ သံပေါင်ရက်မခံ ကွန်ကရစ်တံတားဖြစ်နေပါသဖြင့် ယာဉ်ကြီးများသွားလာသည့်အခါ တုန်ခါနေခြင်းကြောင့် ကွန်ကရစ်ရက်မအဖြစ် အစားထိုးပြုပြင် တည်ဆောက်ပေးပါရန် မေးမြန်းချက်နှင့် ပတ်သက်၍ ဝေါမြို့လယ်တံတား၏ အလယ်ခန်းအတွက် ကွန်ကရစ်ရက်မအဖြစ် အစားထိုးပြုပြင်နိုင်မှုကို ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ နေပြည်တော်နှင့် ကွင်းဆင်းလေ့လာ ညှိနှိုင်းဆွေးနွေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

ပို့ဆောင်ရေးဝန်ကြီးဌာနနှင့် ပတ်သက်၍ မေးမြန်းမှုအပေါ် ဆောင်ရွက်မှုအခြေအနေများ

၁။ ဟဲဟိုးလေဆိပ်သည် ပြည်တွင်း၊ ပြည်ပ ခရီးသည်များဖြင့် စည်ကားနေ၍ ရေမိလ္လာစနစ် အနံ့အသက်များကင်းစင်ပြီး အဆင့်မြှင့်ဆောင်ရွက်ပေးစေလိုခြင်းကိစ္စနှင့် ပတ်သက်၍ မေးမြန်းချက်နှင့် ပတ်သက်၍ လက်ရှိဟဲဟိုးလေဆိပ်တွင် VIP ခန်းနှစ်ခန်း၊ Main Lobby တစ်ခန်း၊ Arrival Lounge တစ်ခန်း စုစုပေါင်း အခန်းငါးခန်းရှိပြီး ၎င်းအခန်းများတွင် သန့်စင်ခန်းအနေဖြင့် အမျိုးသားသန့်စင်ခန်း ကိုးခန်း၊ အမျိုးသမီးသန့်စင်ခန်း ၁၂ ခန်းရှိပြီး သန့်ရှင်းရေးဝန်ထမ်း ကိုးဦးဖြင့် သန့်ရှင်းရေး လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။ ရေမိလ္လာစနစ် အနံ့အသက်များ ပိုမိုကင်းစင်စေရန်အတွက် ၂၀၁၃ ခုနှစ် နိုဝင်ဘာတွင် Departure waiting Lounge ၌ သန့်စင်ခန်း သုံးခန်း ထပ်မံတည်ဆောက်မည်ဖြစ်ပြီး ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် သန့်စင်ခန်း ၁၂ ခန်း ထပ်မံတည်ဆောက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

ရထားပို့ဆောင်ရေးဝန်ကြီးဌာနနှင့် ပတ်သက်၍ မေးမြန်းမှုအပေါ် ဆောင်ရွက်မှုအခြေအနေများ

၁။ လင်းခေးမြို့သည် ခရိုင်ရုံးစိုက်ရာမြို့ဖြစ်ပြီး မော်တော်ယာဉ်၊ ထော်လာဂျီဆိုင်ကယ်များ အသုံးပြုမှု နှစ်စဉ်တိုးတက်လျက်ရှိသဖြင့် ယာဉ်/လူလိုင်စင်ပြုလုပ်ခြင်း၊ ယာဉ်သက်တမ်းတိုးခြင်းလုပ်ငန်းများကို အဆင်ပြေစွာဆောင်ရွက်နိုင်ရေးအတွက် ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန (ခရိုင်ရုံး) ဖွင့်လှစ်နိုင်ပါရန် မေးမြန်းချက်နှင့် ပတ်သက်၍ ရှမ်းပြည်နယ်ရုံး(တောင်ကြီး)အနေဖြင့် ရှမ်းပြည်နယ်(တောင်ပိုင်း) မှတ်ပုံတင်လုပ်ငန်းများကို တာဝန်ယူဆောင်ရွက်ရာတွင် ရှမ်းပြည်နယ်ရုံး(တောင်ကြီး)၊ ပြည်နယ်ရုံးခွဲ(အောင်ပန်း)နှင့် ခရိုင်ရုံး(လွိုင်လင်)ရုံးသုံးရုံး ဖွင့်လှစ်၍ စုစုပေါင်း ယာဉ်စီးရေ ၁၃၁၀၇ စီး၊ မော်တော်ဆိုင်ကယ် ၁၉၉၀၆၆ စီး စုစုပေါင်း ယာဉ်မောင်းလိုင်စင် ၁၁၂၃၈၁ စောင်ကို တာဝန်ယူဆောင်ရွက်ပေးလျက်ရှိသည်။ ထိုသို့ဆောင်ရွက်ရာတွင် အုပ်ချုပ်မှုအရ ဖွဲ့စည်းထားသော မြို့နယ်များနှင့် ခရိုင်များတွင် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ ရုံးများမရှိသည့်အတွက် လုပ်သားပြည်သူများ အဆင်ပြေချောမွေ့စေရန် နယ်လှည့်မှတ်ပုံတင်လုပ်ငန်းများ ဆောင်ရွက်ပေးခဲ့သည်။ လင်းခေးခရိုင်၌ ၂၀၁၁ ခုနှစ်တွင် တစ်ကြိမ်၊ ၂၀၁၂ ခုနှစ်တွင် တစ်ကြိမ်၊ ၂၀၁၃ ခုနှစ်တွင် နှစ်ကြိမ် ဆောင်ရွက်ပေးနိုင်ခဲ့ပြီး ယာဉ်စီးရေ ၅၉၃ စီး၊ ယာဉ်မောင်းလိုင်စင် ၆၉၉ စောင်ကို မှတ်ပုံတင်လုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။ ပြည်သူလူထုမှ အခက်အခဲမရှိဘဲ မှတ်ပုံတင်လုပ်ငန်းများဆောင်ရွက်နိုင်ရေးအတွက် နယ်လှည့်သွားရောက်မည့်ရက်မတိုင်မီ ကြိုတင်ကြော်ငြာပေးလျက်ရှိပြီး သက်တမ်းပြတ်ယာဉ်နှင့် ယာဉ်မောင်းလိုင်စင်များ မဖြစ်စေရေးအတွက် လိုအပ်ပါက အကြိမ်ရေတိုးမြှင့်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ဖြေကြားအပ်ပါသည်။

(ဆက်လက်ဖော်ပြပါမည်)

မြို့နယ်အဆင့် ၂၀၁၃-၂၀၁၄ ပညာသင်နှစ် ထူးချွန်ဆုများ ချီးမြှင့်

နေပြည်တော် ဇန်နဝါရီ ၈

နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ် ၂၀၁၃-၂၀၁၄ မြို့နယ်အဆင့် ပညာသင်နှစ် ထူးချွန်ဆုများချီးမြှင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၅ ရက် နံနက် ၁၀ နာရီက အမှတ်(၁၃) အခြေခံပညာ အထက်တန်းကျောင်း ကျောင်းခန်းမ၌ ကျင်းပရာ အခမ်းအနားကို အမှတ်(၃) အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများက မြန်မာ့ကျောင်းသီချင်းဖြင့် သီဆိုဖျော်ဖြေ၍ အခမ်းအနားကို ဖွင့်လှစ်ခဲ့သည်။

ဆက်လက်ပြီး နေပြည်တော် ပညာရေး ညွှန်ကြားရေးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးအောင်ကျော်စိုးက အမှာစကားပြောကြားပြီး မြို့နယ်ပညာရေးမှူး ဦးလှသောင်းက ထူးချွန်ဆုများ ချီးမြှင့်ပွဲနှင့် ပတ်သက်၍ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် ၂၀၁၃-၂၀၁၄ မြို့နယ်အဆင့် ထူးချွန်ဆုရရှိသော ကျောင်းသား ကျောင်းသူများကို ဒုတိယညွှန်ကြားရေးမှူး ဦးအောင်ကျော်စိုးနှင့် တာဝန်ရှိသူများက ဆုရရှိသော ကျောင်းသား ကျောင်းသူများအား ဆုများချီးမြှင့်ပေးခဲ့ကြောင်း သိရသည်။ **(ယာပုံ)**

သူဇာလှိုင်(စက်မှု)

ရွှေ့ပြောင်းသွားလာ ဘေးကင်းကြာ သိမှတ်စရာ ကြိုတင် လေ့လာပါ

ဘဏ္ဍာရေးဝန်ကြီးဌာန
ပြည်တွင်းအခွန်များဦးစီးဌာန
ပြည်တွင်းအခွန်များဦးစီးဌာနက ရောင်းချလျက်ရှိသည့် ရုံးခွန်နှင့် အခွန်တံဆိပ်ခေါင်းများအား လွယ်ကူလျင်မြန်စွာ ဝယ်ယူနိုင်ရန်အတွက် တိုးချဲ့ဖြန့်ဖြူးရောင်းချပေးလျက်ရှိကြောင်း

ကြေညာချက်ထုတ်ပြန်ခြင်း

၁။ တရားဝင်စာချုပ်စာတမ်းများ ချုပ်ဆိုရာတွင် အသုံးပြုသည့် အခွန်တံဆိပ်ခေါင်းများနှင့် တရားစီရင်မှုအပိုင်း၌ အသုံးပြုရန်လိုအပ်သော ရုံးခွန်တံဆိပ်ခေါင်းတို့ကို တံဆိပ်ခေါင်းတန်ဖိုးအလိုက် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာနက နိုင်ငံတစ်ဝန်းလုံးရှိ မြို့နယ်အခွန်ဦးစီးဌာနမှူးရုံးများတွင် ဖြန့်ဖြူးရောင်းချပေးလျက်ရှိသည့်အပြင် ရန်ကုန်မြို့၊ အမှတ် က(၁၇)၊ ၃၆လမ်း၊ အလယ်ဘလောက်၊ ကျောက်တံတားမြို့နယ်နှင့် ရုံးအမှတ်(၄၆)၊ နေပြည်တော်တို့တွင် ဗဟိုတံဆိပ်ခေါင်း အရောင်းကောင်တာ(၂)ခုဖြင့် ဖွင့်လှစ်ရောင်းချပေးလျက်ရှိပါသည်။

၂။ ထိုသို့ရောင်းချရာတွင် အမှန်တကယ်လိုအပ်လျက်ရှိသော မိဘပြည်သူများ ယခင်ကထက် ပိုမိုလွယ်ကူလျင်မြန်စွာဝယ်ယူရရှိနိုင်ရန်အတွက် လက်ရှိရောင်းချနေသော မြို့နယ်အခွန်ဦးစီးဌာနမှူးရုံးများ၊ ရန်ကုန်နှင့် နေပြည်တော် ဗဟိုတံဆိပ်ခေါင်းအရောင်းကောင်တာများအပြင် နိုင်ငံတစ်ဝန်းလုံးရှိ မြန်မာ့စီးပွားရေးဘဏ်ခွဲများတွင် အောက်ဖော်ပြပါ အခွန်တံဆိပ်ခေါင်းနှင့် ရုံးခွန်တံဆိပ်ခေါင်းများကို ၂၀၁၄ခုနှစ် ဇန်နဝါရီ ၂ရက်မှစတင်၍ တန်ဖိုးကျပ် ၁၀၀၀ နှင့် ကျပ် ၁၀၀၀ အောက်ရှိ အခွန်တံဆိပ်ခေါင်း၊ ရုံးခွန်တံဆိပ်ခေါင်းများကို ရုံးချိန်အတွင်း ထပ်မံတိုးချဲ့ရောင်းချပေးလျက်ရှိပါကြောင်း အသိပေးကြေညာအပ်ပါသည်-

အခွန်နိုပ်	(၈)မျိုး	၁၀ဝိ/-၂၀ဝိ/-၂၅ဝိ/-၃၀ဝိ/-၄၀ဝိ/-၅၀ဝိ/-၆၀ဝိ/-၁၀၀ဝိ/-
အခွန်ကပ်	(၁)မျိုး	၅ိ/-
ရုံးခွန်နိုပ်	(၇)မျိုး	၁၀ဝိ/၁၅ဝိ/-၂၀ဝိ/-၂၅ဝိ/-၃၀ဝိ/-၅၀ဝိ/-၁၀၀ဝိ/-
ရုံးခွန်ကပ်	(၉)မျိုး	၁၀ဝိ/-၁၅ဝိ/-၂၀ဝိ/-၃၀ဝိ/-၄၀ဝိ/-၅၀ဝိ/-၆၀ဝိ/-၈၀ဝိ/-၁၀၀ဝိ/-
အထူးကပ်	(၆)မျိုး	၁၀ဝိ/-၂၀ဝိ/-၃၀ဝိ/-၅၀ဝိ/-၆၀ဝိ/-၁၀၀ဝိ/-

ပြည်တွင်းအခွန်များဦးစီးဌာန

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်းအတွက်
တင်ဒါပုံစံရောင်းချမည့်ရက်နှင့် တင်ဒါလျှောက်လွှာပေးပို့ရန်ရက်များကို

သက်တမ်းတိုးမြှင့်ပြင်ဆင်ပြောင်းလဲခြင်း

၁။ ၅-၁-၂၀၁၄ရက်နှင့် ၆-၁-၂၀၁၄ရက် မြန်မာ့အလင်းသတင်းစာနှင့် ၄-၁-၂၀၁၄ရက်နှင့် ၅-၁-၂၀၁၄ရက် ကြေးမုံသတင်းစာများတွင် ထည့်သွင်းကြေညာခဲ့သော သတ္တုတွင်းဝန်ကြီးဌာန၊ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း၏ ကြီးကြပ်မှုဖြင့် မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းချုပ်က တာဝန်ယူဆောင်ရွက်မည်ဖြစ်သော ရွှေကြာပင်ကျောက်မျက်ရတနာအချောထည်ဈေးဖုန်အတွင်း One Stop Service Center (နေပြည်တော်)အဆောက်အအုံနှင့် ကျောက်မျက်ရတနာ သင်တန်းကျောင်း ဆောက်လုပ်မှု တင်ဒါခေါ်ယူခြင်းအတွက် ဆောင်ရွက်ရမည့်ရက်များကို အောက်ပါအတိုင်း သက်တမ်းတိုးမြှင့် ပြင်ဆင်ပြောင်းလဲပါသည်-

(က) **တင်ဒါပုံစံရောင်းချမည့်ရက်** - ၆-၁-၂၀၁၄ ရက်မှ ၂၄-၁-၂၀၁၄ ရက်အထိ (၁၀:၀၀)နာရီမှ (၁၆:၀၀)နာရီအထိ

(ခ) **တင်ဒါလျှောက်လွှာပေးပို့ရန် နောက်ဆုံးရက်နှင့်အချိန်** - ၃၁-၁-၂၀၁၄ ရက် (၁၆:၀၀)နာရီ

(ဂ) **တင်ဒါဖွင့်လှစ်မည့်ရက်နှင့်အချိန်** - ၃-၂-၂၀၁၄ ရက်၊ ၁၀:၀၀ နာရီ

၂။ တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို မြန်မာ့ကျောက်မျက်ရတနာပြတိုက် (နေပြည်တော်)ရှိ ကျောက်စိမ်းစီမံ/ထုတ်လုပ်ဌာနခွဲ၊ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းတွင် ရောင်းချပါမည်။

၃။ အသေးစိတ်သိရှိလိုပါက ကျောက်စိမ်းစီမံ/ထုတ်လုပ်ဌာနခွဲ၊ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း ဖုန်း-၀၆၇-၄၁၄၀၁၂ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းချုပ်

Turpentine Oil အဝယ်တင်ဒါ

၁။ **ဝယ်ယူမည့်ပစ္စည်းအမည်** - Turpentine Oil

၂။ **ဝယ်ယူမည့်အရေအတွက်** - ၁၁၀၀၀ ကီလို

၃။ **တင်ဒါပိတ်ရက်နှင့်အချိန်** - ၁၆-၁-၂၀၁၄ ရက် ညနေ ၄:၀၀ နာရီ

၄။ **တင်ဒါပေးသွင်းရမည့်စက်ရုံ** - အမှတ်(၁) ဆေးဝါးစက်ရုံ(ရန်ကုန်)

တင်ဒါပုံစံနှင့်တင်ဒါစည်းကမ်းအသေးစိတ်အချက်အလက်များကို အောက်ဖော်ပြပါဌာနတွင် စုံစမ်းမေးမြန်းနိုင်ပါသည်။

ဆေးဝါးနှင့်စားသောက်ကုန်လုပ်ငန်း(ရုံးချုပ်)
ရုံးအမှတ် ၃၇၊ စက်မှုဝန်ကြီးဌာန၊ နေပြည်တော်၊
ဖုန်း-၀၆၇-၄၀၈၀၇၆၊ ၀၆၇-၄၀၈၃၅၄

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန
ရန်ကုန်နည်းပညာတက္ကသိုလ်
မွမ်းမံပြင်ဆင်ခြင်းလုပ်ငန်း၊ စက်ပစ္စည်းနှင့်ပရိဘောဂများအတွက်

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်နည်းပညာတက္ကသိုလ်တွင် အောက်ဖော်ပြပါလုပ်ငန်းများအတွက် အိတ်ဖွင့်တင်ဒါတင်သွင်းကြပါရန် ဖိတ်ခေါ်အပ်ပါသည်။

(က) ပြင်ဆင်ထိန်းသိမ်းရေးလုပ်ငန်းငါးခု

(ခ) စက်ပစ္စည်း (၂)မျိုး

(ဂ) ပရိဘောဂ (၈)မျိုး

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၁၀-၁-၂၀၁၄ရက်မှစ၍ ရုံးချိန်အတွင်း ရန်ကုန်နည်းပညာတက္ကသိုလ် (ကြို့ကုန်း)တွင် လာရောက်ထုတ်ယူနိုင်ပြီး ၁၄-၁-၂၀၁၄ရက် ညနေ ၄:၃၀နာရီ နောက်ဆုံးထား၍ တင်ဒါများတင်သွင်းရမည်။

၃။ အိတ်ဖွင့်တင်ဒါစည်းကမ်းများ၊ ဗီသုကာပုံစံနှင့် အသေးစိတ်အချက်အလက်များကို ရန်ကုန်နည်းပညာတက္ကသိုလ်(ကြို့ကုန်း) ဖုန်း-၆၅၁၇၁၇၊ ၀၉-၇၃၂၅၀၉၅၅ နှင့် ၆၅၁၇၂၁ တို့တွင် စုံစမ်းနိုင်ပါသည်။

ရန်ကုန်နည်းပညာတက္ကသိုလ်

အမည်မှန်

မိုးကောင်းမြို့နယ်၊ နမ္မတီး၊ သာယာ(၁)ရပ်ကွက်နေ ဦးမင်းနိုင်စိုး၏သမီး မစန်းမြစိုး ၁/မကတ(နိုင်)၀၆၈၂၇၀၏ အမည်မှန်မှာ မစန်းမြတ်မြတ်စိုး ဖြစ်ပါကြောင်း။

မစန်းမြတ်မြတ်စိုး

အမည်မှန်

ဘူးသီးတောင်မြို့နယ်၊ ပေါက်တောကျေးရွာနေ ဦးအောင်စိုးသိန်း ၁၁/ဘသတ(နိုင်)၀၁၅၈၂၄ ၏သမီး မမြသူဇာလှိုင်၏အမည်မှန်မှာ မမြတ်သူ ၁၁/ဘသတ(နိုင်) ၀၃၁၄၅၂ ဖြစ်ပါကြောင်း။

မမြတ်သူ

သင်တန်းကာလ မေ့မရ

ဒေါ်အိအိအေး စာကြည့်တိုက်မှူး (တာဝန်ခံ)

အချိန်က နံနက် ၅ နာရီ။ ရာသီဥတုကလည်း အေးလိုက်တာ၊ နေရာကတော့ ဇီးပင်ကြီး ဗဟိုဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်) မှာပေါ့။ နံနက်စောစော အိပ်ရာကထ ဆိုင်ကယ်စီးနိုင်အောင် မာဖလာပတ်ပြီး ဆိုင်ကယ်ဦးထုပ်ကို ဆောင်းကာ မထချင်သောအိပ်ရာမှ ထွက်လာခဲ့ရခြင်း ဖြစ်ပါတယ်။ ဩော်ပြောပြဖို့ တစ်ခုမေ့ကျန်ခဲ့သေးတယ်။ တကယ်တော့ ကျွန်မရဲ့မူလတာဝန်နဲ့ ရာထူးက စာကြည့်တိုက်မှူး (တာဝန်ခံ)ပါ။ အဲဒီတော့ ဘာဖြစ်လို့ စောစောအိပ်ရာကထပြီး ထွက်လာရလဲလို့ စိတ်ထဲမှာတွေးမိမှာပဲနော်။ လူတွေတစ်နေ့တာ လှုပ်ရှားဆောင်ရွက်တဲ့အခါမှာ လိုအပ်တဲ့ စွမ်းအင် အပြည့်အဝရရှိအောင် အစားကို ကောင်းမွန်စွာ စားသောက်ရမယ်ဆိုတာတော့ သိကြပါတယ်နော်၊ ကျွန်မရဲ့ ရာထူးတာဝန်နဲ့ မဆိုင်တဲ့အကြောင်းလို့မထင်လိုက်ပါနဲ့။ အဲဒီလို စားသောက်နေနိုင်အောင်ဆိုပြီး ကျွန်မတို့ ပါမောက္ခချုပ်ကြီးရဲ့ လမ်းညွှန်ချက်အရ သင်တန်းသား သင်တန်းသူတွေ စားသောက်တဲ့အခါမှာ ကောင်းမွန်စေဖို့ ကျွန်မတို့ ပြန်တမ်းဝင်အရာရှိတွေဟာ နံနက်စာ၊ နေ့လယ်စာနဲ့ ညစာတွေကို ကောင်းမွန်စွာ ချက်ပြုတ်ရဲ့လားဆိုတာကို စစ်ဆေးဖို့ တာဝန်ကျလို့ပဲဖြစ်ပါတယ်။ ဩော်ခေတ်ကာလကလည်း ပြောင်းလဲနေတော့ ပြောင်းလဲနေတဲ့ ခေတ်နဲ့အညီ ငါတို့ဗဟိုဝန်ထမ်း တက္ကသိုလ်ကလည်း ပြောင်းလဲနေပါလား။ ကျွန်မလုပ်သက် အနှစ် ၂၀ ကျော်ပါပြီ။ ဘယ်ဌာနမှာမှလည်း တာဝန်မထမ်းဖူးပါဘူး။ (ဖောင်ကြီး ဗဟိုဝန်ထမ်းတက္ကသိုလ်)မှာတော့ ခြောက်နှစ် လုပ်ခဲ့ဖူးပါတယ်။ ညီအစ်ကို ကျောင်းကြီးဆိုတော့ လုပ်ငန်းသဘာဝကလည်း အတူတူပါပဲ။

အခုလို အခြေခံကျတဲ့ သင်တန်းသားတွေ စားသောက်မယ့်ထမင်းဟင်းကို စစ်ရတာကို ကြားတောင်မကြားဖူးပါဘူး။ အမှတ်ပေးစနစ်ကလည်း လုပ်ထားတော့ ရိပ်သာက စားဖိုမှူးဆိုတာလည်း ဘာပြောကောင်းမလဲ သူ့ထက်ငါ ကောင်းအောင်ကြိုးစားဖြည့်စွက် ချက်ပြုတ်ကျွေးရတယ်။ အမှတ်နည်းလို့ကတော့ ဒီစားဖိုမှူးနောက်နှစ် (တခြားဌာန) စိမ်းစိုစိုက်ပျိုးရေးကိုသာ သွားပေတော့။ ဒီလိုလုပ်နေတော့ စစ်ဆေးရေး တာဝန်ကျတဲ့ကျွန်မက တစ်ခွဲဝင် တစ်ခွဲထွက် စားရိပ်သာက နံနက်စောစာဖြစ်တဲ့ လက်ဖက်ရည်၊ ပဲပြုတ်ထမင်း ဆီဆမ်းနဲ့ ငါးခြောက်ကျော်တို့ကို ကောင်းမကောင်းမြည်းပြီး အမှတ်ပေးရတယ်။

ဒီလိုနဲ့ ကျွန်မကိုယ်တိုင် အရာထမ်းအခြေခံသင်တန်း အမှတ်စဉ် (၃၈) ကို တက်ရောက်ဖို့ အလှည့်ကြုံလာခဲ့ပါပြီ။ သင်တန်းကာလကတော့ ၈-၅-၂၀၁၂ မှ ၁၀-၈-၂၀၁၂ နေ့ထိ သုံးလခွဲ အဲ့ဒီမှာလည်း သင်တန်းဝင်ကို အရင်က ကြာသပတေးဝင်ပြီး အင်္ဂါနေ့ဖွင့်တဲ့အစား စနေမှဝင်ပြီး အင်္ဂါနေ့ဖွင့်တော့ ကျွန်မတို့ သင်တန်းတက်မယ့် သင်တန်းသား သင်တန်းသူတွေအတွက် အချိန်လည်း ပိုရသွားတယ်လေ။ ဒီတစ်ခါတော့ ကျွန်မတို့ကံကောင်းသွားပြန်ပြီပေါ့။ ကျွန်မတို့ စနေနေ့ကို သင်တန်းစဝင်တော့ ကျွန်မက ဗဟိုဝန်ထမ်းတက္ကသိုလ်ကဆိုတာကို အဆောင်ဖော်တွေကို မပြောပြသေးဘူး။ ယူနီဖောင်းတွေ တော်မတော်ဝတ်ကြည့်တော့မှ ကျွန်မက ဒီနေရာကလူဆိုတော့ သူတို့ကို ကူညီပြီး ဝတ်ပြ၊ ကိုယ်တိုင်ခါးပတ်ပတ်ပေး၊ အင်္ကျီဝတ်ပေးလုပ်တော့မှ သူတို့က ကျွန်မကို ဗဟိုဝန်ထမ်းတက္ကသိုလ်ကမှန်းသိကြတယ်။ အဆောင်ဖော်တွေကလည်း စုံလို့၊ ကပ်လျက်က ဆေးသိပ္ပံ၊ ခြေရင်းက အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၊ ကျန်းမာရေးက လက်ထောက်ဆရာဝန်၊ မန္တလေးစည်ပင်သာယာရေး၊ ပြည်တွင်းအခွန်၊ နယ်စပ်ဒေသနှင့်တိုင်းရင်းသား ဖွံ့ဖြိုးရေးတက္ကသိုလ် စတဲ့ဌာနတွေပေါ့။ သင်တန်းကို အင်္ဂါနေ့မှာဖွင့်တယ်လေ။ ဖွင့်လျှင်ဖွင့်ချင်းနေ့ ညနေမှာ စစ်ရေးပြအခြေခံ သင်ခန်းစာစတယ်။ တန်းလည်း စနစ်တကျမစီတတ်၊ အဲ့ဒီနေ့ကျမှ တန်းကိုစနစ်တကျစစီတတ်တော့တာပဲ။ ကျွန်မက အကြောင်းအမျိုးမျိုးကြောင့် တစ်ခါမှ သင်တန်းမတက်ဖူးခဲ့ဘူးလေ။ အခုမှစတက်ရပြီး စတက်တဲ့နေ့မှာပဲ။ စနစ်တကျတန်းစီတတ်ပြီး ဌာနပေါင်းစုံက အပေါင်းအသင်းအသစ်ရရှိတဲ့အကျိုးကို စရတာပဲ။ အခုသင်တန်းဆင်းပြီးလို့ တစ်နှစ်ကျော်တာတောင် သူငယ်ချင်းတွေနဲ့ အဆက်အသွယ်မပြတ်သေးဘူး။ ကျွန်မတို့ သင်တန်းမှာ ပညာဌာနကြီး (၆)ခုက အဓိကသင်ကြားပေးတယ်။ စီမံခန့်ခွဲမှု ဘာသာရပ်သင်ကြားရခြင်းဖြင့် ဝန်ထမ်းများ ထမ်းဆောင်ရမည့်တာဝန်၊ စောင့်ထိန်းရမည့် ကျင့်ဝတ်နှင့်လိုက်နာရမည့် စည်းကမ်းများ၊ ဝန်ထမ်းရပိုင်ခွင့်နှင့် ပြစ်မှုပြစ်ဒဏ်များ၊ ခေါင်းဆောင်မှု၊ ကွန်ပျူတာ စတာတွေကို သိရှိခဲ့ရပါတယ်။ ဥပဒေဘာသာရပ်မှာလည်း အထူးဥပဒေကို သင်ကြားရတယ်။ ပုဒ်မနဲ့ ပြစ်ဒဏ်တွေကိုလည်း သင်တန်းတက်မှပဲ သိရတော့တယ်။ ဥပဒေက နိုင်ငံသားတွေကို ဘယ်လိုအခွင့်အရေးနဲ့ အကာကွယ်တွေ ပေးထားသလဲဆိုတာကိုလည်း အရင်က မသိခဲ့ဘူး။ ဒါတောင် ကျွန်မကိုယ်တိုင် ဗဟိုဝန်ထမ်းတက္ကသိုလ်ကနော်။ ကိုယ်နဲ့မဆိုင်ဘူးလို့ထင်တဲ့ ငွေစာရင်းထားသိုနည်းကို သင်ကြားကြရခြင်းနဲ့ သေနတ်ပါ ပစ်ခတ်ခွင့်ရခဲ့တယ်။ ကျည်ဆံအစစ်နဲ့ သေနတ်ပစ်ရတဲ့ အတွေ့အကြုံကိုတော့ အပျော်ဆုံးပဲ။ အရပ်သားဝန်ထမ်းအနေနဲ့ ဘယ်လိုလုပ် သေနတ်ပစ်ခွင့်ရှိပါ့မလဲ။ ဒီသင်တန်းတက်မှပဲ ပစ်ခတ်ခွင့်ရတာ၊ ယူတတ်ရင် အမြတ်ပေါ့။ ပြီးတော့ တပ်စု၊ တပ်ခွဲတွေနဲ့ အစုအဖွဲ့နဲ့နေထိုင်တတ်အောင်၊ စည်းလုံးညီညွတ်စွာ ပူးပေါင်းဆောင်ရွက်တတ်မှုတွေကိုလည်း ဒီသင်တန်းတက်တော့မှ အပ်ကျမတ်ကျ ကျွန်မတတ်တော့တယ်။ လူတွေကလည်းပေါင်းစုံ၊ ဌာနကလည်း ပေါင်းစုံဆိုတော့ ခံယူချက်တွေကလည်း အမျိုးမျိုးပဲ။ ဒါကြောင့် သည်းခံတတ်မှုလည်း ရှိလာတယ်။ ဒါတွေက ဘယ်နေရာရောက်ရောက် ဘာတွေလုပ်လုပ် လူတွေနဲ့ ဆောင်ရွက်ရတဲ့အခါ အဓိကတွေ့ကြုံရတဲ့လူသားအားလုံးအတွက် အခြေခံလိုအပ်ချက်တွေပဲဆိုတော့ သင်တန်းတက်တာ ကိုယ့်အတွက်တော့ အမြတ်ပါပဲ။ ဒီကြားထဲ နိုင်ငံတော်က သုံးလခွဲကို ယာယီတာဝန်ဖြင့် သင်တန်းတက်ရောက်ခွင့်ပြုခဲ့တဲ့အတွက် လစာကလည်း အပြည့်ရသေးတယ်လေ။ ဌာနက စိတ်ဖိစီးစရာတွေ၊ အလုပ်တွေကိုလည်း ထားခဲ့ရတော့ တကယ်ကို အနားယူရသလိုပဲ။ ဟင်းကလည်း မထပ်ရအောင် စားရတယ်။ ကိုယ့်အိမ်က ဟင်းတွေထည့်ယူလာပြီး စားလို့လည်းရတယ်။ အရင်က သင်တန်းတက်ခဲ့တဲ့လူတွေဆိုရင် ဟင်းကို ထမင်းအောက်မှာ ဆရာမလာခင် ဝှက်ထားရတာ။ အခုတော့အေးအေးဆေးဆေးပဲ။ အိမ်မှာဆို ဒီနေ့ ဘာဟင်းချက်စားရမလဲ တွေးနေရသေးတယ်။ စားပြီးသားပန်းကန်တောင် မဆေးရတော့ ငြိမ်းသလားမမေးပါနဲ့။ လူလည်း ပေါင်ချိန်တွေလည်း တိုးလာတယ်။ စာမေးပွဲစနစ်ကတော့ရှိသေးတယ်။ စာမေးပွဲမှာတော့ သေသေချာချာ ကျက်ရတယ်။ ဘာလို့လဲဆိုတော့ ဖြေပြီးသား ဘာသာရမှတ်တွေကို သင်တန်းမှာ ကြေညာတယ်လေ။ ခေတ်က ပွင့်လင်းမြင်သာမှုတွေရှိလာတာကိုး။ အမှတ်တွေပေါင်းပြီး ဝေဖန်ရေးတွေ၊ လေကန်ရေးတွေတော့ လုပ်ကြတာပေါ့။

အဝတ်အစားကလည်း တူညီဝတ်စုံကို ဗဟိုဝန်ထမ်းတက္ကသိုလ်က ခေါင်းကနေ ခြေဖျားထိဆင်ထားတာဆိုတော့ ကိုယ့်အဆောင်ပတ်ဝန်းကျင်ကို သန့်ရှင်းရေးလုပ်ရင် ကျောင်းကထုတ်ပေးတဲ့ ယူနီဖောင်း၊ ဖိနပ်နဲ့ အားမနာတမ်းလုပ်တာဆိုတော့ လုံချည်၊အင်္ကျီအကုန်သက်သာတယ်။ ကျောင်းကထုတ်ပေးတဲ့ဝတ်စုံဝတ်ထားတော့ သင်တန်းသား သင်တန်းသူအားလုံး တစ်ပုံစံတည်းပဲ။ တစ်ယောက်နဲ့တစ်ယောက် ဖေးမကူညီမှု၊ ရိုင်းပင်းမှုတွေ အပြည့်နဲ့ပဲ။ ကျွန်မတို့သင်တန်းဆင်းရမယ့် ၁၀-၈-၂၀၁၂ ရက်ကို ရောက်လာတော့တယ်။ ခွဲခါနီးလာပြီဆိုတော့ သူငယ်ချင်းအားလုံးကို မခွဲချင်တော့ဘူး။ ကျွန်မက ပိုဆိုးတာပေါ့။ သူတို့အားလုံးနှုတ်ဆက်ပြီး ကျွန်မကိုထားခဲ့မှာလေ။ အားလုံးနီးပါးက မခွဲချင်တာနဲ့ သင်တန်းတက်တုန်းကတော့ အားလုံးက ကလေးတွေလိုပဲ နေထိုင်ခဲ့ကြပြီး အလုပ်ပြန်ဝင်ရမှာဆိုတော့ အလုပ်ထဲစိတ်ပြန်သွင်းရမယ်ဆိုတော့ တစ်ချိန်ကျောင်းပြီးခါစ အလုပ်လုပ်ရတဲ့စိတ်မျိုး ခံစားရပြန်တယ်လေ။ ဒါပေမယ့် အချိန်တန်တော့လည်း ခွဲခွာခဲ့ကြရတော့တာပေါ့။

အခုတော့ ကျွန်မအလုပ်မှာ ကျွန်မရဲ့လက်အောက်ငယ်သားတွေနဲ့ အပေါင်းအသင်းတွေအပေါ်ကို တော်တော်လေးသည်းခံတတ်တဲ့ အကျင့်လေးတော့ စွဲသွားတယ်။ တော်တန်ရုံနဲ့စိတ်မဆိုးတတ်တော့ဘူး။ ရိုင်းပင်းကူညီတတ်တဲ့စိတ်ထားလေးလည်း စွဲကျန်ခဲ့တယ်။ အလုပ်မှာလည်း သင်တန်းတုန်းက သင်ပေးလိုက်တဲ့သီအိုရီကို အလုပ်မှာ ပြန်လည်လက်တွေ့လုပ်ဆောင်ခြင်းဖြင့် ကျွန်မရဲ့လုပ်ငန်းကို အရှိန်အဟုန်နဲ့ ဆောင်ရွက်ရင်း၊ သူငယ်ချင်းတွေနဲ့ အဆက်အသွယ်လုပ်ရင်း၊ သူငယ်ချင်းတွေကလည်း ဇီးပင်ကြီးနဲ့ ကျွန်မကိုတွဲပြီးသတိရလို့ ဖုန်းဆက်ကြရင်း၊ ဘဝအတွက်အဓိပ္ပာယ်ရှိတယ်၊ အကျိုးပြုသော ဘဝတက္ကသိုလ်ကြီး တက်ရောက်ခဲ့မှုကို အမြဲသတိရနေပါတယ်။ သူငယ်ချင်းတွေကလည်း သူတို့ဌာနက မိတ်ဆွေတွေ သင်တန်းလာရင်ကျွန်မနဲ့မိတ်ဆက်ပေး၊ ကျွန်မက သူတို့ဌာနသွားရင်လည်း ဘာကူညီရမလဲနဲ့ သိပ်ကိုချစ်ခင်ကြတဲ့ သူငယ်ချင်းများရရှိလာပါတယ်။ ငွေနဲ့ ဝယ်ယူလို့မရတဲ့ အဖိုးတန်အတွေ့အကြုံတွေကတော့ ကျွန်မဘဝမှာ မမေ့နိုင်သော ကြည်နူးစရာ သင်တန်းတက်ရတဲ့ အတွေ့အကြုံကလေးတွေအဖြစ် တစ်သက်တာ ကျန်ရှိနေတော့မှာပဲ ဖြစ်ပါတော့တယ်။ ။

ဗုဒ္ဓပါဒခြေတော်ရာ မဟာဗောဓိစေတီတော် အနေကဇာတင်နှင့် စိန်ဖူးတော်တင်လှူပွဲကျင်းပမည်

ရသေ့တောင် ဇန်နဝါရီ ၉

ရခိုင်ပြည်နယ် ရသေ့တောင်မြို့ နယ် ဗုဒ္ဓပါဒခြေတော်ရာမဟာဗောဓိခြေတော်ရာ သီရိလင်္ကာစွယ်တော်ပွားနှင့်ဘုရားရဟန်းတော်ဓာတ်တော်များပူဇော်ပွဲ မဟာဗောဓိစေတီတော်မြတ်အား ဗုဒ္ဓါဘိသေကအနေကဇာတင်လှူပွဲနှင့် စိန်ဖူးတော်တင်လှူပူဇော်ပွဲကို ပြည်တွင်းပြည်ပဗုဒ္ဓသာသနာပြု အလိုတော်ပြည့်ဆရာတော်ဒေါက်တာအရိယာဝံသဦးဆောင်မှုဖြင့် ဇန်နဝါရီ ၁၁ ရက်မှ ၁၅ ရက်အထိ ငါးရက်တိုင်တိုင်ကျင်းပမည်ဖြစ်သည်။ ပွဲတော်ကာလအတွင်း ရခိုင်ပြည်လုံးဆိုင်ရာဟိန္ဒူဗုဒ္ဓဘာသာအဖွဲ့မှ နာဂပူဇော်ပွဲကျင်းပခြင်း ဘုရားဓာတ်တော်နှင့်ရဟန်းတော်ဓာတ်တော်များကို ဓာတုပူဇနိယပွဲတော်ကျင်းပခြင်း၊ သံဃာတော်အပါး ၅၀၀တို့၏ ဗုဒ္ဓါဘိသေကအနေကဇာတင်ပူဇော်ခြင်း ကျပ်သိန်း ၂၀၀ တန်ဖိုးရှိစိန်ဖူးတော်ကို တင်လှူပူဇော်ခြင်းအပြင် ရုပ်ရှင်သရုပ်ဆောင်မင်းသား မင်းသမီးများနှင့်အဆိုတော်များ၏ဖျော်ဖြေတင်ဆက်ခြင်း၊ ဇာတ်သဘင်ပွဲများ၏ ညလုံးပေါက်ကပြဖျော်ဖြေပွဲများဖြင့် စည်ကားစွာကျင်းပမည်ဖြစ်ကြောင်း သိရသည်။

ညသူ

ဗလငါးတန်
ဖွံ့ဖြိုးဖို့
စာအုပ်စာပေ
လေ့လာစို့

မြန်မာ့ဆိပ်ကမ်းအာဏာပိုင်
အိတ်ဖွင့်လေလံကြော်ငြာ

၁။ ပင်လယ်ကူးသင်္ဘောကြီးများမှ ဆီဆိုး/ဆီဟောင်း (Sludge Oil) များအား မျက်မြင်အခြေအနေအတိုင်း အိတ်ဖွင့်တင်ဒါစနစ်ဖြင့် လေလံတင် ရောင်းချမည်ဖြစ်၍ အဆိုပြုတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ **အိတ်ဖွင့်လေလံပြုလုပ်မည့်နေ့ရက်** - ၂၁-၁၂၀၁၄ရက်(အင်္ဂါနေ့)
အချိန် - ၁၂း၃၀ နာရီ

၃။ အိတ်ဖွင့်လေလံပုံစံနှင့် စည်းကမ်းချက်များကို မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၊ စက်မှုအင်ဂျင်နီယာဌာန၊ သိမ်ဖြူသင်္ဘောကျင်း(စီမံရေးနှင့်လုပ်ငန်းဌာနခွဲ)ကမ်းနားလမ်း၊ ဆိပ်ကမ်းမြို့နယ်၊ ရန်ကုန်မြို့တွင် ၁၀-၁-၂၀၁၄ရက်မှစ၍ ရုံးချိန်အတွင်း ဆက်သွယ်ဝယ်ယူနိုင်ပြီး သိရှိလိုသောအချက်များရှိပါက ဖုန်း-၀၁-၈၆၁၀၂၁၉ သို့ စုံစမ်းနိုင်ပါသည်။

လေလံတင်ရောင်းချရေးအဖွဲ့

ဆောက်လုပ်ရေးဝန်ကြီးဌာန
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန
အိတ်ဖွင့်တင်ဒါ(Open Tender) ခေါ်ယူခြင်း

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန (နေပြည်တော်)တွင် အသုံးပြုရန်အတွက် လိုအပ်သော G.I.S Software နှင့် ဆက်စပ်ပစ္စည်းများအား မြန်မာကျပ်ငွေ (Kyats)ဖြင့် ဝယ်ယူလိုပါ၍ အိတ်ဖွင့်တင်ဒါပေးသွင်းရန် ဖိတ်ခေါ်ပါသည်။
၂။ တင်ဒါပေးသွင်းမှုကို ၂၀၁၄ခုနှစ် ဇန်နဝါရီ ၂၁ရက် ၁၅း၀၀နာရီတွင် ပိတ်ပါမည်။
၃။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များအား အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း စုံစမ်းနိုင်ပါသည်။

မြို့ပြနှင့်ဒေသစီမံကိန်းဌာနခွဲ
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန
ရုံးအမှတ် ၄၀၊ နေပြည်တော်၊
ဖုန်း-၀၆၇-၄၀၇၃၁၄၊ ၀၆၇-၄၀၇၅၃၆

ဆောက်လုပ်ရေးဝန်ကြီးဌာန
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန
အိတ်ဖွင့်တင်ဒါ(Open Tender) ခေါ်ယူခြင်း

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန (နေပြည်တော်)တွင် အသုံးပြုရန်အတွက် လိုအပ်သော ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများအား မြန်မာကျပ်ငွေ (Kyats)ဖြင့် ဝယ်ယူလိုပါ၍ အိတ်ဖွင့်တင်ဒါပေးသွင်းရန် ဖိတ်ခေါ်ပါသည်။
၂။ တင်ဒါပေးသွင်းမှုကို ၂၀၁၄ခုနှစ် ဇန်နဝါရီ ၂၁ရက် ၁၅း၀၀နာရီတွင် ပိတ်ပါမည်။
၃။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များအား အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း စုံစမ်းနိုင်ပါသည်။

စီမံရေးရာဌာနခွဲ
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန
ရုံးအမှတ် ၄၀၊ နေပြည်တော်၊ ဖုန်း-၀၆၇-၄၀၇၂၂၄

စက်မှုဝန်ကြီးဌာန
အမှတ်(၁) အကြီးစားစက်မှုလုပ်ငန်း
အမှတ်(၁၃) အကြီးစားစက်ရုံ(မကွေး)
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ စက်မှုဝန်ကြီးဌာန၊ အမှတ်(၁) အကြီးစားစက်မှုလုပ်ငန်းအောက်ရှိ အမှတ်(၁၃) အကြီးစားစက်ရုံ(မကွေး)မှ အောက်ဖော်ပြပါပစ္စည်းများအား စက်ရုံအရောက် မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

စဉ်	ပစ္စည်းအမျိုးအမည်	အရေအတွက်	တင်ဒါအမှတ်
၁။	စက်ဆီချောဆီ(၂၅)မျိုး	1 Lot	HI-13/13-14/003
၂။	ကျောက်မီးသွေး	(၄၀) တန်	
၃။	သဲ	(၄၀၀) တန်	

၂။ အိတ်ဖွင့်တင်ဒါပုံစံများ၊ တင်ဒါစည်းကမ်းချက်များ၊ ဝယ်ယူလိုသည့်ပစ္စည်းများ၏ စံချိန်စံညွှန်း အချက်အလက်များနှင့်ပတ်သက်၍ ၁၃-၁-၂၀၁၄ရက်မှစတင်၍ ရုံးဖွင့်ရက်များတွင် ရုံးချိန်အတွင်း အောက်ပါလိပ်စာ၌ လာရောက်ထုတ်ယူနိုင်ပါသည်။
၃။ တင်ဒါများ နောက်ဆုံးထားတင်သွင်းရမည့်ရက်မှာ ၂၄-၁-၂၀၁၄ရက် မွန်းတည့် ၁၂း၀၀နာရီ ဖြစ်ပါသည်။ **စီမံကိန်းဌာန၊ အမှတ်(၁၃) အကြီးစားစက်ရုံ(မကွေး)**
စက်မှုဝန်ကြီးဌာန၊ မကွေးမြို့၊ ဖုန်း-၀၆၃-၈၄၃၀၀၃၀၊ ၈၄၃၀၀၄၁

ပြည်ထောင်စုရှေ့နေချုပ်ရုံးအတွက်
Anti-Virus Software များ ဝယ်ယူရန်
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြည်ထောင်စုရှေ့နေချုပ်ရုံးအတွက် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် Anti-Virus Software (2014) များ ဝယ်ယူရန်အတွက် အိတ်ဖွင့်တင်ဒါများ ဈေးနှုန်းတင်သွင်းရန် ဖိတ်ခေါ်ပါသည် -

Kaspersky Anti Virus 2014 (၈၅)ခု

၂။ အိတ်ဖွင့်တင်ဒါများကို ၂၀-၁-၂၀၁၄ရက် နောက်ဆုံးထား၍ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ ရုံးအမှတ် ၂၅၊ နေပြည်တော်သို့ပေးပို့ရန် ဖြစ်ပါသည်။
၃။ အိတ်ဖွင့်တင်ဒါနှင့်ပတ်သက်သော အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာနှင့် ဖုန်းနံပါတ်များသို့ စုံစမ်းမေးမြန်းနိုင်ပါသည်။

ပစ္စည်းဝယ်ယူမှု စိစစ်ရေးကော်မတီ
ပြည်ထောင်စုရှေ့နေချုပ်ရုံး
ရုံးအမှတ် ၂၅၊ နေပြည်တော်
ဖုန်း-၀၆၇-၄၀၄၂၈၂၊ ၀၆၇-၄၀၄၁၇၃၊ ၀၆၇-၄၀၄၁၄၆

ကန့်ကွက်နိုင်ပါကြောင်း

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၂၊ မြေကွက်အမှတ် ၈၇၉/က၊ မြေကွက်တည်နေရာအမှတ် ၈၇၉/က၊ မင်္ဂလာလမ်း၊ (၁၂)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ် ဦးတိုးကြည်အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက်ဦးတိုးကြည်နှင့်ဇနီး ဒေါ်စောမြင့်ကွယ်လွန်သဖြင့် ဒေါ်ခင်မာကြည်၁၂/ဥကတ(နိုင်)၀၂၁၅၁၆၊ ဒေါ်စန်းစန်းကြည် ၁၂/ဥကတ(နိုင်)၀၃၁၃၁၂၊ ဒေါ်ဝါဝါ ၁၂/ဥကတ(နိုင်)၀၁၉၃၄၁တို့က သမီးများတော်စပ်ကြောင်းနှင့် သားတစ်ဦးဖြစ်သူ ဦးခင်မောင်လတ်သည် လူပျိုကြီးဘဝတွင် ဦးကောမလ ၁၂/သဃက(သ)၀၀၂၀၇၉ ဘွဲ့ဖြင့် သာသနာ့ဘောင်သို့ အပြီးတိုင်ဝင်ရောက်သွားပြီဖြစ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံ ပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

Mini Book Corner များတွင် စာအုပ်အသစ်များ ထပ်မံဖြည့်ပေး

သထုံ ဇန်နဝါရီ ၉

မွန်ပြည်နယ် သထုံမြို့နယ်အတွင်း ဖွင့်လှစ်ထားရှိသော နံရံကပ်စာပေရေချမ်းစင် Mini Book Corner များတွင် စာအုပ်စာစောင်များကို ဇန်နဝါရီ ၆ ရက်က ထပ်မံဖြည့်တင်းပေးခဲ့ကြောင်း သိရသည်။ သထုံမြို့နယ်အတွင်း လူစည်ကားရာနေရာများတွင် သက်ဆိုင်ရာဘာသာရပ်အလိုက် စာစဉ် ၁၃ မျိုးပါသော Mini Book Corner စာပေရေချမ်းစင်ငယ်များကို သထုံခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ၁၅ ခုနှင့် စာပေချစ်မြတ်နိုးသူများက လှူဒါန်းသည့် Mini Book Corner ၂၉ ခု စုစုပေါင်း ၄၄ ခုကို ပြည်သူအသိပညာပေး ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းအဖြစ်ထားရှိ ပေးထားကြောင်း သိရသည်။**(ခရိုင်ပြန်/ဆက်)**

အောင်မြင်မှုရ မွန်ပြည်နယ်မှ အားကစားသမားများအားဂုဏ်ပြု

မော်လမြိုင် ဇန်နဝါရီ ၉

မွန်ပြည်နယ် မော်လမြိုင်မြို့ ဖက်တန်းရပ်ကွက် ရာမညအားကစားပြိုင်ကွင်းခန်းမဆောင်၌ ဇန်နဝါရီ ၄ ရက် နံနက် ၁၀ နာရီခွဲက (၂၇) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် အောင်မြင်မှုရ မွန်ပြည်နယ်မှ အားကစားသမားများအား ဂုဏ်ပြုပွဲအခမ်းအနား ကျင်းပသည်။ အခမ်းအနားတွင် ပြည်နယ်ဝန်ကြီး ဒေါက်တာတိုးတိုးအောင်က ဂုဏ်ပြုအမှာစကားပြောကြားသည်။ ဆက်လက်၍ (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ရွှေတံဆိပ် သုံးခု၊ ငွေတံဆိပ် သုံးခု၊ ကြေးတံဆိပ်၁၂ခုရရှိခဲ့သည့် ပြည်နယ်အားကစားသမားများအား တာဝန်ရှိသူများမှ ဆုများပေးအပ်ချီးမြှင့်ခဲ့ပြီး ဆုရရှိသော အားကစားသမားများ ကိုယ်စားပိုက်ကျော်ခြင်းလက်ရွေးစင် အားကစားသမား မနွယ်နွယ်ထွေးက ကျေးဇူးတင်စကားပြောကြားခဲ့ကြောင်း သိရသည်။ **(လ/၀၁၂)**

အင်းစိန်မြို့နယ် စော်ဘွားကြီးကုန်းရပ်ကွက် ကွန်ကရစ်လမ်းဖွင့်

ရန်ကုန် ဇန်နဝါရီ ၉

ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ် စော်ဘွားကြီးကုန်းရပ်ကွက် (၁၀)မိုင်တွင် ဇန်နဝါရီ ၅ ရက် နံနက် ၉ နာရီခွဲက ကိုယ့်အားကိုယ်ကိုး ကွန်ကရစ်လမ်းအကျယ်ပေ ၂၀၊ အရှည်ပေ ၆၀၀ လမ်းဖွင့်ပွဲကျင်းပရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးနု၊ မြို့နယ်ဖွံ့ဖြိုးမှုကော်မတီဥက္ကဋ္ဌ ဦးရှိန်မင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးဦးမောင်မောင်နိုင်၊ အထောက်အကူပြု ကော်မတီဥက္ကဋ္ဌ ဦးခင်မောင်လွင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

အဆိုပါ ကိုယ့်အားကိုယ်ကိုး ကွန်ကရစ်လမ်းသည် ဦးခင်မောင်လွင် မိသားစုက ၁၃၅ သိန်း မတည်၍ စေတနာရှင်အလှူရှင်များစုပေါင်းပြီး ၁၇၅ သိန်း ကုန်ကျခဲ့ကြောင်း သိရသည်။ **မျိုးသန့်(အင်းစိန်)**

သားကောင်းမိခင်နှင့်ကလေးပြိုင်ပွဲ ဆုချီးမြှင့်

ရန်ကုန် ဇန်နဝါရီ ၉

ရန်ကုန်အရှေ့ပိုင်းခရိုင် မင်္ဂလာတောင်ညွန့်မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှကြီးမှူးကျင်းပသော (၆၆)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ်သားကောင်းမိခင်နှင့် ကလေးပြိုင်ပွဲဆုပေးပွဲကို ဇန်နဝါရီ ၄ ရက်က မင်္ဂလာတောင်ညွန့် အထက(၁)ကျောင်းခန်းမတွင် ကျင်းပသည်။ ပထမ၊ ဒုတိယ၊ တတိယနှင့် နှစ်သိမ့်ဆုအပါအဝင် အသက်အရွယ်အလိုက် အတန်းသုံးတန်း ကလေးပြိုင်ပွဲတွင် ၃၅ ဆုချီးမြှင့်ပြီး အမွှာကလေးငယ်ပြိုင်ပွဲတွင် ဆုသုံး ဆုချီးမြှင့်သည်။ သားကောင်းမိခင်ပြိုင်ပွဲဝင်သူ ၂၀မှ ငါးဦးကို တာဝန်ရှိသူများမှ ဆုများပေးအပ်ချီးမြှင့်သည်။ ကလေးအမွှာပြိုင်ပွဲပထမဆုနှင့်သားကောင်းမိခင်ပထမဆုရရှိသူ မိခင်နှင့်အမွှာကလေးနှစ်ဦးအား မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းအတွင်းရေးမှူး ဒေါ်ငွေငွေရှိန်က အထူးဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

အောင်သန်း-မင်္ဂလာတောင်ညွန့်

လူကုန်ကူးမှုအန္တရာယ် တစ်မျိုးသားလုံး ဝိုင်းဝန်းကာကွယ်

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

တတိယအကြိမ်မြောက် မဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲ (အောင်ပွဲ) အခမ်းအနားကျင်းပ

နေပြည်တော် ဇန်နဝါရီ ၉

နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ် ဗလသိဒ္ဓိရပ်ကွက်ရှိ ရပ်ကွက်လုံးဆိုင်ရာ ဓမ္မာရုံကြီး၌ ဓမ္မာရုံအကျိုးတော်ဆောင်အဖွဲ့မှ ကြီးမှူး၍ ရပ်ကွက်နေ ဝန်ထမ်းမိသားစုများနှင့် အများပြည်သူအလှူရှင်များ၏ ပါဝင်လှူဒါန်းမှုအစုစုတို့ဖြင့် ကျင်းပသော တတိယအကြိမ်မြောက် အသံမစဲမဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲ(အောင်ပွဲ) အခမ်းအနားကို ဇန်နဝါရီ ၅ ရက် နံနက် ၁၂ နာရီက အဆိုပါ ဓမ္မာရုံကြီး၌ ကျင်းပသည်။

အဆိုပါ တတိယအကြိမ်မြောက် အသံမစဲ မဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲ(အောင်ပွဲ) အခမ်းအနားတွင် သဒ္ဓမ္မဝေပုလ္လကျောင်းတိုက်ဆရာတော် ဦးစာရိတ္တက ပါဝင်လှူဒါန်းခဲ့သော ကောင်းမှုကုသိုလ်များအတွက် နိဗ္ဗာန်ရောက်ကြောင်း တရားများဟောပြောခဲ့ပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေခဲ့ကြောင်းနှင့် အသံမစဲမဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲကို ဇန်နဝါရီ ၁ ရက်မှ ၅ ရက်ထိ ကျင်းပခဲ့ကြောင်း သိရှိရသည်။

အဆိုပါ ပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲ(အောင်ပွဲ) အခမ်းအနားသို့ ဗလသိဒ္ဓိရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် ရပ်ကွက်ဖွံ့ဖြိုးမှုအထောက်အကူပြုအဖွဲ့ဝင်များ၊ ဓမ္မာရုံအကျိုးတော်ဆောင် ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများ အလှူရှင်များ တက်ရောက်ခဲ့ကြောင်း သိရသည်။ **ကိုကိုရှုပ**

သဃ်န်းကျွန်းမြို့နယ်၌ လျှပ်စစ်ဓာတ်အားအပြည့်အဝရရှိရေး ထရန်စဖော်မာများ တိုးချဲ့တည်ဆောက်၍ ဓာတ်အားလွှတ်ပေး

နေပြည်တော် ဇန်နဝါရီ ၉

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၏ မူဝါဒများနှင့်အညီ ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ သဃ်န်းကျွန်းမြို့နယ် အုပ်ချုပ်ရေးမှူး ဦးလှမြင့်နှင့်မြို့နယ်လျှပ်စစ်အင်ဂျင်နီယာတို့ ကြီးကြပ်မှုဖြင့် လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးနှင့် လျှပ်စစ်ဓာတ်အားပြည့်ဝစွာ အသုံးပြုနိုင်ရေးအတွက် ယခုရက်ပိုင်းအတွင်း (ဂ)ရပ်ကွက် ဘောဂလမ်းနှင့် ဘောဂလမ်းသွယ်(၂) လမ်းထောင့်၌ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် ခွင့်ပြုငွေဖြင့် ၃၁၅ ကေဗွီ ထရန်စဖော်မာအသစ်တစ်လုံး တည်ဆောက်ပြီး ၆၆ ကေဗွီဓာတ်အားလိုင်း လေးခန်းနှင့် ကွန်ကရစ်ကျောက်တိုင်အသစ်ခြောက်တိုင် စိုက်ထူ၍ဓာတ်အားလွှတ်ပေးနိုင်ခဲ့ကြောင်း သိရသည်။ **မွေးမွေး(သဃ်န်းကျွန်း)**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန
ကွန်ပျူတာတက္ကသိုလ်(လားရှိုး)၏
သတ္တမအကြိမ်မြောက်
B.C.Sc(Hons;)/B.C.Sc နှင့် B.C.Tech ဘွဲ့အတွက်

ဘွဲ့နှင်းသဘင်ကြေညာချက်

၁။ ကွန်ပျူတာတက္ကသိုလ်(လားရှိုး)၏ ဘွဲ့နှင်းသဘင်အခမ်းအနားကို အောက်ပါအစီအစဉ်အတိုင်း ကွန်ပျူတာတက္ကသိုလ်(လားရှိုး) ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။

အစမ်းလေ့ကျင့်ခြင်း - ၁၅-၂-၂၀၁၄ ရက် (စနေနေ့) နံနက် ၉:၃၀နာရီ

ဘွဲ့နှင်းသဘင်ကျင်းပခြင်း - ၁၆-၂-၂၀၁၄ ရက် (တနင်္ဂနွေနေ့) နံနက် ၉:၃၀နာရီ

၂။ ဘွဲ့နှင်းသဘင်အခမ်းအနားသို့ အောက်ဖော်ပြပါ ဘွဲ့ရစာမေးပွဲအောင်မြင်သူများ တက်ရောက် ဘွဲ့ယူနိုင်ပါသည်။

၂၀၁၃ခုနှစ် နိုဝင်ဘာလတွင်ထုတ်ပြန်ခဲ့သော B.C.Sc(Hons;)/B.C.Sc နှင့် B.C.Tech စာမေးပွဲအောင်မြင်ပြီးသူများ။

၃။ ဘွဲ့နှင်းသဘင်ကြေးအား အောက်ဖော်ပြပါအတိုင်း သတ်မှတ်ထားပါသည်။

(က) **တက်ရောက်ဘွဲ့** - B.C.Sc(Hons;)/B.C.Sc နှင့် B.C.Tech ဘွဲ့အတွက် ၁၅၀၀၀/-(ကျပ်တစ်သောင်းငါးထောင်တိတိ)

(ခ) **အဝေးရောက်ဘွဲ့** - B.C.Sc(Hons;)/B.C.Sc နှင့် B.C.Tech ဘွဲ့အတွက် ၁၀၀၀၀/-(ကျပ်တစ်သောင်းတိတိ)

၄။ ဘွဲ့နှင်းသဘင်အတွက် မြန်မာဝတ်စုံ(သို့မဟုတ်) အနောက်တိုင်းဝတ်စုံပြည့်ဖြင့် ဝတ်ဆင်ရိုက်ကူးထားသော (တစ်လက်မခွဲ×နှစ်လက်မ)အရွယ် ဓာတ်ပုံငါးပုံ (ဓာတ်ပုံ၏အောက်တွင် မှတ်ပုံတင်နံပါတ်ထည့်သွင်းရိုက်ကူးခြင်းမပြုရန်)နှင့်အတူ လျှောက်လွှာတင်ရမည်ဖြစ်ပါသည်။

၅။ ဘွဲ့နှင်းသဘင်လျှောက်လွှာပုံစံကို ၁၀-၁-၂၀၁၄ရက်မှစ၍ ကွန်ပျူတာတက္ကသိုလ်(လားရှိုး)ရှိ ကျောင်းသားရေးရာဌာနတွင်ဝယ်ယူ၍ ပြည့်စုံစွာဖြည့်စွက်ပြီး ၂၄-၁-၂၀၁၄ရက် နောက်ဆုံးထား၍ လျှောက်ထားရမည်။

၆။ ဘွဲ့နှင်းသဘင်သို့ တက်ရောက်ယူကြမည့်သူများသည် အစမ်းလေ့ကျင့်ခြင်းနှင့် ဘွဲ့နှင်းသဘင်ကျင်းပခြင်းအခမ်းအနားတွင် မြန်မာဝတ်စုံ၊တိုင်းရင်းသားဝတ်စုံ၊အနောက်တိုင်း(အမျိုးသား) ဝတ်စုံတို့ကို အပြည့်အစုံဝတ်ဆင်၍ တက်ရောက်နိုင်သည်။ (အဆိုပါအစမ်းလေ့ကျင့်ခြင်းနှင့် ဘွဲ့နှင်းသဘင်ကျင်းပခြင်းအခမ်းအနားတွင် မြန်မာ့ယဉ်ကျေးမှုနှင့်မလျော်ညီသော ဝတ်စားဆင်ယင်မှုမျိုးဖြင့် လုံးဝတက်ရောက်ခွင့်ပြုမည်မဟုတ်ပါ။)

၇။ ဘွဲ့နှင်းသဘင်တက်ရောက်မည် (သို့မဟုတ်) အဝေးရောက်ဘွဲ့ယူမည်ကို တိကျစွာဖော်ပြရမည်။ ဘွဲ့နှင်းသဘင်တက်ရောက်မည်ဟု လျှောက်လွှာတင်သွင်းပြီး တက်ရောက်ရန်ပျက်ကွက်ပါက ဘွဲ့လက်မှတ်ကို တစ်နှစ်အတွင်း ထုတ်ပေးမည်မဟုတ်ပါ။

မှတ်ချက်။ အသေးစိတ်အချက်အလက်များစုံစမ်းသိရှိလိုပါက ကွန်ပျူတာတက္ကသိုလ်(လားရှိုး) ကျောင်းသားရေးရာဌာနတွင် စုံစမ်းနိုင်ပါသည်။ ဖုန်း-၀၈၂-၆၇၀၁၈၀၀၊ ၀၉-၅၂၆၂၆၃၃

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ ဌာနများတွင် အသုံးပြုရန်အတွက်လိုအပ်သော အောက်ဖော်ပြပါပစ္စည်းများကို ဌာနအရောက်ကျပ်ငွေဖြင့်ဝယ်ယူရန် အိတ်ဖွင့်တင်ဒါများ ခေါ်ယူအပ်ပါသည်-

စဉ်	ပစ္စည်းအမျိုးအစား	အရေအတွက်
(က)	5 Ton Car Crane	(၁)စီး
(ခ)	Truck Weightbridge System (Capacity Ton -50)	(၆)လုံး

ဈေးနှုန်းလွှာပိတ်ရက်မှာ ၁၅-၁-၂၀၁၄ရက် ၁၆:၀၀ နာရီဖြစ်ပြီး တင်ဒါပုံစံတစ်စုံလျှင် ကျပ် ၂၀၀၀(ကျပ်နှစ်ထောင်တိတိ)နှုန်းဖြင့် မြို့တော်ခန်းမ (ပထမထပ်) ဘတ်ဂျက်နှင့်ငွေစာရင်းဌာန၊ ပစ္စည်းဝယ်ယူရေးဌာနစုတွင် ဝယ်ယူနိုင်ပါသည်။ အသေးစိတ်အချက်အလက်များကို ဖုန်း-၃၈၈၇၃၂သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

အတွင်းရေးမှူး
ပစ္စည်းဝယ်ယူရေးအဖွဲ့

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ မိုဘိုင်း CRBTဝန်ဆောင်မှုအတွက်

တင်ဒါခေါ်ယူခြင်း

၁။ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၏ မိုဘိုင်း CRBT (Colour Ring Back Tone) ဝန်ဆောင်မှုကို အကျိုးတူပူးပေါင်းဆောင်ရွက်ပေးနိုင်မည့် ပြည်တွင်းစီးပွားရေးလုပ်ငန်းရှင်များထံမှ တင်ဒါအဆိုပြုလွှာများ တင်သွင်းနိုင်ပါသည်။

၂။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များအား တစ်စုံလျှင် ကျပ် ၅၀၀၀/-(ငါးထောင်ကျပ်)နှုန်းဖြင့် ၁၀-၁-၂၀၁၄ရက်မှစ၍ ရုံးချိန်အတွင်း အောက်ဖော်ပြပါလိပ်စာတွင် လာရောက်ထုတ်ယူနိုင်ပါသည်။

တင်ဒါပုံစံပိတ်ရက်နှင့်အချိန် - ၂၄-၁-၂၀၁၄ ရက် ညနေ ၄:၃၀ နာရီ

တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ
မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း
အမှတ် ၇၄၊ အရှေ့ရွှေဂုံတိုင်လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့.

ကန့်ကွက်နိုင်ပါကြောင်း

[illegible] ဆရာကြီး ပါမောက္ခ ဒေါက်တာဦးဝင်းနိုင် (ပါမောက္ခ ဌာနမှူး [illegible] ရန်ကုန်ဆေးရုံကြီး)- ဒေါ်နီလာခင် တို့၏ ဖခင်ကြီးသည် ၄.၁.၂၀၁၄ (စနေနေ့) တွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် [illegible] မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဒေါက်တာ [illegible]

ဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ရေတွင်း၊ ရေကန်၊ မုခ်ဦး ဒါယကာကြီး
ဦးသိန်းဟန်(ပဲခူး)
အသက်(၉၁)နှစ်

ပါမောက္ခဦးတိုးဝင်း(ဓာတ်မှန်ဆရာဝန်ကြီး)-ဒေါ်စန္ဒာလွင်နှင့် ပါမောက္ခဦးဝင်းနိုင်(ပါမောက္ခဌာနမှူး၊ အသည်းရောဂါဌာန၊ ရန်ကုန်ဆေးရုံကြီး)-ဒေါ်နီလာခင်တို့၏ဖခင် ဦးသိန်းဟန် အသက်(၉၁)နှစ်သည် ၄-၁-၂၀၁၄ရက် (စနေနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

အုပ်ချုပ်မှုဒါရိုက်တာအဖွဲ့နှင့် ဝန်ထမ်းမိသားစုများ
(အာရှတော်ဝင်ဆေးရုံ)

ကျေးဇူးတင်ရှိခြင်း

၅-၁-၂၀၁၄ရက် (တနင်္ဂနွေနေ့) နံနက် ၁း၅၅နာရီတွင် ခရစ်တော်၌ အိပ်ပျော်ခဲ့သော သန်လျင်မြို့၊ မြို့သစ်အရှေ့ရပ်ကွက်၊ အထက(၂) ကျောင်းလမ်း၊ အမှတ် ၂၈ နေ ဖခင်ကြီး ဦးလှမြင့် အသက်(၇၉)နှစ် (S.S.E) M.O.G.E (အငြိမ်းစား၊ ချောက်မြို့)၏ နာရေးကိစ္စအဝဝတွင် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးသော M.O.G.E ဌာနဆိုင်ရာဝန်ထမ်းများ၊ အသင်းတော်အသီးသီးမှ သင်းအုပ်ဆရာတော်များ၊ ဓမ္မအမှုတော်ဆောင် ဆရာ ဆရာမများနှင့် အသင်းသူအသင်းသားများ၊ အဝေးရောက် အသင်းသားများ၊ လုပ်ဖော်ကိုင်ဖက်များ၊ ဆွေမျိုးမိတ်ဆွေသင်္ဂဟများ၊ ပန်းခြင်းများ ပေးပို့သော ဆွေမျိုးမိတ်ဆွေများ၊ ဖုန်းဖြင့်မေတ္တာစကား ပြောကြားသူများ၊ ကျေးဇူးတင်ထိုက်သူများအားလုံးကို ကျေးဇူးတင်ရှိပါသည်။

ကျန်ရစ်သူမိသားစု

ဝမ်းနည်းကြေကွဲခြင်း
ဒေါ်မေမေသန်း
အသက်(၇၈)နှစ်

ဒေါက်တာဦးထွန်းနိုင်ဦး (ညွှန်ကြားရေးမှူးချုပ်၊ တိုင်းရင်းဆေးပညာဦးစီးဌာန)-ပါမောက္ခဒေါ်ရီရီသန်း(ဌာနမှူး၊ ဝါဏိဇ္ဇဗေဒဌာန၊ ရန်ကုန်စီးပွားရေးတက္ကသိုလ်)တို့၏ မွေးသမိခင်၊ ဒုတိယ ဗိုလ်မှူးကြီးဘရီ(ငြိမ်း)၏ဇနီး ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး၊ ဒေါ်မေမေသန်း အသက်(၇၈)နှစ်သည် ၃၀-၁၂-၂၀၁၃ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ဝမ်းနည်းကြေကွဲရပါသည်။

ပါမောက္ခချုပ်၊ ပါမောက္ခဒေါက်တာစန်းစန်းနွဲ့နှင့် ဆရာ၊ ဆရာမများ၊ ဝန်ထမ်းများ၊ ဆေးဝါးတက္ကသိုလ်၊ ရန်ကုန်

ဝမ်းနည်းကြေကွဲခြင်း
ဦးသိန်းဆွေမြင့် ကျောင်းအုပ်ကြီး(ငြိမ်း)
အထက(အုန်းနဲ့) (ကဝ)
အသက်(၇၈)နှစ်

ဗိုလ်မှူးကျော်ကျော်ဦး တပ်မတော်(လေ)-ဒေါ်အေးအေးသန်းတို့၏ဖခင် ဦးသိန်းဆွေမြင့် အသက်(၇၈)နှစ်သည် ၅-၁-၂၀၁၄ရက် (တနင်္ဂနွေနေ့) နံနက် ၆း၃၀နာရီတွင် ကွယ်လွန်သွားပါကြောင်း သိရှိရသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

တပ်မတော်(လေ) လက်နက်အရာရှိများ၊ အငြိမ်းစားအရာရှိများနှင့်စစ်သည်များ

အထူးဝမ်းနည်းကြေကွဲခြင်း
ဦးအောင်စိန်(သန်လျင်)
အသက်(၇၇)နှစ်

သန်လျင်မြို့၏ ကျက်သရေဆောင် မဟာအတုလသဒ္ဓမ္မရံသီ သာသနာ့ဗိမာန်တော်ကြီး စတင်တည်ဆောက်စဉ်မှ ယခုအချိန်ထိ အစဉ်တစိုက် အဓိကပံ့ပိုး လှူဒါန်းဆောင်ရွက်ပေးပါသော သာသနာ့ဗိမာန်ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ အတွင်းရေးမှူး ဦးစိန်လွင်၏ ဖခင်ကြီး ဦးအောင်စိန်သည် ၇-၁-၂၀၁၄ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါကြောင်း။

သာသနာ့ဗိမာန်ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့
သန်လျင်မြို့နယ်

အထူးဝမ်းနည်းကြေကွဲခြင်း
ဆရာဦးမိုးကျော်ထွန်း(ခ)ဦးတိတ်ဝမ်
လက်ထောက်ကထိက(ငြိမ်း) မြောင်းမြပညာရေးကောလိပ်
ဧရာဝတီတိုင်းဒေသကြီး၊ ဆိုကရေးတီး အကဲဖြတ်ဒိုင်လူကြီး
အသက်(၇၅)နှစ်

အမှတ်(၅) အထက မြောင်းမြ၏ ကန်တော့ခံဆရာကြီး မြောင်းမြမြို့၊ (၈)ရပ်ကွက်၊ မန်းစောပုလမ်း၊ အမှတ်(၁)နေ ဆရာဦးမိုးကျော်ထွန်းသည် ၆-၁-၂၀၁၄ရက်(တနင်္လာနေ့) မွန်းလွဲ ၂း၁၅နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါကြောင်း။

ကျောင်းသား ကျောင်းသူဟောင်းများ
အမှတ်(၅) အထကမြောင်းမြ

ဝမ်းနည်းကြေကွဲခြင်း
ဒေါက်တာကောင်းညွန့်
ဗိသုကာဌာန(ငြိမ်း)၊ ရန်ကုန်စက်မှုတက္ကသိုလ်
အသက်(၇၂)နှစ်

ဗိသုကာဌာန၏ လက်ထောက်နည်းပြဆရာ(ငြိမ်း)ဒေါက်တာကောင်းညွန့်သည် ၂-၁-၂၀၁၄ရက် (ကြာသပတေးနေ့)တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

မြန်မာနိုင်ငံဗိသုကာအသင်း

အထူးဝမ်းနည်းကြေကွဲခြင်း
ဦးအောင်စိန်(သန်လျင်)
အသက်(၇၇)နှစ်

သန်လျင်နာရေးကူညီမှုအသင်း၏ ဂုဏ်ထူးဆောင်နာယက ဦးစိန်လွင်၏ဖခင် ဦးအောင်စိန်သည် ၇-၁-၂၀၁၄ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

နာယကများနှင့်အလုပ်အမှုဆောင်အဖွဲ့၊
သန်လျင်နာရေးကူညီမှုအသင်း

အထူးဝမ်းနည်းကြေကွဲခြင်း
ဒေါ်နော်စေးလာ
(နားကြားကလေးများကျောင်း)
အသက်(၆၀)

Asia Beauty Palace Co.,Ltd. မှ မန်နေဂျင်းဒါရိုက်တာ ဦးစောမျိုးကြည်-ဒေါ်နော် အက်စတာတို့၏ အဒေါ်ဖြစ်သူ ဒေါ်နော်စေးလာသည် ၇-၁-၂၀၁၄ ရက်တွင် ခရစ်တော်၌ အိပ်ပျော်သွားသည့်အတွက် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

Cute Press မိသားစု
Asia Beauty Palace Co.,Ltd.

ဝမ်းနည်းကြေကွဲခြင်း

မြန်မာနိုင်ငံပြေးခုန်ပစ်အဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးမြသန်းထိုက်၏ဖခင် ဗိုလ်မှူးသိန်းထိုက်(ငြိမ်း) ဆသရ(၄၁၄)သည် ၆-၁-၂၀၁၄ရက်တွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

မြန်မာနိုင်ငံပြေးခုန်ပစ်အဖွဲ့ချုပ်

ဝမ်းနည်းကြေကွဲခြင်း
ကိုသီဟ
(Operation Manager၊ ရွှေပုံနှိပ်လုပ်ငန်း)
အသက်(၂၆)နှစ်

ရွှေမီဒီယာနှင့် ပုံနှိပ်လုပ်ငန်းတွင် တာဝန်ထမ်းဆောင်ခဲ့သော ကိုသီဟ(Operation Manager) အသက်(၂၆)နှစ်သည် ၇-၁-၂၀၁၄ရက် ည ၁၂း၂၅ နာရီတွင် အချိန်မတိုင်မီ ကြွေလွင့်သွားရသည့်အတွက် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

မကလျာ (MD)နှင့်ဝန်ထမ်းများ
(ရွှေမီဒီယာနှင့် ပုံနှိပ်လုပ်ငန်း)

အထူးကျေးဇူးတင်ရှိခြင်း

၁-၁-၂၀၁၄ ရက်တွင် ကွယ်လွန်သွားသော ဖခင်ကြီး ဦးခင်မောင်ကြည် လ/ထ အထွေထွေမန်နေဂျာ မြန်မာ့စီးပွားရေးဘဏ်(ရုံးချုပ်) အသက်(၇၇)နှစ်၏ နာရေးကိစ္စအဝဝတွင် အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးပါသော မြန်မာ့စီးပွားရေးဘဏ်ခွဲများမှ လုပ်ဖော်ကိုင်ဖက် မန်နေဂျာများနှင့်ဝန်ထမ်းများအားလုံး အနယ်နယ်အရပ်ရပ်မှ တယ်လီဖုန်းနှင့်သော်လည်းကောင်း၊ လူကိုယ်တိုင်သော်လည်းကောင်း ကြွရောက်၍ သတင်းမေးကြသော ဆွေမျိုးမိတ်သင်္ဂဟများ၊ ပန်းခြင်းများ၊ သက်နှင့်လှူဖွယ်ပစ္စည်းများ ပေးပို့သူများအားလည်းကောင်း ကျေးဇူးတင်ထိုက် သူအားလုံးကို အထူးပင် ကျေးဇူးတင်ရှိပါသည်။

ကျန်ရစ်သူမိသားစု

အထူးဝမ်းနည်းကြေကွဲခြင်း

ဗိုလ်မှူးကိုကိုလတ်(ငြိမ်း) တိုင်းအခွန်ဦးစီးမှူးသည် ၂၈-၁၂-၂၀၁၃ ရက်တွင် ကွယ်လွန်ကြောင်းကြားသိရသည့်အတွက် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

ဗိုလ်ကြီးချစ်ကို(ငြိမ်း)၊ ဗိုလ်မှူးကျော်ဆန်းဝင်း(ငြိမ်း)

ကြော်ငြာ

ဝမ်းနည်းကြေကွဲခြင်း
ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ တန်ဆောင်း၊
ရေတွင်း၊ ရေကန်၊ မုခ်ဦး ဒါယကာကြီး
ရာသက်ပန်ဥက္ကဋ္ဌကြီး၊အောင်မင်းခေါင်ကုန်းမြေ(ကသစ်ပိုင်ဓမ္မရိပ်သာ)

ဦးသိန်းဟန် (ပဲခူး)

အသက်(၉၁)နှစ်

ဦးသိန်းဟန် အသက်(၉၁)နှစ်သည် ၄-၁-၂၀၁၄ရက် မွန်းလွဲ ၂နာရီတွင် အာရုတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူ မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ပဓာနနာယကဆရာတော်နှင့် အကျိုးဆောင်အဖွဲ့
အောင်မင်းခေါင်ကုန်းမြေ
ကသစ်ပိုင်ဓမ္မရိပ်သာ(ပဲခူး)

ဝမ်းနည်းကြေကွဲခြင်း

ဒေါက်တာအေးငြိမ်း(ပြည်နယ်ကျန်းမာရေးဦးစီးဌာနမှူး၊ ရခိုင်ပြည်နယ်)-ဒေါ်လီလီသိန်းတို့၏ဖခင်ကြီး ဦးသိန်းဟန်(ပဲခူး)ရာသက်ပန်ဥက္ကဋ္ဌကြီး အောင်မင်းခေါင်ကုန်းမြေ၊ ကသစ်ပိုင်ဓမ္မရိပ်သာ အသက်(၉၁)နှစ်သည် ၄-၁-၂၀၁၄ရက် (စနေနေ့) မွန်းလွဲ ၂နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဒေါက်တာခင်အေးခိုင်၊ ဒေါက်တာစည်သူရဲနောင်-ဒေါက်တာစန်းစန်းအောင်
ဒေါက်တာမိသူဇာလှိုင်၊ ဒေါက်တာနှင်းဝေလှိုင်၊ ဒေါက်တာစုစုစိုး၊
ဒေါက်တာသင်းသင်းကြူ၊ ဒေါက်တာဝင်းပပဌေး၊ ဒေါက်တာမျိုးဇာနည်ဦး၊
ဒေါက်တာဒွေးနန္ဒ၊ ဒေါက်တာဆုရဲထက်၊ ဦးထွန်းထွန်းဝင်း(HA)
(မော်လမြိုင်မြို့နယ်ကျန်းမာ)

ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

ဒေါ်ခင်အေးသန်း B.A Ed, B.Ed

(အထက်တန်းပြ၊ ငြိမ်း)
အထက(၂)မင်္ဂလာဒုံ (အောင်ဆန်းသူရိယလှသောင်းကျောင်း)
အသက်(၇၄)နှစ်

ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ ပုလဲ (၃)ရပ်ကွက်၊ ခိုင်သဇင်လမ်း၊ အမှတ် ၅၆(ခ)နေ ဦးအောင်သစ်စံ၏ဇနီး၊ ဦးတိုးမြင့်၊ ဦးစောမြင့်၊ ဒေါ်စန်းစန်းဝေ၊ ဒေါ်ဌေးဌေးယု၊ ဦးသိန်းဝင်း၊ ဦးတေဇနိယ၊ ဒေါ်စိုးစိုးထွေးတို့၏အစ်မကြီး၊ ကိုဇော်သက်အောင်(ခ)ကိုမင်းမင်း၏မိခင်သည် ၉-၁-၂၀၁၄ရက် နံနက် ၁၁း၃၀နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၁-၁-၂၀၁၄ရက် မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀း၄၅ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

အထူးဝမ်းနည်းကြေကွဲခြင်း

ဦးအုန်းမြိုင်

အသက်(၇၀)

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအုန်းသန်း-ဒေါ်တင်ဝင်းတို့၏အစ်ကိုသည် ၆-၁-၂၀၁၄ရက် နံနက် ၁၀း၃၀နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရသည့်အတွက် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

သဒ္ဓမ္မဇောတိကဓဇ၊ အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ၊
သီရိသုဓမ္မမဏိဇောတဓရ ဒေါက်တာဦးစိုးသိန်းနှင့်
ဇနီး အဂ္ဂမဟာသီရိသုဓမ္မသီဂီ၊ သီရိသုဓမ္မသီဂီ ဒေါ်ခင်ချိုအုန်း
(ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး)

ဝမ်းနည်းကြေကွဲခြင်း

ဦးခင်မောင်အေး (မြင်းခြံ)

အသက်(၆၁)နှစ်

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ၆၅လမ်း၊ တရားရေးရိပ်သာနေ မန္တလေးခရိုင်တရားရုံး၊ ဒုတိယခရိုင်တရားသူကြီး ဒေါ်ခင်စောဝင်း၏ခင်ပွန်း ဦးခင်မောင်အေးသည် ၇-၁-၂၀၁၄ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ်နှင့်တရားသူကြီးများ
တိုင်းဒေသကြီးတရားရေးဦးစီးမှူးနှင့်တရားရေးအရာရှိများ
မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်

ဦးမြသွင် AGTI (Civil)

အသက်(၅၆)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ (၅)ရပ်ကွက်၊ သီဂီ ၄လမ်း မြောက်၊ အမှတ် ၁၄၅နေ (ဦးသောင်းမြင့်)-ဒေါ်အုန်းတို့၏သား၊ ဦးစန်းလွင်-ဒေါ်တင်တင်မြင့်တို့၏ညီ၊ ကိုမြင့်ထူး-မသန်းသန်းဌေး၊ (ကိုဝင်းမြင့်)-မလှအုန်း မယ်၊ ကိုဇော်လွင်ဦး-မတင်တင်ဝင်း(မကြီး)၊ကိုလင်ကွန်း-မတင်တင်ဌေး(မငယ်)၊ (ကိုမြင့်ဦး)-မမြမြအေးတို့၏အစ်ကို၊ မလွင်ခိုင်သိမ့်၏ဦးလေး၊ တူ၊ တူမ ၁၀ ယောက်တို့၏ဘကြီးသည် ၈-၁-၂၀၁၄ရက် (ဗုဒ္ဓဟူးနေ့) ည ၁၀း၃၅နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါ၍ ၁၀-၁-၂၀၁၄ရက် (သောကြာနေ့)ညနေ ၄နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၂း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၁၄-၁-၂၀၁၄ရက် (အင်္ဂါနေ့)တွင် ရက်လည် ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

အထူးဝမ်းနည်းကြေကွဲခြင်း

အကယ်ဒမီ ဇော်မျိုးထွဋ်

(မဇ္ဈိမလှိုင်း၊ ဂီတမှူး)
အသက်(၅၄)နှစ်

အကယ်ဒမီဇော်မျိုးထွဋ် (မဇ္ဈိမလှိုင်း၊ ဂီတမှူး)သည် ၅-၁-၂၀၁၄ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရသည့်အတွက် မိသားစုများနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

(အဆိုတော်ခင်မောင်တိုး)၏ညီအစ်ကိုမောင်နှမများ

ဦးရဲနောင်ဝင်း B.Sc (chem)

အသက်(၃၆)နှစ်

မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ်၊ အိုးတော်ရပ်၊ မြခွာညိုပိုးထည် တိုက်နေ ဦးစန်းဝင်း-ဒေါ်ခင်မမတို့၏သားလတ်၊ ဦးထွန်းနောင်ဝင်း၊ဒေါက်တာကျော်မြတ်သူတို့၏ညီ၊ ဦးကျော်သူရဝင်း-ဒေါ်သဇင်ကျော်သူ (နေမိုးကုမ္ပဏီ အုပ်စု)၊ ဗိုလ်ကြီးစိုးရန်ရှင်း-ဒေါ်မေသူဇာဝင်း (မြခွာညိုအထည်ဆိုင်၊ ဈေးချို)၊ ဒေါက်တာခွာညိုလှိုင်ဝင်းတို့၏အစ်ကို၊ နှင်းဝတ်မှုံဝင်း၊ ခန့်သဒ္ဒါဝင်းတို့၏ဖခင်၊ တူ၊ တူမ လေးယောက်တို့၏ဦးလေး၊ ဒေါ်နန္ဒာစိုးအေး(နှင်းဝတ်မှုံ သဘာဝ ချည်ထည်လုပ်ငန်း)၏ခင်ပွန်းသည် ၆-၁-၂၀၁၄ရက်(တနင်္လာနေ့)ည ၉း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၈-၁-၂၀၁၄ရက်(ဗုဒ္ဓဟူးနေ့)မွန်းလွဲ ၁နာရီတွင် ရွှေလေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

ဒေါ်စိမ်း (ချောင်းဦး)

အသက်(၉၀)

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ အရိုးကုန်းရပ်ကွက်၊ ၁၄၇လမ်း၊ အမှတ် ၄၁နေ (ဦးထင်-ဒေါ်သယ်)တို့၏သမီး၊ (ဦးချစ်ဖုး-ဒေါ်အောင်စု)တို့၏သမီးချွေးမ၊ ဒေါ်စောမြ၏ညီမ၊ (ဆရာကြီး ဦးသန်းမောင်)၏ဇနီး၊ ဒေါ်မြသောင်း[ကစလ(ငြိမ်း)]-ဦးမြဝင်း[ကစလ(ငြိမ်း)]၊ ဦးတင်ထွန်း၊ ဦးမြင့်အောင် (Bosum) M.T.M Yangon-ဒေါ်မြင့်မြင့်စီတို့၏မိခင်၊ မောင်မျိုးမြင့်ဦး(JE. Lizstar Shipping Co.,Ltd.)-မတင်တင်ကျော်၊ မယုသန္တာထွန်း(abc Store)၊ မောင်ကျော်မိုး (ပထမနှစ်၊ ရူပဗေဒ)တို့၏အဘွား၊ စည်သူဦး၏ဘွားဘွားကြီးသည် ၈-၁-၂၀၁၄ ရက် (ဗုဒ္ဓဟူးနေ့) ည ၁၁နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၂-၁-၂၀၁၄ရက် (တနင်္ဂနွေနေ့) ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဒုအရာခံဗိုလ်နေမျိုး(ခ)ဦးထွန်းကြည် (ရေ၊ ငြိမ်း)

မဟာစည်သာသနာ့ရိပ်သာ(ဗဟန်း) ဟိတေသီအမှုဆောင်အဖွဲ့ဝင်
ရဲဗုဒ္ဓဘာသာ ပုညကုသလ အသင်း အမှုဆောင်အတွင်းရေးမှူး
စမ်းချောင်းမြို့နယ်၊ စစ်မှုထမ်းဟောင်း အဖွဲ့ဝင်
မအူပင်မြို့နယ်အသင်း ရာသက်ပန် အသင်းဝင်နှင့် သက်ကြီးကန်တော့ခံ
စမ်းချောင်းမြို့နယ်၊ မြေနီကုန်း(မြောက်)ရပ်ကွက် ဥက္ကဋ္ဌဟောင်း
အသက်(၈၆)နှစ်

ဧရာဝတီတိုင်းဒေသကြီး၊ မအူပင်မြို့နယ်၊ အင်္ဂါးကျေးရွာနေ (ဦးစံပ-ဒေါ်မယ်သေး)တို့၏သား၊ (ဦးအေးမောင်-ဒေါ်နီ)၊ (ဦးတင်သိန်း-ဒေါ်ဖြူ)တို့၏ညီ/မောင်၊ ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ မြေနီကုန်း(မြောက်)ရပ်ကွက်၊ ဇောတိက လမ်း၊ အမှတ် ၂၄၊ ဒုတိယထပ်(A)ခန်းနေ ဒေါ်သင်းလှိုင်၏ခင်ပွန်း၊ ဦးအေးကို-ဒေါ်ကြည်ကြည်စိန်၊ ဒေါ်ခင်သန်းကြည်၊ ဦးတင်ဝင်း-ဒေါ်သင်ဇာညွန့်၊ ဦးကျော်ဦး-ဒေါ်အေးအေးသန်း၊ဒေါ်ခင်လှကြည်တို့၏ဖခင်၊ကိုသက်နိုင်ဦး-မတင်ဇာလတ်၊ ကိုပြည့်စုံသူ၊ ကိုချစ်ကိုကိုကျော်တို့၏အဘိုး၊ မောင်ဘုန်းပြည့်သက်၏ ဘိုးဘိုးကြီး သည် ၈-၁-၂၀၁၄ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၁း၅၅နာရီတွင် ကွယ်လွန်သွားပါ သဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့ ညနေ ၄နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း အသင်းအဖွဲ့များနှင့် ရပ်နီးရပ်ဝေးနေ ဆွေမျိုးမိတ် သင်္ဂဟအပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။

ကွယ်လွန်သူအားရည်စူး၍ ၁၄-၁-၂၀၁၄ရက် (အင်္ဂါနေ့)တွင် နံနက် ၇ နာရီမှ မွန်းတည့် ၁၂နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရား တော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း ဒါယကာကြီး

ဦးမျိုးဝင်းမြင့် (တိုင်းထွေ/အုပ်၊ ငြိမ်း)

အသက်(၇၈)နှစ်

မန္တလေးမြို့၊ ၁၃လမ်း၊ ၈၀×၈၁လမ်းကြားနေ(ဒေါ်ရှုခင်)၊ ၁၂လမ်း၊ ၈၆×၈၄ လမ်းကြားနေ ဒေါ်သန်းစိန်(ရွှေမန္တလေး)တို့၏မောင်၊ ကသည်းဝင်းနေ ဦးတင်အောင်-ဒေါ်ခင်မျိုးမြင့်၊ ကျွဲဆည်ကန်နေ ဦးကျော်မြင့်(အထက-၂၁၊ ငြိမ်း)-ဒေါ်သီသီအေးတို့၏အစ်ကို၊ နန်းရှေ့ပြည်တော်သာနေ (ဦးသန်းဦး)-ဒေါ်ဝင်းဥမ္မာ(ဦးစီး အရာရှိ၊ ချမ်း/စံ စီမံကိန်းရုံး)၊ ၂၂လမ်းနေ ဦးကျော်ဌေး-ဒေါ်ဝင်းသိင်္ဂါ(အထက-၄)၊ (ကိုဇော်ဝင်းမြင့်)၊ ရန်ကုန်မြို့နေ ဗိုလ်မှူးလှမြင့်(ငြိမ်း) ညွှန်ကြားရေးမှူး(ငြိမ်း)-ဒေါ်ဝင်းကွန်ချာ(ဦးစီးအရာရှိ၊ လဝက၊ ငြိမ်း)တို့၏ဖခင်၊ မြေး ၁၄ယောက်တို့၏ အဘိုး၊ အကွက်(၁၀)၊ ဒေါနဘွားရပ်၊ ၁၅×၁၆လမ်း၊ ၆၂×၆၃လမ်းကြားနေ ဒေါ်မြင့်မြင့်သန်း၏ခင်ပွန်းသည် ၈-၁-၂၀၁၄ရက်(ဗုဒ္ဓဟူးနေ့)ညနေ ၅း၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၀-၁-၂၀၁၄ရက်(သောကြာနေ့) နံနက် ၁၁နာရီတွင် အထက်ပါနေအိမ်မှ အေးရိပ်ငြိမ်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါ ကြောင်း၊

ကျန်ရစ်သူမိသားစု

ဒေါ်နွဲ့နွဲ့ညွန့်

အသက်(၇၀)

(ဦးကံညွန့်-ညောင်ရွှေ)-ဒေါ်ခင်မြမြ(ရှမဝတိုက်၊ တောင်ကြီး)တို့၏သမီး ကြီး၊ ရန်ကုန်မြို့၊ အလုံဆင်မင်းအိမ်ရာနေ ဗိုလ်မှူးစိုးညွန့်(ငြိမ်း)၏ဇနီး၊ ဦးသူရ ညွန့်-ဒေါ်ကြော့ကြော့၊ (ဗိုလ်ကြီးတေဇညွန့်)၊ ဒေါ်လှဲ့လှဲ့ညွန့်၊ ဦးစိုင်းဘုန်းထူး-ဒေါ်ဖြူဖြူညွန့်၊ ဦးဌေးလွင်-ဒေါ်မူမူညွန့်၊ (ဦးဇေယျညွန့်)တို့၏အစ်မကြီး၊ ကိုဇာနည်စိုးညွန့်-မမိုးပပမျိုးတို့၏မိခင်၊ မောင်ပြည့်စုံညွန့်၏ဘွားဘွား၊ တူ၊ တူမ ၁၆ ယောက်တို့၏ကြီးကြီးသည် ၉-၁-၂၀၁၄ရက် (ကြာသပတေးနေ့) နံနက် ၆း၁၅ နာရီတွင် အကယ်ဒမီအထူးကုဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ ဆန္ဒအရ ယင်းနေ့တွင်ပင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီး ဖြစ်ပါ ကြောင်း။

ကျန်ရစ်သူမိသားစု

ခရစ်တော်၌အိပ်ပျော်ခြင်း

ဒေါ်ဗန်လတ်

(ဘော်တွင်း၊ နမ္မတူ-မူပြ)
အသက်(၇၁)နှစ်

ရန်ကုန်မြို့၊ ဒဂုံဆိပ်ကမ်း၊ ယုဇန ဥယျာဉ်မြို့တော်၊ စစ်တောင်းရိပ်မွန်၊ နှင်းဆီလမ်း၊ တိုက် ၄၀၊ အခန်း ၂၀၂နေ (ဦးဆွမ်လွတ်တူး-ဒေါ်ဝဂျယ်လု) တို့၏ သမီးကြီး၊ (ဦးသိန်းလွင်၊ သတလ၊ငြိမ်း) ၏ဇနီး၊ (ဦးအေးဟန်)-ဖောင်လားထု တို့၏အစ်မ၊ ဦးဂမ်မွန်၊ဦးလွမ်းဟောင်း-ဒေါ်ရွယ်နူး၊ (ဦးမရန်ဘရန်ဆိုင်း)-ဒေါ် ထုလွမ်၊ ဦးကျော်ဦး - (ဒေါ်ဒွဲထန်)၊ ဦးနောင်ဆိုင်း-ဒေါ်ခေါ်ဝမ်း၊ (ဦးလှဒွဲ)-ဒေါ်လွမ်းနန်းတို့၏အစ်မကြီး၊ ဦးအောင်မိုင် - NICKO FIN လင်းလင်း၊ (ဦးဘောက်မိုင်)၊ (ဦးအလှ)၊ ဦးအလွမ် တို့၏မိခင်၊ တူ၊တူမ ၁၆ယောက်၊ မြေး သုံးယောက်တို့၏အဘွားသည် ၉-၁-၂၀၁၄ရက် (ကြာသပတေးနေ့) နံနက် ၅း၀၃နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၀-၁-၂၀၁၄ရက်(သောကြာနေ့) နံနက် ၉နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပါမည်။

အောက်မေ့ဖွယ်ဝတ်ပြုစည်းဝေးခြင်းကို ၁၆-၁-၂၀၁၄ရက်(ကြာသပတေးနေ့) နံနက် ၁၁နာရီတွင် အထက်ပါနေအိမ်၌ ပြုလုပ်ပါမည်။

ကျန်ရစ်သူမိသားစု

ဒေါ်ခင်ခင်စု B.A (Eco)

အထက(၃)မင်္ဂလာတောင်ညွန့်
ကျောင်းသူဟောင်း
အသက်(၅၀)

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ စံပြဖဆပလရပ်ကွက်၊တိုက် ၆၁၊ အခန်း ၁၇နေ (ဦးမျိုးခင်-ဒေါ်စန်းစန်း)တို့၏ သမီး၊ လမ်းမတော်မြို့နယ်၊ ရွှေတောင်တန်းလမ်း၊ အမှတ် ၇၇၊ ပထမထပ်နေ (ဦးထွန်းရွှေ-ဒေါ်အေးမြင့်)တို့၏ သမီးချွေးမ၊ ဦးကြည်မြင့် - ဒေါ်စန်းစန်းရီ၊ ကိုကျော်ထွန်း-ဒေါ်စန်းစန်းဝင်း၊ ဦးဝင်းမြင့်-မကြည်ငွေ၊ ဦးကိုလေး-မနီနီဝင်း၊ ဦးကြည်စိန်-ဒေါ်ခင်မြဌေး၊ မယုယုဆွေတို့၏ယောက်မ၊ ဦးဆန်နီ-ဒေါ်ပြုံးကြည်တို့၏ညီမ၊ ဦးစိုးသိန်း၏ဇနီး၊ မောင်ညီညီအောင်-မခိုင်ဇာဝင်း၊ မစမ်းပြည့်စုံတို့၏အဒေါ်၊ မောင်မျိုးမင်းခန့်၏မိခင်သည် ၉-၁-၂၀၁၄ရက် မွန်းလွဲ ၁း၂၀ နာရီတွင် SSC ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၁-၁-၂၀၁၄ရက် (စနေနေ့) နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ မိတ်ဆွေသင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။(အထက်ပါနေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဦးသိန်းဖေ

အသက်(၉၆)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊(၇)ရပ်ကွက်၊ ၁၈/က လမ်း၊ အမှတ် ၉၇၃/ခနေ (ဦးမြင့်-ဒေါ်ဆယ်)တို့၏သား၊ (ဒေါ်ခင်ရီ)၏ခင်ပွန်း၊ (ဦးကျော်သောင်း - ဒေါ်တင်တင်လှိုင်)၊ (ဦးကျော်ဝင်း)-ဒေါ်တင်မြိုင်၊ ဦးဆန်းအောင်-ဒေါ်ကြိုင်၊ ဦးအေးကြွယ်(တရားလွှတ်တော်ရှေ့နေ)-ဒေါ်ခင်မာမူ (လက်ထောက် ညွှန်/မှူး၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန)၊ ဦးညဏ်ဘို(Chief Cook Amis) သင်္ဘောကုမ္ပဏီ-ဒေါ်လှဝင်း၊ ဦးသန့်ဇင်-ဒေါ်သန်းမြင့်(မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း ရုံးချုပ်)၊ ဦးဝင်းဗိုလ် (ဆောက်လုပ်ရေးယန္တရားဌာန)၊ (ဦးဝင်းဇော်)-ဒေါ်သူဇာတို့၏ဖခင်၊ မြေး ၂၃ယောက်၊မြစ် ၁၁ယောက်တို့၏အဘိုးသည် ၉-၁-၂၀၁၄ရက် (ကြာသပတေးနေ့)နံနက် ၆း၂၀နာရီတွင် ကွယ်လွန်သွားပါ၍ ၁၁-၁-၂၀၁၄ရက် (စနေနေ့)မွန်းတည့် ၁၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ နံနက်၁၁နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၁၅-၁-၂၀၁၄ရက် (ဗုဒ္ဓဟူးနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ရဟန်းဒါယိကာမကြီး

ဒေါ်အုန်းကြည် (သာယာဝတီ)

အသက်(၇၉)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊သင်္ဃန်းကျွန်းမြို့နယ်၊ ကြို့ပွားရေးရပ်ကွက်၊ အောင်ချမ်းသာလမ်း၊ ၃၇၈(က)နေ(ဦးလှဟန်-ဒေါ်မြလှိုင်)တို့၏သမီး၊ (ဦးကြည်)၏ဇနီး၊ ဦးတင်မောင်ဝင်း၊ ဦးအောင်မြင့်-ဒေါ်တင်မေဝင်း၊ ဒေါ်ခင်မာဝင်း (အထက-၃၊ ဒဂုံမြောက်)၊ ဦးအေးကို-ဒေါ်ခင်သန်းဝင်း၊ ဦးတင်အောင်ဝင်း-ဒေါ်အေးအေးကြူ၊ ဒေါ်အေးအေးဝင်း၊ ဦးရဲတင့်ဝင်း၊ ဦးပြည့်စုံဝင်းတို့၏မိခင်၊ မရွှေရည်ဝင်း၊ မကြူကြူမွှေး၊ မောင်ဟိန်းသီဟ၊မကြည်သာသျှင်တို့၏အဘွားသည် ၈-၁-၂၀၁၄ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၆နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၀-၁-၂၀၁၄ရက် ညနေ ၄နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ ညနေ ၃နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း
ဒါယိကာမကြီး

ဒေါ်ရီရီ(ခ)
ဒေါ်ရီရီမြင့် (မြိတ်)

ရုံးအုပ်၊ ပြည်တွင်းရေကြောင်း
ပို့ဆောင်ရေး(ငြိမ်း)
အသက်(၇၂)နှစ်

မြိတ်မြို့၊ အလယ်ကျွန်းရပ်နေ (ဦးဖိုးခိုင်-ဒေါ်ရွှေတင်)တို့၏သမီး၊ မိတ္ထီလာမြို့နေ (ဦးစံရီ-ဒေါ်အေးချယ်)တို့၏သမီးချွေးမ၊ ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ ၃၇လမ်း၊ အမှတ် ၂၁၄၊ မြေညီထပ်၊ ဝဲဘက်ခန်းနေ ဦးကျော်ရွှေ၏ဇနီး၊ ဦးသိန်းထွန်းဦး၊ ကိုအောင်ကျော်မိုး-ဒေါ်ဆုဝင်းယဉ်၊ ဦးရဲစိုးသွင်၊ ဒေါ်ခင်ထက်ဆွေ (MRTV)၊ ဒေါ်စိုးမြတ်မြတ်တို့၏ မိခင်သည် ၉-၁-၂၀၁၄ရက် (ကြာသပတေးနေ့)နံနက် ၁၀း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၁-၁-၂၀၁၄ရက် (စနေနေ့) နံနက် ၁၁နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်နှင့် မြိတ်အသင်းမှကားများ နံနက် ၁၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ကိုအောင်ခိုင်ဖြိုး

CDC-55777
(2nd Engineer,Lizstar Shipping Enterprise Com.)
အသက်(၃၂)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်၊ (၄၄)ရပ်ကွက်၊ အမှတ် ၁၁၀၉၊ ငွေစင်လမ်းနေ ဦးမျိုးထွန်းဇော်(ခ) ဦးပီတာ-(ဒေါ်ခင်လေးနွယ်)တို့၏ သားလတ်၊ သထုံမြို့နေ ဦးအောင်မြင့်-ဒေါ်ခင်မိတို့၏သားသမက်၊ ကိုဖြိုးသန့်ဇော်၏ ညီ၊ ကိုသီဟန်၏အစ်ကို၊ မမေစန္ဒာအောင်၏ခင်ပွန်း၊ မောင်ဧဒ္ဒဂ္ဂဖြိုးသာ၏ ဖခင်သည် ၈-၁-၂၀၁၄ရက် (ဗုဒ္ဓဟူးနေ့)တွင် တရုတ်နိုင်ငံ ဒေသစံတော်ချိန် ၁၆း၄၅နာရီ၊ မြန်မာစံတော်ချိန် ညနေ ၅ နာရီတွင် (MT.Global Saturn)သင်္ဘောပေါ်၌တာဝန်ထမ်းဆောင်ရင်း ကွယ်လွန်သွားပါသဖြင့် ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေး အကြောင်းကြားအပ်ပါသည်။ (သင်္ဂြိုဟ်မည့်ရက်ကို ထပ်မံကြေညာပါမည်။)

ကျန်ရစ်သူမိသားစု

ဘဝနတ်ထံပျံလွန်တော်မူခြင်း

(ပဲခူး) ဘဒ္ဒန္တစန္ဒိမာ(ခ)ဦးစံအေး (လက်ပံတန်း)

(မိုးလေဝသနှင့် ဇလဗေဒဌာန-ငြိမ်း)
စလင်းကျောင်းတိုက်၊ ပိဋကတ်တိုက်ကျောင်း
သက်တော်(၇၇)နှစ်၊ သိက္ခာတော်(၁၇)ဝါ

ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်၊ စလင်းကျောင်းတိုက်၊ ပိဋကတ်တိုက်ကျောင်းတွင် သီတင်းသုံးနေထိုင်တော်မူသော ဘဒ္ဒန္တစန္ဒိမာ မထေရ်မြတ်သည် (၁၃၇၅ခုနှစ် ပြာသိုလဆန်း ၈ရက်) (ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို (၁၃၇၅ခုနှစ် ပြာသိုလဆန်း ၁၂ရက်) (တနင်္ဂနွေနေ့) မွန်းလွဲ ၂နာရီတွင် ထိန်ပင်အအေးတိုက်မှထိန်ပင်သုသာန်သို့ အန္တိမအဂ္ဂိစျာပနသဘင် ဆင်ယင်ကျင်းပမည်ဖြစ်ပါကြောင်း တပည့်ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အသိပေး အကြောင်းကြားအပ်ပါသည်။ (မွန်းလွဲ ၁နာရီတွင်ကားများ ထွက်ခွာပါမည်။)

စျာပနဖြစ်မြောက်ရေးကော်မတီနှင့် တပည့်ဒါယကာ၊ ဒါယိကာမများ

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

ဦးမြသန်း (မော်လမြိုင်ကျွန်းအသင်း)

(ရွှေပန်းထိမ်ဆရာကြီး၊ ရွှေရင်ကျော်ဂိုဏ်း)
အသက်(၈၈)နှစ်

ရန်ကုန်မြို့၊အလုံမြို့နယ်၊ ဆင်မင်းရပ်ကွက်၊ ဆင်ရေကန်လမ်း၊ အမှတ် ၆နေ (ဦးဘအို-ဒေါ်ပိုးနု)တို့၏သား၊ (ဒေါ်အေးမီ)-ဒေါ်အမာတို့၏ခင်ပွန်း၊ (ဦးကျော်ဝင်း)-ဒေါ်မြင့်မြင့်စန်း၊ ဦးအောင်မြင့်-ဒေါ်ခင်ဝင်းတင့်၊ ဦးအုန်းလှိုင်-ဒေါ်ကြည်ကြည်စန်း၊ (ဦးလှဌေး)-ဒေါ်ကြည်ကြည်မာ၊ ဦးအောင်ကျော်သိန်း(ခ)ကိုသာ-ဒေါ်မာပရီ၊ ဦးသက်ဇော်-ဒေါ်အေးအေးသန်း၊ (ဦးထွန်းထွန်းမြင့်)-ဒေါ်သန်းသန်းဆွေ၊ ဦးလှမျိုး-ဒေါ်ခင်အေးမော်တို့၏ဖခင်၊ မြေး ၁၈ယောက်၊ မြစ်ရှစ်ယောက်တို့၏အဘိုးသည် ၈-၁-၂၀၁၄ရက် (ဗုဒ္ဓဟူးနေ့) ည ၉း၃၀နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၂-၁-၂၀၁၄ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် ထိန်ပင်သုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ နံနက် ၁၁း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဦးမျိုးမြင့်(ခ)ဦးမောင်မောင် (ဒေးဒရဲ)

မြို့မကျောင်းသားဟောင်း၊ မြို့မကျောင်းဆရာဟောင်း
အထက(၁)ဗဟန်းကျောင်းဆရာဟောင်း
အလက(ကျုံဒါး)၊ အလက(၂)ဒဂုံ၊ အထက(၂)ရန်ကင်း ကျောင်းအုပ်(ငြိမ်း)
အသက်(၈၂)နှစ်

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ ၁၆/၁ရပ်ကွက်၊ ဇောတိကလမ်း၊ ၇၃၂နေ ဒေါ်ခင်ဆွေ(ထပြ၊ ထ-၂၊ ဒဂုံ၊ငြိမ်း)၏ခင်ပွန်း၊ ဦးကျော်ကျော်အောင်၊ ဒေါ်ဆွေမျိုးမြင့်၊ Capt. ဇော်မျိုးမြင့်(SKYLINE SHIPPING CO.)-ဒေါ်ခင်ခင်မြင့်(ခ) ထူးမေတို့၏ဖခင်၊ ဒေါက်တာကျော်ရဲလင်း၊ မကျော်ဝင့်ဝင့်လင်း(2nd MB၊ ဆေး-၁)၊ မမျိုးထက်ထက်ထွန်း(1st MB၊ ဆေး-၁)၊မခင်သက်ထားဇော်(G-7,A၊ ထ-၂၊ ဒဂုံ)၊ မောင်အောင်ခန့်ဇော်(G-3, A၊ ထ-၂၊ ဒဂုံ)တို့၏ဘိုးဘိုးကြီးသည် ၈-၁-၂၀၁၄ရက် နံနက် ၂း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့တွင်ပင် သင်္ဂြိုဟ်ပြီးစီးပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဦးတင်အောင်

မွေးမြူရေးနှင့်ရေလုပ်ငန်း၊ (ရေယာဉ်မှူး၊ ငြိမ်း)
အသက်(၇၀)

ရေးမြို့နယ်၊ အစင်ကျေးရွာနေ (ဦးတောင်ကျော်-ဒေါ်မဝဲ)တို့၏ဒုတိယသား၊ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၅)ရပ်ကွက်၊ ပင်လုံလမ်း၊ အမှတ် ၁၂၁၀နေ ဒေါ်သန်းသန်းအေး၏ခင်ပွန်း၊ (ဦးလှအောင်)၏ညီ၊ ဦးခင်အောင်၊ ဒေါ်ငြိမ်းကြည်တို့၏အစ်ကို၊ ဒေါ်စိုးလတ်လတ်အောင် (DTEC ၈/၁၁၊ မူပြ)၊ ဗိုလ်ကြီးအေးမင်းအောင်၊ မောင်ဇင်မင်းအောင်၊ မောင်နေလင်းအောင်တို့၏ဖခင်၊ ဦးသန်းဇော်ဦး၊ ဒေါ်အေးအေးမွန်(M.Sc Maths)တို့၏ဦးလေးသည် ၉-၁-၂၀၁၄ရက်(ကြာသပတေးနေ့) နံနက် ၁း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၁-၁-၂၀၁၄ရက်(စနေနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၁၅-၁-၂၀၁၄ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း
ဒါယိကာမကြီး

ဒေါ်မကြိုင်(ခ)ဒေါ်ကြိုင်

(သရက်ချောင်းရွာ)
အသက်(၇၄)နှစ်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ သမိုင်း (၁)ရပ်ကွက်၊ ၁၁လမ်း၊ အမှတ် ၂၅၃နေ (ဦးဘိုးကွယ်-ဒေါ်ပုချိန်)တို့၏ သမီး၊ (ဦးဘိုးရှိန်း-ဒေါ်မိသွယ်)တို့၏ သမီးချွေးမ၊ ဦးသန့်ဇင်၏ဇနီး၊ ဦးစိုးလွင်-ဒေါ်စန္ဒာမျိုး၊ ဒေါ်သင်းသင်းလွင် တို့၏မိခင်၊ မြေးနှစ်ယောက်တို့၏အဘွားသည် ၈-၁-၂၀၁၄ရက်(ဗုဒ္ဓဟူးနေ့) ည ၇း၅၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၀-၁-၂၀၁၄ရက်(သောကြာနေ့)မွန်းလွဲ ၂နာရီတွင် ထိန်ပင်အအေးတိုက်မှထိန်ပင် သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဦးဝင်းမောင် (ဖန်းမော်)

အသက်(၆၅)နှစ်

မန္တလေးမြို့နေ (ဦးကျော်ကြီး-ဒေါ်အေးကြည်)တို့၏တတိယသား၊ ဖန်းမော်မြို့နေ (ဦးစံထွန်း-ဒေါ်ချယ်)တို့၏သားသမက်၊ ဖန်းမော်မြို့၊ မင်းကုန်းရပ်ကွက်၊ ဗောဓိလမ်း၊ အမှတ် ၁၃၆နေ ဒေါ်တင်လှ၏ခင်ပွန်း၊ (ဦးကိုကြီး-ဒေါ်မြင့်မြင့်သန်း)၊ ဦးအောင်ကြည်-(ဒေါ်ခင်လှဝင်း)တို့၏မောင်၊ (ဦးသင်းအောင်)၏အစ်ကို၊ ကိုကျော်စွာစိုး-မမွန်း၊ ကိုဆွေသက်မောင်-မမွှေး၊ ကိုစည်သူသိန်း-မမိမိစံတို့၏ဖခင်သည် ၉-၁-၂၀၁၄ရက် နံနက် ၉း၂၀နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၁-၁-၂၀၁၄ရက် နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေး အကြောင်းကြားအပ်ပါသည်။[တိုက်၅၈၊ သုံးလွှာ-B၊ ရတနာလမ်း၊ (၁)ရပ်ကွက်၊ ကမာရွတ်မြို့နယ် နေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင် ထွက်ခွာပါမည်။]

ကျန်ရစ်သူမိသားစု

ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ မြန်မာ့အလင်းသတင်းစာတိုက်၊ ရန်ကုန်-မန္တလေးလမ်းဟောင်း၊ ခရေပင်လမ်းခွဲ၊ ဇေယျာသီရိမြို့နယ်၊ နေပြည်တော်တွင် ထုတ်ဝေသည်။ နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ ကြော်ငြာ ၀၁-၅၄၅၈၃၄။ R /488

mmalin.npt @ gmail.com, နှင့်
www. facebook.com/MYANMAALINNNEWS

ဆင်းရဲနွမ်းပါးမှုလျှော့ချရေးလုပ်ငန်းအစီအစဉ်များအောင်မြင်ရေး တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုနိုင်ရေးပူးပေါင်းဆောင်ရွက်

စာမျက်နှာ ➤ ၆

ရွှေတိဂုံစေတီသို့ နိုင်ငံခြားသားဧည့်သည် ဝင်ရောက်မှု ၂၀၁၂ ထက် ၂၀၁၃ ကပိုများ

ရွှေတိဂုံစေတီတော်ပေါ်သို့ နိုင်ငံခြားဧည့်သည်များ နေ့စဉ်လာရောက်ကြည်ညိုကြသည်ကို တွေ့ရစဉ်။

နေပြည်တော် ဇန်နဝါရီ ၉

မြန်မာနိုင်ငံအတွင်း တည်ငြိမ်ခြင်း၊ အေးချမ်းခြင်းရှိနေကြောင်း ထင်ရှားသော ပကတိအမြင်ပြယုဂ်မှာ နိုင်ငံအတွင်းသို့နိုင်ငံခြားဧည့်သည် ဝင်ထွက်သွားလာမှု စံနှုန်းပင်ဖြစ်သည်။

ယခုအခါ နိုင်ငံတော်အား ဒီမိုကရေစီစနစ်သို့ ကူးပြောင်းပြီးနောက်ပိုင်း နိုင်ငံခြားဧည့်သည်များ နေ့စဉ်နှင့်အမျှ များပြားစွာဝင်ရောက်လျက်ရှိနေသည်။

စီးပွားရေးမြို့တော် ဖြစ်သော ရန်ကုန်မြို့ကြီးသို့ နိုင်ငံခြားသား ဧည့်သည်ဝင်ရောက်မှု အနေအထားကိုလည်း ရွှေတိဂုံစေတီတော်မြတ်ကြီးပေါ်သို့ တက်ရောက်လာမှု စာရင်းဇယားများအရ လေ့လာသိရှိနိုင်ပေသည်။ နိုင်ငံခြားဧည့်သည်တို့အား ရွှေတိဂုံစေတီတော်မြတ်ကြီးပေါ်သို့ ကြည်ညိုဖူးမြော်ရန်အလို့ငှာ လည်းကောင်း၊ လေ့လာမှုပြုစရာအလို့ငှာ လည်းကောင်း ဧည့်လမ်းညွှန်များက လိုက်ပို့ကြစမြဲဖြစ်သည်။ ရန်ကုန်ရောက် နိုင်ငံခြားဧည့်သည်များအနေဖြင့် ရွှေတိဂုံပေါ်သို့ မရောက်သည့်ဧည့်သည်မှာ အလွန်မှပင်ရှားသည်ဟု မိတ်ဆွေ ဧည့်လမ်းညွှန်တစ်ဦးက ဆိုဖူးသည်။

ရွှေတိဂုံစေတီပေါ်သို့ နိုင်ငံခြားဧည့်သည်ဝင်ရောက်မှု ဦးရေမှာ ၂၀၁၂ခုနှစ်ကထက် ၂၀၁၃ ခုနှစ်က ခြောက်သောင်းကျော်ပိုကြောင်း ဘုရားကြီး၏ ဂေါပကအဖွဲ့ မှတ်တမ်းအရ သိရသည်။

နိုင်ငံခြားဧည့်သည်တစ်ဦးလျှင် အမေရိကန်ငွေ ရှစ်ဒေါ်လာပေးဆောင်ရပြီး ၂၀၁၂ ခုနှစ်က ရရှိငွေ အမေရိကန်ဒေါ်လာ ၁၇၃၃၀၅၀ ဖြစ်ပြီး ၂၀၁၃ ခုနှစ်က အမေရိကန်ဒေါ်လာ ၂၉၄၃၄၇၀ဖြစ်ကြောင်း လေ့လာတွေ့ရှိရသည်။ လအလိုက်ဝင်ရောက်မှုကို ကြည့်လျှင်လည်း ၂၀၁၂ ဇန်နဝါရီတွင် ၃၄၃၇၀၊ ဖေဖော်ဝါရီတွင် ၃၃၉၉၂၊ မတ်တွင် ၃၁၃၆၃၊ ဧပြီတွင် ၁၈၉၄၉၊ မေတွင် ၁၈၃၉၄၊ ဇွန်တွင် ၁၅၅၂၁၊ ဇူလိုင်တွင် ၁၈၆၁၃၊ ဩဂုတ်တွင် ၂၁၃၂၉၊ စက်တင်ဘာတွင် ၂၀၄၄၂၊ အောက်တိုဘာတွင် ၃၅၉၂၄၊ နိုဝင်ဘာတွင် ၄၇၅၈၉၊ ဒီဇင်ဘာတွင် ၅၀၁၂၄ ဦးရှိခဲ့ပြီး စုစုပေါင်း ၃၄၆၆၁၀ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

သတင်း-ကိုကြီးတင်
ဓာတ်ပုံ-ဘော်ဂါသွေး

စာမျက်နှာ ၁၀ ကော်လံ ၃ ●

ကျောက်မျက်ကုန်သည်များ သတ်မှတ်ဧရိယာအတွင်း ခင်းကျင်းပြသထားသည့် ကျောက်စိမ်းတွဲများကို စိတ်ကြိုက်လွတ်လပ်စွာ ကြည့်ရှုနေကြစဉ်။ (သတင်း-၈)
ဓာတ်ပုံ-သတင်းစဉ်

MNL ကစားသမားများ လစာငွေလျှော့ချရန် သဘောတူညီမှုရရှိ

ရန်ကုန် ဇန်နဝါရီ ၉

MNL လိဂ် ရေရှည်တည်တံ့နိုင်ရေး၊ တိုးတက်အောင်မြင်ရေးနှင့် ကစားသမားများ လစာငွေလျှော့ချရေးကိစ္စရပ်များအတွက် တွေ့ဆုံဆွေးနွေးပွဲကို ယနေ့ညနေပိုင်းက သုဝဏ္ဏဘောလုံးကွင်း၌ ကျင်းပခဲ့ရာ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်၊ MNL နှင့် ပထမတန်းကလပ်အသင်းပိုင်ရှင်များ၊ အုပ်ချုပ်၊ နည်းပြများနှင့် ကစားသမားများ တက်ရောက်ခဲ့ကြသည်။

မြန်မာ့လက်ရွေးစင်အသင်းများ၊ လူငယ်လက်ရွေးစင်အသင်းများ နိုင်ငံတကာပြိုင်ပွဲများတွင် အောင်မြင်မှုမရရှိခြင်း၊ MNLအသင်းများ ရေရှည်တည်တံ့နိုင်ရေးတို့အတွက် ကစားသမားများ၏ လစာငွေများကို လျှော့ချရန် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌနှင့် MNL ကလပ်အသင်းပိုင်ရှင်များ ဆွေးနွေးမှုများ ပြုလုပ်ခဲ့ပြီး ယနေ့တွင် ကစားသမားများကို အတည်ပြုပြောကြားကာ သဘောတူညီမှု ရရှိခဲ့ခြင်းဖြစ်သည်။ ပြင်ဆင်လိုက်သည့် လစာငွေအရ လူငယ်ပြိုင်ပွဲဝင်မည့် ကစားသမားအနေဖြင့် ကျပ်တစ်သိန်းမှ သုံးသိန်း၊ MNLတွင် ကစားပြီး လက်ရွေးစင်မဖြစ်ဖူးသူ ကစားသမားများအနေဖြင့် ကျပ်နှစ်သိန်းမှ ငါးသိန်း၊ ယူ-၁၉ လူငယ်လက်ရွေးစင်မှ မြန်မာ့လက်ရွေးစင်ဖြစ်ဖူးသူများအနေဖြင့် ကျပ်ငါးသိန်းမှ ၁၀ သိန်းအထိ ရရှိခွင့်ရှိမည်ဖြစ်သည်။

ယခုသတ်မှတ်လိုက်သည့် လစာနှုန်းထားထက် ပိုမိုရရှိနေသူများကို လစာငွေသုံးလစာလျော်ကြေးပေး၍ စာချုပ်ဖျက်သိမ်းကာ စာချုပ်သစ်ပြန်လည်ချုပ်ဆိုရမည်ဖြစ်ကြောင်း သိရသည်။

မြန်မာအသင်းများ အနေဖြင့် ကမ္ဘာ့အဆင့်၊ အာရှအဆင့်ပြိုင်ပွဲများတွင် ခြေစစ်ပွဲအောင်မြင်ခြင်း၊ အာဆီယံ ဆူဇူကီးဖလားပြိုင်ပွဲ၊ ဆီးဂိမ်းပြိုင်ပွဲများနှင့် အခြားနိုင်ငံတကာပြိုင်ပွဲများတွင် အောင်မြင်မှုရရှိပါက ကစားသမားများမှာ လိဂ်ကော်မတီအစည်းအဝေးပြုလုပ်၍ လစာငွေတိုးမြှင့်ခံစားခွင့်ရရှိမည်ဖြစ်သည်။

ညီမြတ်သော်တာ

ကိုယ်ပိုင်ကျောင်း တည်ထောင်ဖွင့်လှစ်လိုသူများနှင့် ကိုယ်ပိုင်ကျောင်းဆရာအဖြစ် လျှောက်ထားလိုသူများအား လျှောက်လွှာတင်သွင်းခွင့်ပြု

နေပြည်တော် ဇန်နဝါရီ ၉

၂၀၁၄-၂၀၁၅ ပညာသင်နှစ်အတွက် ကိုယ်ပိုင်ကျောင်းများကို တည်ထောင်ဖွင့်လှစ်ခွင့်ပြုမည်ဖြစ်ရာ ကိုယ်ပိုင်ကျောင်းမှတ်ပုံတင် ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ကိုယ်ပိုင်ကျောင်းတည်ထောင်ဖွင့်လှစ်လိုသူများ၊ ကိုယ်ပိုင်ကျောင်းဆရာအဖြစ် လျှောက်ထားလိုသူများသည် ဇန်နဝါရီ ၁၃ ရက်မှစတင်၍ သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ် ပညာရေးမှူးညွှန်ကြားရေးမှူးရုံးများတွင် ကိုယ်ပိုင်ကျောင်းမှတ်ပုံတင်လျှောက်လွှာနှင့် ကိုယ်ပိုင်ကျောင်းဆရာမှတ်ပုံတင် လျှောက်လွှာများကို ထုတ်ယူနိုင်ပြီး ဇန်နဝါရီ ၃၀ ရက်ထက် နောက်မကျစေဘဲ သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်ပညာရေးမှူး ညွှန်ကြားရေးမှူးရုံးများသို့ တိုက်ရိုက်လျှောက်ထားရမည်ဖြစ်ကြောင်းနှင့် (ယာယီ/စမ်းသပ်)ခွင့်ပြုချက်ကာလ ကုန်ဆုံးသည့် ကိုယ်ပိုင်ကျောင်းများသည်လည်း ကိုယ်ပိုင်ကျောင်းမှ မှတ်ပုံတင်လျှောက်လွှာအသစ် ပြန်လည်တင်သွင်းရမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အခြေခံ(၆)ရက်၊ အဆင့်မြင့်(၆)ရက်

ကျေးဇူးရှင် ဖေဖေ၊ မေမေ
တို့အတွက်
စိန်ရတုအကြိုမင်္ဂလာဆုတောင်း

၂၀၁၄ ခုနှစ် ဇန်နဝါရီလ(၁၀)ရက်နေ့တွင် ကျရောက်သော

ကျေးဇူးရှင် ဖေဖေ သံအမတ်ကြီး ဦးလှမောင် (ငြိမ်း) + မေမေ ဒေါ်ခင်မြင့်ရီ တို့၏

(၅၉) နှစ်မြောက် စိန်ရတုအကြို မင်္ဂလာရက်မြတ်မှသည် နောင်ရှေ့ဆက်လျှောက်လှမ်းရမည့်နေ့ရက် ကာလများတွင် ဖေဖေ၊ မေမေတို့ ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းတို့ဖြင့် ပြည့်စုံစေပြီး နောင်နှစ်ပေါင်းများစွာတိုင် နိုင်ငံအကျိုးပြုလုပ်ငန်း၊ လူမှုရေးအကျိုးပြုလုပ်ငန်း၊ ဘာသာပေါင်းစုံအကျိုးပြုလုပ်ငန်းများကိုဆထက်တံပိုး ဆောင်ရွက်နိုင်ကြပြီး သား၊ သမီး၊ မြေးများနှင့်အတူ ထာဝရရွှင်လန်း ချမ်းမြေ့စွာလျှောက်လှမ်းနိုင်ကြပါစေရန် သား၊ သမီး၊ မြေး တို့၏ နှတ်ရှိုင်း သောချစ်ခြင်းမေတ္တာဖြင့် ဆုမွန်ကောင်းတောင်းအပ်ပါသည်။

သား/သမီးများ	မြေးများ
ဒေါ်ခင်မာနွယ် + ဦးခင်မောင်ဖေား	ဒေါက်တာ အောင်နိုင်ထူး
ဒေါ်ခင်မာသွယ် + ဦးတင်ဝင်းဦး	အိမ္မွေစင်
ဒေါက်တာ စိုးလှအောင် + အဲလက်စ်	အေးချမ်းသူ
ဒေါက်တာသန်းလှအောင် + ဒေါက်တာသွယ်ဦး	မြင့်သီရိဝင်း
ကိုသန်းဇော်၊ ကိုစိန်ဘုန်း	လင်းလက်အောင်

ပေါဒီထူး

(ဇူလာ/ဝဂုတ်)စီး (၅-၅)ညီနိုက်ကျင်း (ဇူလာ/ဝဂုတ်)စီး (၄-၅)ညီနိုက်ကျင်း

ခရီးစဉ်ထွက်ခွာမည့်ရက်များ – Jan (12 , 26) , Feb (9 , 23) , Mar (9) , April (12 , 13)

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ်၁ယ/၆၆၅၀၄ YAMAHA M/C ယာဉ်လက်ဝယ်ရှိသူ ဦးမြင့်ကျော် ၅/မရန(နိုင်)၀၁၃၆၂၁က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ခတိုင်းဒေသကြီးဦးစီးမှူးရုံး (မုံရွာမြို့)

ဒေါက်တာခင်မောင်လွင် (FAME) ရေးသားထားသော Medicinal Plant Series စာအုပ်သစ် မိတ်ဆက်ခြင်း

"နာတာရှည် ကျောက်ကပ်အားနည်းရောဂါကို ကုသရာ၌ အထိရောက်ဆုံးဆေးပင်ဖြစ်သည့် ကျောက်ကပ်ဆေးပင် အကြောင်း ရေးသားဖော်ပြထားသော စာအုပ် ..."

FAME Publishing House မှ ထုတ်ဝေဖြန့်ချိလိုက်ပါပြီ ...

ဖြန့်ချိရေး – အမှတ်(၂၀)၊ မင်းကြီးမဟာမင်းခေါင်လမ်း နှင့် နတ်ဒေးလမ်းထောင့်၊ ဈေးမှုဇုန်(၃)၊ လှိုင်သာယာမြို့
ဖုန်း – ၆၈၅၆၀၉၊ ၆၈၂၁၉၉၊ ၆၈၅၀၈၃ Fax: 95-1-680122
E-mail : fph@famepharma.com

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ်၂၀ယ/၅၇၆၉၇ Hero Anbo 125 M/C ယာဉ်လက်ဝယ်ရှိသူ ဦးမင်းယုဝေ ၉/ခမစ(နိုင်)၀၀၁၂၂၃က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)
မန္တလေးမြို့**

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၀ယ/၄၀၉၃၅ Kenbo CNA/125 M/C ယာဉ်လက်ဝယ်ရှိသူ ဦးမြတ်စိုး ၅/စကန(နိုင်)၁၈၆၀၄၂ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)
မန္တလေးမြို့**

မင်္ဂလာနှစ်ပတ်လည်နှင့် မွေးနေ့ဆုတောင်း

ဖေဖေဦးသိန်းလွင်၏ ၁၂-၁-၂၀၁၄ရက်နှင့် မေမေဒေါ်ငွေးမြင့်၏ ၄-၁-၂၀၁၄ ရက်တို့တွင် ကျရောက်သော မွေးနေ့မင်္ဂလာရက်နှင့် ၁၀-၁-၂၀၁၄ရက်တွင် ကျရောက်သည့် (၅၁)နှစ်မြောက် မင်္ဂလာနှစ်ပတ်လည်ရက်မြတ်မင်္ဂလာမှသည် နောင်နှစ်ပေါင်းရာကျော်တိုင် သက်ရှည်ကျန်းမာစွာဖြင့် ဘာဝနာတရားများ ကြိုးစားအားထုတ်ကာ ဘာသာ သာသနာအကျိုး ဆထက်တိုး၍ ရွက်ဆောင်နိုင်ကြပါစေကြောင်း ဆုမွန်ကောင်းများတောင်းလျက်-

ချစ်သားသမီးများ-
ဦးထွန်းအောင်နိုင်(ညွှန်မှူး/ဆည်မြောင်း)-ဒေါ်စိန်မြရွှေ
ဗိုလ်မှူးအောင်အောင်ထွန်း(ငြိမ်း)-ဒေါ်သိန်းသန်းဝင်း
ဦးထွန်းဝင်းနိုင်-ဒေါ်အေးအေးသွင်(ဖူးပဲမျိုးစုံရောင်းဝယ်ရေး)
ဦးကျော်ကျော်အောင်-ဒေါ်သက်ရည်ဝင်း
ကိုသူရလွင်(D mobile Sale Centre)
ချစ်မြေးများ-
ရှင်းသန့်အောင်၊ အောင်ခန့်၊ ကောင်းခန့်လင်း၊ မေယမင်းအောင်၊ ရည်တာအောင်၊ ရွှန်းထက်ထက်နိုင်၊ ဖြိုးမင်းခန့်၊ အုပ်စိုးခန့်

ငြင်းချက်ထုတ်ရန်သမ္မန်စာ
(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး
၂၀၁၃ခုနှစ် တရားမကြီးမှုအမှတ်-၅၆၂

မသီတာရွှေစင်မြင့်	နှင့်	ဦးမင်းဇော်
တရားလို		**တရားပြိုင်**

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ အမှတ် ၂၊ မဂ္ဂင်လမ်း၊ ကျောက်ကုန်းနေ ဦးမင်းဇော်(ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက လင်မယားကွာရှင်းပြတ်စဲပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ (သို့မဟုတ်) ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူတစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၄ ခုနှစ် ဇန်နဝါရီ ၁၇ ရက်(၁၃၇၅ခုနှစ် ပြာသိုလပြည့်ကျော် ၂ ရက်)မွန်းမတည့်မီ ၁၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်က ဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာ၌ ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကကြည့်ရှုလိုသည့်စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြ အမှီပြုလိုသည့်စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ် ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၄ခုနှစ် ဇန်နဝါရီ ၆ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(လှဲလှဲအေး)
ဒုတိယခရိုင်တရားသူကြီး(၂)
ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး**

AC-Express
Saloon Hi-Ace
09-49589762
09-49589764
09-421013999
09-421014999

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၄၆၊ မြေကွက်အမှတ်၄၀၂၊ မြေကွက်တည်နေရာအမှတ် ၄၀၂၊ ၄၆ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် ဦးသန်းညွှန့် CL-၀၁၁၀၆၆ အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဦးသန်းညွှန့် ကွယ်လွန်သဖြင့် ဒေါ်စောလှိုင် ၁၂/သဃက(နိုင်)၀၇၆၄၈၂က တစ်ဦးတည်းသောဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်၂၂၇၂၆/၁၃(၁၃-၁၁-၁၃)ဖြင့် ဦးသန်းဦး ၁၂/သဃက(နိုင်)၀၁၆၁၁၃က ပါဝါပေးသူသက်ရှိထင်ရှားရှိကြောင်းနှင့် ပါဝါပြန်လည်ရုပ်သိမ်းခြင်းမရှိကြောင်းကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူး လျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

တစ်ဦးတည်းဖြစ်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ ကြို့ကုန်းအရှေ့ရပ်ကွက်၊ မဟာသုခိတာလမ်းနေ ဦးစောချစ်ဦး၏သမီး နော်ဂျက်ကလင်းချစ်ဦးနှင့် နော်ဂျက်ကလင်းချစ် ၁၂/အစန(နိုင်)၂၃၄၅၃ နှင့် နော်ဂျမ်းမီချစ်ဦးနှင့် နော်ဂျမ်းမီချစ်တို့မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**နော်ဂျက်ကလင်းချစ်ဦး(ခ)နော်ဂျက်ကလင်းချစ်၊
နော်ဂျမ်းမီချစ်ဦး(ခ)နော်ဂျမ်းမီချစ်**

တစ်ထပ်တိုက်ရောင်းမည်

B/S(22)၊ ကန်သာသလမ်း၊ မကွေးမြို့၊ မြေအကျယ်ပေ၅၀×ပေ၇၀၊ ကိုယ်ပိုင်အဝီစိတွင်းနှင့် မီတာပါသည်။

**ဆက်သွယ်ရန်လိပ်စာ
ဖုန်း-၀၉-၅၂၅၂၀၅၂**

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ယ/၃၄၆၀၆ ဟွန်ဒါ C 90 M/C ယာဉ်လက်ဝယ်ရှိသူ ဦးစိုးမြင့် ၅/မရန(နိုင်)၁၄၈၄၂၈က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊တိုင်းဒေသကြီးဦးစီးမှူးရုံး
(မုံရွာမြို့)**

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁၁ယ/၅၃၇၃၄ ဂျာလင်း JL 90 ယာဉ်လက်ဝယ်ရှိသူ ဦးအောင်ကိုကို ၉/မနမ(နိုင်)၀၀၈၉၇၁က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)
မန္တလေးမြို့**

အထူးကျေးဇူးတင်ရှိခြင်း

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ကမ်ပိုအားကစားပြိုင်ပွဲများကို ၂၀၁၃ခုနှစ် ဒီဇင်ဘာ ၁၇ရက်မှ ၂၁ရက်အထိ ရန်ကုန်မြို့ သုဝဏ္ဏအမျိုးသားအားကစားပြိုင်ပွဲရုံ(၁)တွင် ယှဉ်ပြိုင်ကစားခဲ့ရာ လူကိုယ်တိုင်ကြွရောက် ကြည့်ရှုအားပေးရုံမျှမက ရွှေတံဆိပ်ဆု(၆)ခုနှင့် ကြေးတံဆိပ်(၇)ခုရယူခဲ့သော မြန်မာ့လက်ရွေးစင် ကမ်ပိုအားကစားမောင်မယ်များအား ငွေသားဆုများ ချီးမြှင့်ပေးခဲ့ကြသော တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၊ အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ ပုဂ္ဂလိကအဖွဲ့အစည်းများမှ မိတ်ဆွေများနှင့်တကွ အဘက်ဘက်မှ ဝိုင်းဝန်းကူညီထောက်ပံ့ပေးခဲ့ကြသော ပုဂ္ဂိုလ်များအား အထူးပင် ကျေးဇူးတင်ရှိပါကြောင်း။

မြန်မာနိုင်ငံကမ်ပိုအဖွဲ့ချုပ်

ဧရာပုသိမ်ဖွံ့ဖြိုးမှုအများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက် အစုရှယ်ယာရှင်သစ်များဖိတ်ခေါ်ခြင်း

ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၏ မြန်မာနိုင်ငံတော်ကုမ္ပဏီများအက်ဥပဒေအရ သတ်မှတ်ထားသောပုံစံဖြင့် အတည်ပြုကြေညာချက်တင်ပြနိုင်မှုအပေါ် ကျွန်တော်များ ဧရာပုသိမ်ဖွံ့ဖြိုးမှု အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်အား လုပ်ငန်းစတင်ဆောင်ရွက်ခွင့် လက်မှတ်ကို ၂၀၁၃ခုနှစ် နိုဝင်ဘာ ၁၈ရက်တွင် ထုတ်ပေးရရှိပြီး လုပ်ငန်းများဆောင်ရွက်နေပြီဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ဧရာပုသိမ်ဖွံ့ဖြိုးမှု အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်က ရောင်းချရန် သတ်မှတ်ထားသော အစုရှယ်ယာများကို ၂၀၁၄ခုနှစ် ဇန်နဝါရီ ၁၁ ရက်တွင် ပုသိမ်မြို့ ဧရာရွှေဝါခန်းမ၌ အများပြည်သူသို့ စတင်ရောင်းချမည် ဖြစ်ပါ၍ စိတ်ပါဝင်စားသူများအနေဖြင့် ကြွရောက်ဝယ်ယူနိုင်ပါကြောင်း လေးစားစွာဖြင့် သတင်းကောင်းပါးအပ်ပါသည်။

ဒါရိုက်တာအဖွဲ့

Email-ayer.ayerpathein. Ltd @ gmail-com

ဖုန်း-၀၄၂-၂၂၅၆၉၊ ၀၉-၈၅၅၀၇၉၈၊ Fax-၀၄၂-၂၅၃၀၃

ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံးခြင်း

ယာဉ်အမှတ် ၆ဂ/၃၃၈၈၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ်၂၇ယ/၈၃၉၅၆ ယာဉ်လက်ဝယ်ရှိသူ ဒေါ်သေးသေး ၁၀/သထန(နိုင်)၀၄၄၆၆၂က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူလျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ ကညန၊ခရိုင်ရုံး(သထုံ)

ဂုဏ်ယူဝမ်းမြောက်ခြင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့၊ ဆုတောင်းပြည့်မြတ်စွာဘုရားကြီး ဂေါပကအဖွဲ့ဝင် သုဓမ္မဇောတိကဓဇ ဦးသန်းထွန်း ဥက္ကဋ္ဌ မုံရွာရွှေအုပ်စုသည် နိုင်ငံတော်သမ္မတရုံး အမိန့်ကြော်ငြာစာအမှတ်(၁/၂၀၁၄)ဖြင့် **"သီဟသုဓမ္မဇောတိကဓဇ"** ဘွဲ့တံဆိပ်အား ထိုက်ထိုက်တန်တန် ထပ်ဆင့်ချီးမြှင့်ခံရကြောင်း သိရပါသဖြင့် အထူးဂုဏ်ယူဝမ်းမြောက်ကြပါသည်။

ဥက္ကဋ္ဌ-ဦးတင်အောင်၊ အတွင်းရေးမှူး-ဦးတင်ဝင်းမြင့်
နှင့် ဆုတောင်းပြည့် ဂေါပကအဖွဲ့

ကန့်ကွက်နိုင်ပါသည်။

ဦးခင်မောင်ကြီး LL.B

ကန့်ကွက်နိုင်ပါသည်။

ကန့်ကွက်ရန် ကြော်ငြာ

အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန
ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန အိတ်ဖွင့်လေလံခေါ်ယူခြင်း

၁။ ဤဦးစီးဌာနရှိ အောက်ဖော်ပြပါအသုံးပြုပြီးသော ရုံးသုံးစက်ကိရိယာများနှင့် ကွန်ပျူတာဆက်စပ်ပစ္စည်း(အဟောင်း)များအား အိတ်ဖွင့်လေလံစနစ်ဖြင့် ထုခွဲရောင်းချမည်ဖြစ်ပါသည်။

စဉ်	ပစ္စည်းအမျိုးအမည်	အရေအတွက်
(က)	Air Conditioner (Japan)	5 Nos
(ခ)	Computer (Dell Optiplex 330)(System Unit Only)	3 Nos
(ဂ)	Computer (Dell Optiplex 980)(System Unit Only)	1 No
(ဃ)	Computer (Dell Optiplex 7010)(System Unit Only)	1 No
(င)	Computer (Viewsonic) (Monitor with System Unit)	11 Nos
(စ)	Computer (HP-Flat) (Monitor with System Unit)	2 Nos
(ဆ)	Computer (HP-Tube) (Monitor Only)	11 Nos
(ဇ)	Computer (Philip,14") (Monitor Only)	6 Nos
(ဈ)	Computer (Compaq,14") (Monitor Only)	1 No
(ည)	Computer (Palette,14") (Monitor Only)	1 No
(ဋ)	Computer (Dell,14") (Monitor Only)	2 Nos
(ဌ)	Printer (HP) (Epson) (Canon) (Xerox)	17 Nos
(ဍ)	Fax Machine	5 Nos
(ဎ)	Water Cooler	3 Nos
(ဏ)	လက်နှိပ်စက် (အင်္ဂလိပ်/မြန်မာ)	8 Nos
(တ)	လက်လှည့်စာကူးစက်	1 No
(ထ)	အသံချဲ့စက်	1 No
(ဒ)	UPS	65 Nos

၂။ **လေလံပုံစံထုတ်ယူရမည့်ရက်** - ၁၀-၁-၂၀၁၄ ရက်မှ ၁၆-၁-၂၀၁၄ ရက်အထိ၊ ရုံးအမှတ် ၃၂၊ နေပြည်တော်တွင် ဝယ်ယူနိုင်ပါသည်။

၃။ **လေလံဖွင့်လှစ်မည့်ရက်** - ၁၇-၁-၂၀၁၄ ရက် မွန်းတည့် ၁၂ နာရီမှ မွန်းလွဲ ၂ နာရီအတွင်း ရုံးအမှတ် ၃၂၊ နေပြည်တော်ရှိ လေလံအဖွဲ့ဝင်များ ရှေ့မှောက်၌ လာရောက်တင်သွင်းရန်ဖြစ်သည်။

၄။ အသေးစိတ်အချက်အလက်များသိရှိလိုပါက ဖုန်းအမှတ် ၀၆၇-၄၀၆၁၂၅ နှင့် ၀၆၇-၄၀၆၁၆၈ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန
ရုံးအမှတ် ၃၂၊ နေပြည်တော်

ဆရာရှင်မင်း (B.A)

ကန့်ကွက်နိုင်ပါကြောင်း

PIONEER LAW FIRM

ကန့်ကွက်နိုင်ပါကြောင်း

ဗိုလ်မှူးကြီးတင်မောင်ဝင်း(ငြိမ်း) ပိုင်ဆိုင်သော ညောင်နှစ်ပင် ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်ရေးနှင့် ကြက်/ငါး မွေးမြူရေး အထူးဇုန် ဇုန်(၂)မြေကွက်အမှတ် ၄၅၅အား ရန်ကုန်တိုင်းဒေသကြီးအစိုးရသို့ ပိုင်ရှင်ဗိုလ်မှူးကြီးတင်မောင်ဝင်း(ငြိမ်း)က လုပ်ကိုင်ခွင့် လျှောက်ထားမည်ဖြစ်၍ ကြော်ငြာသည့်ရက်မှ ခုနစ်ရက်အတွင်း အထောက်အထားများဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

ဗိုလ်မှူးကြီးတင်မောင်ဝင်း(ငြိမ်း)

ကန့်ကွက်နိုင်ပါကြောင်း

ဗိုလ်မှူးမောင်ဝင်း(ငြိမ်း)ပိုင်ဆိုင်သော ညောင်နှစ်ပင် ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်ရေးနှင့် ကြက်/ငါးမွေးမြူရေး အထူးဇုန် ဇုန်(၂)မြေကွက်အမှတ် ၄၅၃/၄၅၄ အား ရန်ကုန်တိုင်းဒေသကြီးအစိုးရသို့ ပိုင်ရှင်ဗိုလ်မှူးမောင်ဝင်း(ငြိမ်း)က လုပ်ကိုင်ခွင့် လျှောက်ထားမည်ဖြစ်၍ ကြော်ငြာသည့်ရက်မှ ခုနစ်ရက်အတွင်း အထောက်အထားများဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

ဗိုလ်မှူးမောင်ဝင်း(ငြိမ်း)

VICTORIA UNIVERSITY COLLEGE

❖ ... January Intake ... Victoria University College ...

Engineering Section (၃)ခု ...

❖ HND မှ BE / B.Sc / B.A / B.Com / BBA ... VUC Open Information Day ...

"Open Information Day" 12. 1. 2014 (Sunday) 9:00 am

Campus One: ... MMB Tower ...

ဝန်ထမ်းအလိုရှိသည်။

AA Marketing Co., Ltd. ...

1) Sales Representative

AA Marketing Co., Ltd. ... hr@aa.com.mm ...

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း	ယာဉ်အမှတ် ၁၈/၃၀၉၄၊ Toyota Probox SW 4x2 P.U.2၊ ယာဉ်လက်ဝယ်ရှိသူ ဦးပြည့်ဖြိုးသူ ၁၂/အစန(နိုင်) ၂၂၇၅၄၈ က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး၊ ရန်ကုန်မြောက်ပိုင်း၊ အင်းစိန်မြို့**

သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မွန်ပြည်နယ်၊ မုဒုံမြို့နယ်၊ ကျောက်တလုံးကျေးရွာ၊ နိုင်းပြိုင်လမ်းဝအနီး၊ ရေခဲဆိုင်၊ အိမ်အမှတ် ၁၈ နေ ဒေါ်လှကြည်(ခ)ဒေါ်ဆာလာမား၏သား၊ မောင်ဇော်မျိုးထွန်း (ခ)ရာဂျား MDN- ၀၅၇၂၉၇ အသက်(၂၆)နှစ်သည် မိဘများခွင့်မလွှတ်နိုင်သည့်ကိစ္စရပ်များပြုလုပ်ပြီး မိမိသဘောဆန္ဒအတိုင်းပြုမူသွားပါသဖြင့် ၃-၁-၂၀၁၄ ရက် (သောကြာနေ့)မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ ၄င်းနှင့်ပတ်သက်သည့်ကိစ္စအဝဝကို တာဝန်ယူတော့မည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

မိခင်-ဒေါ်လှကြည်(ခ)ဒေါ်ဆာလာမား
MDN- ၀၅၅၂၀၅

ဖခင်အမည်ဖြည့်စွက်ခြင်း

စစ်တွေမြို့၊ ရွာကြီးမြောက်ရပ်ကွက်၊ အမှတ် စရ-၇၅ နေ အစိုးရနည်းပညာတက္ကသိုလ် စစ်တွေတွင် ပညာဆည်းပူးလျက်ရှိသူ မအေးမြင့်ခိုင် ၁၁/စတန(နိုင်)၀၉၆၁၈၃ ၏ ဖခင်အမည်အား ဦးမောင်ရွှေအေး(ခ) ဦးရွှေအေးမောင်ဟု ဖြည့်စွက်ခေါ်ဆိုပါရန်။

ဆက်သွယ်စာရင်းပေးသွင်းရန်

(၆၂) နှစ်မြောက် ကယားပြည်နယ်နေ့ အခမ်းအနား ကို

ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ၊ ပြည်ထောင်စုခန်းမ၌ ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။ ကယားပြည်နယ်သူ/သားများ ကယားပြည်နယ်တွင် တာဝန်ထမ်းဆောင်ခဲ့ဖူးသူများ တက်ရောက်နိုင်ပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။

နေ့ရက်/အချိန်-၁၅-၁-၂၀၁၄ ရက် နံနက် ၉ နာရီမှ ညနေ ၃ နာရီအထိ

(ကယားရိုးရာအစားအသောက်များဖြင့် တည်ခင်းဧည့်ခံပါမည်။)

ကယားပြည်နယ်နေ့ကျင်းပရေး ဗဟိုကော်မတီ၊ ရန်ကုန်

စီးပွားရေးတက္ကသိုလ်
၁၉၉၄-၁၉၉၅ခုနှစ် ဘွဲ့ရကျောင်းသား/ကျောင်းသူများ၏
တတိယအကြိမ် အာစရိယပူဇော်ပွဲဖိတ်ကြားခြင်း

၁၉၉၄-၁၉၉၅ခုနှစ် စီးပွားရေးတက္ကသိုလ် ဘွဲ့ရကျောင်းသား/ကျောင်းသူများ၏ တတိယအကြိမ် အာစရိယပူဇော်ပွဲနှင့် မိတ်ဆုံညစာစားပွဲကို ၂၀၁၄ခုနှစ်၊ ဇန်နဝါရီ ၁၁ရက် (စနေနေ့)ညနေ ၆ နာရီတွင် Dolphin Restaurant (ကန်တော်ကြီး)၌ စည်ကားသိုက်မြိုက်စွာကျင်းပသွားမည်ဖြစ်ပါသည်။ ယခင်အကြိမ်များကဲ့သို့ သူငယ်ချင်းအားလုံး ပျော်ရွှင်စွာ စုံစုံညီညီ ပြန်လည်ဆုံတွေ့နိုင်ရန်နှင့် ဆရာကြီး၊ ဆရာမကြီးများအား အတူတူပူဇော်ကန်တော့နိုင်ရန် ဖိတ်ကြားအပ်ပါသည်။

အလှူငွေဖြတ်ပိုင်းစာအုပ်နှင့် Dinner လက်မှတ်များကို သက်ဆိုင်ရာ ကိုယ်စားလှယ်အသီးသီးသို့ ဖြန့်ဝေထားပြီးဖြစ်သကဲ့သို့ အောက်ပါပုဂ္ဂိုလ်များထံတွင်လည်း ထည့်ဝင်လှူဒါန်းနိုင်ပါကြောင်း အသိပေးအပ်ပါသည်။

*ကိုစောဟန်အေး	ဖုန်း-၀၉-၈၇၃၀၁၃၂	*မပြုံးမို့မို့အောင်(ဆူး)	ဖုန်း-၀၉-၅၀၁၁၈၆၀
*ကိုသန့်ဇင်	ဖုန်း-၀၉-၅၀၁၁၉၅၉	*မယဉ်ယဉ်ငြိမ်း	ဖုန်း-၀၉-၅၀၆၈၃၂၄
*ကိုနေလင်းအောင်	ဖုန်း-၀၉-၅၀၆၉၇၄၁	*မမာလာအေး	ဖုန်း-၀၉-၄၀၂၇၁၈၀၆၁
*ကိုရဲနိုင်	ဖုန်း-၀၉-၅၁၃၅၃၈၀	*ကိုနေမျိုးအောင်	ဖုန်း-၀၉-၅၀၀၃၅၉၇
*ကိုထွန်းဇော်သောင်း	ဖုန်း-၀၉-၅၀၀၁၃၉၁	*ကိုကျော်ကျော်စိုး	ဖုန်း-၀၉-၂၀၃၁၁၈၄
*ကိုမြင့်နိုင်	ဖုန်း-၀၉-၅၁၀၄၆၇၅	*ကိုသန်းနိုင်သန်း	ဖုန်း-၀၉-၂၀၃၃၁၂၉
*ကိုမောင်မောင်အေး	ဖုန်း-၀၉-၅၅၀၂၃၄၈	*ကိုဇော်ဇော်မိုး	ဖုန်း-၀၉-၂၀၄၃၄၄၇
*ကိုမင်းသူရ	ဖုန်း-၀၉-၅၀၂၀၃၁၁	*ကိုမျိုးသိန်း	ဖုန်း-၀၉-၂၀၃၀၀၇၇
*မမေခလာဝင်း	ဖုန်း-၀၉-၅၁၄၂၅၀၁	*ကိုကိုကြီး	ဖုန်း-၀၉-၂၀၀၅၈၉၆

မှတ်ချက်။ ။ အလှူငွေဖြတ်ပိုင်းစာအုပ်များကို ၁၁-၁-၂၀၁၄ရက် Dinner ပွဲမတိုင်မီ နောက်ဆုံးထားအပ်နှံပေးပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ဆရာကန်တော့ပွဲဖြစ်မြောက်ရေးကော်မတီ
၁၉၉၄-၁၉၉၅ခုနှစ် စီးပွားရေးတက္ကသိုလ် ဘွဲ့ရကျောင်းသား/ကျောင်းသူများ

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြောက်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၄၁၊မြေကွက်အမှတ် ၁၂၆၀၊ မြေကွက်တည်နေရာအမှတ်-၁၂၆၀၊ ၄၁ ရပ်ကွက်၊ ဒဂုံမြောက်မြို့နယ် ဒေါ်တင်တင်အေး N/RGN-၀၀၀၁၂၁ အမည်ပေါက် နှစ် ၆၀ဂရန်မြေအား အမည် ပေါက် ဒေါ်တင်တင်အေးထံမှ အထွေထွေ ကိုယ်စားလှယ်လွှဲစာအမှတ် ၆၉၆၆/၀၈(၁၁-၇-၀၈)ဖြင့်ဒေါ်အေးအေးခိုင် ၁၄/မအပ(နိုင်)၀၀၅၂၈၄က ကိုယ်စားလှယ်ရယူ၍ ပါဝါပေးသူသက်ရှိထင်ရှားရှိကြောင်းနှင့် ပါဝါပြန်လည်ရုပ်သိမ်းခြင်းမရှိကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အရောင်းအဝယ်စာချုပ်ရန်မြေပုံကူး လျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့်၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သဃ်န်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၅၊ မြေကွက်အမှတ် ၉/ယ၊ မြေကွက်တည်နေရာအမှတ် ၁၁၀၊ ဦးဘသက်လမ်း၊ ဦးစံဖေရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်၊ ကိုစိန် အမည်ပေါက် ဘီ လ/န ၃(ခ)မြေအား အမည်ပေါက် ကိုစိန် ကွယ်လွန်သဖြင့် ဇနီး ဒေါ်ခင်သန်း၁၂/ပဘတ(နိုင်)၀၂၁၄၇၄နှင့်သမီးဖြစ်သူ (၁)ဒေါ်ခင်ခင် ၁၂/ပဘတ(နိုင်)၀၂၁၃၈၉၊ (၂) မမေညွန့်(ခ)ခူရ်ရှစ်ဘာနူး(ခ)ဒေါ်လီဟူစိန် ၁၂/ပဘတ(နိုင်)၀၂၇၆၇၂ တို့က ဇနီးနှင့် သမီးများတော်စပ်ကြောင်း သေစာရင်း၊ ကတိသစ္စာပြုလွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန်နှင့် အရောင်းမြေပုံကူး လျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ **မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁ယ/၅၂၁၁၊ Honda C90 Custom CMS. M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်ဖြိုးဖြိုးအောင် ၉/မနတ(နိုင်)၀၀၂၆၄၉က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့**

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုခဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
မန္တလေးခရိုင်တရားရုံးတော်၌
၂၀၁၃ခုနှစ် တရားမကြီးမှုအမှတ်-၂၄၃

ဦးညွန့်မောင် (၎င်း၏အထွေထွေ နှင့် ကိုယ်စားလှယ်စာရသူ ကိုဇော်ဝိတ်)

တရားလို

၁။ မောင်ကျော်
၂။ မတူး
၃။ ဒေါ်ထင်ဆိုင်းကျိန်
၄။ ဦးကျော်မိုး

တရားပြိုင်များ

ဒေါ်ထင်ဆိုင်းကျိန် အမှတ် ဃ-၉/၆၇၊ ၄၂ လမ်းထောင့်၊ ၆၅ လမ်းထောင့်၊ ထွေအုပ်ရုံးနှင့် မျက်နှာချင်းဆိုင်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့ (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက "ဆောက်လုပ်ထားသော အဆောက်အအုံများအား ဖျက်သိမ်းယူငင်၍ မြေကွက်အား တရားလိုသို့ လက်ရောက်ပေးအပ်စေလိုမှု" လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့် ပါစေ၍ဖြစ်စေ ၂၀၁၄ ခုနှစ် ဇန်နဝါရီ ၂၉ ရက် (၁၃၇၅ခုနှစ် ပြာသိုလပြည့်ကျော် ၁၄ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၄ခုနှစ် ဇန်နဝါရီ ၂ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(စုစုဝင်း)
တွဲဖက်ခရိုင်တရားသူကြီး(၂)၊ မန္တလေးခရိုင်တရားရုံး

(၁၉၇၅-၈၀) ပညာရေးတက္ကသိုလ်
ကျောင်းသား/ကျောင်းသူများတွေ့ဆုံပွဲဖိတ်ကြားလွှာ

(၁၉၇၅-၈၀)ပညာရေးတက္ကသိုလ်သူငယ်ချင်းများ

ရန်ကုန်ပညာရေးတက္ကသိုလ် နှစ်(၅၀)ပြည့် ရွှေရတုအထိမ်းအမှတ်
(၁၃)ကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲ

အစည်းအဝေးဖိတ်ကြားခြင်း

စစ်ကိုင်းအသင်း(ရန်ကုန်) (စစ်ကိုင်းမြို့နယ်အားလုံးမှ ရန်ကုန်တွင် လာရောက်နေထိုင်ကြသူများအားလုံးဆိုလိုသည်)မှ သာရေး၊ နာရေး၊ လူမှုရေးကိစ္စရပ်များ တင်ပြဆွေးနွေးလိုပါသဖြင့် စစ်ကိုင်းနယ်သူနယ်သားများနှင့်တကွ စစ်ကိုင်းအသင်းအား စိတ်ဝင်စားသူတိုင်း မည်သူမဆို အထက်ပါအစည်းအဝေးအား တက်ရောက်ပေးပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။

ဒေါ်မြင့်မြင့်သောင်း	ဖုန်း-၀၁-၂၁၁၅၇၆
ဒေါ်မြင့်မြင့်ဆန်း	ဖုန်း-၀၁-၅၀၃၇၅၉
ဗိုလ်မှူးသန်းမြင့်	ဖုန်း-၀၁-၅၀၄၂၈၅
ဦးကျော်ကျော်စိုး	ဖုန်း-၀၉-၃၃၃၇၇၇၇၈၊ ၅၀၀၄၅၆၊ ၅၃၁၄၈၈

နေ့ရက်- (၁၃၇၅ ခုနှစ်၊ ပြာသိုလဆန်း ၁၂ ရက်)၁၂-၁-၂၀၁၄ ရက်(တနင်္ဂနွေနေ့)
အချိန်- နံနက် ၁၀ နာရီ
နေရာ- အမှတ် ၈၂၊ ၁ ရပ်ကွက်၊ ရွာမကျောင်းလမ်း၊ လှိုင်မြို့နယ်၊ ရန်ကုန်

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ တိုက် A-၃၃၊ မလွှကုန်းလမ်း၊ ကျားကွက်သစ် စံပြရပ်ကွက်၊ တာမွေမြို့နယ်တွင် နေထိုင်သူ ကျွန်ုပ်၏မိတ်ဆွေ ဦးဝင်းမင်း ၁၀/ပမန(နိုင်)၀၂၀၈၄၇၏ ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

ဆီဆိုင်မြို့နယ်၊ ဟိုခဲရပ်ကွက်၊ မြို့ပတ်လမ်း၊ ကွင်းအမှတ်-၂/ဟိုခဲမြောက်၊ ဦးပိုင်အမှတ်(၆၂)၊ မြေကွက်အမှတ်(၈)၊ မြို့မြေ ဧရိယာ ၀ဒသမ ၁၃၁၈ဧကပေါ်ရှိ မြေကွက်နှင့် အိမ်အဆောက်အအုံအကျိုးခံစားခွင့်အရပ်ရပ်တို့ကို အရောင်းအဝယ်စာချုပ်စာတမ်း မှတ်ပုံတင်အမှတ်-၃ (၂၀-၄-၂၀၀၀)ရက်စွဲပါ စာချုပ်စာတမ်းများဖြင့် တရားဝင်ဝယ်ယူပိုင်ဆိုင်ထားပြီးဖြစ်ပါသည်။

အထက်ပါမြေကွက်နှင့် အဆောက်အအုံတို့ကို ကျွန်ုပ်မိတ်ဆွေက ရောင်းချရန်စီစဉ်ပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူမည်သူမဆို ကျွန်ုပ်ထံသို့ ယနေ့မှစ၍ ခုနစ်ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားမူရင်းများဖြင့် ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်နန်းသူဇာ(ဥပဒေအငြိမ်းစား) (စဉ်-၂၂၃၉၁)
အမှတ်-မ/၄၈၊ ရွှက်လှလမ်း၊ ဟိုပုံးမြို့

အမည်ပြောင်း

ဦးသက်နောင်၏သမီး ဟုမ္မလင်းမြို့နယ်၊ အထက(ကတ်သာ) နဝမတန်း၊ ကျောင်းဝင်အမှတ်(၆၃၂၄)မှ မမေသက်ခိုင်အား မမေသက်စိုးဟု ပြောင်းလဲခေါ်ပါရန်။

မမေသက်စိုး

တစ်ဦးတည်းဖြစ်ပါကြောင်း

ဦးတင့်လွင်၏သမီး၊ အလက(၂) ဒဂုံမှ အလယ်တန်းပြဆရာမ ၁၂/မရက(နိုင်)၀၆၁၆၅၀ကို ကိုင်ဆောင်သည့် ကျွန်မ ဒေါ်တီနာတင့်လွင်(ခ) ဒေါ်အေးမာလွင်သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

ဒေါ်အေးမာလွင်

ပျောက်ဆုံးကြောင်း

ကျွန်တော် နိုင်မျိုးဦး၏ P.S.C/R.B No.7171/12 ticket သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ကျေးဇူးဆပ်ပါမည်။

ဖုန်း-၀၉-၃၁၀၆၅၈၇၀

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၅ယ/၅၃၆၈၂၊ ယာဉ်လက်ဝယ်ရှိသူ ဦးခွန်ရှိန်းရှိန်း ၁၀/သထန(နိုင်)၂၁၆၄၆၂က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(သထုံ)

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၊ မြေကွက်အမှတ် ၂၈၆၊ မြေကွက်တည်နေရာအမှတ် ၁၇၀၊ ၉ လမ်း၊ ၃ ရပ်ကွက်၊ တောင်ဥက္ကလာပ ဦးဖေစိုး အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဦးဖေစိုး ကွယ်လွန်သဖြင့် ဒေါ်သန်းဌေး ၁၀/သထန(နိုင်)၀၈၁၇၀၂ က တစ်ဦးတည်းသောဇနီး တော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံ ပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ခင်ပွန်းအဖြစ် သက်ဆိုင်ခြင်း မရှိတော့ပါကြောင်းကြေညာခြင်း

တာချီလိတ်မြို့နေ မချိုမာလွင် ၁၃/တခလ(နိုင်)၀၆၃၁၆၅ (ဘ)ဦးစိုးလွင်နှင့် မိတ္ထီလာမြို့နေ မောင်ကျော်ဇင်ဦး ၉/မထလ(နိုင်)၂၁၇၆၇၁ (ဘ) ဦးတင်မြင့်ဦးတို့သည် ၂၈-၁၂-၂၀၁၀ ရက်မှစ၍ အကြင်လင်မယားအဖြစ် ပေါင်းသင်းနေထိုင်ခဲ့ရာ သမီးလေး သဲစုစန္ဒီဖြိုးအား မွေးဖွားခဲ့သော်လည်း လင့်ဝတ္တရားနှင့် ဖခင်ဝတ္တရားမကျေပွန်သည့်အပြင် ကျွန်မနှင့် သမီးလေးအား အဆက်အသွယ်ဖြတ်ထားသည်မှာ သုံးနှစ်တိုင်ရှိပြီးဖြစ်သည့်အတွက် ယနေ့မှစ၍ ခင်ပွန်းအဖြစ် သက်ဆိုင်ခြင်းမရှိတော့ပါကြောင်းနှင့် မောင်ကျော်ဇင်ဦးအနေဖြင့် ကျွန်မအားလာရောက်နှောင့်ယှက်ပါက ဥပဒေအရ အရေးယူဆောင်ရွက်မည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

မချိုမာလွင် ၁၃/တခလ(နိုင်)၀၆၃၁၆၅

ကန့်ကွက်နိုင်ပါသည်

ရန်ကင်းမြို့နယ်၊ ၈ ရပ်ကွက်၊ နှင်းဆီလမ်း၊ အမှတ် ၅၉၆၊ အလျား ၂၇ပေ၊ အနံပေ ၂၀၊ ပျဉ်ထောင်၊ သွပ်မိုးနှစ်ထပ်၊ ဦးစိုးမိုးထွန်း ၁၂/ကမတ(နိုင်) ၀၁၁၂၈၆ နေအိမ်အား စရန်ငွေအချို့ပေးထားပြီးဖြစ်၍ ကန့်ကွက်လိုပါက ပိုင်ဆိုင်မှု အထောက်အထားပြ၍ အောက်ပါဖုန်းနံပါတ်များသို့ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဦးခင်မောင်ထွေး
၇/ပခတ(နိုင်)၀၄၈၉၁၀
ဖုန်း-၀၁-၅၆၂၁၄၉၊ ၀၉-၅၁၉၄၁၂၀

မြန်မာ့အလင်း

ရွှေမှူးစီးပွားကြေးကြာ

၂၀၁၄ ခုနှစ်၊ ဇန်နဝါရီ ၁၀ ရက်၊ သောကြာနေ့။

ပြည်တွင်းရေးရာ

ညောင်လေးပင်မြို့နယ်အတွင်း အမြင်နီးသော်လည်း အလှမ်းဝေးခဲ့ကြရသည့် ကျေးရွာများ တစ်ရွာနှင့်တစ်ရွာ ကူးလူးဆက်သွယ်သွားလာနိုင်တော့မည်

စာ - ၃

လူမှုစီးပွား

မောင်မြေရပ်ဆီက ရိုးရာရှမ်းအိုးစည်လုပ်ငန်း

စာ - ၅

ယခုနှစ်ရာသီကုန်မှာ အသင်းအနေနဲ့ ပရီမီယာလိဂ် ထိပ်ဆုံးလေးသင်း မဝင်ခဲ့ဘူးဆိုရင် တိုက်စစ်မှူးရွှန်းနေ အသင်းမှာ ဆက်လက်ရှိနေရေးဟာ တစ်မျိုးတစ်ဖုံ ဖြစ်လာနိုင်တယ်....

သံသယပွားစရာတွေကြား[illegible]နေတဲ့ တိုက်စစ်မှူး ရွန်းနေရဲ့အနာဂတ်

စာ - ၇

MAN U vs SWANSEA

DATE	-	12 JANUARY 2014
KICK-OFF	-	00:00
VENUE	-	OLD TRAFFORD

စောင့်ကြည့်ရမယ့်ဇန်နဝါရီအပြောင်းအရွှေ့များ (၄)

စာ - ၂

စောင့်ကြည့်ရမယ့် ဇန်နဝါရီခြေလှမ်းများ (၄)

ဒီနှစ် ပရီမီယာလိဂ်ပြိုင်ပွဲမှာ ထိပ်တန်းအသင်းကြီးအများစုက အစလိုအပ်ချက်တွေရှိနေပါတယ်။ ထိပ်ဆုံးက ဦးဆောင်နေတဲ့ အာဆင်နယ်ကအစ လီဗာပူး၊ ချယ်လ်ဆီး၊ မန်စီးတီး၊ မန်ယူ စတဲ့အသင်းကြီးတွေအားလုံး လိုအပ်ချက်တွေများပြားနေပါတယ်။ ဒါကြောင့် အဆိုပါအသင်းတွေအားလုံးဟာ ရာသီအကုန်မှာ အောင်မြင်မှုရယူနိုင်ရေးအတွက် လာမယ့် ဇန်နဝါရီအပြောင်းအရွှေ့ဈေးကွက်ကာလမှာ အသင်းကို ပြင်ဆင်အားဖြည့်မှုတွေပြုလုပ်လာဖို့ ရှိနေပါတယ်။ ဒါကြောင့် အဆိုပါအသင်းကြီးတွေအနေနဲ့ လာမယ့် ဇန်နဝါရီဈေးကွက်မှာ ဖြစ်ပေါ်လာနိုင်တဲ့အပြောင်းအလဲတွေကို သူတို့ရဲ့လိုအပ်ချက်၊ သူတို့ရဲ့ငွေသုံးနိုင်အား၊ သူတို့ရဲ့ ပြီးခဲ့တဲ့ ဇန်နဝါရီဈေးကွက်တွေမှာ ခေါ်ယူခဲ့မှုများ၊ သူတို့ရဲ့ ဒီဇန်နဝါရီဈေးကွက်မှာ ခေါ်ယူဖို့ စောင့်ကြည့်နေတဲ့ကစားသမားများစတဲ့ အချက်တွေကို အခြေခံပြီး Daily Mail က သုံးသပ်ပေးထားတဲ့အနက် အာဆင်နယ်၊ လီဗာပူး၊ မန်ယူတို့ရဲ့အကြောင်းကို ဖော်ပြပေးခဲ့ပြီးတဲ့နောက် ဗီလာ၊ ကာဒစ်ဖ်၊ ချယ်လ်ဆီး၊ ပဲလေ့စ်၊ အဲဗာတန်၊ ဖူလ်ဟမ်၊ ဟားလ်၊ မန်စီးတီးစတဲ့ အသင်းများအကြောင်းကို ဆက်လက်တင်ပြပေးလိုက်ရပါတယ်။

အက်စတွန်ဗီလာ

လက်ရှိအချိန်မှာ ပရီမီယာလိဂ်ပြိုင်ပွဲအတွင်း ရုန်းကန်နေရတဲ့ ဗီလာအနေနဲ့ သူတို့ရဲ့ အသင်းအင်အားကို ဖြည့်တင်းဖို့ အိုင်ဟိုဗင့်တိုက်စစ်မှူး ရိုကာဒီယာကို ပေါင် ၈ သန်းနဲ့

[…]

ခေါ်ယူဖို့အတွက် အဓိကပစ်မှတ်ထားလျက်ရှိပါတယ်။ အထူးသဖြင့် ဘန်တီကီ ခြေစွမ်းကျဆင်းနေမှုကြောင့် အားနည်းနေတဲ့ တိုက်စစ်ပိုင်းကို အားဖြည့်ဖို့အတွက် ကြိုးစားနေတဲ့ ဗီလာဟာ ရိုကာဒီယာအပြင် မန်စီးတီးတိုက်စစ်မှူး ဂူဒက်တီကိုလည်း အငှားနဲ့ခေါ်ယူဖို့ စီစဉ်နေသလို လီတက်လိုဗက်ချ်ကွင်းလယ်ကစားသမား စယာဗက်ကို ပစ်မှတ်ထားနေသလို မန်ယူတောင်ပံကစားသမား ဇာဟာကိုလည်း အငှားနဲ့ခေါ်ယူဖို့

[…]

ဒီယေဂိုကော်စတာ

ဂျီလာဗစ်

စီစဉ်နေပါတယ်။ ဒါ့အပြင် ဗီလာဟာ အသင်းကနေ ဘန်တီကီ၊ ရှေးဂစ်ဗင်း၊ စတီဗင်အိုင်ယာလန်တို့ ထွက်ခွာသွားမယ့်အခြေအနေနဲ့ ရင်ဆိုင်နေရသလို လူငယ်ကစားသမား ဆိုင်လာကိုလည်း အငှားချဖို့ စီစဉ်နေတာတွေ့ရပါတယ်။

ကာဒစ်ဖ်

မန်ယူတိုက်စစ်မှူးဟောင်း ဆိုးရှားလ်ကို မန်နေဂျာသစ်အဖြစ်ခန့်အပ်ခဲ့တဲ့ ကာဒစ်ဖ်အနေနဲ့လည်း ဆိုးရွားနေတဲ့ အသင်းအခြေအနေကို ပြန်လည်အားဖြည့်ဖို့ မန်ယူကွင်းလယ်ကစားသမား နစ်ပိုဝဲလ်ကို အငှားနဲ့ခေါ်ယူဖို့အတွက် အဓိကပစ်မှတ်ထားနေပါတယ်။ ဒါ့အပြင် ကာဒစ်ဖ်ဟာ မန်ယူလူငယ်ကစားသမား ဇာဟာ၊ ဘာစီလိုနာ လူငယ်ကစားသမား ကန်ကာတို့ကို

[…]

လည်း အငှားနဲ့ခေါ်ယူဖို့ စီစဉ်နေသလို ဒန်ဒီးယူနိုက်တက်ခံစစ်မှူး ရော်ဘတ်ဆန်ကိုလည်း ခေါ်ယူဖို့ စီစဉ်နေပါတယ်။ ကာဒစ်ဖ်အနေနဲ့ အသင်းကနေ ဘရေဖို့ဒ်၊ ဂျိုးမာဆန်တို့ ထွက်ခွာသွားမယ့် အခြေအနေမှာလည်း ရှိနေပါတယ်။

ချယ်လ်ဆီး

ဒီရာသီပရီမီယာလိဂ်မှာ တိုက်စစ်ပိုင်း လိုအပ်ချက်တွေရှိနေတဲ့ ချယ်လ်ဆီးအနေနဲ့ ဇန်နဝါရီမှာ အသင်းကို အပြောင်းအလဲတွေ ပြုလုပ်ဖို့ရှိနေပါတယ်။ ဒမ်ဘာဘာ၊ ဒီဘရူနီ၊ ဘတ်ထရန့်၊ အက်ဆီယံတို့ အသင်းကနေ ထွက်ခွာသွားဖို့ရှိနေကာ မန်နေဂျာ မော်ရင်ညိုအနေနဲ့ အက်သလက်တီကိုတိုက်စစ်မှူး ဒီယေဂိုကော်စတာကို ပေါင် ၃၂ သန်းနဲ့ ခေါ်ယူဖို့ အဓိကပစ်မှတ်ထားနေပါတယ်။ ဒါ့အပြင် ချယ်လ်ဆီးဟာ ပီအက်စ်ဂျီတိုက်စစ်မှူး ကာဗာနီ၊

ဒီယေဂိုအဲဗက်စ်

မိုနာကိုတိုက်စစ်မှူး ဖယ်ကာအို၊ အင်တာကွင်းလယ်ကစားသမား ဂူရင်၊ ဘင်ဖီကာကွင်းလယ်ကစားသမား မာတစ်၊ မာဆေးကွင်းလယ်ကစားသမား အင်ဘူလာ၊ စိန့်အေတီယန် ခံစစ်မှူး ဇူးမား၊ ဆောက်သမ်တန် ခံစစ်မှူးလုခ်ရှောတို့ကိုလည်း ခေါ်ယူမယ့်စာရင်းမှာ ထည့်သွင်းထားတာတွေ့ရပါတယ်။

ပဲလေ့စ်

ကီဗင်ဖီးလစ်၊ ဂါလေ၊ မာရန်ဂါ၊ ဂရန်ဒင်၊ အလက်ဇန်းဒါး၊ ဂရာဗန်စတဲ့ ကစားသမား အများအပြား အသင်းကနေ ထွက်ခွာသွားဖို့ ရှိနေတဲ့အပြင် တန်းမဆင်းရဖို့ ရုန်းကန်နေရတဲ့ ပဲလေ့စ်အနေနဲ့လည်း ဒီဇန်နဝါရီမှာ အသင်းကို အပြောင်းအလဲတွေ ပြုလုပ်ဖို့ရှိနေပါတယ်။ ပဲလေ့စ်အနေနဲ့ စတုတ်တိုက်စစ်မှူး ပီတာခရောင့်ချ်နဲ့ ကွင်းလယ်ကစားသမား အက်သရင်တန်၊ မိုနာကိုတိုက်စစ်မှူး ရီဗီရီ၊ ဘလက်ဘန်းခံစစ်မှူး စကော့ဒန်း၊ ဝီဂန်ဂိုးသမား ဟာစီဘီတို့ကို ခေါ်ယူဖို့ပစ်မှတ်ထားနေပါတယ်။ အထူးသဖြင့် ပဲလေ့စ်ဟာ အဲဗာတန်ကနေထွက်ခွာသွားမယ့် အခြေအနေမှာရှိနေတဲ့ တိုက်စစ်မှူး ဂျီလာဗစ်ကိုပေါင် ၅ သန်းနဲ့ခေါ်ယူဖို့ အဓိက ပစ်မှတ်ထားနေပါတယ်။

အဲဗာတန်

မန်နေဂျာသစ် မာတီနက်ဇ်လက်ထက်မှာ ရလဒ်တွေကောင်းမွန်နေတဲ့ အဲဗာတန်ဟာ ဥရောပဝင်ခွင့်ရရေးအတွက် အသင်းကို ထပ်မံအားဖြည့်ဖို့ စီစဉ်နေပါတယ်။ အထူးသဖြင့် တိုက်စစ်မှူး ဂျီလာဗစ်အသင်းကနေထွက်ခွာဖို့ ရှိနေတာကြောင့် စတမ်းဒက်လီဂီတိုက်စစ်မှူး ဘက်ရှုရီကို ပေါင် ၈ သန်းနဲ့ ခေါ်ယူဖို့ အဓိက ပစ်မှတ်ထားနေပါတယ်။ ဒါ့အပြင် ဟီရန်ဗင်း တိုက်စစ်မှူး ဖင်ဘိုဂါဆန်၊ စပါးတပ်ကွင်းလယ် ကစားသမား မက်ဒီယာဒီ၊ ဒန်ဒီးကစားသမား

[…]

ရော်ဘက်ဆန်တို့ကိုလည်း ပစ်မှတ်ထားနေပါတယ်။ အဲဗာတန်အနေနဲ့ ဇန်နဝါရီမှာ အသင်းရဲ့ ခံစစ်မှူး ဟိုင်တင်ဂါကို လက်လွှတ်ရဖို့ရှိနေတာကြောင့်လည်း ဒန်ဒီးခံစစ်မှူး ဆက်တာ၊ ဖီယင်နော့ ခံစစ်မှူး အင်ဒီ၊ ဟားလ်ခံစစ်မှူး ခရစ်ဒါဗီးစ်တို့ကိုလည်း ခေါ်ယူဖို့ပစ်မှတ်ထားနေတာ တွေ့ရပါတယ်။

ဖူလ်ဟမ်

ဘက်ရှုရီ

ဒီရာသီမှာ တန်းမဆင်းရဖို့ ကြိုးစားနေတဲ့ ဖူလ်ဟမ်ဟာ အသင်းရဲ့ အဓိကကစားသမားတွေဖြစ်တဲ့ ဘာဘာတော့ဗ်၊ တာရက်၊ အမိုရီဘီယာတာတို့ကို အသင်းကနေလက်လွှတ်ရဖို့ရှိနေတဲ့အတွက် စပို့တင်းကွင်းလယ်ကစားသမား လာဘရက်ကို ပေါင် ၃ သန်းနဲ့ ခေါ်ယူဖို့ ပစ်မှတ်ထားနေပါတယ်။ ဒါ့အပြင် ဖာရီယာကွင်းလယ်ကစားသမား ဟူတာဒို၊ မိုနာကိုခံစစ်မှူး မီရင်၊ ဗလန်စီနက်စ် ခံစစ်မှူး အမ်ဂိုယူ၊ ပရက်စတန်ကွင်းလယ်ကစားသမား ဘရောင်းဟေးလ်တို့ကိုလည်း ခေါ်ယူဖို့ရည်ရွယ်နေပါတယ်။

ဟားလ်

ဟားလ်အနေနဲ့လည်း ဇန်နဝါရီမှာ စတီးဝက်နဲ့ဖာရက်တို့လို ကစားသမားတွေကို အသင်းကနေလက်လွှတ်ဖို့ ရှိနေရတဲ့ ဟားလ်အနေနဲ့ ဇန်နဝါရီဈေးကွက်မှာ ဝက်စ်ဘရွန်းတိုက်စစ်မှူး ရှိန်းလောင်းကို ပေါင် ၄ သန်းနဲ့ခေါ်ယူဖို့ အဓိက ပစ်မှတ်ထားနေပါတယ်။ ဒါ့အပြင် ဆဲလ်တစ်တိုက်စစ်မှူး ဆာမာရက်၊ နန့်စ်တိုက်စစ်မှူး ဒီဂျီဂျီဗစ်၊ မာဆေးတိုက်စစ်မှူး အာယော၊ ဂါလာတာစာရေး ကွင်းလယ်ကစားသမား အမ်ရာဘက်၊ အဲအာလီခံစစ်မှူး ယာဘီရာတို့ကိုလည်း ခေါ်ယူဖို့ရည်ရွယ်နေသလို မန်ယူကွင်းလယ်ကစားသမား နစ်ပိုဝဲလ်ကိုလည်း အငှားနဲ့ခေါ်ယူဖို့ စီစဉ်နေပါ တယ်။

မန်စီးတီး

မန်စီးတီးအနေနဲ့ကတော့ အသင်းရဲ့

ရှိန်းလောင်း

ဂိုးသမားအခက်အခဲကို ဖြေရှင်းဖို့အတွက် ဗလင်စီယာဂိုးသမား ဒီယေဂိုအဲဗက်စ်ကို ပေါင် ၆ သန်းနဲ့ခေါ်ယူဖို့ အဓိကပစ်မှတ်ထားနေပါတယ်။ ဒါ့အပြင် မန်စီးတီးအနေနဲ့ လက်စကော့၊ ဂူဒက်တီတို့လို ကစားသမားတွေအသင်းကနေထွက်ခွာသွားဖို့ရှိနေတဲ့အတွက်ကြောင့်လည်း ရေဆင်းကွင်းလယ်ကစားသမား ဇူကီလီနီ၊ ပေါ်တိုခံစစ်မှူး မန်ဂါလာတို့ ပစ်မှတ်ထားနေသလို မာလာဂါဂိုးသမား ကာဘယ်လီယိုကိုလည်း ခေါ်ယူနိုင်ဖို့ ရည်ရွယ်နေပါတယ်။

[redacted]ဝေမိုးဆက်

၂၀၁၄ ခုနှစ် တင်းနစ်ရာသီအား အောင်မြင်မှုဖြင့် ရာဖေးလ်နာဒယ်လ်စတင်နိုင်ခဲ့

ကာတာနိုင်ငံ ဒိုဟာမြို့တွင် ၂၀၁၃ ခုနှစ် ဒီဇင်ဘာ ၃၀ ရက်မှ ၂၀၁၄ ခုနှစ် ဇန်နဝါရီ ၅ ရက်အထိ ကျင်းပပြုလုပ်ခဲ့သည့် ၂၀၁၄ ခုနှစ် ATP World Tour ပြိုင်ပွဲများအနက်မှ တစ်ခုဖြစ်သော ၂၀၁၄ ခုနှစ် Qatar ExxonMobil Open တင်းနစ်ပြိုင်ပွဲ၏ အမျိုးသားတစ်ဦးချင်းပြိုင်ပွဲတွင် ကမ္ဘာ့အဆင့် ၁ တင်းနစ်သမား ရာဖေးလ်နာဒယ်လ်က အနိုင်ရဗိုလ်စွဲခဲ့ကာ နာဒယ်လ်သည် ၂၀၁၄ ခုနှစ် တင်းနစ်ရာသီအား အောင်မြင်မှုဖြင့် စတင်နိုင်ခဲ့ပြီဖြစ်သည်။

အဆိုပါပြိုင်ပွဲတွင် ရာဖေးလ်နာဒယ်လ်နှင့်အတူ စပိန်နိုင်ငံသား ဒေးဗစ်ဖာရာ၊ စကော့တလန်နိုင်ငံသား အင်ဒီမာရေး၊ ချက်နိုင်ငံသား ဘားဒိုက်၊ ပြင်သစ်နိုင်ငံသား ဂက်စ်ကွက်စသည့် နာမည်ကြီး တင်းနစ်သမားများ ပါဝင်ယှဉ်ပြိုင်ခဲ့သည်။

စပိန်တင်းနစ်သမား နာဒယ်လ်သည် ဗိုလ်လုပွဲတွင် ကမ္ဘာ့အဆင့် ၃၁ ဖြစ်သူ ပြင်သစ်တင်းနစ်သမား မွန်ဖီလ်စ်နှင့် ရင်ဆိုင်ခဲ့ရပြီး နာဒယ်လ်က ၆-၁၊ ၆-၇(၆-၅)၊ ၆-၂ ဖြင့် အနိုင်ရခဲ့ခြင်းဖြစ်သည်။

မွန်ဖီလ်စ်

ရာဖေးလ်နာဒယ်လ်

နာဒယ်လ်က "မွန်ဖီလ်စ်နဲ့ ကစားခဲ့တဲ့ ဗိုလ်လုပွဲဟာ ဒီပြိုင်ပွဲအတွင်း ကျွန်တော် ကစားခဲ့တဲ့ပွဲတွေအနက် အကောင်းဆုံးပွဲလို့ ထင်ပါတယ်။ ကျွန်တော့်ရဲ့ ကစားပုံအတွက် ကျေနပ်ပျော်ရွှင်မိတယ်။ တင်းနစ်ရာသီသစ်တစ်ခုကို ဆုဖလားရရှိမှုနဲ့ စတင်နိုင်ခဲ့တာက စိတ်လှုပ်ရှားစရာပါ။ ဗိုလ်လုပွဲရဲ့ ပထမပွဲမှာ ကစားတဲ့ လက်စွမ်းအတိုင်းသာ ကစားနိုင်မယ်ဆိုရင် လာမယ့် ဩစတြေးလျအိုးပင်းတင်းနစ်ပြိုင်ပွဲမှာ ကျွန်တော်က ပြိုင်ဘက်တွေကို အကောင်းဆုံး ရင်ဆိုင်နိုင်ပါလိမ့်မယ်"ဟု ပြောသွားသည်။

ပြီးခဲ့သည့်နှစ် Qatar ExxonMobil Open တင်းနစ်ပြိုင်ပွဲတွင် ချန်ပီယံဆု ရယူနိုင်ခဲ့သူ ပြင်သစ်နိုင်ငံသား ဂက်စ်ကွက်သည် ယခုနှစ်ပြိုင်ပွဲတွင်မူ ဒုတိယအဆင့်၌ပင် မွန်ဖီလ်စ်အား ၆-၂၊ ၇-၅ ဖြင့် အရေးနိမ့်ခဲ့ရခြင်းကြောင့် ချန်ပီယံဆုကာကွယ်နိုင်ခြင်း မရှိခဲ့ပေ။ ထို့အပြင် အင်ဒီမာရေးနှင့် ဒေးဗစ်ဖာရာတို့သည်လည်း ဒုတိယအဆင့်၌ပင် ပြိုင်ဘက်များကို အရေးနိမ့်ကာ ပြိုင်ပွဲမှထွက်ခဲ့ရသည်။

Qatar ExxonMobil Open တင်းနစ်ပြိုင်ပွဲအား ၁၉၉၃ ခုနှစ်ကတည်းက စတင်ကျင်းပခဲ့ခြင်းဖြစ်ပြီး ၂၀၀၅၊ ၂၀၀၆ နှင့် ၂၀၁၁ ခုနှစ်ပြိုင်ပွဲများတွင် ဗိုလ်စွဲခဲ့သူ ဆွစ်ဇာလန်တင်းနစ်သမား ရော်ဂျာဖက်ဒါရာသည် အဆိုပါပြိုင်ပွဲသမိုင်းကြောင်း တစ်လျှောက် အအောင်မြင်ဆုံးတင်းနစ်သမားအဖြစ် မှတ်တမ်းရေးထိုးထားသည်။ ယခုနှစ် ပြိုင်ပွဲတွင် အနိုင်ရဗိုလ် စွဲ ခဲ့သည့် ရာဖေးလ်နာဒယ်လ်(၂၇နှစ်)သည် Qatar Ex-xon Mobil Open တင်းနစ်ပြိုင်ပွဲတွင်ပထမဆုံးအကြိမ် အောင်မြင်မှုရရှိခဲ့ခြင်းဖြစ်သည်။

ထက်ဇော်ဟင်



အင်ဒီမာရေး

» စာမျက်နှာ ၈ မှ

Australian Championships၊ Australian Championships ဆိုတဲ့ အမည်တွေနဲ့ ကျင်းပခဲ့ပြီး ၁၉၆၉ ခုနှစ်ကနေ Australian Open လို့ အမည်ပြောင်းလဲကျင်းပခဲ့တာကြောင့်ဖြစ်ပါတယ်။

အမျိုးသား တစ်ဦးချင်းပြိုင်ပွဲမှာဆိုရင် ပြိုင်ပွဲစတင်ချိန်ကနေ ၁၉၆၉ ခုနှစ် မတိုင်မီကာလအထိ ဩစတြေးလျတင်းနစ်သမား ရွိုင်အီမာဆန်က ဆုဖလားခြောက်ကြိမ်ရရှိပြီး အအောင်မြင်ဆုံး တင်းနစ်သမားအဖြစ် မှတ်တမ်းတင်ခံထားရတယ်။ ၁၉၆၈ ခုနှစ် နောက်ပိုင်းကာလတွေမှာတော့ ချန်ပီယံဆု လေးကြိမ်စီရရှိထားတဲ့ အမေရိကန်တင်းနစ်သမား အက်ဂါစီ၊ ဆွစ်ဇာလန် တင်းနစ်သမား ရော်ဂျာဖက်ဒါရာနဲ့ ဆားဘီးယားတင်းနစ်သမား ဂျိုကိုဗစ်တို့က အအောင်မြင်ဆုံး ကစားသမားတွေအဖြစ် မှတ်တမ်းရေးထိုးထားတယ်။

အမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲမှာပြိုင်ပွဲစတင်ချိန်ကနေ ၁၉၆၉ ခုနှစ် မတိုင်မီကာလတွေမှာ ဩစတြေးလျနိုင်ငံသူ မာဂရက်ကော့က ချန်ပီယံဆု ခုနစ်ကြိမ်နဲ့ အအောင်မြင်ဆုံး တင်းနစ်မယ်အဖြစ် မှတ်တမ်းရေးထိုးထားပြီး ၁၉၆၈ခုနှစ် နောက်ပိုင်းကာလတွေမှာတော့ အမေရိကန်နိုင်ငံသူ ဆီရီနာဝီလျံက ချန်ပီယံဆုငါးကြိမ်ရရှိပြီး အအောင်မြင်ဆုံး တင်းနစ်မယ်အဖြစ် ရပ်တည်နေတယ်။ ဒါပေမယ့် မာဂရက်ကော့ဟာ ပြိုင်ပွဲတစ်လျှောက်လုံး ချန်ပီယံဆုကို ၁၁ ကြိမ်အထိ ရရှိထားတာကြောင့် ဆီရီနာဝီလျံအနေနဲ့ မာဂရက်ကော့ရဲ့ စံချိန်ကို အမီလိုက်နိုင်ဖို့တော့ ခဲယဉ်းလွန်းနေပါတယ်။

အခုနှစ် ဩစတြေးလျအိုးပင်း တင်းနစ်ပြိုင်ပွဲရဲ့ အမျိုးသားနဲ့ အမျိုးသမီးတစ်ဦးချင်း ပြိုင်ပွဲတွေမှာ အင်ဒီမာရေးနဲ့ အဇာရင်ကာတို့က ချန်ပီယံဆု ကာကွယ်သူတွေအဖြစ် ပြိုင်ပွဲဝင်ရမှာ ဖြစ်ပါတယ်။

အဇာရင်ကာ

သံသယပွားစရာတွေ ဖြစ်နေတဲ့ တိုက်စစ်မှူးရွှန်းနေရဲ့ အနာဂတ်

ပြီးခဲ့တဲ့နွေရာသီမတိုင်ခင် ဖာဂူဆန်ရှိနေခဲ့စဉ်ကတည်းက အသင်းကနေ ထွက်ခွာဖို့ကို စိုင်းပြင်းနေတဲ့ တိုက်စစ်မှူး ရွှန်းနေ။ ရာသီအစကတော့မန်နေဂျာသစ် မိုယက်စ်ရဲ့ အရေးပေးခဲ့မှုနဲ့အတူ အစွမ်းကုန်ခြေစွမ်းပြကစားနိုင်နေခဲ့တာကြောင့် မန်ယူအသင်းမှာပဲ ဆက်လက်ရှိနေတော့မလားဆိုပြီး ထင်ကြေးပေးပြောဆိုမှုတွေလည်းထွက်ပေါ်နေခဲ့ပါတယ်။ ဒါပေမယ့် အခုအချိန်မှာတော့ အသင်းရဲ့အခြေအနေတွေက အရင်ရာသီတွေနဲ့မတူအောင် ဆိုးရွားနေခဲ့တာကြောင့် တိုက်စစ်မှူး ရွှန်းနေရဲ့ အနာဂတ်ကတော့ သံသယပွားစရာများ ရှိလာခဲ့ပါတယ်။

ဒါကြောင့်လည်း မန်ယူအသင်းမန်နေဂျာ မိုယက်စ်ကိုယ်တိုင်က ယခုနှစ်ရာသီကုန်မှာ အသင်းအနေနဲ့ ပရီမီယာလိဂ် ထိပ်ဆုံးလေးသင်း မဝင်ခဲ့ဖူးဆိုရင် တိုက်စစ်မှူး ရွှန်းနေ အသင်းမှာ ဆက်လက်ရှိနေရေးဟာ တစ်မျိုးတစ်ဖုံ ဖြစ်လာနိုင်တယ်လို့လည်း ဆိုထားပါတယ်။ အခုလက်ရှိအချိန်မှာတော့ ရွှန်းနေဟာ ပေါင်ခြံဒဏ်ရာရနေတာကြောင့် ဆွမ်ဆီးအသင်းကို ရှုံးနိမ့်ခဲ့တဲ့ပွဲမှာတောင် ပါဝင်ကစားခဲ့ခြင်းမရှိခဲ့သလို ယခုအပတ်အတွင်းကစားခဲ့တဲ့ပွဲတွေမှာလည်း ပါဝင်ကစားနိုင်ခြင်းမရှိခဲ့ပါဘူး။ လက်ရှိအချိန်မှာတော့ ရွှန်းနေရဲ့ မန်ယူအသင်းမှာဆက်လက်ရှိနေဖို့ ကျန်နေသေးတဲ့ စာချုပ်သက်တမ်းကတော့ ၁၈လပါ။ ဒါပေမယ့် တိုက်စစ်မှူး ရွှန်းနေကိုယ်တိုင်က ဘရာဇီးကမ္ဘာ့ဖလားကို အင်္ဂလန်အသင်းနဲ့အတူ ကစားပြီးမှသာ သူ့ရဲ့အနာဂတ်ကို ဆုံးဖြတ်သွားမယ်လို့လည်း ပြောဆိုမှုတွေကြားနေရပါတယ်။ မန်ယူအသင်းဟာ ဒီနှစ်ရာသီမှာတော့ မန်နေဂျာသစ်နဲ့အတူ စံချိန်တင်ရှုံးပွဲတွေလည်း ကြုံနေခဲ့ရပါတယ်။ မန်ယူအသင်း ပြီးခဲ့တဲ့အပတ်က နောက်ဆုံးကစားထားတဲ့ စပါးအသင်းကို ၂-၁နဲ့ ရှုံးနိမ့်ခဲ့ပြီးတဲ့နောက်မှာတော့ ထိပ်ဆုံးမှာရှိနေတဲ့ အာဆင်နယ်အသင်းနဲ့ ၁၁ မှတ်တောင် ကွာခြားသွားတာကိုတွေ့ရပါတယ်။ ဒါ့အပြင် အဆင့်၄ မှာရှိနေတဲ့ လီဗာပူးအသင်းနဲ့တောင် ငါးမှတ်ကွာခြားနေတာကို တွေ့ရပါတယ်။ ဒါကြောင့် မန်ယူအသင်း ဒီနှစ်ရာသီမှာ ထိပ်ဆုံးလေးသင်း ဝင်ရောက်နိုင်ရေးဟာသံသယဖြစ်စရာ မေးခွန်းအဖြစ် ပြန်လည်ထွက်ပေါ်လာခဲ့ပါတယ်။ ဒါ့အပြင် အသင်းမှာဆက်လက်ရှိနေရေးမသေချာသေးတဲ့ရွှန်းနေရဲ့ အနာဂတ်နဲ့လည်းနှီးနွှယ်ပတ်သက်မှု ရှိနေတယ်လို့တောင် ပြောရမှာပါ။

တိုက်စစ်မှူး ရွှန်းနေဟာ ဒီနှစ်ရာသီမှာတော့ ပြီးခဲ့တဲ့ရာသီက ဖာဂူဆန်ရဲ့ လက်အောက်မှာကစားခဲ့စဉ်ကနဲ့မတူဘဲ ပုံမှန်ပွဲထွက်ခွင့်တွေ သာမက မန်နေဂျာ ဒေးဗစ်မိုယက်စ်ရဲ့ယုံကြည်မှုတွေကိုပါ ရရှိနေပါတယ်။ ဒါပေမယ့် အဲ့ဒါတွေဟာ ပြီးခဲ့တဲ့ရာသီကအသင်းရဲ့ ထိပ်တန်းဂိုးသွင်းရှင်ဖြစ်တဲ့ ဗန်ပါစီဒဏ်ရာနဲ့ အနားယူနေခဲ့ရတာကြောင့်လို့လည်း ပြောနိုင်ပါတယ်။ ဒါပေမယ့် အခုအချိန်မှာတော့ အသင်းရဲ့အခြေအနေတွေကြောင့် ရွှန်းနေရဲ့ အနာဂတ်နဲ့ပတ်သက်ပြီး မန်နေဂျာ ဒေးဗစ်မိုယက်စ်ကိုယ်တိုင်က "ကျွန်တော်တို့ကတော့ ဘာဖြစ်မလဲဆိုတာကို ဆက်လက်စောင့်ကြည့်ရဦးမှာပါ။ ဒါပေမယ့် သူဟာ အခုအချိန်မှာတော့ အသင်းအတွက် အကောင်းဆုံး ကစားနေတာကိုတော့ တွေ့မြင်ရမှာပါ"ဟု ပြောဆိုခဲ့ပါတယ်။ အခုလို အခြေအနေတွေဟာ ရွှန်းနေကိုခေါ်ယူဖို့ စိတ်ဝင်စားနေတဲ့ ချယ်လ်ဆီးအသင်းအတွက်ကတော့ အခွင့်အရေးတစ်ခုလို့တောင် ပြောရမှာပါ။ ဒါကြောင့် ချယ်လ်ဆီးအသင်းက တိုက်စစ်မှူး ရွှန်းနေကို ပေါင်သန်း ၃၀နဲ့ ထပ်မံခေါ်ယူဖို့ အဆင်သင့်ဖြစ်နေပြီလို့ သတင်းတွေ ထွက်ပေါ်လာပါတယ်။ ချယ်လ်ဆီးအသင်းဟာ တိုက်စစ်မှူး ရွှန်းနေကို ပြီးခဲ့တဲ့နွေရာသီကတည်းက ခေါ်ယူဖို့ ကြိုးစားခဲ့တာလည်း ဖြစ်ပါတယ်။ ချယ်လ်ဆီးအသင်းဟာ လက်ရှိအချိန်အထိ အသင်းရဲ့ တိုက်စစ်မှူးတွေဟာ အသင်းမှာ ကောင်းမွန်စွာ ခြေစွမ်းပြကစားနိုင်ခြင်းမရှိတာကိုလည်း တွေ့ရပါတယ်။ ဒါကြောင့် မော်ရင်ညိုအနေနဲ့ အသင်းရဲ့တိုက်စစ်ပိုင်းကို အင်အားထပ်မံတိုးမြှင့်ဖို့အတွက် တိုက်စစ်မှူးသစ် ခေါ်ယူချင်နေတာလည်းဖြစ်ပါတယ်။ မော်ရင်ညိုအနေနဲ့ ပြီးခဲ့တဲ့ နွေရာသီကတည်းက ကာဗာနီ၊ ဖယ်ကာအို၊ ဂေါ့ဇီတို့ကိုခေါ်ယူဖို့ စိတ်ဝင်စားခဲ့ပေမယ့် ခေါ်ယူနိုင်ခဲ့ခြင်းမရှိတာကြောင့် တိုက်စစ်မှူး ရွှန်းနေဟာ သူ့အတွက်တော့ အဓိကပစ်မှတ်သဖွယ်ဖြစ်နေပါတယ်။ ဒါပေမယ့်မန်ယူအသင်းအနေနဲ့က ယခုလပိုင်းအတွင်း ရွှန်းနေရဲ့ အေးဂျင့်ဖြစ်သူတွေနဲ့ စာချုပ်သစ်ထပ်မံချုပ်ဆိုနိုင်ရေးကိုဆွေးနွေးမှုတွေ ပြုလုပ်သွားမယ်လို့လည်း ဆိုပါတယ်။ ဒါကြောင့် ချယ်လ်ဆီးအသင်းအနေနဲ့ကတော့ ရွှန်းနေစာချုပ်သစ်ထပ်မံချုပ်ဆိုခြင်းမချုပ်ဆိုခြင်းကိုသာ အဓိကစောင့်ကြည့်နေရပါတယ်။



ရွှန်းနေ

ဒါကြောင့် လက်ရှိအချိန်မှာ တိုက်စစ်မှူး ရွှန်းနေအနေနဲ့သူ့ရဲ့ အနာဂတ်နဲ့ပတ်သက်ပြီး တစ်စုံတစ်ရာ ထုတ်ဖော်ပြောဆိုခြင်းမရှိသေးပေမယ့် သူ့ရဲ့အနာဂတ်ဟာ မန်ယူအသင်းရဲ့ ရာသီကုန်မှာ ထွက်ပေါ်လာမယ့်ရလဒ်အပေါ်မှာလည်း မူတည်နေတယ်လို့တော့ ပြောရမှာပါ။ ဒါကြောင့် တိုက်စစ်မှူးရွှန်းနေအနေနဲ့ သူ့ရဲ့အနာဂတ်ဟာ မန်ယူအသင်းမှာပဲ ဆက်လက်ရှိနေဦးမလား။ ဒါမှမဟုတ်အသင်းကနေ ထွက်ခွာပြီး အသင်းသစ်တစ်သင်းကိုပဲ ပြောင်းရွှေ့မလား ဆိုတာကတော့. . . . .။

အောင်က

ပဲခူးတိုင်းဒေသကြီး

ညောင်လေးပင်မြို့နယ်အတွင်း အမြင့်နိမ့်သော်လည်း အလှမ်းဝေးခဲ့ကြရသည့် ကျေးရွာများ တစ်ရွာနှင့်တစ်ရွာ ကူးလူးဆက်သွယ်သွားလာနိုင်တော့မည်

သတင်းနှင့်ဓာတ်ပုံ ပိန်းဇလုပ်-သိန်းညွန့်

ခရီးလမ်းပန်းခက်ခဲမှုသည် လူမှုဆက်ဆံရေးကို ထိခိုက်နိုင်သည်။ ထိုခက်ခဲမှုကြောင့် တစ်ဦးနှင့်တစ်ဦးအထိအတွေ့နည်းပြီး တစ်ဦးနှင့်တစ်ဦး သက်ာမကင်းများဖြစ်ကြရသည်။ တစ်ဦး၏စရိုက်ကိုတစ်ဦးက မသိကြ၍ အခက်အခဲနှင့်ရင်ဆိုင်ကြရသည်။ လမ်းခရီးခက်ခဲမှုကို မလိုလားကြ။ ခရီးလမ်းချောမောလာသည်နှင့်အမျှ တစ်ဦးနှင့်တစ်ဦး ထိတွေ့မှုရှိလာ၍ နားလည်မှုများရရှိကြသည်။ လမ်းသာသည်နှင့်အညီ ဆက်သွယ်မှုလည်း ကောင်းလာပေသည်။ လမ်းထောက်လျှင် ဆက်သွယ်မှုနည်းပါးသည်။ လမ်းတို့မည်သည် ဆက်သွယ်မှု၊ ကူးသန်းသွားလာမှု၊ ရောင်းဝယ်ဖောက်ကားမှုကို အထောက်အကူပြုလျက်ရှိသည်။

ယခုအစိုးရလက်ထက်တွင် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများအား အစဉ်တစိုက် အထက်/အောက် ညီမျှအောင်ဆောင်ရွက်လျက်ရှိရာမှ လမ်းပန်းဆက်သွယ်ရေး လွယ်ကူချောမွေ့စေရေးအတွက် ကျေးရွာချင်းဆက်လမ်း၊ တံတားကောင်းမွန်စေရေး အကောင်အထည်ဖော်ဆောင်ရွက်နေသည်ကို မြင်တွေ့နေရပေပြီ။

ယင်းသို့ ကျေးရွာချင်းဆက်လမ်း၊ တံတားများ ကောင်းမွန်စေရေး၊ အကောင်အထည်ဖော်ဆောင်ရွက်ပေးနေမှု မြို့နယ်များတွင် ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ်လည်း အပါအဝင်ဖြစ်သည်။ ညောင်လေးပင်မြို့နယ်အတွင်းရှိ ကျေးရွာများရှိ လမ်းပန်းဆက်သွယ်ရေးသည် ခေတ်အဆက်ဆက်ကတည်းက အမြင့်နိမ့်သော်လည်း အလှမ်းဝေး၏။ အချို့ကျေးရွာများဆိုလျှင် လမ်းပင်မပေါက်၊ ခြေကျင်ခရီးသက်သက်ဖြင့် သွားလာနေကြရသည်။

ထို့အတွက် ဒေသခံပြည်သူများ တွေ့ကြုံခံစားရသော လမ်းပန်းဆက်သွယ်ရေး အခက်အခဲများ ပြေလည်စေရန်နှင့် ဒေသဖွံ့ဖြိုးတိုးတက်စေရေးကျေးလက်လမ်း၊ တံတားများကို ၂၀၁၂-၂၀၁၃ ခုနှစ်မှစတင်ကာ ၂၀၁၃-၂၀၁၄ နှစ်နှစ်တာကာလအတွင်း ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ ဒေသဖွံ့ဖြိုးရေးရန်ပုံငွေ ကျပ်သိန်း ၆၅၀ အကုန်အကျခံကာ ငွေးကုန်းကျေးရွာအုပ်စု ကောက်မယ်သူကျေးရွာ အရှည် ၉၅ ပေ၊ အကျယ် ၁၀ ပေ၊ အမြင့် ၂၅ ပေ သံမဏိသံပေါင် သစ်သားကြမ်းခင်းတံတား၊ နဘဲပင်-ဝင်ဘော်ကျေးရွာ အရှည်ပေ ၆၈၀၀၊ အနံပေ ၂၀၊ အမြင့် သုံးပေမြေသားလမ်း၊ သရက်တော-ကြာအင်းကြီး ကျေးရွာလမ်းရှိ အရှည် ၃၆ ပေ၊ အကျယ် ၁၀ ပေ၊ အမြင့် ကိုးပေ၊ အုတ်ခုံခံသစ်သားတံတား၊ နဘဲပင်-ဝင်ဘော်-အေးရွာ အရှည် ၄၅ ပေ၊ အကျယ် ၁၂ ပေ၊ အမြင့် ၁၂ ပေရှိ သံကူကွန်ကရစ်ခင်း အုတ်ခုံတံတားနှင့် အလယ်စု-ဇီးကုန်း-ဖိုးတုပ္ပံကျေးရွာ အရှည်ပေ ၅၀၀၀၊ အကျယ် ၁၀ ပေ၊ အမြင့် ခြောက်လက်မရှိ ကျေးရွာချင်းဆက်လမ်းပေါ်တွင်လည်း ဂဝံခင်းပေးမှုနှင့် ယိုယွင်းပျက်စီးနေသော အရှည် ၅၄ ပေ၊ အကျယ် ၁၇ ပေ သံကူကွန်ကရစ်ခင်းအုတ်ခုံတံတား ပြင်ဆင်တည်ဆောက်ခြင်း လုပ်ငန်းများကို ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဒေသဖွံ့ဖြိုးရေးရန်ပုံငွေနှင့် ညောင်လေးပင်မြို့နေ ဦးသိန်းနိုင် (ဥက္ကဋ္ဌ-မြို့နယ်အထောက်အကူပြုကော်မတီ)- ဒေါ်အေးအေးခိုင်မိသားစုမှ ထည့်ဝင်လှူဒါန်းငွေ ကျပ် ၁၅၅ သိန်း တို့ဖြင့် ပေါင်းစပ်ခင်းကျင်းတည်ဆောက်ခဲ့သည်။

(ဆက်လက်ဖော်ပြပါမည်)

> " ယခုအစိုးရလက်ထက်တွင် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများအား အစဉ်တစိုက် အထက်/အောက် ညီမျှအောင်ဆောင်ရွက်လျက်ရှိရာမှ လမ်းပန်းဆက်သွယ်ရေး လွယ်ကူချောမွေ့စေရေးအတွက် ကျေးရွာချင်းဆက် လမ်း၊ တံတားကောင်းမွန်စေရေး အကောင်အထည်ဖော်ဆောင်ရွက်နေသည်ကို မြင်တွေ့နေရ "

မြန်မာ့အလင်း
၁၀-၁-၂၀၁၄ (သောကြာနေ့)

ဧရာဝတီတိုင်းဒေသကြီး

လေးမျက်နှာမြို့နယ် အနောက်ခြမ်း လမ်းပန်းဆက်သွယ်ရေး

ကချင်ပြည်နယ် မြစ်ကြီးနားမြို့ကို ရောက်ခဲ့သော ကျွန်တော်။ ပလောင်ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသက နမ့်ဆန်မြို့၊ ကိုးကန့်ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသက လောက်ကိုင်မြို့၊ 'ဝ' ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းက ဟိုပန်မြို့တို့ကို မကြာသေးမီအချိန်လေးဆီကမှ လုပ်ငန်းတာဝန်အရ ရောက်ဖြစ်ခဲ့သော ကျွန်တော်။ ထိုကဲ့သို့ နယ်စပ်ဒေသများကိုသာ အရောက်အပေါက်များသော ကျွန်တော့်အနေဖြင့် ဧရာဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ် အနောက်ခြမ်းရှိ မိမိမွေးရပ်မြေ စိန်တောင်ကျေးရွာလေးဆီသို့ သွားရောက်ဖြစ်ခဲ့ရာ ခရီးတစ်လျှောက် တွေ့မြင်ခဲ့ရသည့် လမ်းပန်းဆက်သွယ်ရေး အခြေအနေကောင်းများကြောင့် ပြည်သူ့ဆောက်လုပ်ရေး လုပ်ငန်းကို ကျေးဇူးအထူးတင်ခဲ့ရသည်။

၂၀၁၃ ခုနှစ် ဒီဇင်ဘာ ၂၈ ရက်တွင် ကျင်းပခဲ့သော လေးမျက်နှာမြို့ အခြေခံပညာ အထက်တန်းကျောင်း၏ မြတ်ဆရာပူဇော်ပွဲ၊ ဒီဇင်ဘာ ၂၉ ရက်တွင် ကျင်းပခဲ့သော လေးမျက်နှာမြို့နယ် လှော်ကထားကျေးရွာ အခြေခံပညာအထက်တန်းကျောင်း၏ မြတ်ဆရာပူဇော်ပွဲအခမ်းအနားများသို့တက်ရောက်ရန်၊ ကျေးဇူးရှင်ဆရာကြီး ဆရာမကြီးများအား ရှိခိုးကန်တော့ရန်ခွင့်တင်၍ သွားရောက်ခဲ့ခြင်းဖြစ်သည်။ မသွားမီရက်ပိုင်းလေး၌ နေပြည်တော်သို့ ရောက်လာသော တူမဖြစ်သူက ဦး ရွာကိုပြန်ရင် ကားပေါ်မှာ ကော်ဖီခွက်တင်ပြီးသောက်သွား၊ လုံးဝမဖိတ်စေရဘူးဟု ပြောခဲ့သေးသည်။ လွန်ခဲ့သော သုံးနှစ်ခန့်က ရွာကို သွားရောက်ခဲ့စဉ် ပုသိမ်-မုံရွာလမ်း တစ်လျှောက်ရှိ ကျောင်းကုန်းလမ်းခွဲ၊ ကျောင်းကုန်းနှင့် အသုတ်မြို့အကြား၊ အသုတ်နှင့်ရေကြည်၊ ရေကြည်နှင့် ငါးသိုင်းချောင်း စသော လမ်းပိုင်းများသည် ချောချောမွေ့မွေ့မဖြစ်လာသေး။ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းသည် လမ်းပိုင်းအလိုက် ကတ္တရာခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေကြဆဲဖြစ်၏။ ငါးသိုင်းချောင်းမှ ဆက်ထွက်လာသောအခါ ရေနံ့သာဂိတ်သည် အနောက်ဘက် ရခိုင်ပြည်နယ် ဂွမြို့သို့သွားသော ကားလမ်းနှင့် မြောက်ဘက် မုံရွာမြို့သို့ ဆက်သွားသော ကားလမ်းမကြီးတို့ ဆုံရာအရပ်ဖြစ်သည်။ ရွာသို့ခရီးမှာ ရေနံ့သာမှ ပုသိမ်-မုံရွာကားလမ်းကြီးအတိုင်း နာရီဝက်ခန့် ကားဆက်မောင်းပြီး စောပြာရွာအရောက် ကိုယ့်အားကိုယ်ကိုး လမ်းကလေးအတိုင်း နှစ်မိုင်ခန့် ချိုးဝင်ရမည်ဖြစ်သည်။ ပုသိမ်-မုံရွာလမ်းမကြီး ကတ္တရာခင်းရန် လမ်းအထူးအဖွဲ့များက ပြင်ဆင်ဆောင်ရွက်နေသည်ကို တွေ့မြင်ခဲ့ရသည်။

ယခုတစ်ကြိမ်ခရီးမှာတော့ ရန်ကုန်-ပုသိမ်လမ်းဆုံမှ စတင်သော အသုတ်-ရေကြည်- ငါးသိုင်းချောင်းခရီးသည်လည်းကောင်း၊ ငါးသိုင်းချောင်းမှ ဆက်လက်ထွက်ခွာသည့် ပုသိမ်-မုံရွာကားလမ်းမကြီးသည် လည်းကောင်း ချောမွေ့ပြေပြစ်သည့် ကတ္တရာလမ်းမကြီးတစ်ခု ဖြစ်လို့နေပေပြီ။ ကားကြီးကားငယ်အသွယ်သွယ်နှင့် လူတွေကုန်တွေ အပြည့်အသိပ် တင်ဆောင်မောင်းနှင်နေကြသော ဂွန်ဒေါင်းဟုခေါ်သည့် ယာဉ်များ၊ ဆိုင်ကယ်များ ဥဒဟိုသွားလာနေကြပေပြီ။ ဒေသထွက်ကုန် ကြိမ်၊ ဝါးအပါအဝင် ဆန်၊ စပါးနှင့် ပဲ၊ ပြောင်း၊ နှမ်း၊ ဝါများကို သည်လမ်းမကြီးမှတစ်ဆင့် ထက်အောက်၊ စုန်ဆန်ကူးသန်းသွားလာ ရောင်းဝယ်ဖောက်ကားနိုင်ကြပေပြီ။

ရှေးယခင်က ရွာမှ လေးမျက်နှာမြို့သို့ ခုနစ်မိုင်ခန့်လမ်းလျှောက်ရသည်။ မိုးတွင်းအခါ လှေစီး၍ သွားရ၏။ ပုသိမ်-မုံရွာလမ်းမကြီး ပေါ်ပေါက်လာသောအခါ ပန်းတောကြီးရွာဘက်မှ ဆိုင်ကယ်စီး၍သွားကြသည်။ ထိုနည်းတူစွာ ငါးသိုင်းချောင်း-အိုင်သပြု လမ်းဘက်မှလည်း ဆိုင်ကယ်ဖြင့်သွားတတ်ကြသည်။ ငါးသိုင်းချောင်း-အိုင်သပြု-လေးမျက်နှာကားလမ်း ၁၇ မိုင်သည်ပင်လျှင် လွန်ခဲ့သည့် နှစ်နှစ်၊ သုံးနှစ်ခန့်က လမ်းကြမ်းသာသာ ရှိနေသေးသည်။ သည်ကနေ့ ကျွန်တော်ကားဖြတ်မောင်းခဲ့သော ယင်းလမ်းသည် ကတ္တရာလမ်းမကြီး ဖြစ်ခဲ့ပြီ။ ဝဲဘက်ခြမ်းမှာ ငဝန်မြစ်က အပြိုင်လိုက်လျက်။ ငဝန်မြစ်တာရိုးပေါ်ကိုတက်၍ တစ်ချိန်က တဖုတ်ဖုတ်နှင့်သွားလာနေကြသော မော်တော်ဘုတ်ငယ်လေးများကို တွေ့လိုတွေ့ငြား ရှာကြည့်မိသည်။ မတွေ့ရတော့။ ရေလမ်းထက် ကားလမ်းကို အားထားနေကြပြီလားမသိ။

မည်သို့ဆိုစေ။ ကျွန်တော်၏ မွေးရပ်မြေခရီးသည် ဟိုးတစ်ချိန်က ကြည့်မြင်တိုင်ဘူတာမှ နံနက်စောစော ရထားစီး၊ သာရဝေါဘူတာကို ၁၁ နာရီလောက်မှာရောက်၊ ဧရာဝတီမြစ်ကို ကူးတို့သင်္ဘောနှင့် ၄၅ မိနစ်ခန့်ဖြတ်၊ ထိုမှ နေပူပူမှာ ခေါင်းဆေးကျွန်းလို့ခေါ်တဲ့ သဲသောင်ဖြူဖြူကြီးကို နာရီဝက်ခန့်ကျော်။ ဟင်္သာတမြို့ ရွှေပြောင်ပြောင်ဘုရားနား ရောက်လာသောအခါ ဆိုက်ကားငှားစီးပြီး အိုင်သပြုသို့ထွက်မည့် နောက်ဆုံးကားမီရေး အပြေးအလွှား သွားကြရ။ အိပွဲအိပွဲနှင့် ချက်ပလက်ကားကြီးက အိုင်သပြုဆိပ်ကမ်းသို့ ညနေစောင်းမှာ လျှာတစ်စောင်းကိုက်ပြီးဝင်လာခဲ့။ ဆိပ်ကမ်းမှာ စောင့်နေတာကလည်း လေးမျက်နှာမြို့သို့ ထွက်ခွာမည့် နောက်ဆုံးမော်တော်ဘုတ်ပဲ ဖြစ်ပါလိမ့်မည်။ တဖုတ်ဖုတ်နှင့် ကမ်းမှခွာပြီး ဆန်တက်မောင်းနှင်လာသောအခါ လေးမျက်နှာမြို့ (ယခင်မြို့ဟောင်း)သို့ ညကြီးမိုးချုပ် ဝင်ရောက်လာခဲ့သည်။ ရွာသို့ ဆက်မသွားနိုင်တော့ပြီ။ နောက်တစ်နေ့မှာ နှစ်နာရီကျော်ခန့် လမ်းလျှောက်သွားမှ ရွာသို့ရောက်သည်။

ရှေးယခင်က ရန်ကုန်က နှစ်ရက်သွားမှ ရောက်သောကျွန်တော်တို့ရွာ။ ယခု သုံးနာရီခွဲခန့် ကားမောင်းသွားရုံဖြင့် ရောက်နိုင်ပါပြီ။ ဒေသထွက်ကုန်များ တင်ပို့ရောင်းချနိုင်ရေးအတွက်လည်း ကုန်းလမ်း၊ ရေလမ်းနှစ်သွယ် အားထားဆောင်ရွက်နိုင်ပါပြီ။ ယခုကဲ့သို့ ပြောင်းလဲတိုးတက်လာသော မွေးရပ်မြေအပါအဝင် ငဝန်မြစ်အနောက်ခြမ်းဒေသများအတွက် ဂုဏ်ယူဝမ်းမြောက်မိသကဲ့သို့ နိုင်ငံတော်အစိုးရ၊ ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ တာဝန်ရှိသူများကို ကျေးဇူးတင်ရပါကြောင်း။

မြင့်စိုး(နတလ)

ငါးသိုင်းချောင်း-အိုင်သပြု-လေးမျက်နှာမြို့များသို့ ဆက်သွယ်ဖောက်လုပ်ထားသည့် ကတ္တရာလမ်း မိုင်တိုင် (၁၇/၀) မြင်ကွင်း။

ရှမ်းပြည်နယ်(မြောက်ပိုင်း)

မောဝ်မြေရပ်ဆီက ရိုးရာရှမ်းအိုးစည်လုပ်ငန်း

နိုင်ငံအသီးသီး၌ နေထိုင်ကြသောလူမျိုးများသည် ကိုယ့်ရိုးရာ ကိုယ်ပိုင်ယဉ်ကျေးမှု၊ ကိုယ်ပိုင်တေးဂီတများရှိကြရာ ကိုယ်ပိုင်ရိုးရာတူရိယာများလည်း ကိုယ်စီရှိကြသည်။ မိမိတို့၏ ရိုးရာဂီတ၊ ရိုးရာတူရိယာကို အမြတ်တနိုး တန်ဖိုးထားတတ်ကြသည်။ ကြေး၊ ကြိုး၊ သားရေ၊ လေမှုတ် ကိရိယာစသည်ဖြင့် ဟန်ပန်အမျိုးမျိုးဖြင့် တူရိယာကိုပြုလုပ်၍ ရိုးရာမပျက်တီးမှုတ်ကြသည်။ မည်သို့ပင် ပုံသဏ္ဌာန်ဟန်ပန်မတူဘဲ ကွဲပြားကြသော်လည်း တန်ဖိုးထားမှုတွင် တူညီကြသည်။

ရှမ်းတိုင်းရင်းသား လူမျိုးများသည်လည်း ရိုးရာဓလေ့၊ ရိုးရာယဉ်ကျေးမှု၊ ရိုးရာတေးဂီတ တူရိယာရှိကြရာ ရှမ်းအိုးစည်သည် အဓိက အရေးပါလှသည်။ စေတီ၊ ဘုရားပွဲ၊ အလှူပွဲ၊ နှစ်သစ်ကူးပွဲများ၊ ရိုးရာယဉ်ကျေးမှုပွဲများ၊ ပျော်ပွဲရွှင်ပွဲများတွင် ရှမ်းအိုးစည်သည်မပါလျှင်မဖြစ်ပေ။ ကိန္နရီ၊ ကိန္နရာအက၊ လမုန်းအက၊ စုပေါင်းဝိုင်းဖွဲ့အကများတွင် အိုးစည်နှင့်တွဲဖက်မှသာလျှင် မြိုင်ဆိုင်လှပါသည်။ ရှမ်းအိုးစည်သံကြောင့် ပျော်ရွှင်တက်ကြွခြင်း၊ စိတ်ကြည်နူးခြင်း၊ နိုးထလှုပ်ရှားအားတက်ခြင်း စသောစိတ်ဖြစ်ပေါ်စေသည်ဟုဆိုကြသည်။ ရှမ်းအိုးစည်ကို မြို့တိုင်း၊ ရပ်ကွက်တိုင်း၊ ကျေးရွာတိုင်းတွင် ထားရှိကြသည်။

ရှမ်းအိုးစည်သည် ရပ်ရွာတိုင်းတွင်ရှိပြီး ရှမ်းလူမျိုးတိုင်းတီးခတ်တတ်ကြသော်လည်း ရှမ်းအိုးစည်ပြုလုပ်သည့် ပညာရှင်ရှားပါးလှသည်။ ရှမ်းပြည်နယ်(မြောက်ပိုင်း)မူဆယ်၊ နမ့်ခမ်းဒေသ၌ နမ့်ခမ်းမြို့ ကောင်းနောင်မိုရပ်ကွက် ဦးစိုင်းမောင်လှိုင်နှင့်မိုခမ်းရပ်ကွက် စိုင်းအိုက်အေးတို့နှစ်ဦးသာ ရှမ်းအိုးစည်လုပ်ငန်းကို ရိုးရာအစဉ်အလာမပျက် လုပ်ကိုင်လျက်ရှိနေသည်ကို တွေ့ရသည်။ ရှမ်းပြည်နယ်(မြောက်ပိုင်း)ရှိ ကွတ်ခိုင်၊ ကွမ်လုံ၊ သိန္နီ၊ သီပေါ၊ ကျောက်မဲ၊ လားရှိုး စသည့်ဒေသသာမကဘဲ တရုတ်ပြည်ရှိ ရှမ်းတိုင်းရင်းသားများကပါ လာရောက်ဝယ်ယူကြသည်။

ရှမ်းအိုးစည်လုပ်ငန်း

ရှမ်းအိုးစည်ကိုပြုလုပ်ရာတွင် ပုံသဏ္ဌာန်၊ အချိုးအစားကိုသေသပ်လှပစွာ ပြုလုပ်နိုင်ရုံနှင့် မပြီးပေ။ အသံပိုင်းဆိုင်ရာ၊ ဂီတသံစဉ်တတ်သိနားဆင်တတ်ရန်လည်း အရေးကြီးပေသည်။ အသံမြည်ရုံနှင့်မပြီးဘဲ မောင်းသံ၊ လင်းကွင်းသံနှင့် ကိုက်ညီမှုရှိရန်လိုအပ်ပါသည်။ တိမ်မယောင်နှင့်နက်၊ လွယ်မယောင်နှင့်ခက်လှသော ရှမ်းအိုးစည်လုပ်ငန်းတွင်-

(၁) သစ်သားဖြင့်ပုံဖော်ခြင်းလုပ်ငန်း
(၂) ဆေးခြယ်သမှုလုပ်ငန်းပိုင်း
(၃) သားရေလုပ်ငန်းပိုင်း
(၄) မောင်းနှင့်လင်းကွင်းလုပ်ငန်းပိုင်း
(၅) အသံဆိုင်ရာလုပ်ငန်းပိုင်းဟူ၍ ငါးပိုင်းခွဲ၍ လုပ်ကိုင်ကြရသည်ကို တွေ့ရှိရသည်။

(၁) သစ်သားပိုင်းဖြင့်ပုံဖော်ခြင်းလုပ်ငန်းပိုင်း

ရှမ်းအိုးစည်ပြုလုပ်ရန်အတွက် သင့်တော်ကောင်းမွန်သော သစ်အမျိုးအစားကို ရွေးချယ်ရသည်။ ယမနေ၊ ပိန္နဲ၊ သရက်၊ လက်ပံ၊ တမာနှင့် အခြားအနှစ်မာကျော့မှုရှိသော သစ်များဖြင့် ပြုလုပ်ရသည်။ အမျိုးသားများတီးခတ်သော အိုးစည်မျက်နှာပြင်အဝ၏ အချင်းမှာ တစ်ပေ၊ အလျားအရှည်မှာ ငါးပေ ခြောက်လက်မရှိရသည့်အတွက် လိုအပ်သောသစ်လုံးနှင့် အတိုင်းအတာကို တိုင်းတာဖြတ်တောက်ရသည်။ အိုးစည်၏ အလျား သုံးချိုးတစ်ချိုးကို အချိုးကျ တိုင်း၍ အိုးစည်၏အုံအဖြစ် ပြုလုပ်ရသည်။ ဖြတ်တိုင်းတာထားသောသစ်တုံးကို အိုးစည်ပုံကြမ်းဖြစ်လာရန်ဓားဖြင့် အကြမ်းခုတ်ထစ်ပုံဖော်ရသည်။ အိုးစည်ပုံကြမ်းသစ်သားတုံးကို ပွတ်စင်ပေါ်တင်ပြီး အိုးစည်ပုံသဏ္ဌာန်ဖြစ်လာသည်အထိ အချောကိုင်ကာ စနစ်တကျ ပုံဖော်လုပ်ကိုင်ရသည်။ အိုးစည်ပုံဖော်ပြီးသောအခါ မျက်နှာပြင်မှ အောက်ခြေအပေါက်အထိ တုံးလျှိုပေါက် အခေါင်းထွင်းထုတ်ရသည်။ အထူအပါးအနေအထား မှန်သော အတွင်းခေါင်းပေါက်ရရှိအောင် ထွင်းယူရသည်။ အိမ်ထောင်သည်အမျိုးသမီး(မေနွဲ့)များ တီးခတ်သော အိုးစည်ကို အဝအကျယ် အချင်း ၁၃ ဒသမ ၆ လက်မ၊ အရှည် ၃၄ လက်မ၊ ရှမ်းတရုတ်အိုးစည်မှာ မျက်နှာပြင်အကျယ်အချင်း ၁၀ ဒသမ ၅ လက်မ၊ အမြင့် လက်မ ၄၀ ထား၍ ပြုလုပ်ရသည်။ (ဆက်လက်ဖော်ပြပါမည်)

ညက်မင်း(နမ့်ခမ်း)၊ ဓာတ်ပုံ-ဝေမွန်ဖြိုး

ကချင်ပြည်နယ်

မိုးညှင်းခရိုင်ပြည်သူ့ဆေးရုံကြီးတွင် တိုးချဲ့လူနာဆောင်ဆောက်လုပ်ရန် ပန္နက်ရိုက်

ကချင်ပြည်နယ် မိုးညှင်းခရိုင် မိုးညှင်းမြို့နယ်ရှိ ခရိုင်ပြည်သူ့ဆေးရုံကြီးတွင် နှစ်ထပ်တိုးချဲ့လူနာဆောင် အလျား ၁၀၆ ပေ၊ အနံ ပေ ၃၀၊ အမြင့်အောက်ထပ် ၁၆ ပေ၊ အပေါ်ထပ် ၁၂ ပေ၊ သံကူကွန်ကရစ် အဆောက်အအုံသစ် ဆောက်လုပ်ရန် ပန္နက်ရိုက်မင်္ဂလာအခမ်းအနားကို ဇန်နဝါရီ ၇ ရက် နံနက် ၁၀ နာရီက အဆောက်အအုံသစ်ဆောက်လုပ်မည့် မြေနေရာ၌ ကျင်းပသည်။

ပန္နက်ရိုက်မင်္ဂလာအခမ်းအနားတွင် ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်စိုးမိုး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြတ်ယု၊ မိုးညှင်းဒီဂရီကောလိပ်ကျောင်းအုပ်ဆရာကြီး ဒေါက်တာအောင်မင်းဝင်း၊ မိုးညှင်းခရိုင်ဆေးရုံအုပ်(ကိုယ်စား) သားဖွားနှင့်မီးယပ်အထူးကု ဒေါက်တာအေးအေးဟန်၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ ဥက္ကဋ္ဌ ဦးစိုင်းတင်မြင့်၊ ကောင်းကင်လွင်ဆောက်လုပ်ရေးကုမ္ပဏီ မန်နေဂျင်းဒါရိုက်တာ ဦးငြိမ်းချမ်းတို့က ပန္နက်ရိုက်ဆောင်ရွက်ကြသည်။

ပန္နက်ရိုက်မင်္ဂလာအခမ်းအနားသို့ ခရိုင်နှင့်မြို့နယ် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် မိုးညှင်းပြည်သူ့ဆေးရုံဝန်ထမ်းများ တက်ရောက်ကြသည်။ နှစ်ထပ်တိုးချဲ့လူနာဆောင် အဆောက်အအုံသစ်ကို ကောင်းကင်လွင်ဆောက်လုပ်ရေးကုမ္ပဏီက ငွေကျပ်သိန်း ၁၃၆၀ ဖြင့် ဆောက်လုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

စစ်ကိုင်းတိုင်းဒေသကြီး

ကသာ-ဗန်းမော် မီးရထားလမ်းပိုင်းမှ ကသာ-ကျောက်ကြီးခရီးစဉ် ဖွင့်တော့မည်

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ကသာမြို့နယ်အနောက်ဘက်တွင် ဖက်ဆွတ်တောင်တန်းကြီးနှင့် အရှေ့ဘက်တွင် ဧရာဝတီမြစ်ကြီး တည်ရှိနေပြီး လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ပြီး အလွန်စည်ကားလှသော မြို့တစ်မြို့ဖြစ်သည်။

လမ်းပန်းဆက်သွယ်ရေးအနေဖြင့် ရေလမ်းခရီး၊ ကုန်းလမ်းခရီးတွင် မော်တော်ကားလမ်း၊ မီးရထားလမ်းတို့ဖြင့် မြန်မာပြည်အထက်အောက် အစုန်အဆန်လွယ်လင့်တကူ သွားလာနိုင်သော မြို့တစ်မြို့လည်း ဖြစ်သည်။

ယခုအခါ နိုင်ငံတော်အစိုးရကလည်း စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ကသာမြို့မှ ကချင်ပြည်နယ် ဗန်းမော်မြို့သို့ ဆက်သွယ်ဖောက်လုပ်လျက်ရှိသည့် ရထားလမ်းကွန်ရက်၏ တစ်စိတ်တစ်ပိုင်းဖြစ်ပြီး ခရီးမိုင် ၉၄ ဒသမ ၈၇ မိုင်ရှိမည်ဖြစ်သည်။ ၂၀၀၇ ခုနှစ် မေလမှ စတင်ဆောင်ရွက်ခဲ့ပြီး ကသာ-မိုးတားကြီး လမ်းပိုင်း ၁၆ ဒသမ ၆၈ မိုင်အရှည်ကို ၂၀၁၀ ခုနှစ် ဖေဖော်ဝါရီ ၂၀ ရက်တွင် ဖွင့်လှစ်နိုင်ခဲ့ပြီး RBE ရထား ပြေးဆွဲလျက်ရှိသည်။

၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် မိုးတားကြီး-ချောင်းဝ-ကျောက်ကြီး လမ်းပိုင်းအရှည် ၂၀ ဒသမ ၃၈ မိုင် ဖွင့်လှစ်နိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိရာ ၂၀၁၄ ခုနှစ် ဇန်နဝါရီ ၁၅ ရက်တွင် လမ်းအချောဆောင်ရွက်ခြင်းပြီးစီးနိုင်မည်ဖြစ်ပါ၍ ကသာမြို့မှ ဗန်းမော်ခရိုင် ရွှေကူမြို့နယ် ကျောက်ကြီးကျေးရွာသို့ မကြာမီ RBE ရထား ပြေးဆွဲနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

ထို့အပြင် ကျောက်ကြီး-စင်းခန်းလမ်း အပိုင်းအရှည် ၃၀ ဒသမ ၅၄ မိုင်ကို သံလမ်း အကြမ်းခင်းခြင်းဆောင်ရွက်ရန် လျာထားရာ ၂၀၁၄ ခုနှစ် ဇန်နဝါရီ ၁၆ ရက်တွင် စတင်၍ အကြမ်းခင်းခြင်းဆောင်ရွက်မည်ဖြစ်ပြီး ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ကျောက်ကြီး-မြို့ကုန်း-ဧရာဝတီတံတား(စင်းခန်း) - စင်းခန်းလမ်းပိုင်း အရှည် ၃၀ ဒသမ ၅၄ မိုင် ဖွင့်လှစ်နိုင်ရန်နှင့် စင်းခန်း-မြလယ်-ဟန်ထက် လမ်းပိုင်းအရှည် ၁၄ မိုင် သံလမ်းဆက်လက်ခင်းနိုင်ရန် စီစဉ်ဆောင်ရွက်မည်ဖြစ်ကြောင်းလည်း သိရသည်။

၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ကသာမြို့မှ ဗန်းမော်မြို့သို့ ကုန်ရထားကြီးများ ပြေးဆွဲနိုင်တော့မည် ဖြစ်သည်။

မကြာမီဖွင့်လှစ်တော့မည့် ကသာ-ဗန်းမော် မီးရထားလမ်းပိုင်းမှ ကသာ-ချောင်းဝ- ကျောက်ကြီးဒေသရှိ ဒေသခံပြည်သူများသည် မိမိတို့လိုရာခရီးကို လျင်မြန်ချောမွေ့စွာ သွားလာနိုင်တော့မည်ဖြစ်သဖြင့် လွန်စွာဝမ်းမြောက်နေကြကြောင်း ဒေသခံပြည်သူတစ်ဦးက ပြောပြခဲ့၍ သိရသည်။

လူအောင်(ကသာ)

'လှိုက်လှဲစွာဂုဏ်ယူဝမ်းမြောက်ခြင်း'

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ၊ နိုင်ငံတော်သမ္မတရုံး အမိန့်ကြော်ငြာစာအမှတ်(၁/၂၀၁၄)ဖြင့် **ဒေါ်ချောချော(ခ) ဒေါ်အေးချော (မြေလတ်ရာဇာစိုက်ပျိုးရေးဆေးဆိုင်၊ မန္တလေးမြို့)** အား **သုဓမ္မသီဂီဘွဲ့** ချီးမြှင့်အပ်နှင်းခြင်းခံရသည့်အတွက် မိသားစုနှင့်ထပ်တူ အထူးပင်ဂုဏ်ယူဝမ်းမြောက်မိပါသည်။ နောင်တွင်လည်း အသက်ရှည်ကျန်းမာပြီး စိတ်ချမ်းသာ၊ကိုယ်ကျန်းမာပြီး ဘာသာ၊ သာသနာအကျိုးကို ဆတက်ထမ်းပိုး ဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်း၍ အထူးပင်ဝမ်းမြောက်ဂုဏ်ယူမိပါသည်။

Golden Key Co.,Ltd.
မိသားစု
ရန်ကုန်မြို့

'လှိုက်လှဲစွာဂုဏ်ယူဝမ်းမြောက်ခြင်း'

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ၊ နိုင်ငံတော်သမ္မတရုံး အမိန့်ကြော်ငြာစာအမှတ်(၁/၂၀၁၄)ဖြင့် **ဒေါ်ချောချော(ခ) ဒေါ်အေးချော (မြေလတ်ရာဇာစိုက်ပျိုးရေးဆေးဆိုင်၊ မန္တလေးမြို့)** အား **သုဓမ္မသီဂီဘွဲ့** ချီးမြှင့်အပ်နှင်းခြင်းခံရသည့်အတွက် မိသားစုနှင့်ထပ်တူ အထူးပင်ဂုဏ်ယူဝမ်းမြောက်မိပါသည်။ နောင်တွင်လည်း အသက်ရှည်ကျန်းမာပြီး စိတ်ချမ်းသာ၊ကိုယ်ကျန်းမာပြီး ဘာသာ၊ သာသနာအကျိုးကို ဆတက်ထမ်းပိုး ဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်း၍ အထူးပင်ဝမ်းမြောက်ဂုဏ်ယူမိပါသည်။

ကိုဝင်းသိန်း၊ မမေနှင်းဇော်မိသားစု
မြမဏ္ဍိုင်စိုက်ပျိုးရေးဆေးဆိုင်
ရမည်းသင်းမြို့

နှစ်သစ်ဦးမင်္ဂလာသတင်း

မန္တလေးမြို့၏ ဗဟိုအချက်အခြာကျသော စီးပွားရေးရပ်ဝန်း (450' - 350') အကျယ်
မန်းမြန်မာပလာဇာ(၆)ထပ်အပေါ်တွင် (၁)ခန်းလျှင် (2000 Sqft) ရှိ နိုင်ငံတကာအဆင့်မီ
လူနေကွန်ဒိုတိုက်ခန်း (၁၄၄)ခန်း ပါဝင်သည့်သွင်း တည်ဆောက်ထားပါသည်။
ကားအစီး(၃၀၀)အလုံအလောက်ရပ်နားနိုင်သော Parking နေရာ၊ ဓါတ်လှေကား(၈)စင်း၊
နိုင်ငံတကာနှင့် ဆက်သွယ်နိုင်သောစနစ်များ လုံခြုံရေးစနစ်များ၊(၂၄)နာရီ
ရေ မီး ဝန်ဆောင်မှုပြီးပြည့်စုံစွာဖြင့် အကောင်းဆုံးစီစဉ်ထားရှိပါသည်။
မြို့ပြ၏ မွန်းကျပ်မှုများကို ဖြေရှင်းပေးလိုက်သည့် "အိမ်အသစ်"
မြန်မာနိုင်ငံတွင် ပထမဦးဆုံး စတင်ဖွင့်လှစ်လိုက်သော Land Mark အဆောက်အဦ
နိုင်ငံတကာအဆင့်မီ မန်းမြန်မာ(၂၅)ထပ် ကွန်ဒိုမီနီယံတာဝါ(၂)လုံး
ကို (၁၆-၁-၂၀၁၄) နေ့တွင် ဖွင့်လှစ်မည်ဖြစ်ပါသဖြင့် စိတ်ပါဝင်စားသူများ
လာရောက်လေ့လာနိုင်ကြောင်း သတင်းကောင်းပါးအပ်ပါသည်။

Address : No. (46) , Corner of 25th & 84th Road, Mandalay.
Ph : 02-65727 , 02-72838
Hp : 09-2000317
Fax : 02-24199
Email : manmyanmartw@gmail.com , Website : www.manmyanmar.com

ရ နိုင်ငံတကာ အားကစား
မြန်မာ့အလင်း
၁၀-၁-၂၀၁၄ (သောကြာနေ့)

MAN U VS SWANSEA

Team	League	FACup	Capital One	Community Shield	European Cup	UEFA Cup	Cup Winner's Cup	UEFA SuperCup	Intercontinental Cup	Club World Cup	Total
မန်ယူ	၂၀	၁၁	၄	၂၀	၃	-	၁	၁	၁	၁	[illegible]
ဆွမ်ဆီး	-	-	၁	-	-	-	-	-	-	-	၁

PREDICTED TEAM

မန်ယူ၏ အနေအထားသည် ယုံကြည်မှုပျောက်ဆုံးနေသကဲ့သို့ ရှိသည်။ အထူးသဖြင့် မန်ယူ၏ ကွင်းလယ်ပိုင်းနှင့် ခံစစ်ပိုင်းသည် အကောင်းဆုံးပုံစံမျိုးမရှိပေ။ ထို့ကြောင့် အသင်းငယ်များကိုပင် အနိုင်ရရန် ရုန်းကန်ရလေ့ရှိသည်။

PREDICTED TEAM

ဆွမ်ဆီး၏ အဓိကအားအနည်းဆုံးအချက်မှာ ခံစစ်ပိုင်းကျစ်လျစ်မှု အားနည်းခြင်းပင်ဖြစ်သည်။ နောက်ဆုံးကစားခဲ့သော ပရီမီယာလိဂ် ငါးပွဲတွင် ဂိုးမပေးရသောပွဲမရှိသည်အထိ ခံစစ်ပိုင်းက အားပျော့လျက်ရှိသည်။

KEY PLAYER

ဝိန်းရွန်းနေ(တိုက်စစ်)

ယခုနှစ်ပရီမီယာလိဂ်သွင်းဂိုး	- ၉ ဂိုး
ယခုနှစ်ပရီမီယာလိဂ်ပွဲကစားမှု	- ၁၆ ပွဲ
ပြိုင်ပွဲအရပ်ရပ်သွင်းယူသည့်ဂိုး	- ၂၆၃ဂိုး
ပရီမီယာလိဂ် စုစုပေါင်းသွင်းဂိုး	- ၁၆၅ဂိုး
မန်ယူအတွက် ပွဲကစားမှု	- ၄၂၄ ပွဲ
မန်ယူအတွက် စုစုပေါင်းသွင်းဂိုး	- ၂၀၈ဂိုး

KEY PLAYER

ဝီလ်ဖရက်ဒ်ဘိုနီ(တိုက်စစ်)

ယခုနှစ်ပရီမီယာလိဂ်သွင်းဂိုး	- ၆ ဂိုး
ယခုနှစ်ပရီမီယာလိဂ်ပွဲကစားမှု	- ၁၆ ပွဲ
ပြိုင်ပွဲအရပ်ရပ်သွင်းယူသည့်ဂိုး	- ၉၆ဂိုး
ပရီမီယာလိဂ် စုစုပေါင်းသွင်းဂိုး	- ၆ဂိုး
ဆွမ်ဆီးအတွက် ပွဲကစားမှု	- ၂၇ ပွဲ
ဆွမ်ဆီးအတွက် စုစုပေါင်းသွင်းဂိုး	- ၁၃ဂိုး

Last 5 matches record

L(1-2)	W(0-1)	W(2-3)	W(3-1)	W(0-3)

Last 5 matches record

L(2-3)	D(1-1)	L(1-0)	L(1-2)	D(1-1)

၂၀၁၄ခုနှစ် ဩစတြေးလျအိုးပင်းတင်းနစ်ပြိုင်ပွဲကြီးကျင်းပတော့မည်

၂၀၁၄ ခုနှစ် တင်းနစ်ရာသီရဲ့ ဂရင်ဆလမ်ပြိုင်ပွဲကြီးလေးခုအနက် ပထမဆုံးပြိုင်ပွဲဖြစ်တဲ့ ဩစတြေးလျအိုးပင်းတင်းနစ်ပြိုင်ပွဲကို ဇန်နဝါရီ ၁၃ ရက်ကနေ ၂၆ ရက်အထိ ဩစတြေးလျနိုင်ငံ မဲလ်ဘုန်းမြို့ Melbourne Park တင်းနစ်ကွင်းမှာ ကျင်းပပြုလုပ်သွားမှာ ဖြစ်ပါတယ်။ ဩစတြေးလျ အိုးပင်းတင်းနစ်ပွဲစဉ်တွေကို မြေမာကွင်းမှာ ကျင်းပသွားမှာပါ။

ထက်အောင်

ဩစတြေးလျ အိုးပင်းတင်းနစ်ပြိုင်ပွဲကို ၁၉၀၅ ခုနှစ်မှာ စတင်ကျင်းပခဲ့ပြီး ဂရင်ဆလမ်ပြိုင်ပွဲ လေးခုအနက် သက်တမ်းအနုဆုံးပြိုင်ပွဲ ဖြစ်ပါတယ်။

ဩစတြေးလျ အိုးပင်းတင်းနစ်ပြိုင်ပွဲမှာ အမျိုးသားတစ်ဦးချင်းပြိုင်ပွဲ၊ အမျိုးသမီးတစ်ဦး ချင်းပြိုင်ပွဲ၊ အမျိုးသား နှစ်ယောက်တွဲပြိုင်ပွဲ၊ အမျိုးသမီး နှစ်ယောက်တွဲပြိုင်ပွဲနဲ့ အမျိုးသား အမျိုးသမီး နှစ်ယောက်တွဲပြိုင်ပွဲတွေ ယှဉ်ပြိုင်သွားမှာ ဖြစ်ပါတယ်။

ဒီပြိုင်ပွဲတစ်လျှောက် အအောင်မြင်ဆုံးကစားသမားတွေကို နှစ်ပိုင်းခွဲပြီး မှတ်တမ်းတင်ထားတာ တွေ့ရတယ်။ ဒီလို နှစ်ပိုင်းခွဲခြားထားရခြင်းက စတင်ကျင်းပတဲ့ ကာလကနေ ၁၉၆၈ ခုနှစ်အထိ စာမျက်နှာ ၇သို့ »

ဂျိုကိုဗစ်

ပရီမီယာလိဂ် ပွဲစဉ်(၂၁)

ဟားစ်	-	ချယ်လ်ဆီး	ည ၇း၁၅	(၁၁-၁-၁၄)
ကာဒစ်ဖ်	-	ဝက်စ်ဟမ်း	ည ၉း၃၀	(၁၁-၁-၁၄)
အဲဗာတန်	-	နော့ဝှစ်ချ်	ည ၉း၃၀	(၁၁-၁-၁၄)
ဖူလ်ဟမ်	-	ဆန်းဒါးလန်း	ည ၉း၃၀	(၁၁-၁-၁၄)
ဆောက်သမ်တန်	-	ဝက်စ်ဘရွန်း	ည ၉း၃၀	(၁၁-၁-၁၄)
စပါး	-	ပဲလေ့စ်	ည ၉း၃၀	(၁၁-၁-၁၄)
မန်ယူ	-	ဆွမ်ဆီး	နံနက် ၀၀း၀၀	(၁၂-၁-၁၄)
နယူးကာဆယ်	-	မန်စီးတီး	ည ၈း၃၅	(၁၂-၁-၁၄)
စတုတ်	-	လီဗာပူး	ည ၁၀း၄၀	(၁၂-၁-၁၄)
ဗီလာ	-	အာဆင်နယ်	နံနက် ၂း၃၀	(၁၄-၁-၁၄)

FIVE CLASSIC MATCHES

မန်ယူ ၁-၂ ဆွမ်ဆီး — ၅-၁-၁၄ — အက်ဖ်အေဖလား

ယခုပွဲ၏ ရှေ့၌ပင်တွေ့ဆုံခဲ့ခြင်း ဖြစ်သည်။ မန်ယူသည် ကစားပုံက အစ အသာမရခဲ့။ ၁၂မိနစ်၌ ရုဒ်တဲလက်၏ အဖွင့်ဂိုးသွင်းယူမှုကို ၁၆မိနစ်၌ ဟာနန်ဒက်ဇ်က ပြန်ချေပနိုင်သော်လည်း မိနစ် ၈၀တွင် ဖာဘီယိုအနီကတ်ဖြင့် အထုတ်ခံရမှုနှင့်အတူ မန်ယူအားပျော့ခဲ့ရကာ နာကျင်အချိန်ပိုတွင် ဘိုနီ၏ဂိုးသွင်းယူမှုကို ခံခဲ့ရသည်။

မန်ယူ ၂-၁ ဆွမ်ဆီး — ၁၂-၅-၁၃ — ပရီမီယာလိဂ်

မနှစ်က မန်ယူချန်ပီယံဖြစ်ပြီးချိန်မှ ဆုံခြင်းဖြစ်သည်။ ၃၉မိနစ်၌ ဟာနန်ဒက်ဇ်က အဖွင့်ဂိုးသွင်းယူခဲ့မှုကို ၄၉မိနစ်တွင် မီချူးကဆွမ်ဆီးအတွက် ပြန်ချေပနိုင်ခဲ့၍ ၁-၁ ဖြစ်ခဲ့သော်လည်း ၈၇မိနစ်တွင် ဖာဒီနန်က မန်ယူအတွက် အနိုင်ဂိုးသွင်းယူပေးခဲ့၍ ၂-၁ ဖြင့် ပွဲပြီးခဲ့သည်။

မန်ယူ ၂-၀ ဆွမ်ဆီး — ၆-၅-၁၂ — ပရီမီယာလိဂ်

ထိုပွဲတွင်မူ ဆွမ်ဆီးသည် မန်ယူအား ယှဉ်နိုင်ခြင်းမရှိခဲ့ပေ။ ၂၈နှင့် ၄၁မိနစ်တို့တွင် ပေါလ်စခိုးနှင့်ယန်းတို့က နှစ်ဂိုးသွင်းခဲ့၍ ပထမပိုင်း၌ပင် မန်ယူတို့ အနိုင်ရနေကာ ဒုတိယပိုင်းတွင်မူ ပွဲကိုထိန်းချုပ်ကာ မန်ယူကသာ နှစ်ဂိုးအသာဖြင့် အနိုင်ရခဲ့ခြင်းဖြစ်သည်။

မန်ယူ ၂-၁ ဆွမ်ဆီး — ၇-၅-၈၃ — ပရီမီယာလိဂ်

ထိုနှစ်တွင် မန်ယူသည် အမှတ်ပေးချန်ပီယံ မဖြစ်ခဲ့ပေ။ သို့သော် အက်ဖ်အေဖလားကိုတော့ အရယူနိုင်ခဲ့သည်။ ထိုနှစ်တွင် မန်ယူကိုရွန် အက်ကင်ဆန် ကိုင်တွယ်ခဲ့ခြင်းဖြစ်ကာ မန်ယူအတွက် ဂိုးများကို ထိုပွဲ၌ ရော့ဆန်နှင့် စတပ်လီတန်တို့က သွင်းယူပေးခဲ့ကြခြင်းဖြစ်သည်။

မန်ယူ ၁-၀ ဆွမ်ဆီး — ၁၉-၉-၈၁ — ပရီမီယာလိဂ်

ရွန်အက်ကင်ဆန်လက်ထက်ပင်ဖြစ်သည်။ ယင်းနှစ်တွင် မန်ယူသည် ဆုဖလားတစ်လုံးမှ မရခဲ့သည့်အပြင် အမှတ်ပေးပြိုင်ပွဲတွင်လည်း တတိယနေရာ သာရရှိခဲ့သည်။ အဆိုပါပွဲ၏ တစ်လုံးတည်းသော အနိုင်ဂိုးကို ဂရေးဘိုင်လက်စ်က သွင်းယူပေးခဲ့ခြင်းဖြစ်သည်။

Junction Cineplex

Animation 3D

10 . 1 . 2014 တွင် Junction Cineplex ၌ စတင်ပြသမည့် ဇာတ်ကားများ

Like us on facebook
JunctionCineplex

Junction Square (Ph - 01 527 055)		
Tarzan 3D	Sun to Thu	10 AM . 1 PM . 4 PM . 7 PM
	Fri & Sat	10 AM . 1 PM . 4 PM . 7 PM . 9 : 30 PM
Police Story	Sun to Thu	10 AM . 1 PM . 4 PM . 7 PM
	Fri & Sat	10 AM . 1 PM . 4 PM . 7 PM . 9 : 30 PM
[illegible]	Sun to Thu	10 AM . 12 : 30 PM . 3 : 30 PM . 6 : 30 PM
	Fri & Sat	10 AM . 12 : 30 PM . 3 : 30 PM . 6 : 30 PM . 9 : 30 PM
Junction Maw Tin (Ph - 01 225 244)		
Police Story	Sun to Thu	10 AM . 1 PM . 4 PM . 7 PM
	Fri & Sat	10 AM . 1 PM . 4 PM . 7 PM . 9 : 30 PM
[illegible]	Sun to Thu	10 AM . 12 : 30 PM . 3 : 30 PM . 6 : 30 PM
	Fri & Sat	10 AM . 12 : 30 PM . 3 : 30 PM . 6 : 30 PM . 9 : 30 PM
Junction Nay Pyi Taw (Ph - 067 421 615)		
[illegible]	Mon to Thu	11 AM . 2 PM . 6 : 30 PM
	Fri to Sun	10 : 30 AM . 1 : 30 PM . 4 : 30 PM . 7 : 30 PM